www.burmeseclassic.com

# သျှင်စ

## ရွှေမင်းသမီးရဲ့ ဇာတ်ပို့



BURMESE CLASSIC .com

န်း ချို ထွန်း အောင်

www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်

သျှင်မေ

# ရွှေမင်းသမီးရဲ့ဇာတ်ပို့



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၀၅၇၈၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၅၆၁၀၅၀၇

အကြိမ် - ပထမအကြိမ်

၂၀၀၇-ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)

ရွှေသမင်စာပေ •

၃၇/၄၄လမ်း၊

မိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ- ဦးမြတ်စိုး (မြ-၀၈၁၁၉)

မြင့်မြတ်သူအော့ဖ်ဆက်

အမှတ် (၁/၇)၊ ၅ ရပ်ကွက်၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။


BURMESE CLASSIC



## အခန်း (၁)

'လရိပ်စံအိမ်' ကြီးသည် ကြီးမား ခန့်ညားသလောက် ခြံဝင်းကြီးကလည်း အပြောကျယ်လှသည်။

မွှေးသော လှသောပန်းတွေ ရောင်စုံရှိသလို ခြံကြီး၏နောက်ပုင်းတစ်ခုလုံးတွင် သက်ရင့်ပင်အုပ်အုပ်တို့ဖြင့် စိမ်းညို့နေသည်။

ထို့ပြင် သဘာဝမဟုတ်တဲ့ အတု အစစ် ခွဲခြားမရလောက်အောင် သေချာ ကျနပြီးတော့ ရေတံခွန်အတုတစ်ခု။

ပြေးလွှား ဆော့ကစားလို့ရအောင် လွင်ပြင်ကျယ်ကြီးထဲမှာကျတော့ ဒန်းတွေ၊ ကြက်တောင်ရိုက်ဖို့ ပိုက်တန်းတွေ။

ထားရှိသည့် ဖန်တီးမှုအားလုံးကိုမြင်လျှင် 'လရိပ်စံအိမ်' ကြီး၏ ချမ်းသာကြွယ်ဝမှုကို ခန့်မှန်းနိုင်သလို မိသားစုများများ ရှိနိုင်မည့်၊ ရင်သွေးငယ်လေးတွေလည်း ရှိလိမ့်မည်။

သို့လော သို့လောတွေလည်း တွေးဖန်ကြလိမ့်မည်။

တကယ်တမ်းကျတော့ ဤသို့ မဟုတ်ပါ။ 'လရိပ်စံအိမ်' ကြီးတွင် အရှင်သခင်နှစ်ပါးမှလွဲ၍ ရင်သွေးငယ်လေး တစ်ဦးသာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ရေစီးကြောင်းက ဘယ်လိုပင် ကွေ့ကောက် ပြောင်းလဲသွားပေမယ့် ဤစံအိမ်ကြီးတွင်းမှ အလွန် ရှေးဆန်ရိုးစင်း၍ မပြောင်းလဲခဲ့သော တစ်ယူသန် အယူစွဲတစ်ခုကတော့ ယနေ့ထိတိုင် ရာဇဝင်တွင် ကျန်ရစ်ခဲ့၏။

ဒေါ်နှင်းနှင်းမြတ်သည် ပွတ်လုံး ရုပ်ကြွများနှင့် တစ်ခမ်းတနား ရှိနေသော အနီရောင်ဆိုဖာနှင့် ကျွန်းကုလားထိုင်ကြီး ဘေးမှာ ရပ်နေ၏။

လက်နှစ်ဖက် နောက်ပစ်၍ ဆုပ်ထားသော်လည်း အငြိမ်မနေဘဲ လက်တို့ကို ဆုပ်ချီ ဖြန့်ချီပြုလုပ်ရင်း သက်ပြင်းတွေ ခဏ ခဏချသည်။ ထို့နောက် ကုလားထိုင်ကြီးကို နောက်ကပတ်၍ တစ်ဖက်အစွန်းနားထိ လျှောက်သွားပြန်သည်။

သူမနှင့်မျက်နှာချင်းဆိုင်ဘက် ကျွန်းကုလားထိုင်ကြီးများနောက်မှာ မတ်တတ်ပုံ ခပ်ကျုံ့ကျုံ့ရပ်နေကြသည့် လူလေးဦးက ကိုယ်ကို တောင့်မတ်ထားသော်လည်း မျက်လွှာတွေ အသီးသီး ချထားသည်။

ကုလားထိုင် ကျောမှီတစ်ခုကို လက်တစ်ဖက်နှင့်ကိုင်၍ ဘေးမှာ သပ်သပ်ရပ်နေသော ဆံပင်ဖြူဖြူတို့ကို သေသပ်ကျနစွာ သိမ်းလုန်ထားသည့် လူကြီးသည်သာ ဒေါ်နှင်းနှင်းမြတ် လှုပ်ရှားသမျှကို လိုက်ကြည့်ငေးမောနေ၏။

သူသည်လည်း ဒေါ်နှင်းနှင်းမြတ် ပြောဆိုလာမည့် တစ်စုံတစ်ရာကို ငံ့လင့်နေခြင်းပဲ ဖြစ်လေသည်။

"လူတစ်ယောက်ရဲ့ ဘဝတစ်ခုဟာ အသိတရားနဲ့ပဲ တိုးမြှင့်နိုင်တာ၊ အသိတရားရှိဖို့ကလည်း ပညာတတ်မှဖြစ်တာ၊ အတတ်ပညာကို ကျောင်းကသင်မယ်၊ အသိပညာကို ကိုယ်ကျင်လည်ရတဲ့ အသိုင်းအဝိုင်းက သင်မယ်"





ဒေါ်နှင်းနှင်းမြတ်က ဆံပင်ဖြူများ ရှိနေသော လူကြီးကိုပဲ ကြည့်၍…

"အတတ်ပညာလည်း မသင်ခဲ့ရဘူး အသိပညာရှိဖို့ လူမှုနယ်ပယ်ဆိုတဲ့ထဲကို ထည့်မပေးခဲ့ဘူး၊ အဲဒီကလေး ဘာလုပ်စားမလဲ၊ လူဖြစ်ပြီး လူ့အသိုင်းအဝိုင်းထဲကို ဘယ်လိုဝင်မလဲ"

"ကလေးကို ကျောင်းမတက်နိုင်ပေမယ့် အင်္ဂလိပ်စာ အဓိကနဲ့ ဘွဲ့ရ ပညာတတ်အဆင့်ထိ အလွတ်တမ်းအောင်,အောင် သင်ပေးထားကြပါတယ်၊ ကလေးက ပညာတတ်ပါတယ် မမကြီး"

"ရှင်က ပြောပြန်ပြီ"

ဒေါ်နှင်းနှင်းမြတ် မျက်နှာတင်းသွားသဖြင့် လူကြီး မျက်လွှာချသွားသည်။

"အိမ်မှာ ဆရာတွေ ခေါ်သင်၊ စာဖြေနိုင်းလို့ အောင်ထားတာ မှန်တယ်၊ ဒါ လူရာဝင်တာ မဟုတ်သေးဘူး၊ ကလေးကို ဒီခြံကြီးထဲမှာ တမ္ဘာတစ်ခုလို တည်ဆောက်ပြီး တစ်ထီးတစ်နန်း ထားခဲ့တာ ဘာလဲ၊ ဒီကလေးက ဘဝတစ်ခု ချုပ်ငြိမ်းသွားတဲ့အထိ မိဘရင်ခွင်ထဲမှာ နေသွားနိုင်မှာလား"

လူကြီး တုတ်တုတ်မျှ မလှုပ်ဝံ့တော့ပါ။ ဒေါ်နှင်းနှင်းမြတ်က ထိုအခါကျမှ မျက်နှာလွှဲသွားပြီး တစ်ဖက်ကို လျှောက်သွား၏။

"ကိုကိုကြီးကိုလည်း တကယ်ကို အံ့သြမိပါတယ်၊ ကိုယ်တိုင်လည်း ခေတ်ပညာတတ် တစ်ယောက်ဖြစ်လျက်နဲ့ တစ်ယူသန်တာ၊ ခုလို မထင်မှတ်ဘဲ အခြေအနေတွေပြောင်းလဲကုန်တော့ ဘယ်သူ က ဘယ်သူ့ကို ကယ်နိုင်အုံးလဲ"

ကွယ်လွန်သွားပြီးတဲ့ သူ့ကို အပုပ်ချ ပြောဆိုတာမျိုးတော့ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်... အခု ဒီမိသားစု ဒီအရေးမှာ ကိုယ်ပါလာရပြီဆိုတော့ အမြင်မတော်တာတွေ ရှိလာသည်။

ပြုပြင်ပြောင်းလဲရမည့် ချို့ယွင်းချက်တွေ များလာတော့ ကိုယ့်ဒုက္ခကို မြင်လာရင်း သွားလေသူကိုပဲ ဝေဖန် ပြောဆိုဖို့တွေ ဖြစ်ခဲ့၏။

တကယ်ဆို ကုဋေရှစ်ဆယ် သူဌေးသားပုံပြင်ဟာ မူလတန်းကျောင်းသား ဘဝကတည်းက ဖတ်စာအုပ်ထဲမှာ ဖတ်ဖူး သင်ဖူးခဲ့ကြသည်။ ပညာနဲ့ဘဝ ခွဲခြားမရတာကို ကိုကိုကြီး မေ့ထားသင့်သလား။ ကိုယ်ရင်သွေးကို ကျောင်းကိုပို့ပြီး စာမသင်ပေးဘဲ မြပေါ်နဲ့ သိမ်းထုပ်ချည်၍ ထားတဲ့အထိ အသိတရားတို့က တစ်ယူသန်နေခဲ့သလား။

မိဘမေတ္တာဟာ မကောင်းမြစ်တာ။ ကောင်းရာညွှန်လတ်ပဲ ဖြစ်ရမည်။

ကလေး အငိုတိတ်အောင် ချော့သည့်နေရာမှာ နှစ်လက်မခွဲ သံချောင်းကြီး မျိုချင်ပါတယ်ဆိုပြီး ငိုတာကို အလိုလိုက်ပြီး ပါးစပ်ထဲ ထည့်ပေးရင် ဘာဖြစ်သွားမလဲ။

ဒါဟာ မမဲ့ဖန် မကဲ့ရဲ့ဘဲတိုနေလို့မရသည့် အစွဲများ အယူများ ဖြစ်၏။

အိမ်မှာ အလ္လာထိန်းဆိုလည်း ဟုတ်။

ကလေးကိုလည်း ငယ်စဉ်ကတည်းက ချီပွေ့ ထိန်းကျောင်းလာခဲ့ရသော အိမ်ထောင်ထိန်းကြီး ဦးဘမင်းကလည်း သူ၏အလုပ်ရှင်သခင်အပေါ် တစ်စိုးတစ်စိမျှ နှစ်ဖန် ပြစ်တင်ခြင်း မရှိခဲ့သည့်ပြင် ဒေါ်နှင်းနှင်းမြတ်ကိုတောင် သူက မြိန်လှန်ထုချေနေသေးသည်။

ဒါဟာ သစ္စာရှိသော အလုပ်သမား ပီသတာလား။

ဒါမှမဟုတ် ဒီစံအိမ်မှာရှိသမျှ အရှင်သခင် ၊ အလုပ်သမား အားလုံးပဲ တစ်သွေးတစ်သံတည်း တစ်ယူသန် အယူလွဲနေကြတာလား။





BURMESE CLASSIC

ဘယ်သူ့မျက်နှာကိုပဲကြည့်ကြည့် ဒေါ်နှင်းနှင်းမြတ်၏ စကားတို့ကို နားထောင်နေကြသည်က နားတွေပဲဖြစ်ပုံရကာ မျက်ဝန်းတွေထဲမှာ ပျော်ဝင်နေကြပုံမျိုးမရှိ။ လှုပ်ရှားနေသည့် စိတ်တို့ကို ထိန်းချုပ်ရင်း ဒေါ်နှင်းနှင်းမြတ် သက်ပြင်းချလိုက်မိသည်။

မောင်နှမ နှစ်ယောက်တည်းရှိပြီး ဘာမှလည်း ခွန်းကြီးခွန်းငယ် အချင်းများခဲ့ကြတာမရှိဘဲ စကားမပြော၊ အသွားအလာမရှိဘဲ အဆက်အသွယ်တွေ လုံးဝ ဖြတ်တောက်နေခဲ့ကြတာ ဆယ့်ခြောက်နှစ်။

ဒီသမီးလေး နှစ်နှစ်သမီးကတည်းက ဖြစ်သည်။

အကြောင်းရင်းကလည်း ကလေးကြောင့်ပဲ ဖြစ်၏။

"ထိုင်နိုင်နေပါပြီ ကိုကိုကြီးရယ်၊ လွှတ်ပေးကြည့်လိုက်ပါ၊ ဒါမှ ကလေးက ထိုင်တတ်မှာပေါ့"

ကလေးကို ဘယ်မှမချ။ ချထားတော့လည်း ကျောက ဖိထား၊ ရင်က ဖက်ထားနှင့် မိဘနှစ်ပါးလုံး မျက်လုံးပြူး မျက်ဆံပြူး။

"လွှတ်ပေးလိုက်ရင် လဲသွားမှာပေါ့ ညီမလေးရ၊ ယိမ်းထိုးနေတာ မတွေ့ဘူးလား၊ ဒယိမ်းဒယိုင်နဲ့ လဲလိုက်ရင် ပက်လက်လန်မှာ"

ကိုကိုကြီးက ကောင်းကောင်းမွန်မွန် ပြောပြတတ်ပေမယ့် ယောက်မဖြစ်သူက စကားနည်းပြီး နှုတ်ခမ်းစူ၏။

ကလေးကို မြေပေါ်လည်းမချ၊ သူများလည်း မချီစေချင်အောင် ဖူးဖူးမှုတ် ဖြစ်ခဲ့တာလည်း သူမက စခဲ့တာပဲဖြစ်သည်။

အိမ်ထောင် စ,ကျကတည်းက ကလေးလိုချင်ကြတာ အဝူတူ၊ ရှိနေသေးသည့် အဘိုးဖြစ်သူကလည်း မြေးလိုချင်သည်။

မျိုးဆက်မပြတ်ဖို့လည်း မျှော်လင့်၏။ ဒါပေမယ့် အိမ်ထောင်ကျစမှာ ကလေးမရခဲ့ကြဘဲ ဆယ်နှစ်နီးပါးကြာမှ ကလေးရခဲ့သည်။

ထိုအချိန်မှာ အဘိုးဖြစ်သူလည်း မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တခြားကလေးတွေဆို မွေးကင်းစ,မှာ လုလုပပ သိပ်မရှိကြ။ လ,သားလေးတွေဖြစ်မှ လုံးကြွ လုပလာကြတာ များသည်။

ဒေါ်မြစန္ဒာတော့ သမီးကလေးတစ်ယောက်ပဲ မွေးနိုင်ခဲ့ပေမယ့် ထိုသမီးလေးဟာ မွေးလာကတည်းက ရွှေမှုန်စား၍ မွေးလာခဲ့သလား မေးရလောက်အောင် လှနေသည်။

မွေးဖွားပြီး ကလေးကို တစ်ညလုံး ထိုင်ကြည့်နေခဲ့သောကြောင်း အိပ်ရေးပျက်ကာ ခေါင်းကိုက်ရောဂါ စွဲခဲ့သည်အထိ ဖြစ်သွားသည်။

ကလေး လမ်းသွားနိုင်သည့် အရွယ်ကျတော့လည်း သမီးယောက်မ မြဲသနားတက်ရသေးသည်။

"ကလေးကို ဘာဖြစ်လို့ မြေကြီးပေါ် ချပေးလိုက်တာလဲ နင်း။ ဖုန်တွေ သဲတွေနဲ့"

"ချပေးမှ လမ်းလျှောက်နိုင်မှာပေါ့ မစန္ဒာရယ်၊ ကလေးက လူ့ပေါ်မှာချည်းပဲနေရင် ချိသွားမှာ"

"ဘာမှချိဖို့မရှိဘူး။ အရိုး အကြော ကျန်းမာရေး အားလုံး ဒေါင်ဒေါင်မြည်ပြီးသား။ မြေကြီးပေါ်မှာ ပိုးကောင် မွှားကောင်နဲ့ ဖုန်တွေပေတာယ်၊ ခဲစူးမယ်၊ ကလေးက မြေကြီးပေါ်မှာ ပေပေကျံကျံ ဆော့တတ်တဲ့အကျင့် ပါသွားရင် ရင်ကျိုးရမယ်"

ကလေးနဲ့ ပတ်သက်သော အချေအတင် ကလေးတွေကြားတော့ ရင်ထဲမှာ အဖုအထစ်တွေ ဖြစ်လာခဲ့၏။

"ကိုကိုညီမက ကလေးနဲ့ပတ်သက်ပြီး သူ့သဘော သူ့ဆန္ဒနဲ့ ကိုင်တွယ်ချင်တာ ကိုကို၊ အဲဒါ စန္ဒာ မကြိုက်ဘူး။ ကလေးကို အသက်နဲ့ ရင်းပြီး မွေးထားရတာက အမေပဲ"

ကွယ်ရာမှာ ကိုကိုကြီးနဲ့ ပြောဆိုနေတာတွေကိုလည်း ကြားခဲ့ရသည်။





"ကလေးကို နေရာတကာ အလိုမလိုက်နဲ့ ညီမလေး၊ ပြီးတော့ သူ့အမေက မကြိုက်ဘူး။ ကိုကိုကြီးက ညီမလေးတို့ စိတ်အခန့်မသင့် ဖြစ်ကြမှာစိုးလို့ပါ"

ဤသို့ပြောလာခဲ့သော စကားတွေကို ဒေါ်နှင်းနှင်းမြတ် ရင်နာခဲ့သည်။ သူမရင်ထဲမှာ အမေ ဖြစ်သူထက် မေတ္တာ မထားနိုင်ခဲ့လျှင်တောင် ကလေးအပေါ် ထားရှိခဲ့သည့် စေတနာ မေတ္တာတွေထဲမှာ ဘာညစ်နွမ်းမှုမျှ မပါခဲ့။

ရှေ့ဆက်လည်း ဒီအဆင်မပြေမှုတွေက ပိုတိုးလာဖို့သာ ရှိတော့သည်။ ထို့ကြောင့် မာနကြီးသော စိတ်တို့က ကိုယ့်ကို လက်ထပ်ဖို့ အမြဲတမ်းပူဆာနေခဲ့သည့် ဒေါက်တာ ဦးသိုက်ထွန်းကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့၏။

ဆုံးဖြတ်ချက်ကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ကာ ရှမ်းပြည်နယ်နှင့်ဝေးသော ရန်ကုန်မြို့သို့ ခွဲထွက်ခဲ့လိုက်၏။

"ခရီးကလည်း မနီးဘူးလေ၊ သိပ်အရေးတကြီး မဟုတ်ဘဲနဲ့တော့ ကိုကိုကြီး မမှာပါနဲ့၊ ညီမလေးလည်း လာဖြစ်မှာမဟုတ်ဘူး"

ဟု နှုတ်ဆက် ထွက်လာကတည်းက လုံးဝ ပြန်မလှည့်ခဲ့တော့တာ ဒီနေ့အထိဖြစ်သည်။ ထို့နောက်မှာ ခင်ပွန်းသည်က နယ်တစ်ခုသို့ တာဝန်နှင့် ခေတ္တပြောင်းခဲ့ရသည်။

ဒေါ်မြစန္ဒာ အတော်ကြီး မကျန်းမမာဖြစ်နေ၍ လှမ်းဆက်သွယ်ရတော့ လိပ်စာအတိုင်း ရှိမနေတော့သဖြင့် ဦးလရိပ်က ညီမဖြစ်သူ ပြောင်းရွှေ့သွားပြီဟု ထင်ခဲ့၏။

ဒေါ်နှင်းနှင်းမြတ်တို့ ရန်ကုန် ပြန်ရောက်လာကြတာကို မသိတော့နောက်ထပ် ဘာမှ ဆက်သွယ်မလာခဲ့တော့ပေ။

ဒေါ်နှင်းနှင်းမြတ်ကလည်း မဆက်သွယ်ပါ။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဖြစ်ကုန်ကြလိမ့်မည်ဟု မထင်တာလည်း ပါသည်။

ဦးလရိပ် ရုတ်တရက်ကြီး မှုးလဲသွားရာမှ သေဆုံးခဲ့ ရသည်အထိ ဖြစ်သွားခဲ့သည်။ ထိုအခါကျမှ အိမ်တော်ထိန်းကြီး ဦးဘမင်း တစ်ယောက် ဒေါ်နှင်းနှင်းမြတ် ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်လာခဲ့တာ ဖြစ်၏။

"ဆရာကြီးဆုံးသွားပြီ မမကြီး။ ဒီနေ့ဆို တစ်လနဲ့ ငါးရက်ရှိပါပြီ၊ စံအိမ်မှာ ထားခဲ့လို့မဖြစ်လို့ ချက်ချင်း ရောက်မလာနိုင်တာ ခွင့်လွှတ်ပါ"

စာနှင့် ပေနှင့် အကြောင်းကြားဖို့ကလည်း ပြောင်းရွှေ့သွားပြီ ဆိုသော သတင်းကြောင့် စိတ်ကူးက မရောက်ခဲ့။

ဒါတောင် ကလေး၏ ရှေ့ရေးအတွက် ထိန်းသိမ်းစောင့်ရှောက် ဖို့မှာ အုပ်ထိန်းသူ ဒွေးရင်းသားရင်းဖြစ်၍ တင့်တယ်မှာမို့ ဒေါ်နှင်းနှင်းမြတ် ရှာပုံတော်နှင့် ထွက်လာခဲ့ခြင်း ဖြစ်သည်။

တိုက်ဆိုင်စွာ ဒီသိမ်စာအတိုင်းပဲ ပြန်တွေ့ရသည်က ကံအားလျော် စွာပဲ ဖြစ်လေသည်။

ငါ ကိုကိုကြီးဆီ အချိန်မရွေး ထ,သွားလို့ရတာပဲ' ဟု တွက်ကာ လိပ်စာပြောင်းတာလည်း အကြောင်းမကြားခဲ့။

ပြန်ရောက်နေခဲ့တာကိုလည်း သတင်းမပို့ဘဲ ထားခဲ့မိသော ရလဒ်သည် ယခုတော့ အစ်ကိုဖြစ်သူ၏ နောက်ဆုံးခရီးကိုတောင် မပို့ခဲ့နိုင်သည့်အဖြစ်။

ပြီးတော့ ဘယ်လိုမှ မထင်မှတ်စွာ မြင်တွေ့လိုက်ရသည့် 'လရိပ်စံအိမ်'ကြီးထဲမှ ပစ္စုပ္ပန် အခြေအနေတွေ။

စိတ်တို့သည် ဝမ်းနည်းနေခဲ့တာရော၊ ဘဝင်မကျနိုင်တာတွေ ရောထွေးကာ စကားတစ်ခွန်းစ,လိုက်ပြီး လိုရာသို့မရောက်ဘဲ အတိတ်နှင့် ပစ္စုပ္ပန်မှာ ခေါက်ထုံ့လူးလာ ပြေးလွှားနေခဲ့၏။





အားလုံးကို ကြာမြင့်စွာ ကျောခိုင်း ရပ်နေမိပြီးမှ ဒေါ်နှင်းနှင်းမြတ် ခပ်ဖြည်းဖြည်း ပြန်လှည့်လာ၏။

"ဒါတွေ ပြောနေလည်း မထူးတော့ပါဘူး၊ 'လရိပ်စံအိမ်' မှာ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ခု သမီးလေးကို ကျွန်မက လက်ပြောင်းယူရတော့မှာ ဆိုတော့ ရန်ကုန်ကိုပဲ ခေါ်သွားတော့မယ်"

ဦးဘမင်း မျက်နှာကြီး ဆတ်ခနဲမော့တက်လာသည်။ သွေးတောင့် နေလောက်အောင် ရိုကျိုးနာခံစွာ ရပ်နေကြသည့် အလုပ်သမားတွေပါ လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။

ဒေါ်နှင်းနှင်းမြတ်က အားလုံးကို ဝေ့ကြည့်ပြီး လက်နှစ်ဖက်ကို နောက်မှာပြန်၍ ယှက်ထားလိုက်၏။ ပြီးမှ ဆက်ပြောသည်။

"'လရိပ်စံအိမ်' မှာ ဒီလူတွေအတိုင်းပဲ ရှိနေခဲ့ကြပါ၊ ဘယ်သူ့ ကိုမှမဖြုတ်ဘူး။ ဦးဘမင်းပဲ ဒါကိုတာဝန်ယူ၊ စံအိမ်မှာ ဒီအတိုင်းပဲ စည်းကမ်းတကျ သန့်ရှင်း ပြောင်လက်နေပါစေ၊ ကျွန်မ တစ်လ တစ်ခေါက် နှစ်လတစ်ခေါက် လာမယ်၊ စိတ်ချပါရစေ"

ဦးဘမင်းက ခေါင်းညိတ် ဦးညွှတ်၍–

"စိတ်ချပါ မမကြီး။ အားလုံး စိတ်တိုင်းကျ ဖြစ်ရပါစေမယ်"

ဒေါ်နှင်းနှင်းမြတ် ခေါင်းညိတ်လိုက်သည်။

ဦးလရိပ် ဒေါ်မြစန္ဒာတို့မှ မွေးဖွားသော သမီးငယ်လေးကို 'လရိပ်ဆောင်း' ဟု အမည်ပေးခဲ့ပြီး 'သာယာစံအိမ်'မှ 'လရိပ်စံအိမ်'သို့ ပြောင်းလဲ ခေါ်တွင်စေခဲ့သော ဤနေရာမှ ထွက်ခွာစေဖို့ ဒေါ်နှင်းနှင်းမြတ် ချက်ချင်းကြီး စီစဉ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂ )

"ရန်ကုန်… ဟုတ်လား"

"ဟုတ်တယ် သမီးနဲ့အန်တီ မနက်ဖြန် ပြန်မယ်"

"ဆောင်း… မလိုက်ချင်ဘူး"

"မလိုက်လို့ မရဘူး"

ဒေါ်နှင်းနှင်းမြတ် တူမလေးကို ချစ်ခင် မြတ်နိုးပါသော်လည်း ပထမဆုံး ချုပ်ကိုင်လိုက်ခြင်းအဖြစ် မျက်နှာကိုတော့ တင်းထားရသည်။

အမြဲတမ်း အလိုလိုက်ခံထားခဲ့ရသည့် ကလေး တစ်ယောက်အပေါ် သူမအနေဖြင့် စိမ်းသက်သော အရိပ်မျက်နှာ တစ်ခုမှနေ၍ မရင်းနှီးသည့် နယ်ပယ်တစ်ခုသို့ ခေါ်ဆောင်သွားရမည်။

ဒီကလေးမ ကိုယ့်ကို လေးစားဖို့တော့ လိုလိမ့်မည်။

"အန်တီက ကိုယ့်တူမလေး တစ်ယောက်တည်း ကျန်ခဲ့ရပြီဆိုတဲ့ ကရုဏာစိတ်နဲ့ အဝေးကြီးကနေ ပြေးလာခဲ့တာ။ မလိုက်ဘူးဆိုရင် သမီးကကော ဒီမှာ ဘယ်သူ့အားကိုးနဲ့ နေခဲ့မှာလဲ"





လရိပ်ဆောင်း ဆိုသော မိန်းမငယ်လေးက သူမကို စိုရွှဲသော မျက်ဝန်းညိုကြီးများနှင့် မော့မော့လေး ငေးနေသည်။

မျက်တောင် တစ်ချက်မှမခတ်ဘဲ မျက်ရည်တွေက ပါးပြင်ထက်သို့ တလိမ့်လိမ့် ကျဆင်းနေကြသည်။

အဝတ်စနီလေးကဲ့သို့ နီနေသော နှုတ်ခမ်းလွှာပါးလေး များက တလှုန့်လှုန့် လှုပ်ခတ်လာခဲ့ပြီ။

"ဘဘမင်း ရှိတာပဲ"

ဟု မရဲတရဲလေး ပြောသည်။ ဒေါ်နှင်းနှင်းမြတ်က ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြီး သူမရှေ့မှာ ရပ်လိုက်၏။

"ကောင်းပြီ… ဘဘမင်း ရှိတယ် ဟုတ်လား၊ ဘဘမင်းက သမီးကို အလိုလိုက်မယ်၊ စောင့်ရှောက်မယ်၊ ကျန်တာ သူ ဘာလုပ် ိုင်မှာလဲ၊ သူကိုယ်တိုင်က သမီးရဲ့ အထိန်းတော်၊ ဒီအိမ်က ာခင် မဟုတ်ဘူး။ ဒီစံအိမ်ရဲ့အရေး၊ သမီးရဲ့ ဘဝအရေးကို သူ ်ခွင့်၊ စွက်ဖက်ခွင့် မရှိဘူး၊ အဲဒါ သမီး နားလည်လား"

"…အင်း"

ဆောင်း ခေါင်းလေးခါသည်။ မျက်တောင် ဖျတ်ခနဲပုတ်အချမှာ မျက်ဝန်းအိမ်မှ မျက်ရည်လက်ကျန်လေးတွေ လျှောဆင်းသွားကြ၏။

သူမ နားလည်လိုက်သည်လည်းရှိ၊ နားမလည်ခဲ့ခြင်းလည်းရှိသော ဒေါ်နှင်းနှင်းမြတ်၏ စကားတို့အပေါ် စိတ်ဝင်စားသွားသဖြင့် ကြွေကျခဲ့ မျက်ရည်ကျခြင်းကို တစ်ဖက်မေ့လျော့သွားခြင်းလည်း ဖြစ်သည်။

မျက်ရည်ခန်းသွားသည့် ဆောင်း မျက်ဝန်းလေးတွေမှာ ရှုပ်ထွေးမှုတွေ ဖြစ်ပေါ်လာခဲ့သည်။ ထိုစဉ် လေပြင်းတစ်ချက် ရိုက်ခတ်သွား၏။

လျှောခနဲ သစ်ရွက်လှုပ်သံများနှင့်အတူ ပင်ယံထက်မှ ဆိတ်ဖလူးပန်းပွင့်လေးတွေ တဖြုတ်ဖြုတ် ကြွေကျလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းနှင်းမြတ်က ဆောင်း ထိုင်နေသည့် အပြာရောင် ကျောက်ပြားလေးတွေ ကပ်ထားသည့် ကျောက်ခုံလေးအစွန်းမှာ အသာဝင်ထိုင်လိုက်သည်။

ပြီးတော့ မျက်နှာလေးကို မြင်လိုက်သည်နှင့် မွေ့ပိုက် ယုယချင်စိတ်တွေ ဖြစ်လောက်အောင် ချစ်စဖွယ်ရှိနေသော တူမ ဖြစ်သူ၏ လက်ဖဝါးလေးကို ဖွဖွလေး ထွေးဆုပ်သည်။

"ဟုတ်တယ် သမီး နားမလည်ဘူး၊ နောက်ဆိုလည်း သမီး နားမလည်တာတွေ အများကြီးရှိသေးတယ်၊ ဒါကြောင့် သမီးရဲ့ ဘဘမင်းဆီမှာ သမီး နေခဲ့လို့မရဘူး၊ သမီး အန်တီနဲ့ လိုက်ရမယ်၊ မြို့ပြနဲ့ လူတွေကို သမီး မြင်ရမယ်၊ ဆက်ဆံရမယ်၊ အားလုံးကို နားလည်မှုဖြစ်မယ်"

"အန်တီ"

"ပြော"

"မေမေနဲ့ ဖေဖေက ဒီမှာရှိနေကြတာ"

"သေဆုံးခဲ့ကြပြီပဲ သမီးရယ်"

ထိုအခါ ထူပိတ် ကော့နက်နေသည့် မျက်တောင်ရှည်တွေ ဖျတ်ခနဲ တစ်ချက်လှုပ်ခတ်သွားကာ မျက်ရည်တို့ကို မိတ်ဖွဲ့ဖို့ ကြိုးစားပြန်သည်။

လက်ထဲမှာ ဖွဖွလုလုလေး ပုံထည့်ထားသည့် ဆိတ်ဖလူးပွင့်လေးတွေကို တိတ်ဆိတ်စွာ ငုံ့ကြည့်၏။

ဆောင်း လက်ကလေး ကတုန်ကယင်ဖြစ်လျက် လက်ဖဝါးထဲက ပန်းပွင့်လေးတွေပါ ကြောက်ရွံ့ လှုပ်ခတ်နေကြရှာသည်။

ဒါကို သူမ တည်ငြိမ်ဖို့ကြိုးစားရင်း ဖြန့်ထားသည့် လက်ဖဝါးလေးကို ထွေးဆုပ်ပစ်ဖို့ ကြိုးစားကြည့်သည်။





ဒါပေမယ့် ဝန်းကလေးတွေ လက်ဖဝါးထဲမှာ နွမ်းကြေသွားမှာစိုး မဆုပ်ပစ်ရက်။ တုန်ယင်နေသော လက်တို့ကို ထိန်းချုပ်ဖို့ရာ ပန်းတို့ကို သူမ လုလှပပလေး လွှယ်လပ်ခွင့် ပြုရမည်။

လက်ဖဝါးလေးကို စောင်းသွန်ချပေးလိုက်၏။ ပန်းပွင့်လေးတွေ မြက်ခင်းစိမ်းပေါ်သို့ တဖြုတ်ဖြုတ် ခုန်ချသွားကြသည်။

ထိုအတူ ဆောင်းမျက်ဝန်းမှ မျက်ရည်တစ်စက် ပေါက်ခနဲ ဆင်းကျသွားပြီး တုန်ယင်နေဆဲ လက်ဖဝါးတို့ကို ဖိဆုပ်ပစ်လိုက်သည်။ ဆောင်း၏ ထိခိုက်ခံစားနေရမှုတို့ အားလုံးကို ရှုးစိုက် ငုံ့ကြည့်နေရင်း ရင်ထဲမှာ နင့်လာမိကာ ဒေါ်နှင်းနှင်းမြတ် ဆောင်းကိုယ်လေးကို ထွေးပွေ့ထားလိုက်မိ၏။

"သမီးလေးရယ်"

ရင်ခွင်ထဲရောက်လာသော ဆောင်းထံမှ အင့်ခနဲ ရှိုက်သံလေး ထွက်လာသည်။

"သမီး သမီး ဒီစံအိမ်ကြီးထဲကနေထွက်သွားရင် မေမေ ငိုနေမှာ"

ဟု ရှိုက်သံလေးနှင့် ပြောပြန်သည်။ ဒေါ်နှင်းနှင်းမြတ်က ဆောင်း၏ ဆံစ,လေးတွေကို တယုတယ သပ်တင်ပေးကာ–

"မငိုပါဘူး သမီးရယ်၊ သူ ကျေနပ်နေမှာပါ၊ သူ့ရဲ့ သမီးလေး တစ်ယောက်တည်း ကျန်ခဲ့ရှာတာကိုသာ စိတ်မကောင်းဖြစ်မှာ၊ သူ့အဒေါ်တစ်ယောက် လာခေါ်သွားပြီ ဆိုတာကို ဝမ်းသာမှာပေါ့၊ သမီးရဲ့ဖေဖေကော မေမေကော သမီးနဲ့ တဝခြားသွားကြပြီလေ၊ သမီးနဲ့အတူ ဘယ်လိုလုပ်နေကြမလဲ၊ သမီးလေး ဒုက္ခရောက်နေရင် ဘယ်လို ကာကွယ်ပေးနိုင်ကြမှာလဲ"

ကလေးငယ်လေး တစ်ယောက်ကို ပြောသလိုပဲ ပြောပြရသည်။

လရိပ်ဆောင်းဟာ ဒီစံအိမ် ဒီမိသားစုမှလွဲ၍ လူစိမ်း သူစိမ်းများများစားစားကို မြင်ဖူးရှာတာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ မေမေ ခေါ်တတ်ပြီ ဆိုကတည်းက စာသင်ခဲ့ရသည်။ သူမျှားတွာန်းတူလည်း စာတွေတတ်သည်။ ထိုသော် ကျောင်းသူကျောင်းသားတွေ ဘယ်လို နေထိုင် သွားလာကြတာကို မမြင်ဘူး။ မြို့ပြ ကျေးရွာ ဘယ်လိုကွာခြားမှန်း နားမလည်။ တက္ကသိုလ်ဆိုတာ စာထဲမှာပဲ ဖတ်ဖူးရှာတဲ့သူလေး ဖြစ်နေသည်။

"သမီးလေး ဒီကိုလွမ်းရင် မကြာမကြာပြန်လာလို့ရတယ်၊ အနော်က လိုက်ပို့ပေးမှာပေါ့၊ ဟိုမှာလေ ဒီခြံ ဒီဝင်းလောက်မကတဲ့ အသိုင်းအဝိုင်းတွေရှိတယ်၊ လူတွေ အများကြီး၊ ကားတွေ အကျပ်အသိပ်နဲ့ သမီး မြင်သမျှ ထူးဆန်းနေမှာပါ။ ဆောင်း ခေါ်င်းညိတ်တာကို မစောင့်နိုင်ပါ။

ခြံဝင်းကြီးထဲမှာပဲ စနစ်တကျ စီရင်ထားခဲ့သည့် အုတ်ဂူတွေထဲမှာ မိဘနှစ်ပါးကို ကန်တော့စေသည်။ ဘိုးဘွားအားလုံးကိုပါ ကန်တော့ပြီး ဦးဘမင်းနှင့် အလုပ်သမားတို့ကို 'လရိပ်စံအိမ်'နှင့် ပတ်သက်သမျှ သေချာ မှာကြားသည်။ ဦးဘမင်း ဆိုတာ သစ္စာရှိ လူယုံကြီး ဖြစ်သည်။ အလုပ်သမားတွေကိုလည်း သူ အုပ်ချုပ်နိုင်သည်။

ယုံကြည် စိတ်ချစွာ အပ်နှံ၍ နှုတ်ဆက်တော့ ဆောင်းက ဦးဘမင်းကို ကန်တော့ရင်း ဖက်ငိုလေသည်။

"လိုက်သွားကလေး...ဟိုမှာ ပျော်အောင် နေနော်၊ မမကြီးက စည်းကမ်းရှိတယ်၊ စနစ်ရှိတယ်၊ ကလေးကိုလည်း ဟိုးငယ်ငယ်လေးကတည်းက မြတ်နိုး ယုယခဲ့တာ၊ 'လမိုပ် စံအိမ်'ကိုတော့ ကလေး အချိန်မရွေး ပြန်လာလို့ရတာပဲကွယ်၊ ကလေးက လရိပ်စံ အိမ်ရဲ့ ထာဝရ ကြေးရှိတစ်ပါးပါ"

နှုတ်ဆက်သံတို့ ဝေးကွာလာခဲ့သည်။ လရိပ်ဆောင်းဆိုသော နေမလောင် မိုးမခဘဲ လရိပ်ဆောင်း ၌ ပွင့်လန်းခဲ့ရသော အဖြူရောင် နှင်းပန်းကလေး တစ်ပွင့်သည်...





အခန်း ( ၃ )

"ရှူး... ရွတ်"

အသံပေး၍ သမင်လည်ပြန် လိုက်ကြည့်ရင်း ကိုယ်လေး တစ်ပတ်လည်သွား၏။

"မိတယ်ကွ"

အားလုံး လှည့်ကြည့်လိုက်ကြသည်။

ဝတ်ထားသည်က နုံသားရောင်လေးမို့ ယဉ်သည်။

ပုံစံကျတော့ စကပ်အကျပ်ကို နောက်မှာ ဒူးခေါက်ခွက်ထိ ခွဲထား၏။ လက်ကျပ်နေသည့် အင်္ကျီကို ရှေ့နောက် ဟိုက်ချထားပြီး အမြင် မတော်လောက်သည့် နေရာမှာ ဇာအဖြူပါးကလေး ခံပေးထား၏။

ဆံပင်က နားရွက်ထက်လောက် သရီးစတက် ဆိုသည့် ဆံပင်ဝါဝါလေးနှင့် မျက်နှာပြင်မှာ ဆေးသား ပြေပြေလေး တင်ထား၏။

"ရောကွာ... ဒါ ခဏယူသွား၊ ငါ လိုက်မယ်"

ကော်ကော်က လက်ထဲကစာအုပ်ကိုလည်း နီးသည့်လူ လက်ထဲ ထိုးထည့်၍ ဆံပင်ကို လက်ဖဝါးနှစ်ဖက်နှင့် တစ်ချက်နှစ်ချက် သပ်ချ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဆန့်ကျင်ဘက်အရပ်သို့ ထွက်သွားကြပြီဖြစ်သည့် နွံသာရောင်နှင့် စပို့ရှပ်ပွပွ အကျႌလေး နှစ်ယောက် နောက်သို့ လိုက်တော့သည်။

"ဒီကောင်... ဘာလဲဟ"

"လိုက်သွားတာလေ"

"မြင်သားပဲ .. ဘယ်တုန်းက ငြိထားလို့လဲ"

"သွားလိုက်မေး"

သုံးယောက်ထဲမှာ ကော်ကော့်လိုပဲ ဝါသနာတူ ရှိတတ်သည့် ကဲရန်က ရှေ့ကိုလှမ်းရင်း မျက်နှာကို နောက်သို့ပို့ကာ သူ့မှာမရှင်းလင်းနိုင်။ အောင်ဟိန်းက ရယ်၍ ကဲရန်ပခုံးကို ဖတ်ခနဲ ရိုက်ပစ်လိုက်၏။

"သူ့ကုသိုလ်နဲ့ သူ လိုက်ကြည့်မနေနဲ့"

"ဘာမှ ကုသိုလ်မဟုတ်ဘူး၊ ဒီကောင် ငါနဲ့ လောင်းထားလို့ ဆယ်ရက်မပြည့်ခင် တစ်ယောက်ယောက်နဲ့ ငြိဖို့ အမိအရ ကြိုးစားနေတာ"

"အေးလေ... မင်းမှာ ရှိတယ်၊ သူ့မှာ မရှိသေးဘူး၊ မင်းကို သူက စိန်ခေါ်ထားတယ်၊ သူကြိုးစားတာ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ... အဲဒါ ငါ့ညီမဝမ်းကွဲကွ"

"ဟား ဟား ဟား"

ကဲရန်ကိုကြည့်၍ ကျန်သည့်နှစ်ယောက် ဝိုင်းရယ်ကြသည်။ ပီကယ်ဝါး၍ ပါးစပ်မဖွင့်ဘဲ ပခုံးလှုပ်အောင် ရယ်လိုက်သော သဝန့် လက်မောင်းကို ကဲရန်က ပခုံးစောင်းနှင့် တိုက်ပစ်၍...

"မင်း... မရယ်နဲ့"

"ရယ်တော့ ဘာဖြစ်လဲ"

"ငါ တင်းလာပြီ"





"လျှော့ပစ်လိုက်"

"အကြောင်းကျားမလုပ်နဲ့ သဝန်၊ အဲဒါ မင်းပစ္စည်း"

သဝန်က ပခုံးနှစ်ဖက် တွန့်၍ ဟက်ခနဲရယ်၏။

"မင်းက သဝန့်ကိုတော့ စေတနာတွေ ပိုနေပါလား၊ ကောင်မလေးတွေနဲ့ သဝန်က ကမ်းစပ်နဲ့ ရေလှိုင်း"

ကဲရန်က အောင်ဟိန်းစကားကို ဂရုမစိုက်ဘဲ သဝန့်ကိုပဲ မှုန်ကုတ်ကုတ် လှည့်ကြည့်သည်။

အတူယှဉ်လျှောက်နေရင်း ရှေ့ကို ခြေလှမ်း ပိုလှမ်းပြီး သဝန့် နှုတ်ခမ်းပေါ်က အပြုံးကို မမြင် မြင်အောင် လိုက်ငုံ့ကြည့်သည်။

"ဘာလဲ"

သဝန်က မျက်ခုံးတွန့်၍ မေးဆတ်၏။

"မင်းကို ကြည့်တာလေ၊ မင်းပဲ ပဝါကို..."

"ဘာမှမဖြစ်သေးဘူး"

"ဩော်... ဩော်"

ကဲရန် လည်ပင်းကြီး ရှည်ထွက်သွား၏။

"ဟား ဟား ဟား"

နောက်ထပ် အောင်ဟိန်း ရယ်ချလိုက်တော့ ဒေါသ မျက်နှာကြီးက ဖုံးဖိမရတော့။

"ငါက ဖြစ်စေချင်လွန်းလို့ မဟုတ်ဘူးကွ၊ ငါနဲ့ ဟိုကောင်ရဲ့ အလောင်းအစားထဲမှာ ငါ့ညီမနဲ့ မငြိစေချင်လို့"

"ဟုတ်တယ်လေ... ဒါပေမယ့် မင်းတို့ လောင်းကြတာ ငါ့ညီမကို ချန်ထားရမယ် ဆိုတဲ့ စည်းကမ်းတစ်ခု ထည့်ခဲ့လို့လား"

ကဲရန်ပဲ ပါးစပ်ပိတ်လိုက်ရသည်။ လေးယောက်သား တက္ကသိုလ်မှာကတည်းက တွဲကြသည်မှာ ကျောင်းပြီးသည်အထိ တွဲမြဲနေတုန်း။



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေက ချမ်းသာကြသလောက် လေးယောက်လုံး သူ့အရည်အချင်းနဲ့ သူတော့ ပြောင်မြောက်ကြတာပဲဖြစ်၏။

ဒါပေမယ့် ဒီထဲမှာ သဝန်ကတော့ နည်းနည်းပိုသည်။ အားလုံးထက် အရပ်ပိုမြင့်ပြီး ဒေါသ ဖြစ်လွယ်တတ်သည့် ညာဉ်ကြောင့် ပို၍လူသိများသည်။

သူဟာ ဒေါသနှင့်လူ နားပန်းလုံးပြီးမွေးလာခဲ့သည်ဟု ပြောရမည်လား။ အလွန်ရှုပ်ထွေးသော မိသားစုပြဿနာများကြောင့် သဝန့်ပုံစံကိုက ကြွပ်ဆတ်ဆတ်၊ မာကျောကျော ဖြစ်လာသည်။

သည်းမခံတတ်သည့် အကျင့်တွေ ဖြစ်ခဲ့၏။

သူတို့ကတော့ သဝန့်ကို နားလည်နေကြပြီမို့ မဆန်းတော့ပါ။ မကြာခဏ စကားများတတ်ကြတာ ဝါသနာတူ စရိုက်တူ၊ လိုက်ကြကြိုက်ကြသော ဇရုတ်ကျချင်သည့် ကိစ္စများ ရှိသည်။ ကောင်မလေးတွေကို မြင်လျှင် လေးယောက်လုံးပဲ အစ,သန်ကြသည်။

ပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် မခံချင်အောင် ပြောကြပြီး...

လောင်းကြ... လိုက်ကြ။

သူ့ရည်းစားအကြောင်းပြော၊ ကိုယ့်ရည်းစားအကြောင်းပြော။

သည့်ထဲမှာ ရည်စားထားတိုင်း သက်တမ်း မရှည်တတ်သော သဝန် တစ်ယောက်သာ ပြောစမှတ်အတွင်ဆုံး။

ချောချောလှလှလေး အဆင်ပြေပြေလေးဆို ဟိုတွဲ သည်တွဲ ဖြစ်သွားတတ်ပြီး သိပ်မကြာမီ ဘာသိဘာသာ ပြန်ဖြစ်သွားပြန်သည်။ မေးလိုက်ကြည့်...

"ပြတ်သွားပြီ" ဆိုသော စကားကို ဂစ်တာတီးမပျက်ဘဲ ဖြေသည်။ ပီကာယ်ဝါးရင်း ဖြေ၏။





ခဏ ခဏ လိုက်ခဲ့ ပြတ်ခဲ့သော ရည်းစားတွေထဲမှာ ဘယ်ရည်းစားကို အချစ်ဆုံးလဲဟု ဘယ်သူ့ကိုမှ မမေးနဲ့။

'မသိဘူး' ဟု ဖြေ့ဖြစ်ကြမှာလည်း အတူတူပဲ ဖြစ်သည်။

ထို့ကြောင့် ကျောင်းမှာတုန်းက သူတို့လေးယောက်ကို 'ပိတုန်းအုပ်' ဟု ခေါ်တွင်ခဲ့ကြသေးသည်။

ပိတုန်းဆိုတဲ့ ထဲမှာတောင် ဒီကောင်ပဲ အဆိုးဆုံးဟု ပြောင်သော မျက်လုံးများနှင့် ကြည့်၍ ကဲရန်က မကျေမနပ် မျက်စောင်းရှု

ကြားထဲမှာ ကိုယ့်ညီမဝမ်းကွဲက ကန့်လန့် ကန့်လန့်ပါလာသေးထိပြီ...

သုံးယောက်လုံး ကော်ကော့်ကို စောင့်ကြဖို့ အစီအစဉ်မရှိဘဲ ကားရှိရာသို့ ချီတက်လာခဲ့ကြ၏။

မိတ်ဆွေတစ်ယောက်၏ မွေးနေ့ကိုသွားကြဖို့ လက်ဆောင်တွေ လာဝယ်ကြတာဖြစ်ပြီး...

"ဟိုကောင့်မှာ ကားမပါဘူး"

အောင်ဟိန်းက သံယောဇဉ်စကား ဆိုသည်။

"ခြေထောက်ပါတယ်"

ကဲရန်က မကျေမနပ် ပြောပြီး ကားပေါ် အရင်တက်၏။

ကားက သဝန့်ကား...

အုပ်စုလိုက် ဘယ်ကိုပဲသွားသွား သဝန်ကပဲ ကားယူသည်။

သူများကားပေါ် လိုက်မစီးတတ်သည့် သူ့အကျင့်ကြောင့် အတူတူသွားလာဖို့ လိုပြီဆို သူ့ကားကိုပဲ စီးဖြစ်ခဲ့ကြ၏။

အားလုံး ကားပေါ်မှာထိုင်မိကြလျှင် သဝန့်ဘေးသို့ လူရိပ် တစ်ရိပ် ရောက်လာသည်။

"သဝန်"



www.burmeseclassic.com

www.burmeseclassic.com



အသံကို မကြားသော်လည်း မျက်နှာငုံ့၍ခေါ်လိုက်ခြင်း၊ မုန့်ကို ပုတ်လိုက်ခြင်းကြောင့် လှည့်ကြည့်ပြီး သဝန်က မုန့်ချပေးလိုက်၏။

ကိုရီးယား ကားတွေထဲက အသက်လေးဆယ်ကျော် ငါးဆယ် မင်းသမီးကြီးတွေ ပုံစံမျိုး ဆံပင်ခပ်တွန့်တွန့် တိုကပ်ကပ် နားကပ်ပြူးပြူးနှင့် မိတ်ကပ်လိမ်းထားသော မျက်နှာက ကားထဲကိုလည်း ငေးကြည့်ကာ...

"အထဲမှာ မင်းညီမ ဈေးဝယ်နေတယ်၊ ခဏစောင့်လိုက်ဦး"

"ဘာလုပ်ဖို့လဲ"

"မင်း ပြန်မှာ မဟုတ်လား၊ ပြန်ခေါ်သွားလိုက်စမ်းပါ၊ ငါ သွားစရာရှိလို့"

"မပြန်သေးဘူး"

သဝန်က ပြောပြီး စက်နှိုးလိုက်၏။

"မပြန်လည်း ခေါ်သွားကွာ၊ တစ်ယောက်တည်း ပြန်လွှတ်ရမှာ စိတ်မချလို့"

သဝန်က မျက်နှာမပါဘဲ မျက်ဝန်းများဖြင့် ငွေကြည့်လိုက်၏။

"ကျွန်တော်က ညနေစောင်းမှ အိမ်ပြန်ဖြစ်မှာ"

"ကြည့်စမ်း..."

သူမထံမှ ခပ်တိုးတိုးရေရွတ်သံက ရွှးလက်သော မျက်ဝန်းများနှင့်အတူ ထွက်ကျလာသည်။

စက်နှိုးသံနှင့်အတူ ကားက သိမ့်ခနဲ လှုပ်သွားတော့ လက်ကို ဖယ်ကာ လူကလည်း နောက်ဆုတ်ရပ်လိုက်သည်။

သို့သော် အံကြိတ်သော မျက်ဝန်းတို့က မခွာသေး။

အနားမှာထိုင်သည့် ကဲရန်က နောက်ကြည့် မှန်ထဲကို လှမ်းကြည့် လိုက်ပြီး သဝန့်နားကို တိုးကပ်၍...

"အဘွားကြီး တင်းသွားပြီ"





ဟု ပြော၏။

"သဝန်... မုန့်တိုင်း ဘယ်ကို လှည့်မယ်ထင်လဲ"

အောင်ဟိန်းက လှမ်းမေး၏။

သဝန်က ဘယ်သူ့ကိုမှ ပြန်မဖြေဘဲ ကားကို လမ်းမပေါ် ကွေ့တက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

... Frenzo Production အချစ်သီချင်း...

သီချင်းသံလား ဘာကြီးလဲ...

နားထဲမှာ စူးစူးဝါးဝါး ဝင်လာသည်။

... မင်း ငါ့ကို အဆက်ဖြတ်ပစ်တယ်...

... မျက်စိရှေ့ကနေ လုံးဝလစ်တော့...

... ငါ့အချစ်ကို မျက်ရည်နဲ့မှားတဲ့ ရက်တွေကမှားခဲ့...

... ထားခဲ့ ဒါတွေ တောမှာသွားပြော...

... ဘာတွေလဲ...

ဆောင်း ထူးဆန်းသော အသံတွေကို နားစွင့်ရင်း ပြတင်းပေါက်နား ရောက်သွားခဲ့၏။ ဂီတာသံလည်း ကြားသည်။ ဒါပေမယ့် ကြားလိုက်တာက သီချင်းမဟုတ်။

ပြီးတော့ တစ်ယောက်ပြီး တစ်ယောက် ထ.အော်ကြသည်။

စကားတွေပြောလိုက်... သီချင်းလိုလိုဖြစ်လိုက်။

နောက်တော့ သီချင်းဆိုကြတာမှန်း သိလိုက်၏။





သီချင်းဆိုရင် မေဆွိတို့ မေခလာတို့... ပြီးတော့ ခင်မောင်တိုး၊ ကိုင်ဇာတို့လောက်ပဲ နားထောင်ခဲ့ဖူးသည့် နားထဲမှာ ဘယ်လိုမှလက်ခံလို့မရဘဲ ဆူညံစွာ ပေါက်ကွဲနေ၏။

စားပွဲမှာပြန်ထိုင်ပြီး အန်တီ ချပေးခဲ့သည့် ဘာသာပြန်စာအုပ်ကို ပြန်ဖတ်တော့ ဘယ်လိုဝင်စားလို့ မရတော့ဘဲ နားမခံနိုင်အောင် ဖြစ်လာသည်။

... ငါ ပြန်ရတာ လုံးဝ အချိုးမကျ...

... အားနာပါးနာနဲ့ သနားပါတယ်တဲ့...

... ဒီမိန်းမကို ချစ်မိတာ မှားပါတယ်တဲ့...

... မင်း ငါ့ကို အဆက်ဖြတ်ပစ်တော့...

... မျက်စိရှေ့ကနေ လုံးဝလစ်တော့...

"ဒေါက်"

"ဟ... ကျလာပြီ"

"ဘာလဲ"

"ခဲ"

တီးသံကော ဆိုသံပါ တိခနဲ တိတ်ကျသွား၏။

လေးယောက်လုံး ခေါင်းထောင်သွားကြသည်။

ဂရုမစိုက်စွာ သီစချင်လို့ ညည်းရှယ် ဟစ်ကြွေးနေကြတာက တစ်ဖက်သို့ဖြစ်ကာ ခဲလုံးကျလာတာက နောက်ဘက်က။

"ဘယ်ကောင်လဲကွ... မဆီမဆိုင်"

ကဲရန် ဒေါ်နှင့် မောနှင့် မတ်တတ်ထ.ရပ်လိုက်၏။

မိန်းမလှလေး တစ်ယောက်၏ ရှားပါးစွာ စွန့်ပယ် ခံလိုက်ရခြင်းကို မခံရပ်နိုင်စွာ တမင်တကာ ဒီအရပ်ကို ရောက်အောင်လာပြီး ကြားအောင် ဆိုနေတာ။



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်တွေနဲ့ မျက်လုံးစုံမှိတ်၍ အော်ကောင်းနေတုန်း တစ်ဖက်ခြံအထက်မှ အပြာရောင် နက်နေသော မှန်ချပ်ကြီးတွေ တပ်ထားသည့် နှစ်ထပ်တိုက်ကြီး၏ တစ်ဝက်ကို မြင်နေရသည်။

လူရိပ်မတွေ့။

ထိုစဉ် သူတို့နှင့် အနီးဆုံး ပုဏ္ဏရိက်တန်းများနှင့် ဝတ်ရံထားသည့် ခြံစပ်မှာ သိမ့်ခနဲ ဖြစ်သွားသည်။

ဂစ်တာကို ပိုက်လျက်သားနှင့် သဝန် နောက်ပြန်လှည့်ကြ၏။

စည်းရိုးတန်းအထက်သို့ ကကြီးပုံ နဖူးပြေပြေလေးနှင့် ဖားလျားချထားပုံရသည့် ဆံနွယ်ပြန့်ပြန့်လေး ရှိသော မျက်နှာလေးတစ်ခု တဖြည်းဖြည်း မြင့်တက်လာ၏။

သူတို့မှာ ရန်လိုနေကြသည့် မျက်နှာများမှ တစ်စစ အံ့သြခြင်းသို့ ပြောင်းလဲကာ စူးစိုက်ကြည့်နေခဲ့ကြသည်။

မိန်းကလေးတစ်ယောက်... သူတို့ မမြင်ဘူးခဲ့သည့် မျက်နှာပဲ ဖြစ်၏။

စည်းရိုးတန်းက မိန်းကလေး တစ်ရပ်စာမက မြင့်သည်။

သူမ တစ်စုံတစ်ခုပေါ် တက်၍ မပီ တပီ ကျော်ကြည့်ပုံရကာ မေးဖျားလောက်ထိ ပေါ်လာသည့် မျက်နှာလေးက နိမ့်ခနဲ ဖြစ်သွားလိုက်၊ မြင့်တက်လာလိုက်။

သွယ်တန်း နက်မှောင်နေသည့် မျက်ခုံးတန်းလေး နှစ်ဖက်က အဖျားလေးတွေ မသိမသာ ကော့တက်ကာ ကကြီးပုံ နဖူးလေးနှင့် မဟာဆန်၏။

ထူပိတ်နေသည့် မျက်တောင်ရှည်ကြီးများက ကတ္တီပါ သားလို စိုလက် ကော့နက်နေကြ၏။

သဝန် ကျောနိုင်းနေရာမှ ဖျတ်ခနဲ ထ,ရပ်လိုက်သည်။





ခဲနဲ့ပစ်တာ သူမပဲဟု အားလုံးသိလိုက်ကြသော်လည်း မျက်ခုံး မျက်လုံးကအစ မြင့်လာလိုက် ပြန်မြုပ်သွားလိုက် မငြိမ်မသက် မြင်နေရသော နှုတ်ခမ်းငုံကလေးများထိ မလိုမုန်းတီးသော ရန်စောင်ခြင်း ဘာဆိုဘာမှ ရှိမနေခဲ့ရာ သူတို့မှာ မေးဆတ်ပြီး ရန်လုပ်ရတော့မလိုလို၊ မမီ့တမီ အတင်းတွယ်တက် ရပ်နေရသည့် သူမအဖြစ်ကိုပဲ ပြေးတွဲကူညီရတော့မလိုလို။

"ဒီမှာ..."

အသံလေး ထွက်လာ၏။

အသံအားဖြင့်လည်း အလွန်နှစ်လိုဖွယ် ကောင်းသော၊ တမင်တကာ မဟုတ်သည့် ကလေးဆန်သော အသံကလေးပဲ ဖြစ်သည်။

"ရှင်တို့တွေ သီချင်းဆို... အ...."

ပြော၍ ခေါင်းကလေး နိမ့်ခနဲ ပြန်ဝင်သွားပြီး 'အ'ဆိုသည့် ညည်းသံလေး ထွက်လာ၏။

ပြီးတော့ ထိုခေါင်းကလေး ပြန်ပေါ်လာသည်။

သူမ ဘယ်ပေါ်မှာ ရပ်နေပါသနည်း။

"ရှင်တို့ အဲဒါကြီးကို မဆိုပါနဲ့တော့၊ သိလား... ဆောင်းနားညည်းလို့ပါနော်... အ..."

'အ' ဟု အော်သံလေး ကြားညပ်ပါလာတိုင်း သူမ မျက်ခုံးတန်းလေး နှစ်ဖက် တွန့်ကျ ရှုံ့မဲ့သွားတတ်သည်။

"ဟိုလေ... ကောင်းလည်း မကောင်းဘဲနဲ့... မဆိုနဲ့နော်... တောင်းပန်... အား"

"ဟာ"

ဒီတစ်ခါ လုံးဝပြုတ်ကျသွားတာ သေချာ၏။

သဝန် ခြံစည်းရိုးနားသို့ အရင် ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ခြေ ပန်းပင်ဖြစ်တို့ကြားက ငုံ့ကြည့်လိုက်တော့ သစ်ချွေး တုံး တစ်တုံးဘေးမှာ ခွေကျသွားသည့် သူမ့ကို မြင်လိုက်ရ၏။

"အား... သေပြီ"

တိုးတိုးလေး ညည်းရင်း သူမ ထ,ရပ်ဖို့ ကြိုးစားနေရှာ၏။

မဟူရာ ပိုးသားလို ပြောင်အိနေသော ဆံနွယ်ရှည်များက တင်ပါးအောက်မှာ ထိခွေ ဝိုက်ပုံကျနေသည်။

ပန်းနုရောင် ဝတ်စုံလေးနှင့် သူမသည် ဒဏ္ဍာရီဆန်အောင် လှနေသည်ဖြစ်ရာ သဝန် ငေးခနဲဖြစ်သွားသည်။

ပြီးမှ သတိရ၏။

"ဟိတ်... ထ,လို့ မရဘူးလား"

"ဟင်"

သူ ငုံ့ကြည့်နေတာကို ခုမှသိသွားကာ သူမက ပြန်ငုံ့ကြည့်၏၊ ပြီးတော့ ခေါင်းလေးညိတ်ပြ၏။

"ခြေထောက် ဘာဖြစ်သွားလဲ မသိဘူး"

ဟု ပြောကာ လက်ကလေးထောက်၍ ထ,ရပ်ဖို့ ကြိုးစားနေရာ သဝန် နေမထိ ထိုင်မသာ ဖြစ်သွား၏။

"ဟိတ်...ရော့... ဒါနဲ့ထောက်ပြီး ထ,ကြည့်"

သူ စေတနာတွေ ဖိုသွားခဲ့သည်။

ဂီတာကို ပန်းနွယ်တွေ ကြားထဲကနေ အလျားလိုက် ထိုးထည့် ပေးလိုက်မိ၏။

အနားရောက်နေကြပြီဖြစ်သော သုံးယောက်က တစ်ယောက်က ဂီတာကို ဆွဲထား၏။

တစ်ယောက်က ပခုံးကို တံတောင်နဲ့တွံသည်။ ဆွဲထားသည့် လက်ကို ပုတ်ထုတ်ကာ သဝန်က ဂီတာကို ထိုးပေးလိုက်သည်။





ဆောင်းက ဂီတာကို အံ့ဩဟန်လေးနှင့် ငုံ့ကြည့်ပြီး သူ့ကို လှမ်းကြည့်တော့ နှုတ်ခမ်းလေးပင် ဟ,နေခဲ့သည်။

သဝန်က မေးဆတ်ပြပြီး ထ,ရပ်ကြည့်ဖို့ တိုက်တွန်းသည်။

ဆောင်းက ဂီတာကို ထောက်၍ ခပ်ဖြည်းဖြည်း ထ,ရပ်တော့ အောင်မြင်သွား၏။ ဒီတော့မှ ခြံတစ်ဖက်မှာ လေးယောက်သား ထ,ရပ်လိုက်ကြသည်။

"ပါသွားပြီ"

ဟု ခပ်ကြိတ်ကြိတ် ပြောပြီး ကဲရန်က ပခုံးတွန့်၏။

သဝန်က ပြုံးစိစိနှင့် ဆံပင် တစ်ချက်သပ်သည်။

ထိုစဉ် ဂီတာ၏ တစ်စွန်းတစ်စက စည်းရိုးတန်းပေါ်မှ ချွန်ထွက်လာကာ...

"ရော့...ရော့... ဒီမှာ ဂီတာ"

အသံလေးလည်း ပါလာ၏။

သဝန်ကပဲ လှမ်းဆွဲယူလိုက်သည်။

"ဒီမှာ...စောစောက အော်တာကြီး မလုပ်နဲ့တော့နော်၊ ဆောင်း တောင်းပန်ပါတယ်"

ဒီစကားပဲ ထပ်ပြောကာ သူမ နောက်ပြန်လှည့်သွား၏။

သဝန် ဖျတ်ခနဲထိုင်ချလိုက်ပြီး ထမိကို ပုံကျမတတ် ဝတ်ထား သဖြင့် ဖွေးခနဲ လှစ်ခနဲသာ မြင်လိုက်ရသော ကတ္တီပါဖိနပ်ပါးလေးနှင့် ခြေဖမိုးဖွေးဖွေးလေးကို အမိအရ လိုက်ကြည့်သည်။

"ဟိတ်ကောင်"

"နေစမ်းပါ"

"သွားပြီလေ"

"မြင်နေရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သဝန် ထိုင်ရာမှမထ,ဘဲ ထိုခြေထောက်ပိုင်းလေး ပျောက်ကွယ်သွားသည်အထိ လိုက်ငေးသည်။

"လှလိုက်တာကွာ"

သူ ခပ်တိုးတိုး ပြောပေမယ့် သုံးယောက်လုံး ကြားသည်။

"လုပ်မနေနဲ့... မင်း ဆွေးသွားလိမ့်မယ်"

သဝန်က နေရာမှ ထ,ရပ်ပြီး အောင်ဟိန်းကို ကြည့်၏။

"ဘာဖြစ်လို့လဲ"

"အဲဒီခြံက 'ဒဏ္ဍာရီစံအိမ်' လေ"

"ဘာဖြစ်လဲ... ဒဏ္ဍာရီပဲဖြစ်ဖြစ်၊ ပုံပြင် ရာဇဝင်ပဲဖြစ်ဖြစ်"

"ငါ့လေးလေးက ပြောတယ်၊ အဲဒီတစ်ခြံလုံး ဆက်ဆံဖို့ မကောင်းတဲ့လူတွေတဲ့"

သဝန်က နှုတ်ခမ်းမဲ့၍ တိုက်ကြီးကို မော့ကြည့်သည်။

"ဟွန်း... ကိုယ့်ကို လာကဲ့ရဲ့တာများ သူ့မှာ ဂီတာပေးပြီး တွဲထူလိုက်သေးတယ်"

ကဲရန်က မကျေနပ်သံ ထွက်၏။

"ကဲ့ရဲ့တာမှ မဟုတ်တာ၊ တောင်းပန်သွားတာ"

"အေးလေ... ဘာလေးလဲ မသိဘူး။ သီချင်းမကောင်းတာ ခံနိုင်ပစ်ရုံတင် မကဘူး။ ပြောသေးတယ်၊ ကောင်းလည်း မကောင်းဘဲနဲ့တဲ့"

"ဟား... ဟား"

သဝန်က ရယ်ပြီး ခုံတန်းပေါ်မှာ ပြန်ထိုင်သည်။ ဂီတာကို ဖက်၍ 'ဒရမ်း'ခနဲ ဆူသွားအောင် ဆွဲခတ်ပစ်လိုက်၏။

"မဟုတ်လို့လား... မင်းတို့ ဝိုင်းအော်နေကြတာပဲ"

"ဘာဖြစ်လဲ... ဒါ Hip Hop"

"ကောင်မလေး ကြည့်ရတာ အူချာချာလေး"





သဝန်က ဘယ်သူ့ကိုမှ မကြည့်ဘဲ...

"ချစ်သွားပြီ ကလေးရေ... ဒီလိုလေးပဲ အမြဲတမ်း အတူနေချင်..."

"သူဖြစ်ပြီ"

ကဲရန်ကပဲ မကြည့်မလင် ပြော၏။

သူ့မှာ နောက်တစ်ယောက်နဲ့ တွဲသွားသည့် ရည်းစားကို ရှုံ့လို့စောင်းလို့မှ မဆုံးလိုက်သေး...

"တော်ပါတော့... နားညည်းလို့"တဲ့။

ပေါ်တင်ကြီး...

မျက်နှာလေးကို မြင်လိုက်ရစဉ် ဒေါသဖြစ်ဖို့ မေ့သွားခဲ့သမျှ ကြာကြာတွေးလေ မကျေနပ်ဖွယ်တွေ ဖြစ်ရလေ။

သဝန်တို့ကတော့ သီချင်းတွေ ဘာတွေ ဖြစ်ကုန်ပြီ။

ကြည့်လိုက်ဦးမယ်... ဟွန်း...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

ကားပေါ်ကဆင်းလာသည့် ဆောင်းကို ဒေါ်နှင်းနှင်းမြတ်က တခါးဝကနေ ဆီးကြိုနေခဲ့သည်။

မဟူရာ ပိုးသားလေးတွေလို နက်မှောင် ပြောင်လက်နေသည့် ဆံစလေးများက တင်ပါးအောက်စပ်ထိ အုပ်ဆင်း ဝဲဖြာနေသည်။

လက်စက ခါးစည်းပါသော ရင်စေ့လက်ပွနှင့် ဂါဝန် အဝါရောင်လေးက ဖြူအိ ဝင်းစက်နေသည့် ဆောင်း ကိုယ်လေးပေါ်မှာ အိဖက်ဖက်လေး ဝဲကျနေ၏။

"ကိုယ်ကျပ်ကျပ် တိုကပ်ကပ်လေးတွေ သမီးကို မဆင်ပါနဲ့နော်၊ သမီး မဝတ်ရဲဘူး"

ဟု ဝယ်ပေးသမျှကို ခေါင်းခါ ဖယ်ချပစ်ခဲ့သောကြောင့် သူမအတွက် ဝယ်ပေးခဲ့ရတာတွေက ဂါဝန်ပွပွ ကိုယ်ကာပ် ပျော့ပျော့လေးများနှင့် ဘောင်းဘီရှည်ပွပွလေးတွေပဲ ဖြစ်ခဲ့သည်။

ဒီတူမလေးကို ချစ်လိုက်ရတာ အရိုပ် တကြည့်ကြည့်နဲ့ပါ။ ဟိုးငယ်ငယ်လေးကတည်းက ချစ်ခဲ့ရသည်။





ချစ်၍ ပြောမိ ဆိုမိတာနှင့် ဒီကလေး ငယ်ငယ်လေးကတည်းက ခွဲထွက်ခဲ့ရသည့် အဖြစ်တွေကို နောင် အေးအေးဆေးဆေးကျမှ ပြောပြရဦးမည်။

"ဘယ့်နှယ်လဲ... အဆင်ပြေခဲ့ရဲ့လား သမီး"

"ပြေတယ် အန်တီ... အရမ်းပျော်ဖို့ကောင်းတာပဲ၊ အန်တီက စိုးရိမ်နေတာပါ၊ သမီး ဒီလောက် မကြောက်တတ်ပါဘူး"

"ဟုတ်ပါပြီရှင်... ဟုတ်ပါပြီ၊ အန်တီ့သမီး ပျော်တယ်ဆိုတာပဲ ဘာနဲ့မှ မလဲနိုင်တဲ့ ဆုလာဘ်ကြီးပါ"

ဒေါ်နှင်းနှင်းမြတ်က ဆောင်း ပခုံးလေးကိုဖက်၍ ဆံစ,လေးတွေကို သပ်ချပေးကာ ပါးပြင်လေးကို နမ်းသည်။

ပြီးတော့ နဖူးပြင်လေးသို့ နမ်းပြီး...

"နောက်နေ့ဆို ကွန်ပျူတာသင်တန်းတွေ တက်ရဦးမယ်"

နှစ်ယောက်တူ ဆိုဖာမှာ ထိုင်လိုက်ကြပြီး...

"အန်တီ"

"ပြော... သမီး"

"ဒီပြင်သင်စရာတွေ ဘာမှ မရှိတော့ဘူးလားဟင်"

"ဘာဖြစ်လို့လဲ သမီးရယ်"

"အင်္ဂလိပ်စပီကင်တွေ၊ ကွန်ပျူတာတွေက သမီး တတ်ပြီးသားတွေချည်း၊ ထပ်သင်နေရတာ ပျင်းစရာကြီး"

"သမီးလေးရယ်"

ဒေါ်နှင်းနှင်းမြတ် ပြုံးလိုက်၏။

ပြီးတော့ ထိမှန်း ကိုင်မှန်း မသိလောက်အောင် ပျော့နဲ့ နူးညံ့နေတတ်သည့် ဆံနွယ်လေးတွေကို တယုတယ သပ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကို မတတ်သေးလို့ သင်နိုင်းနေတာမှ မဟုတ်ဘဲ သမီးရယ်၊ သမီးတတ်ထားတာ အတတ်ပညာ၊ အသိပညာ မဟုတ်သေးဘူး၊ ပရိယာယ် လိမ်လည်မှုတွေ များပြားလွန်းတဲ့ လူမှုရေးနယ်ပယ်ကြီးရဲ့အကြောင်း သမီး ဘာမှမသိသေးဘူး၊ သမီးမယ်ဟိုးအဝေးက ခေတ်တစ်ခုထဲက ပင်တိုင်စံ မင်းသမီးလေးလို ဘုံခုနစ်ဆင့်ထက်မှာ ရတနာတွေ ကို ဖယ်တောက်ကစားပြီး သမီးရဲ့ မိဘနှစ်ပါးရယ်၊ အခြွေအရံတွေရယ်၊ သမီးရဲ့ မျက်စိတစ်ဆုံးမှာ မြင်မြင်သမျှ ပန်းချီကားတွေရယ် သမီး သိတာပါပဲ၊ သမီး မြင်ဖူးခဲ့တာလည်း ဒါပဲ"

ဆောင်းက လွယ်အိတ်လေးကိုပင် မချဖြစ်သေးဘဲ ဒေါ်နှင်းနှင်းမြတ် ရင်ခွင်ထဲမှာ မှီနေပြီးမှ မျက်နှာလေးမော့၍ နားထောင်နေသည်။

"သမီးရဲ့ မိဘနှစ်ပါးက သမီးလေးကိုချစ်လွန်းလို့ ကျောင်းမှာ ကျောင်းသွားထားရင် သူငယ်ချင်းတွေ စုံမယ်၊ အပေါင်းအသင်းများရင် ပျက်စီးမယ်၊ ဆရာ ဆရာမက ရိုက်တာခံရမယ်၊ နောင် ကြီးပြင်းလာတဲ့ အခါ သမီးလေးဟာ သိမ်လှတော့ ယောကျ်ားလေး တစ်ယောက်ယောက်နဲ့ အိမ်ထောင်ရက်သား ကျလိမ့်မယ်၊ ဒါကို ဘယ်လိုမှ လက်မခံနိုင်ကြဘူး၊ သိမ်းလို့ မနိုင်အောင် ချမ်းသာနေတဲ့ စည်းစိမ်ဥစ္စာတွေနဲ့ သပ်လေးရဲ့တစ်သက် - ဘယ်လိုပဲ သုံးသုံး ဖြုန်းဖြုန်း မကုန်နိုင်ဘူးလို့ မြင်တယ်"

"စည်းစိမ် ချမ်းသာရှိရင် အခြွေအရံရှိတယ်၊ ကျန်းမာတယ်၊ ချမ်းသာမယ်၊ ခြွေရံသင်းပင်းရှိမယ်ဆိုရင် ဘဝမှာ ဘာမှမလိုဘူးလို့ တွက်တယ်၊ တကယ်တော့ ချစ်လွန်းပြီး မေတ္တာအဆိပ် တက်သွားတာပဲ၊ သမီးကို ပိုးမွေးသလို မွေးတယ်၊ ပညာတွေ သင်ပေးပြီး ရင်ခွင်ထဲမှာပဲ ပိုက်ထားခဲ့တယ်၊ လူတွေနဲ့ ထိတွေ့မှာကို ကြောက်ကို စိုးရိမ်ခဲ့တာကိုး"





ဒေါ်နှင်းနှင်းမြတ်က ဆောင်း၏ ပခုံးလေးကို ခပ်တင်းတင်းဖက်၍ ပါးချင်းကပ်ထားလိုက်သည်။

"သမီးရဲ့မေမေဟာ သမီးကို ဘယ်လောက်ချစ်သလဲဆိုရင် သူကိုယ်တိုင်လည်း ဘယ်မှ ဧသွားမလာတော့ဘဲ ရောဂါဖြစ်တာတောင် အဖြစ်ခံပြီး ဆေးထွက်မကုဘဲ နေခဲ့တယ်၊ သမီးလေးကို ခွဲမထားခဲ့နိုင်လို့တဲ့၊ သူ ဆေးကုသွားတဲ့ဆီ ခေါ်သွားပြန်ရင်လည်း သမီးလေးကို လူပေါင်းစုံ ခေါ်ပြော ဆက်ဆံလာမှာ စိုးသတဲ့လေ၊ အဲဒါနဲ့ပဲ သူ့ဘဝ ဆုံးခဲ့ရတာ"

ဆောင်း မျက်ရည်တွေ ကျလာတော့ ဒေါ်နှင်းနှင်းမြတ်က တယုတယ သုတ်ပေးပြီး ဖက်ထားလိုက်သည်။

"မငိုနဲ့သမီး... သမီးငိုဖို့ အန်တီ ပြောပြနေတာ မဟုတ်ဘူး၊ ဒါဟာ မိဘမေတ္တာ မှန်ပေမယ့် လွဲမှားမှုတစ်ခုပဲ၊ လူဖြစ်လာရင် လူမှုနယ်ပယ်ကို သိနေရမယ်၊ နားလည်ရမယ်၊ ဒါမှ လူဖြစ်ခွင့်ရပ်ာလို့ ခေါ်တယ်၊ အခု သမီး ပညာတွေ တတ်ထားပေမယ့် ဘာနဲ့တူသလဲဆိုတော့ တန်ဖိုးကြီးတဲ့ ကုန်ပစ္စည်းတွေ အပြည့်အသိပ် တင်လာတဲ့ သင်္ဘောကြီးတစ်စင်းလို မောင်းသူမပါဘဲ ဘယ်ကမ်းမှလည်း မကပ်နိုင်၊ ပစ္စည်းတွေ ပါပေမယ့် ဘယ်နေရာမှလည်း သုံးလို့မရ၊ အဲ... သမီးမှာသာ အသိပညာတွေ ရှိထားခဲ့ရင် ခုချိန်မှာ သမီးဟာ ဘယ်သူနဲ့မှ မတူအောင် တော[illegible]သူ ဖြစ်နေပြီ"

"ဒါဆို...အခု သမီး မတတ်ဘူးပေါ့၊ ဟုတ်လား အန်တီ"

"သိပ်တတ်တာပေါ့ သမီးရယ်၊ ဒါပေမယ့်... ပြည့်တန်ပစ္စည်းများတောင်မှ နွံနစ်နေရင် ဆေးပစ်ရတာပဲ၊ အရောင် တောက်ပပြီး တန်ဖိုးမြင့်လာဖို့ကတော့ သမီးရဲ့ဦးနှောက်တွေကို ဆေးကြော သန့်စင်ရမယ်၊ မောင်းသူမဲ့နေတဲ့ သင်္ဘောကြီးလို မဖြစ်ရအောင် သမီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အသိတွေမှာ ရည်ရွယ်ချက်တွေ၊ ပန်းတိုင်တွေ ရှိလာဖို့လိုတယ်၊ အခု သမီး သိပြီး တတ်ပြီးသားတွေကို အန်တီက ပြန်သင်နိုင်းနေတာ အဲဒါမဲ့လေ၊ ပထမဆုံး သမီးဝင်ဆံ့လာတဲ့ နယ်ပယ်မှာ သမီး သိပြီး တတ်ပြီးသားတွေပဲဖြစ်နေမှ သမီးရင်ထဲမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ ဖြစ်လာမှာပေါ့၊ အစ,ကတည်းက ခြေလှမ်းတွေ ဝေဝါးနေရင် ရှေ့ဆက်ဖို့ ဘဝခရီးအတွက် သမီးမှာ ခွန်အားတွေ မဲ့ကုန်မှာ”

ဆောင်း မျက်ရည် မကျဖြစ်တော့ဘဲ ဒေါ်နှင်းနှင်းမြတ်ကို အထင်ကြီး လေးစားသော မျက်ဝန်းလေးများဖြင့် ကြည့်နေခဲ့၏။

ပြောသမျှဟာ အားလုံးမှန်နေသည်ဟု သူမ လက်ခံနေခဲ့မိသည်။ ရန်ကုန်မှာ လူတွေ အများကြီး ရှိကြသည်ဆိုသော အတွေး တစ်ခုတည်းနှင့် စိုးရိမ် ကြောက်လန့်နေခဲ့ရသမျှ တကယ်တမ်း ဝင်တိုးကြည့်လိုက်တော့ လူအများကြားထဲမှာ သူမက သူတို့လိုပဲ သိနေ တတ်နေခဲ့သည်။

“သူတို့မှာ ဘာများ ပိုနေလို့လဲ၊ သူတို့လိုပဲ ငါလည်း တတ်တာပဲ” ဆိုသော မာနတွေ ဝင်လာသည်။

ကြောက်စိတ်တို့ လွင့်ပြယ်ပြီး ပျော်ရွှင်လာခဲ့၏။

ဒေါ်နှင်းနှင်းမြတ်က ဆောင်း မျက်ဝန်းလေးတွေကို ကြည့်၍ နားလည်သွား၏။

ကျေနပ် ဝမ်းသာသော အပြုံးဖြင့် ခေါင်းညိတ်နေပြီး...

“သမီးမှာ စည်းစိမ်ချမ်းသာ ဘာမှမလိုတော့ဘူး၊ ပညာတွေ တတ်တယ်၊ သမီးကိုသိပ်ချစ်တဲ့ အဒေါ် တစ်ယောက်လုံး ရှိနေသေးတယ်၊ အဲဒီတော့ ဘာမှ ကြောက်စရာမလိုဘူး၊ အားမငယ်ရဘူး၊ လူတွေကို ရဲရဲတင်းတင်း ဝေဖန်၊ ရင်ဆိုင်စရာရှိလာရင် သိမ်ငယ်မှုတွေ မထားရဘူး”





“ဟုတ်ကဲ့”

ဆောင်း ခေါင်းညိတ်လိုက်မိသည်။

လောလောဆယ်တော့ ဆောင်း သင်တန်းတက်ရတာ နှစ်ရက်ပဲရှိပါသေးသည်။ အန်တီပြောသလို သူငယ်ချင်းတွေလည်း မဖြစ်သေး။

လူတွေ ဘာဆိုတာလည်း ဂရုမစိုက်ဖြစ်ခဲ့ပါ။

နောက်နေ့များစွာမှာတော့...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )

"ဘယ်နေ့အတွက်မှ တာဝန်မယူနိုင်ဘူး ဒက်ဒီ၊ အဲဒါ သေချာတယ်"

ဒေါ်မမက ဦးမျိုးနေကို ဘယ့်နှယ်လဲ ဆိုသည့် မျက်ဝန်းတို့နှင့် လှမ်းကြည့်၏။

ဦးမျိုးနေ့ မျက်နှာသည် အလွန်အမင်း ဒေါသဖြစ်သွားတဲ့ပုံမျိုးမရှိဘဲ သဝန့်စကားကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားရပုံလာက်သာ မျက်ယွင်းသွားခဲ့သည်။

ဒေါ်မမ မျက်နှာ ပိုတင်းသွားသည်။

သားတစ်ယောက်က အပြတ်အသတ် ဘူးခံနေတာကို ဖခင်တစ်ယောက်အနေနဲ့ ဒီလောက်အထိ လိုက်လျှောနေဖို့ လိုသလား"

ထိုအခါ သူမကပဲ အားမလို အားမရ မနေနိုင်...

"သဝန့်...မင်း စကားပြောတာ သူစိမ်းမဆန်ပါနဲ့၊ ဒါ မင်းညီမ"

"သူ့အစ်ကိုရင်းရှိတာပဲ၊ သင်တန်းဖို့တာ၊ ကြိုတာ လုပ်နိုင်းပေါ့၊ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ"





"သူ့အစ်ကိုက မင်းသိသားပဲ၊ မိုးလင်းက မိုးချုပ် အိပ်ကပ်ရတယ် ရှိလို့လား။ ကားပွဲစားဖြစ်လိုက်၊ အိမ်ခြံမြေထဲ ဝင်လိုက်၊ သူ့အလုပ်အကိုင်နဲ့"

ပြောပုံက...

သဝန့် ဆိုတဲ့ကောင်ကတော့ အလုပ်မရှိ၊ အကိုင်မရှိပေါ့။

သူ့မျက်နှာ တင်းသွားတော့ ဒက်ဒီ ဝင်ပါလာသည်။

"နေကြဦး... သား... ဒက်ဒီ ပြောဦးမယ်"

"မပြောပါနဲ့တော့ ဒက်ဒီ၊ မိန်းကလေး တစ်ယောက်ကို အဲဒီလောက် ကရိကထတွေ အများကြီးခံပြီး စောင့်ရှောက်ဖို့ လုံးဝကို စိတ်ဝင်စားမပါဘူး။ လုံးဝ မဖြစ်နိုင်ဘူး"

"ဩော်...ဟုတ်လား...ဒါဆို မင်းကားပေါ်မှာ ဘယ်မိန်းကလေးမှ မပါဖူးဘူးပေါ့၊ တကယ်ဟုတ်လို့လား သဝန့်ရယ်"

"အဲဒါ အန်တီမမနဲ့ မဆိုင်ပါဘူး"

သဝန့်လေသံက ရိုင်းစိုင်းချင်သည့်ဘက်သို့ နွှယ်သွား၏။

ဦးမျိုးနေက နှစ်ယောက်လုံးကို ကြည့်၍ မဖတ်ဖြစ်ဘဲ ကိုင်ထားမိဆဲရှိသည့် သတင်းစာကို စားပွဲပေါ်မှာ ချလိုက်သည်။

"ခေါင်းစဉ် လွတ်သွားရင် တစီစာကုံး တစ်ပုဒ်ဟာ ဘာမှအဓိပ္ပာယ်မရှိတော့ဘူးနော်၊ မမ ညည်း စကားပြောတာ လိုရင်းကိုပဲပြော၊ သားက အေးအေးဆေးဆေး နားထောင်၊ ဒီမှာ စကားပြောနေတာ သူစိမ်းမပါဘူး"

ဒါပေမယ့် ဆွေမျိုးရင်းချာလို့ ပြောနိုင်သလား။

သဝန့်က မျက်နှာကို တစ်ချက်မှမလျှော့ဘဲ ခနဲရာမှ ထရပ်လိုက်သည်။

ဒေါ်မမ ဟာ တကယ်တော့ ဒက်ဒီ့ဘက်က ဆွေမျိုးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ယောက်နှင့် မုဆိုးမဘဝ ရောက်သွားတော့ ရန်ကုန်ရောက်လာပြီး မာမီ့ကို တောင်းပန်သည်။

မာမီက ဒက်ဒီ့ကိုတော့ မတိုင်ပင်ဘဲ လက်ခံထားခဲ့သည်။

ထိုနေ့ကအဖြစ်ကို သဝန် ကောင်းကောင်းမှတ်မိနေသည်။

သူနဲ့ ခက်ဖြာဝေတို့ မောင်နှမ ရန်ဖြစ်ကြတော့ လက်မပါ ဖြစ်ပေမယ့် အကြီးအကျယ် ဖြစ်သွားခဲ့၏။

"တကယ်ဆို ပြောဖို့ မလိုဘူးတို့၊ သူ နားလည်ရမယ်၊ ဒါ ဘယ်သူ့အိမ်လဲ၊ အိမ်ရှင်ကို ညီသည်က စော်ကားသင့်သလား။ ကလေးတွေရန်ဖြစ်တဲ့အထိ ဖြစ်ရတာကိုက သူ ပြောဆို ဆုံးမ မထားလို့ပေါ့၊ အခု သူကပဲ မြှောက်ထိုး ပင့်ကော် ပြောနေသေးတယ်"

"သိတယ်... မမတို့ရဲ့ စရိုက်သဘာဝကို ငါ အစောကြီး ကတည်းကသိတယ်၊ အလုပ်ထဲမှာ တစ်ခါ နေခွင့်လာပြောလို့ ငါ ငြင်းလိုက်ပြီးသား၊ မင်းပဲ ကိုယ့်ယောက်ျားကို မတိုင်ပင်ဘဲ လက်ခံလိုက်တာ၊ မှတ်ထားကွ... အဲဒါ ကိုယ်ထင်ရာ လုပ်တဲ့အတွက် ဖြစ်လာတဲ့အကျိုး"

"ဖါက ကိုဆွေမျိုးပဲ၊ ဘာပဲဖြစ်ဖြစ်ကို ကြည်ဖြူမှာပဲ တွက်ထားတာလေ၊ ကိုကို ပြောမှုတယ်ဆိုတာလည်း သူ မပြောဘူး ပြီးတော့... ကလေး ငယ်ငယ်လေးတွေနဲ့ မုဆိုးမတစ်ယောက်"

ဒေါ်သီသီသန့်က မာနကြီးတဲ့ သူပါ။

စည်းကမ်းလည်း ရှိသည်။ စီးပွားရေး လုပ်သည့်နေရာမှာလည်း တိကျ သေချာသူမို့ ဦးမျိုးနေ၏ နောက်မှာ ဒေါ်သီသီသန့် ဆိုသော နာမည်တစ်လုံးက ထက်ကြပ်မကွာ ကပ်လိုက်နိုင်တဲ့သူ။

တော်ရုံနှင့် သနားလွယ်တတ်၊ တွေဝေ ပျော့ညံ့တတ်သူ မဟုတ်။





သို့သော်... ဦးမျိုးနေ၏ နှမဝမ်းကွဲ ဆိုသော အသိတစ်ခုနှင့် ကူညီသင့်သည်ဟုလည်း တွက်ခဲ့သည်။

ထို့ပြင် ဒေါ်မမမှာ လင်သားအားကိုး မရှိဘဲ ဒုက္ခရောက် နေရှာသည့် ကလေးအမေ။

"အဲဒီလို ကိုယ်လုပ်ခဲ့ပြီးမှ မင်း သည်းခံပေါ့ကွာ၊ ကလေးချင်း ဖြစ်ကြတဲ့ကိစ္စလေးနဲ့ ဆင်းကြတော့လို့လုပ်ပစ်ရင် ကိုယ်ပဲ သဘောထား သေးရာ ကျဦးမယ်"

ဘယ်လိုပဲ ဆက်စပ်ကြည့်ကြည့် ဘာတော်မှန်းမသိဘဲ ဆွေမျိုး တော်နေသေးသည့် အဖြစ်ကလည်း အခိုင်အမာသိနေခဲ့ကြရာ အိမ်မှာ လက်ခံပြီးသည့်နောက်ပိုင်းကျမှ ဘယ်လိုပြဿနာ ကြီးငယ်တွေပဲရှိရှိ ဖြေရှင်းကြဖို့သာ ရှိသည်။

"ဒက်ဒီ... မိခက်နဲ့ သားက ဘာတော်တာလဲဟင်၊ မောင်နှမ ဝမ်းကွဲ ဆိုတော့ ဘယ်နှစ်ဝမ်းကွဲလဲ"

ခဏခဏရန်ဖြစ်၊ ဘယ်တော့မှလည်း မတည့်။

သူ့ဘက်ကကော ကိုယ့်ဘက်ကကော ခင်မင် ကြင်နာဖို့လည်း ဘယ်တော့မှ စိတ်ကူးကြမှာ မဟုတ်ကြတော့ ဟိုတုန်းက မေးကြည့်ဖူး သည်။ သူများ မောင်နှမဝမ်းကွဲတွေတော့ ခင်ခင်မင်မင် ရှိကြသည်လေ၊

"အဲဒါကို ဒက်ဒီကိုယ်တိုင်တောင်မသိဘူး၊ ခက်ဖြာတို့ မောင်နှမနဲ့ မပြောနဲ့၊ မမနဲ့ ဒက်ဒီ မောင်နှမ တော်နေတယ်ဆိုတာတောင် ဘယ် မျိုးဆက်ကစပြီး အစ ကောက်ရမှန်း မသိတဲ့ဟာ"

ဒက်ဒီကတော့ ကိုယ့်ဆွေမျိုးကို စိတ်ပျက်နေပုံနှင့် ဖြေတတ် သည်။

ဒေါ်မမက လူစိမ်းတွေရှေ့မှာဆို ဦးမျိုးနေနဲ့ သူမက တော်စပ် သည်မဟုတ်ဘဲ ဒေါ်သီသီသန့်၏ ညီမဝမ်းကွဲလိုလို ပုံဖမ်း၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဓာကာယ်မသိသူတွေက မိန်းမဆုံးပြီး နှစ်အနည်းငယ် ကြာလာတော့ စ,ချင် နောက်ချင် ဖြစ်လာကြသည်။

ကိုယ့်ကို ခိုလှုံနေတာပဲဗျာ၊ နှင်ချရင်လည်း သနားစရာ၊ သူ့မှာလည်း ကလေးတွေနဲ့ မသင့်တော်တာတွေ ဘာတွေ ပျောက်သွားအောင် လက်ထပ်လိုက်ကြရင် ပြီးတာပဲ"

ဟု စကားသံတွေ ထွက်လာတော့ ဦးမျိုးနေ ဒေါပွတော့သည်။

"အဲဒါ ညည်းကြောင့်...စကားကို ရှင်းလင်းအောင် မပြောတတ်ရင် ရှေ့ထွက်မလာခဲ့နဲ့၊ လူတွေပါးစပ်ကို ဘာမှတ်နေသလဲ"

"ကို... သူတို့ထင်တာ ဖွတ်ပြောနေတဲ့ ဥစ္စာ၊ မဟုတ်ရင် ပြီးတာပဲ"

"မဟုတ်ဘူးဆိုတာ ဖြေရှင်းလို့ရတာ မဟုတ်ဘူး၊ ကွယ်ရာမှာ ပြောချင်တိုင်း ပြောနေကြတာ၊ ခုနေ ညည်းကို နှင်ချလိုက်ရင်တောင် ဘယ်လိုပြောကြဦးမယ် မသိဘူး"

"အစ်ကိုမျိုးက မမတို့ သားအမိကို နှင်ချဖို့ စိတ်ကူးနေပြီလား၊ ရပါတယ်...ဆင်းကို ဆင်းရမှာပေါ့၊ ဒါပေမယ့် အစ်ကိုညီမဆိုရင် မမတို့ကို ဘယ်သူကမှ ထားမှာမဟုတ်ပါဘူး၊ အိမ်ထဲမှာနေပေမယ့် မမ မှာလည်း မိတ်ဆွေနဲ့ အပေါင်းအသင်းနဲ့ပဲ"

ဒေါ်မမ,က လည်သည်။

ဦးမျိုးနေ နှင်ချလိုက်သည်နှင့် ဦးမျိုးနေနှင့် ပတ်သက်သော လူကုံထံတွေကြားထဲမှာ သိက္ခာချ အရှက်ရအောင်လုပ်ဖို့ ဆုံးဖြတ်ထားရုံမက အတိအလင်း ထည့်၍ ခြိမ်းခြောက်၏။

သဝန်၏ သက်တမ်းတစ်လျှောက်လုံး ဒေါ်မမတို့ ဒီနေ့ထိ အိမ်ပေါ်မှာ မိန့်မိန့်ကြီး နေနိုင်ခဲ့ခြင်းသည် ထိုအချက်ကြောင့်ပဲ ဖြစ်၏။





"မင်း သည်းခံမှုဖြစ်မယ် သား၊ ဒက်ဒီတို့ဘက်က သေးသိမ်လိုက်တာမျိုးလုပ်လို့ ဘယ်လိုမှ မဖြစ်ဘူး"

လှူမျိုးပေါက်လေး အရွယ်တုန်းက ဒက်ဒီက စည်းရုံးသည်။

အဲဒီတုန်းကလည်း သူ ဒီပြဿနာကို ခေါင်းထဲ သိပ်မထည့်ခဲ့။

ကြာလာလေ ဒေါ်မမက အိမ်ပေါ်မှာ ဩဇာတွေ ပေးလာလေ၊ သူ့မပုံစံက ဦးမျိုးနေနှင့်အပြိုင် ဒီအိမ်မှာ အုပ်ချုပ် စိုးမိုးခွင့်ရှိနေသူလိုလို၊ အိမ်ရှင်မပုံစံ ကိုက်ဖမ်းလာ၏။

ဒီအိမ်ကြီးထဲမှာ ဘယ်လိုမှ မပြေလည်နိုင်တော့မှာ မဟုတ်သည့် အနာဂတ်ဟာ ဤသို့သော အခြေခံ အကြောင်းတရားများကြောင့်ပဲ ဖြစ်သည်။

သဝန် ဘယ်သူ့ကိုမှ ဂရုစိုက်မနေတော့ဘဲ အားလုံးရှေ့ကနေ ထွက်သွားသောအခါ ဒေါ်မမ၏ မကျေနပ်သော မျက်လုံးတို့က ဦးမျိုးနေထံ ရောက်သွား၏။ ဦးမျိုးနေက မျက်မှောင်ကုတ်ထားလျက် နေရာမှ ထ,ရပ်လိုက်သည်။

"အစ်ကိုမျိုး... နေပါဦး"

ဒေါ်မမက လိုက်ထ,ရပ်သည်။

ပြီးတော့ လက်ဖဝါးနှစ်ဖက်ကို ဆုပ်ယှက်ထားပြီးမှ ပြန်ဖြုတ်ချ၏။ ဘေးနှစ်ဖက်မှ ဆန့်ချထားရင်လည်း လက်သီး ဆုပ်လိုက်ပြန်၏။

သူမသည် နှုတ်ဖျားမှ ဖွင့်ချလိုက်တော့မည့် စကားစု အတွက် အင်အားတွေ မွေးနေပြီမှန်း ခပ်စူးစူး ပြန်ကြည့်နေခဲ့ သည့် ဦးမျိုးနေက တွက်မိသည်။

ဒေါ်မမ ဘယ်ခြေလှမ်း လှမ်းနေတာ၊ ဘယ်သို့ ဦးတည်မှန်း သူ သိနေခဲ့သည်။ တစ်နေ့နေ့ ဒီပြဿနာ ဖြစ်လာမှာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



တွေးမိထားသည်။

"ဘာလဲ... ဘာပြောမလို့လဲ"

ဒေါ်မမ လက်ဖျား ခြေဖျားမှအစ မျက်ဝန်းနှင့် နှုတ်ခမ်းများတို့အထိ ပြောရဲ ကြည့်ရဲအောင် အင်အားတွေ စုဆောင်းထားခဲ့သည်။

သို့သော်... တကယ်တမ်း ပြောခါနီးကျတော့ ရုတ်တရက် မထွက်နိုင်ဘဲ ဖြစ်နေပြန်သည်။

သူမသည် ရပ်နေရာမှ ရွှေ့လျားကာ ဆိုဖာတွေနောက် သို့ လျှောက်သွားလိုက်မိ၏။

ဦးမျိုးနေ၏ ကျောဘက် မကျ့တကျ ခပ်စောင်းစောင်း နေရာကျမှ ရပ်ပစ်လိုက်၍...

"သားကြီးရှိသားနဲ့ သမီး ခက်ဖြာကို သဝန်နဲ့ ဟိုသည် တွဲသွားနိုင်ပြီး ရင်းနှီးသင့်မြတ်ဖို့ ကြိုးစားနေတာ အခိပ္ပာယ်မဲ့ မဟုတ်ပါဘူး"

"ပြောပါဦး... ညည်းရဲ့အဓိပ္ပာယ်"

ဦးမျိုးနေ မျက်နှာကို ဒေါ်မမက ဝေ့ခနဲကြည့်၍ မျက်နှာ လွှဲပစ်သည်။

ဘာပဲဖြစ်ဖြစ် မိဘဟာ ကိုယ့်သားသမီးအတွက် သူရဲကောင်း ပဲဖြစ်ရမည်။ ထို့အတွက် သူမ့ဟာ လုပ်သင့်တာမှန်သမျှ လုပ်ရမည်။

ပြောသင့်တာ ဘာမဆို ပြောရဲရမည်သာ။

"သဝန်နဲ့ သမီးလေး ခက်ဖြာကို နေရာချထားပေးချင်တယ် အစ်ကိုမျိုး"

"ဟွန့်"

ဦးမျိုးနေက ဟွန့်ခနဲ အသံထွက်လျက် နှုတ်ခမ်းကို သီသာစွာမဲ့၏။





လူကြီးတစ်ယောက်အနေနဲ့ ဒီအမူအရာ အပြုအမူ ဟာ အလွန်သေးနုတ်မှာပါ။ သို့သော်... ဒီလိုစကားမျိုး ပြောရဲသူ အတွက် တုံ့ပြန်သင့်တာ ဒါပဲဖြစ်သည်။

"တော်ပြီလား မမ၊ ဘာဖြစ်ချင်တာ ရှိသေးလဲ၊ ပြောပါဦး"

"ဟုတ်တယ်... ဒါပါပဲ"

ဒေါ်မမ ချက်ချင်း နားလည်သွားသည်။

ဦးမျိုးနေနဲ့ သူမ အေးဆေးဆွေးနွေးရဖို့ မလွယ်တော့ပေ။ ထိုအခါ မခံချင်စိတ်မှ အစ့ပြုကာ အရှုံးပေးရန်မဖြစ်သော ကိုယ့် အကြောင်းနှင့် ရင်ထဲမှာရှိနှင့်ထားပြီးသည့် အစီအစဉ်များအတိုင်း...

"ကျွန်မက မတန်မရာ ပြောလိုက်တာပဲလို့ အစ်ကိုမျိုးက ထင်မှာပေါ့"

"ပြောသင့်တဲ့စကား၊ မပြောသင့်တဲ့စကား ခွဲခြားတတ်ရင် ညည်းလည်း ဒီစကားမျိုးကို ရှောင်သင့်တယ်"

"မတူဘူး မတန်ဘူးဆိုတဲ့ အဆင့်အတန်း ခွဲခြားတဲ့ စိတ်မျိုးကို မမသန့်က ထားတာဆိုရင် သဘာဝကျပါတယ်၊ အစ်ကိုမျိုးအနေနဲ့ ဒီလောက် မဖြစ်သင့်ပါဘူး"

"ဟာ... ခွဲခြားနေတာမဟုတ်ဘူး။ အပ်စပ်လို့ကို မရတာ၊ ဆွေမျိုးတွေ တော်နေကြသေးတယ်၊ လူငယ်ချင်းက လုံးဝ မသင့်မြတ်ကြဘူး"

ဒေါ်မမက ခနဲ့သောအပြုံးနှင့် ခပ်စွေစွေ ပြန်ကြည့်သည်။

"ကလေးတွေကို ဆွေမျိုးစပ်မနေပါနဲ့၊ အစ်ကိုမျိုးနဲ့ မမ တောင်မှ ဆွေမျိုးတော်မှန်း ဘယ်သူသိလို့လဲ၊ လူတွေ ဘယ်လို ထင်နေကြတယ်၊ ဘယ်လိုစကားတွေ ပြောနေကြတယ်ဆိုတာ အစ်ကိုမျိုး သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးနေ မျက်နှာ ရှုံခနဲဖြစ်သွားသည်။

ထစ်ခနဲရှိ ဒီလိုစကားတွေနှင့် ထိုးနက်တတ်သော ဒေါ်မမ မျက်နှာကို အထင်မြင်သေးစွာ ကြည့်၏။

"အဲဒါတွေ ဖြစ်လာတာလည်း ညည်းပြောတာ ဆိုတာတွေ နည်းလမ်းမကျလို့တဲ့ ရှည်ရှည်ဝေးဝေးတွေ ပြောမနေနဲ့ မမ၊ ငါ့သားရဲ့ဘဝ သူ့ဆန္ဒ သူ့အတွက်ကို ငါ အဓမ္မ ဘာမှမလုပ်ဘူး၊ အားလုံး သူ့သဘောအတိုင်းပဲ"

အပြတ်ပြောပြီး ဦးမျိုးနေက နေရာမှခွာသည်။

ဒေါ်မမ အံကြိတ်၏။

"ဒါဆိုလည်း တစ်ခုတော့ ပြောပါရစေ၊ သမီးနဲ့ သဝန်ကို လက်ထပ်ပေးချင်တာက အားလုံးဒီတိုင်းပဲ အတူနေသွားကြလို့ အဆင်ပြေစေချင်တာ အဓိကပါ"

ကျောခိုင်းပြီးမှ ရပ်စောင့် နားထောင်နေခဲ့သည့် ဦးမျိုးနေက ခပ်မဲ့မဲ့ပြုံးသည်။ သိသားပဲ... နောက်ထပ် ပြောလာမှာကိုလည်း သိနေသည်ဟု လှည့်ပြောလိုက်ချင်သေးသည်။

"ရှင်းရှင်းပြောရရင် ဒီလိုအဖြစ်နဲ့ နေပြီးမှ သားသမီးတွေလည်း အပျို လူပျိုဖြစ်နေပြီးမှ ဒီထက်နိမ့်တဲ့ဘဝမျိုးထဲ ပြန်မဆင်းချင်ဘူး၊ ဆင်းရဖို့ဖြစ်မလာရအောင် မမက ကာကွယ်ဖို့ကြိုးစားတာ"

ဦးမျိုးနေက မျက်နှာကော လူပါ ဖျတ်ခနဲလှည့်၍ ရင်ဆိုင်ကြည့်လိုက်၏။

"ရှင်းရှင်းပြောလိုက်တော့ မမ၊ ညည်းစကားက လျှောက်ဝေ့နေပြီ၊ အဓိက ဘာလဲ"

"ကောင်းပြီလေ...မမ ပြောမယ်၊ ဒီမှာပဲ မမတို့ သားအမိတွေ တစ်သက်တာ နေခွင့်လိုချင်တယ်"





"ခုကော ညည်းတို့ကို ဘယ်သူက နှင်ချနေလို့လဲ"

"နှင်ချခံရတော့မလား ဆိုပြီး တထိတ်ထိတ်နေရတဲ့ ဘဝနဲ့ မဟုတ်ဘူး အစ်ကိုမျိုး၊ မမက အိမ်ရှင်မ အဖြစ်နဲ့ပဲ နေချင်တာ၊ အထူးသဖြင့် သဝန်နဲ့ ဆက်ဆံ ပြောဆိုနေရတဲ့ အနေအထားမှာ မမက မိဘအုပ်ထိန်းသူလို ပြောရေးဆိုခွင့် ရှိချင်တာ"

"ဘာ"

"နေပါဦး...အစ်ကိုမျိုး၊ မမ ပြီးအောင် ပြောပါရစေ၊ မသင့်မြတ်တော့ဘူးဆိုမှတော့ တစ်ခါတည်း စစ်ခင်းတာပဲ ကောင်းပါတယ်၊ အနိုင် အရှုံး သတ်မှတ်လို့ ရတာပေါ့"

ဒေါ်မမ မျက်နှာက မူမမှန်သော ရယ်လိုမှုများနှင့် ပြုံးတော့မလို မဲ့တော့မလို ဖြစ်နေသည်။ ပြောဖို့လည်း ဆုံးဖြတ်ထားသည့်ပုံနှင့် ခပ်တင်းတင်း ဖြစ်နေပြန်သည်။

"သမီးနဲ့ သဝန်ကို လက်ထပ်ပေးဖို့ သဘော မတူဘူးဆိုတော့ မမတို့သားအမိ ဒီအိမ်မှာ ရပ်တည်ကြဖို့က အခြေမခိုင်တော့ဘူး၊ တစ်နေ့ မမတို့ဘက်မှာ ရှုံးဖို့ဖြစ်လာရင် အချစ်နဲ့စစ်မှာ တရားတာ၊ မတရားတာ မရှိဘူးဆိုတော့ မမကတော့ မရှုံးနိုင်ဖို့ ကြိုးစားမှာပဲ"

"ညည်း... ဒီထက်ရှင်းအောင် ပြောစမ်း၊ ဒီလောက်ထိ ပြောရဲနေသားနဲ့ ဘာလို့ ဝေ့လည်ကြောင်ပတ် ပြောနေတာလဲ"

ဒေါ်မမက ပြုံးလိုက်သည်။

ဘီလူးတစ်ကောင်၏ အပြုံးမျိုး ဖြစ်၏။ ခေတ်မီရုံမက ခေတ်ရှေ့ အတော်ပြေးနေသော အလွန်အကြည့်ရဆိုးသည့် မျက်နှာနှင့် အပြုံးကို ဦးမျိုးနေက စူးစိုက်ကြည့်နေ၏။

"သားနဲ့ ဆွေမျိုးစပ်လို့မရရင် မမ,ကတော့ ရတဲ့ အနေအထားနဲ့ ဆွေမျိုးတော်ဖို့ ကြိုးစားမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း... တွက်မိထားမိပေမယ့် မျက်နှာတည့်တည့် ထားပြီး ပြောရဲလိမ့်မည်ဟုတော့ မထင်ခဲ့ပါ။

အလွန်ကြောက်စရာ ကောင်းသည့် မိန်းမပါလား။

"လိုအပ်ရင် ဒီနည်းသုံးဖို့ ပြောပြတာပါ၊ ဒါဟာ မမ ဘက်က ကောက်ကျစ်တာ ဖြစ်ချင်ဖြစ်မယ်၊ မမရဲ့သားသမီး အတွက်တော့ ရဲရင့်တဲ့ သူရဲကောင်းပဲ"

"ဒါ သူရဲကောင်းလို့မခေါ်နိုင်ဘူး၊ ကိုယ့်အား ကိုယ်မကိုးဘဲ သူများနာခေါင်းနဲ့ အသက်ရှူဖို့ ကြိုးစားတာ လူလိမ်လူပျော့၊ ဒီထဲမှာ ဒီလိုနည်းကိုသုံးလိုက်တာ ညည်း သိပ်ကိုအောက်တန်းကျတယ် မမ"

"ဒါဟာ လက်နက်တစ်ခုဆိုရင် အုတ်ခဲပဲဖြစ်ဖြစ်၊ ဆီးစေ့ပဲ ဖြစ်ဖြစ် အနိုင်ရဖို့သုံးရမှာပဲလေ၊ မမတို့ ဒီအိမ်က ဆင်းရဖို့မြင်လာရင် အစ်ကိုမျိုးရဲ့ ဘဝ၊ အစ်ကိုမျိုးရဲ့ သိက္ခာ ရတာကို ဖဲ့ယူသွားမှာပဲ၊ ပတ်ဝန်းကျင်က မမကို အစ်ကိုမျိုးနဲ့ ဆွေမျိုးတော်တာမှန်း ဘယ်သူမှ မသိကြဘူး"

"အဲဒါ ညည်းပြောတာ ဆိုတာတွေကြောင့်ပဲ၊ နောက်နောင် ဒီလိုဖြစ်ဖို့တွေ ရှိနေမှန်းသိရင် ဘာထူးမှာလဲ၊ ခုလည်း လူထင်လွဲခံနေရတာပဲ"

"မထူးဘူးထင်ရင် အစ်ကိုမျိုး လုပ်ကြည့်ပါ၊ မမ,က လက်နက်ပုန်းကို ထုတ်ပြမြီးပြီ၊ အားကိုးမရှိဘဲ ဖြစ်ပါမလားဆိုတာ အစ်ကိုမျိုး တွေးကြည့်ပေါ့၊ နောက်ဆုံးထိ ဘာတွေ ဖြစ်သွားနိုင်မလဲဆိုတာ"

"တောက်"

ဦးမျိုးနေ တက်ခေါက်၍ စူးစူးရဲရဲ ကြည့်သည်။

ဒါတွေကြောင့် သန့် မသေဆုံးမီက ပြောသွားခဲ့ဖူးသည်။





"ဒီပုံစံမျိုးနဲ့ဆို ကြာရှည် လက်ခံထားလို့ မဖြစ်ဘူးကို၊ မမ စိတ်ဓာတ်က ညစ်တတ်တဲ့ သဘောရှိတယ်၊ စောစောစီးစီး ပြတ်သားကြတာ ကောင်းတယ်"

အဲဒီတုန်းကလည်း သူ့ကိုယ်ပဲ တားခဲ့မိသည်။ လက်ခံထားချင်၍တော့ မဟုတ်ပါ။

ဒေါ်မမမှာ တခြားမှာအခြေချဖို့ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ဘယ်လိုမှမဖြစ်နိုင်မှန်း သိသည်။

မှဆိုးမ တစ်ယောက် ဆိုသည့်အမြင်နှင့် မရက်စက်ချင်တော့တာလည်း ပါသည်။

ပြီးတော့ ကိုယ့်အရိပ် ကိုယ့်အဆောင် အယောင်များမှာ အသားတကျ တွယ်ကပ်နေခဲ့ပြီးမှ ပြန်ခွာဖို့က မလွယ်တော့ပေ။

ခွာဖို့ကြိုးစားလျှင်လည်း ဒေါ်မမ,က မျက်ရည်ကျ ခေါင်းငုံ့ပြီး ထွက်သွားမည်မဟုတ်မှန်း တွေးမိ၏။

သည်တုန်းကတည်းက ဒေါ်မမ သဘောကို ဦးမျိုးနေ အကဲခတ်မိနေခဲ့တာ ဖြစ်သည်။

ဆင်းနိုင်းပြို ဆိုသည်နှင့် သူတို့လင်မယားကို တစ်စုံတစ်ရာ ပြဿနာရှာတော့မည်ကို တွေးမိပြီး မပြောဖြစ် မဆိုဖြစ်ခဲ့။

ခုတော့ ပိုဆိုးကုန်ပြီ...

မိန်းမ ရှိစဉ်က ရှင်းလင်းခဲ့လျှင် ကောင်းဦးမည်။

ခုကျမှ ဒေါ်မမ ပတ်ဝန်းကျင်မှာ ဘယ်လို အောက်တန်းကျစွာ ပြောဆို ဖဲ့ချမည်ကို မခန့်မှန်းနိုင်။

ထိုအခါ တစ်သက်လုံး ခံ့ခံ့ညားညား စောင့်ထိန်းလာခဲ့သည့် သူ့ဂုဏ်သိက္ခာနှင့် သား၏ အနာဂတ်ပါ ထိခိုက် ပျက်စီးလာဖို့တွေ ရှိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကြောင့် မျိုးသိပ် လက်ခံထားပြန်လျှင်လည်း နောင်အခါ သူမက ခက်ဖြာဝေတို့ မောင်နှမအတွက်ပါ အမွေတွေ ဘာတွေ တောင်းဆိုလာနိုင်၏။

ဦးမျိုးနေ စာကြည့်ခန်းထဲ ပြန်ရောက်သည့်အထိ စိတ်တို့က မတည်ငြိမ်။ ကုလားထိုင် မထိုင်ဖြစ်ဘဲ စားပွဲနှင့် ပြတင်းပေါက်သို့ နှစ်ခေါက် သုံးခေါက် လျှောက်နေပြီးမှ ဖုန်းကောက်ဆက်သည်။

ဒီကိစ္စ ပေါ့လို့ မဖြစ်ဘူး။





## အခန်း ( ၇ )

ကဲရန်နှင့် သဝန် နှစ်ယောက်တည်း လျှောက်လာရင်း လူစည် ကားသည့်ကြားထဲ လည့်ပတ်သွားနေမိ၏။

ထိုစဉ် သားရေအိတ် အမျိုးမျိုးရောင်းသည့်ဆိုင်ရှေ့မှာ အလွန် လှပသော အရုပ်လေး တစ်ရုပ်ကို တွေ့လိုက်သဖြင့် သဝန့် ခြေလှမ်းတွေ ရပ်သွား၏။

လူတွေက ကျောကနေ တိုးသွားလိုက်၊ ရှေ့ကနေ ပခုံးတစ်ဖက် ကို ချိတ်လိုက်သွားနှင့် လူကယိုင်သွားပြီး ဘေးကို ယိမ်းပြန်သည်။

နောက်တစ်လှမ်းဆုတ်၍ ဘေးကို ရွှေ့ပေးလိုက်ရတာလည်းရှိ၏။ သို့သော် မျက်လုံးတွေကတော့ အရုပ်ကလေးဆီမှာသာ စူးနစ်လျက်။

"သဝန် ဘာဖြစ်တာလဲ"

ရှေ့လွန်သွားသည့် ကဲရန်က ပြန်ကြည့်၏။

ပြီးတော့ သဝန့်မျက်လုံးတွေ ဘယ်ရောက်နေသည်ကို အဖြေ ရှာသည်။

"ဟင်... အဲဒါ... ဟိုတစ်ယောက်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

သဝန့်မျက်နှာက နူးညံ့ ရိဝေမှုများနှင့် ချက်ချင်း ပြောင်းလဲသွား၏။ အရုပ်ကလေး မဟုတ်ပါ။

ဒါပေမယ့် သူ့ရင်ထဲမှာ တဖျပ်ဖျပ် စွဲထင်နေခဲ့သည့် ပုံရိပ်ကလေး ဖြစ်၏။

ထို့ပြင် အရုပ်ကလေး တစ်ရုပ်လိုလည်း လှနေသည်။

သက်မဲ့ လှခြင်းမျိုးလည်း မဟုတ်ဘဲ ရှန်းစက်လက် တောက်နေသော မျက်တောင်ကော့ကော့များနှင့် မျက်ဝန်းလေးတွေက စာဖွဲ့လို့မမီနိုင်။ နက်ပြာရောင် အရိပ်ခက်လေးတွေ ရှုပ်နေသည့် ဒီဇိုင်းဆန်းနှင့် ဝတ်စုံလေးက သူမ ကိုယ်ပေါ်မှာ အလွန်ရိုးသားစွာ ရှိနေ၏။

လည်ကပ် လက်ရှည်များက နားလေးတွေ ကပ်၍ တွန့်ရှုံ့ထားကာ သေးကျဉ်သော ခါးလေးမှာ ငွေရောင်ခါးပတ်လေး ပတ်ထား၏။

ခပ်ပျော့ပျော့ ပွပွလေး အိကျနေသည့် ဂါဝန်က ခြေဖမိုးပေါ်မှာ ပုံချင်ချင်။ ဒါကို သူမလေး၏ လက်တစ်ဖက်က ဂါဝန်စကို ခြေဖျားလွတ်ရုံလေး မ,ကိုင်ထားသည်။

ထိုအခါ ဂါဝန်အနားစလေးအောက်မှာ ကတ္တီပါ ဖိနပ်ပါးလေး စီးထားသော ဖြူနု တင်းပြည့်နေသည့် ခြေချောင်း အဖျားလေးတွေကို မြင်ရ၏။

ဆံပင်ရှည်တွေကို ဖြန့်ချထားသည့် သူမသည် ဦးခေါင်းလေး ဖျတ်ခနဲ ဆတ်ခနဲ ဖြစ်နေသည်အထိ ဟိုသည် လိုက်ကြည့်နေသည်။

ဘာတွေ အထူးအဆန်း မြင်နေသနည်း။

ဒါမှမဟုတ် တစ်ယောက်ယောက်ကို ရှာနေသည်လား။

ခြေဖျားမှ ဆံဖျားထိ သေသေချာချာကြီး ကြည့်နေပြီးမှ သဝန့် ခြေလှမ်းကို စ၍ရွေ့၏။





သေချာသည်က ဆိုင်ထဲမှာ လက်ကိုင်အိတ် ရွေးနေသည့် အမျိုးသမီးက သူမနှင့် တစ်စုံတစ်ရာ ပတ်သက်သူ ဖြစ်လိမ့်မည်။

ဆိုင်ရှေ့မှာ ရပ်နေသော သူမ နားသို့ သဝန် ရောက်သွား၏။ သူမက မမြင်ပါ။

နှုတ်ခမ်းလေး နစ်လွှာ မဟ,တဟဖွင့်လျက် လိုက်ငေးနေတုန်း သဝန့်မျက်နှာကို အထူးတလည် တည်ပစ်လိုက်သည်။

သူမ၏ ပခုံးစွန်းတစ်ဖက်ကို ထိထိမိမိ တိုက်ချပစ်လိုက်၏။

"အမေ့..."

အထိတ်တလန့် အော်သံလေးနှင့် သူမ ယိုင်ထွက်သွားတော့ လက်ကောက်ဝတ်လေးကို ပြန်ဆွဲထားလိုက်သည်။

လူတွေ ရှုပ်ပေမယ့် ဆိုင်တွေရှေ့မှာ သွားသာလာသာ ရှိနေပါသည်။ လွတ်လပ်စွာ ရှောင်သွားနိုင်လျက်နှင့် တမင် တိုက်ချလိုက်တာကလည်း သူမ မှတ်မိသွားအောင် တမင်မှန်းလည်း သိသာသွား[illegible] ဖြစ်၏။

သို့သော်...

"ဆောရီး..."

သူ ပြန်ဆွဲထားလိုက်သဖြင့် ပုံပျက်ပန်းပျက် ယိမ်းထိုးမသွားဘဲ ခပ်မတ်မတ် ပြန်ဖြစ်သွားသည့် သူမသည်...

"ရပါတယ်... ဆောင်း လက်ကို လွှတ်ပါ"

အံ့ဩဟန်လေးသာ ဖြစ်သွားသော မျက်ဝန်းလေးများမှာ ဒေါသလည်း မရှိ၊ သူ့ကိုလည်း မှတ်မိပုံမရဘဲ လက်ကို ပြန်ရုန်းသည်။

ပန်းရိုးတိုင်တွေ ခြားနေပေမယ့် ဒီရုပ်ကြီးကို သူမ သေသေချာချာ ပြန်ကြည့်ခဲ့သေးတာပဲ။

မမှတ်မိဘူးလား...



www.burmeseclassic.com

www.burmeseclassic.com



ပထမ တစ်ထစ်တော့ စိတ်ဆင်းရဲသွား၏။

တမင်တကာကြီး ဝင်တိုက်ထာကို ဘေးလူတွေတောင် ရိပ်မိကြလိမ့်မည်။ သူမက မသိဘူးလား…

ရန်တွေ့တာ မကျေနပ်တာတွေ ဖြစ်လာရင်တောင် ရှေ့ဆက်ဖို့တွေ ကျန်ဦးမည်။

ခုတော့… ပြန်ပေတော့ နေသဝန်။

ဆောင်းဟု သိလိုက်ရသည့် သူမ လက်ကလေးကို အင်တင်တင်မျက်နှာနှင့် လွှတ်ပေးလိုက်ရင်း ပြုံးပြလိုက်သည်။

ကြိုးစားကြည့်ဖို့ ရင်ဘတ်ထဲက ရိုက်ပုတ် နှိုးဆော်နေ၏။

"နာမည်က ဆောင်းတဲ့လားဟင်"

"ဟင်… ဟုတ်"

သူ ကိုင်လိုက်သည့် လက်ကောက်ဝတ်လေးကို တစ်ဖက်လက်နှင့် ဆုပ်ကိုင် ပွတ်သပ်ရင်း ဆောင်းက ခေါင်းညိတ်သည်။

တမင် လာရောတာလား၊ လာရှုပ်တာလား ဘာညာ စသော ထွေလီကာလီတွေ တွေးမိပုံလည်း မရှိ။

စောစောက ဟိုသည် လိုက်ငေးနေသော သူမ မျက်ဝန်းလေးများက သဝန် ပြောသမျှကိုပဲ စိတ်ဝင်တစား နားထောင်နေသလိုမျိုး ပြန်ကြည့်နေသည်။

"တို့ကို မှတ်မိလား"

သဝန်က စကားရှေ့ဆက်ကြည့်သည်။

သူမက ခေါင်းခါ၏။

"မင်း ဟိုတစ်ခါ ခြံစပ်မှာ သီချင်းမဆိုပါနဲ့ လာပြောရင်း ချော်လဲသွားတုန်းက ဂီတာ လှမ်းပေးတာလေ"

"ဟင်"





"အဲဒါ တို့လေ… မှတ်မိလား"

ဆောင်း မျက်ဝန်းလေး လက်ခနဲ ဖြစ်သွား၏။

"အင်း… မှတ်မိပြီ"

ဝမ်းသာအားရလေး ခေါင်းညိတ်၏။

"တို့ကို ခင်လားဟင်"

"ခင်ရမယ်"

ဆောင်း တွေတွေဝေဝေလေး ဖြစ်သွားသည်။

"တို့နာမည်က နေသဝန်တဲ့… မှတ်ထားနော်"

"နေသဝန်"

"အင်း… မင်းနာမည်ကကော"

"ဆောင်းလား… ဆောင်း နာမည်က…"

"သမီးရေ…"

ခေါ်သံနှင့်အတူ ဆိုင်ထဲက ထွက်လာသည့် အမျိုးသမီးကြီးက သဝန့်ကို မျက်မှောင်ကုတ်ကြည့်၏။

ဆောင်း လက်ကလေးကို ဆွဲခေါ်သွားပြီး ဆိုင်ထဲပြန်ဝင်သည်။ ဆောင်းကို အနားမှာထားပြီး ပိုက်ဆံအိတ်ဖွင့်ရင်းနှင့် ရပ်နေဆဲရှိသည့် သဝန့်ကို မကြည့်မလင် ပြန်ကြည့်သည်။

မျက်ဝန်းတို့က စောစောကထက် ဗိုအားတွေ ပိုလာသည်။ သဝန် နောက်ကိုမကြည့်ဘဲ ခြေတစ်လှမ်း ဆုတ်သည်။

အမျိုးသမီးကြီး၏ တစ်ဖက်မှာ ရပ်နေသည့် ဆောင်း မျက်နှာလေး သူ့ဆီသို့ ကျူးကျော် ရောက်ရှိလာသည်။

သဝန် ပြုံးပြလိုက်၏။

အမျိုးသမီးကြီး မျက်နှာတစ်ချက်အလစ်မှာ လက်ပြ နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ထိုရေ့က နွာခဲ့သည်။ တစ်နေရာမှာ ခွဲ၍ စောင့်နေသည့် ကဲရန်က အနားရောက်လာ၏။

"မင်းကလည်း ပေါ်တင်ကြီး ဟိုအဘွားကြီးက ပါးမရိုက်လိုက်တာ ကံကောင်း"

"ပေါ်တင်ကြီးတောင်မှ မသိလို့ ဒီမှာငါးစက္ကန့်လောက် ဦးနှောက်ဖျားသွားတယ်"

"အေး...ငါလည်းမြင်တယ်၊ အဲဒီ တစ်ယောက်က ဘာလဲ၊ ပုံစံက စာမတတ်တဲ့ကလေး ဆရာမရှေ့ ရောက်နေသလိုပဲ၊ ကြောင်တောင်တောင် အေးစက်စက်လေး၊ တကယ့်အဆန်းပဲ"

"လှတာကလည်း တကယ့်ကိုဆန်းတယ်၊ ဘယ်သူမှမမီအောင် လှတာ၊ ပြုင်ဖက် မရှိလှတာ၊ အိပ်ရာထဲထိ လိုက်ညှို့နိုင်တဲ့ မျက်လုံးလေးတွေနဲ့"

ဒီကောင်မလေးအကြောင်း မကြာခဏ ထည့်ထည့်ပြောတတ်သည့် သဝန့်ကို ကဲရန်က သေချာပြန်ကြည့်၏။

ရောဂါ ပိုသည်းသွားပြီက သေချာသည်။

"ကဲရန်"

"ဘာလဲ"

"မနက်ဖြန် ငါတို့ ဟိုကို ထပ်သွားမယ်"

"ဘယ်ကိုလဲ"

သိလျက်နှင့် ကဲရန်က ထပ်မေးသည်။

ဒီနေရာမှာတော့ သဝန်က စိတ်ရှည်သည်။

စိတ်တိုလို့ မရမှန်းလည်း သိ၏။

ကဲရန်၏ ဦးလေးပိုင်သည့်ခြံ။

ဆောင်းနဲ့ ထပ်ဆုံဖို့က ထိုခြံကို ထပ်သွားရမည်။





ဦးလေး ဆိုသည့်လူကြီးက ဆက်ဆံရေးမကောင်း။ ဇရာသုတ်ခနေတတ်တာကို မကြိုက်တဲ့သူ။

ဝင်ရ ထွက်ရလွယ်အောင် ကဲရန်ကကြိုးစားရမည့်သူ ဖြစ်သည်။ ငါ့ဦးလေးခြံပဲဆိုပြီး ရင်ကော့ ဝင်သွားဖို့က မလွယ်။

"ဘယ်လိုလဲကွာ... မင်းဦးလေးက ဖြစ်ပါ့မလား"

"သိရင်လည်း မပြောနဲ့ပေါ့ကွာ"

"မင်း ကြိုးစားပေးပေါ့ကွာ၊ ဒီမှာ မရတော့ဘူး"

သူ့စကား သူ့သဘောကျကာ သဝန်က အသံ မထွက်ဘဲ ရယ်သည်။

ကားမှတ်တိုင်ရောက်တော့ ခြေစုံရပ်၍ ဘောင်းဘီထဲ လက်နှစ်ဖက် ထည့်လိုက်၏။

"ဘာလဲ ကားတိုးစီးမလို့လား"

"အင်း"

"ခြေကျင်သွားမလို့ဆို၊ ဟိုနဲ့ ဒီလောက်လေးကို"

"ခု မသွားချင်တော့ဘူး"

"သဝန်"

"ဘာလဲ"

"အဘွားကြီးက မကြည့်ဘူးနော်"

"ဘာဖြစ်လဲ"

"ပြောပြတာ"

သဝန်က လှည့်ကြည့်ပြီး ရယ်သည်။

"ယောက်ျားပဲကွ...မမီရင် တုံးခုမယ်၊ ခုန်ခွမယ်၊ တံချူ သုံးသင့်ရင် သုံးမယ်၊ ကြွေကျလာမှာကို ထိုင်စောင့်နေစရာလား"

ကဲရန်က ခေါင်းညိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေးလည်း လှနေသည့် ကောင်မလေးက သဝန်ရင်ထဲကို တော်တော်လေး ပေါက်ရောက်နေပြီမှန်း သိလိုက်သည်။ ဒီကောင် ဖြစ်လိုက်ရင် အသည်းအသန်ချည်းပါပဲ။

ပြီးတော့လည်း ဟုတ်တိ ပတ်တိ ရုပ်တည်ကြီးနဲ့ ဟိုဝေ့သည်ဝေ့။

ဟိုတုန်းကတည်းက 'ပိတုန်းအုပ်' ဟု နာမည် အပေးခံကြရတာ အဓိပ္ပာယ်မဲ့မှ မဟုတ်ခဲ့ဘဲ။





## အခန်း ( ၈ )

ဒေါ်နှင်းနှင်းမြတ် ဆောင်း လက်ဖဝါးလေးကို ဆုပ်ကြည့်သည်။ လက်ဖဝါးလေးက နွေးနွေးလေးပဲရှိ၏။

နဖူးပြေပြေလေးကို ဆံစ,လေးတွေ သပ်တင်ပေးပြီးမှ တယုတယစမ်းသည်။ ကိုယ်ပူ မရှိတော့။

"တော်ပါသေးရဲ့ သမီးရယ်၊ ကိုယ်ပူမရှိတော့လို့၊ မဟုတ်ရင် အပြင်သွားရတာ ဖြောင့်မှာမဟုတ်ဘူး။ သမီး ဒီနေ့ သင်တန်းတွေ မသွားနဲ့တော့နော်"

"ဟုတ်ကဲ့"

"ဒီမှာလည်း မနေပါနဲ့ သမီးရယ်၊ ပြတင်းပေါက် ဆိုတော့ လေစိမ်းတွေ တိုက်မယ်၊ တံခါးပိတ်ပြီး အိပ်ရာထဲမှာ လှဲနေနော်"

ပြောနေရင်း ဒေါ်နှင်းနှင်းမြတ်က မှန်တံခါးကို ဆွဲပိတ်တော့ ဆောင်းက တံခါးကို လိုက်တွန်းထားကာ...

"ထားပါလိုက်ပါ အန်တီရယ်... ကိုယ့်အိပ်ခန်းထဲမှာ နေတာပဲဟာ အိပ်ရာထဲမှာချည်းပဲ ဆောင်း လှဲမနေချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် ကိုယ်က လူကောင်းမှ မဟုတ်တာ"

"နေကောင်းနေပါပြီ အန်တီရဲ့... ဒီနားမှာပဲ နေမယ်နော်၊ အန်တီ သွားပါ"

"ခက်တော့တာပဲ"

ခပ်ညည်းညည်း ပြောရင်း လျှောကျနေသည့် လက်ကိုင်အိတ်ကို တံတောင်ဆစ်နားထိ ပြန်ဆွဲတင်သည်။

ကိုယ်ကို ခပ်မတ်မတ် ပြန်ရပ်ပြီး ဆောင်းကို စိတ်မချသလို ကြည့်ပြန်သည်။

"ဒါဆို အန်တီသွားမယ်၊ သမီး လေတိုက်တော့ သိပ်မခံနဲ့ကွယ်၊ သွားရမှာ စိတ်မဖြောင့်လိုက်တာ၊ အင်း... ရှေ့လဆို ကိုထွန်းက ပြန်ရောက်လာတော့မယ်၊ ထူးတော့ မထူးပါဘူး။ သူလည်း သူ့အလုပ်နဲ့သူ ရှုပ်နေမယ့်သူပဲ မနန်းရေ"

တစ်ယောက်တည်းပဲ ပြောနေရင်း ဒေါ်နှင်းနှင်းမြတ်က မနန်းကို လှမ်းခေါ်၏။ မနန်း ရောက်လာတော့ ဆောင်းအတွက် စားသောက်စရာ လုပ်ပေးဖို့ကအစ သေချာမှာပြီးမှ ထွက်သွားခဲ့သည်။

ဆောင်းကလည်း အဒေါ်ဖြစ်သူ စကားကို ဖယ်ရှားကာ ကွယ်သည်နှင့် ထင်ရာလုပ်ဖို့ ဆုံးဖြတ်ထားပြီးသား။

ဒေါ်နှင်းနှင်းမြတ်၏ ကားသံ ပျောက်ကွယ်သွားသည့်နောက်မှာ အခန်းထဲမှာပင် မနေတော့ဘဲ ဝရန်တာဘက် ထွက်သည်။

"မမလေး... မမလေး"

"ဘာလဲ"

မနန်း အပြေးအလွှားလိုက်လာတာ ကြားလိုက်ကတည်းက ဘာပြောလာမယ် ဆိုတာကိုလည်း သိနေကာ လှည့်မကြည့်ဘဲ လေသံကိုပါ မြှင့်ထားလိုက်သည်။





ဝရန်တာ ကြမ်းပြင်ကို ခြေတစ်လှမ်းမှ မချဖြစ်အောင် မနန်းကလည်း အမီပြေးလိုက်ပြီး ရှေ့ကိုရအောင် ကျော်တက်၍ ပိတ်ရပ်လိုက်သည်။

"ဘယ်သွားမလို့လဲ မမလေးရဲ့... မသွားပါနဲ့၊ အခန်းထဲမှာတောင် တအောင့်ကြာရင် တံခါးပြန်ပိတ်ပေးထားဖို့ မေမေကြီးက သေချာမှာသွားတာ၊ နေလည်း မကောင်းသေးဘဲနဲ့... အထဲပြန်ဝင်ပါနော်"

"ဟာ...ဖယ်စမ်းပါ...မဝင်ဘူး၊ သွား... ဘာမှမဖြစ်တော့ဘဲနဲ့ လူမမာကြီးလို နေရမှာလား"

"မမလေး"

"ဖယ်နော်... ဖယ်ဆို ဖယ်"

တားနေပေမယ့် ဆောင်း ဒေါသဖြစ်မှာကိုလည်း ရင်မဆိုင်ရဲဘဲ မနန်းခမျာ တွန့်တွန့်ဆိုးဆိုး ဖြစ်မလာခင် ဖယ်ပေးရရှာပြီ...

"မမလေးရယ်... မေမေကြီး ပြန်လာရင်တော့ မနန်းကို ဆူတော့မှာပဲ၊ ဒုက္ခပါပဲ"

ဆောင်း ဝရန်တာဘက်ထွက်သွားတာကို ရပ်ကြည့်ရင်း ခေါင်းကုတ်သည်။ ထွက်သွားမည်ပြင်နေရင်း ကမျာကယာ ပြန်လှည့်၍...

"မမလေး... ဆိတ်သားညှပ်ပေါင်မုန့် စားမလား"

"မစားဘူး... ထမင်းပဲစားမယ်"

"ဟယ်"

လှည့်မကြည့်ဘဲ ဆောင်း ပြုံးလိုက်မိသည်။

မနန်း တစ်ယောက်ဟာ အရမ်း ရိုးသားသလောက် မနိုင်ဘဲလည်း ဘာမှ မလုပ်တတ်ရှာ။

ဒါလုပ်ပါဆိုမှ လုပ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနေပါဟု မှာထားကြည့် ဘယ်တော့မှ တခြားလမ်းကြောင်းနဲ့ ရွှေ့လျားသွားတာမရှိ။

"မနန်း နင်ဟာလေ ရိုးလွန်းတော့ အ,ဆိုတာမျိုးပဲ ဘာမှကို လာတ်မမြင်ဘူး"

ဟု အန်တီ ခဏခဏ ညည်းညူနေတတ်၏။

ဒီလိုမရရင် ဟိုလိုလုပ်ဖို့ဆိုတာ မနန်း ဘာမှလည်းမတွေးတတ်။

"မမလေး"

"မနန်းရယ် သွားပါတော့၊ ဘာမှမစားချင်ဘူး၊ ဘာမှမလုပ်နဲ့၊ ဒီမှာလည်း မနေနဲ့၊ နောက်ထပ် မခေါ်ဘဲလည်း မလာနဲ့၊ ဒီတစ်ခါ ထပ်ခေါ်ရင် လုံးဝ သည်းမခံတော့ဘူး"

ပြောပြီး တအောင့်ကြာတော့ အသံလေး တိတ်သွားသဖြင့် လှည့်ကြည့်လိုက်သည်။ မနန်း မရှိတော့။

ဆောင်း သက်ပြင်းလေးချပြီး ခုံ ရှိနေသားနဲ့ ထိုင်လည်း မထိုင်ဖြစ်ဘဲ ဝရန်တာတန်းတွေပေါ် တံတောင်လေး နှစ်ဖက်တင်၍ ရပ်နေလိုက်မိသည်။

ခြံထဲကနေ ပင့်တက် တိုးဝှေ့လာသည့် လေပြည်အေးက ပန်းရနံ့လေးတွေလည်း ပါသည်။

ချမ်းမြေ့စရာလည်း ကောင်းပါ၏။

သို့သော် နွံ့ခွေခွေ ညည်းစီစီကြီး ဖြစ်နေမိသည့် ကိုယ်က မကြည်လင်ဘဲ ဖြစ်နေဆဲ။

ထိုစဉ် အနားမှာ ဒေါက်ခနဲ ပြုတ်ကျလာသည့် အရာတစ်ခု။

ဘာလဲ...

ထိုအရာလေး ပြုတ်ကျ လိမ့်ထွက်သွားသည့်အတိုင်း ဆောင်း လိုက်ကြည့်မိ၏။





ဖြူဖြူအလုံးကလေးတစ်ခု...

ပို၍ သေချာအောင်ပြောရလျှင် ခဲလုံးငယ်လေးကို စာရွက်ကလေးနှင့် လုံးထွေး ဆုပ်ခဲထားတာဖြစ်၏။

ဒါမှ... သစ်ပင်ပေါ်က ကြွေကျသည့် သစ်ရွက် သစ်ခက်လေး မဟုတ်။

ခေါင်မိုးထက်က လျှောကျလာသည့်လည်း မဟုတ်တာကြောင့် ဆောင်း မျက်နှာလေး ဖျတ်ခနဲ ပြန်မော့သွားသည်။

ဒီခဲကို ဘယ်သူ ပစ်လိုက်တာလဲ။

"ရှတ်... ရှတ်"

လက်ခေါက်မှုတ်သံက စူးစူးရှရှ ပီပီသသ။

ဒါပေမယ့် ကျယ်ကျယ်လောင်လောင်ကြီးလည်း မဟုတ်။

ဆောင်း လည်ပင်းလေးရှည်၍ အသံထွက်ပေါ်လာသည့်အရပ်ကို မှန်း၍ ရှာဖွေနေဆဲ၊ လူရိပ်တစ်ရိပ်က မျက်လုံးထဲမှာ ပေါ်လာသည်။

ဟိုတစ်နေ့က ၃၅ လမ်းထိပ်မှာ တိုက်မိသည့်လူ။

သူ့နာမည်... ဟုတ်သည်။

သူ့နာမည်ကိုလည်း ပြောခဲ့သေးသည်။

ဒါပေမယ့် ဆောင်း မမှတ်မိတော့ပါ။

သူက ဆောင်း မြင်သာအောင် တစ်ခုခုပေါ်မှာ တက်ရပ်နေတာ ဖြစ်သည်။

ခြံစည်းရိုးပင်တန်းတို့ အထက်မှာ သူ့ကိုယ်က ခါးလောက်ထိ ပေါ်နေသည်။

သနပ်ခါးရောင်ပေါ်မှာ အဖြူနဲ့ အနီ ကန့်လန့်စင်းကြောင်း ပါသည့် စပို့ရှပ်လက်တိုကို ဝတ်ထား၏။

ဆံပင်က ပခုံးအောက်ထိရှည်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှာသယ်စမ်နှင့် ထိပ်ဆံမင်တို့ကို နောက်ပြန်လှန်ထားပုံက ဖြစ်သလို ထုံးသိပ် တင်ထားမှန်းလည်း သိသာကာ လေးထောင့်ဆန်သလိုလိုရှိသော မျက်နှာနှင့် လိုက်ဖက်သည်။

ထူတန်းသော မျက်ခုံးနှစ်ဖက်နှင့် တောက်လက်နေတတ်သည့် မျက်လုံးတွေကို အခုမမြင်ရပေမယ့် ဆောင်း မှတ်မိနေသည်။

လက်ကောက်ဝတ်လေး တစ်ဖက်ကိုလည်း ယောင်၍ ဆုပ်ကိုင်လိုက်မိသည်။ အဲဒီနေ့က ဆောင်း လက်ကို သူသာဆွဲမထားလျှင် ယိမ်းယိုင်သွားသည့် အရှိန်နှင့် လဲကျသွားဖို့က သေချာနေသည်။

ဆောင်း သူ့ကိုကျေးဇူးတင်ပါသည်။ အန်တီကတော့ မကျေနပ်ခဲ့ဆိုင်ထဲကထွက်တော့ မေးသည်။

"ခုနက သမီးနဲ့ စကားပြောနေတာ ဘယ်သူလဲ၊ သမီးနဲ့ သိလို့လား။ သင်တန်းမှာ တက်ရင်း ခင်ကြတာလား"

ဆောင်း ဘာမှ မဖြေရသေးခင် မေးခွန်းတွေက စုံသွားသည်။

"မသိပါဘူး"

ဟု ဖြေလိုက်တော့ မျက်လုံးတွေ ချက်ချင်းပြူးသွား၏။

"ဟင်... မသိဘူး... ဟုတ်လား။ မသိဘဲ စကားတွေ ရပ်ပြောနေကြတာ အသိမိတ်ဆွေတွေ ကျနေတာပဲ"

"သူနဲ့ အမှတ်တမဲ့ တိုက်မိလို့"

စကားမဆုံးခင် အန်တီက ရင်ဘတ်ကို လက်ဖျားနှင့် နှစ်ချက်မျှ ပုတ်လိုက်၍...

"အမလေး...အဲဒါ သက်သက်ဝင်တိုက်တာလည်း ဖြစ်နိုင်တာပဲ၊ ဘာဖြစ်လို့ စကားလက်ခံ ပြောနေရတာလဲ၊ ယောကျ်ားလေးတွေ သိပ်ဗရုတ်ကျတာ၊ ပုံစံကိုကြည့်... ဆံပင်ရှည် ဖိုးရိုးဖားရားနဲ့ ဘောင်းဘီပွပွကားကားနဲ့ လမ်းသရဲလား" တဲ့။





ဆောင်း နားထဲမှာတော့ အထူးအဆန်းပါ။

လမ်းသရဲ ဆိုတာကော လူကြမ်းဆိုတာကော ဗီဒီယိုထဲမှာ ဆောင်း ကြည့်ဖူးသည်။ ဆံပင်ရှည်တာချည်းပဲ တူတာ။

သူ့လို ချောချောမောမောမှ မဟုတ်ဘဲ။

ပြီးတော့... ဒီလောက် ဗျာပျာသလဲ တောင်းပန်နေတဲ့သူက တမင်ဝင်တိုက်တာ ဖြစ်နိုင်ပါ့မလား"

"ရှိ..."

နောက်တစ်ခါ လေချွန်သံလေး ထွက်လာတော့မှ စိတ်တွေ ဟိုရောက်သည်ရောက် ဖြစ်သွားမိသည့် ဆောင်း သူ့ကို နောက်တစ်ခါ လှမ်းကြည့်လိုက်သည်။

သူက လက်ယပ်ခေါ်ကာ သူ့ရှေ့က ခြံစည်းရိုးတစ်ဖက်ထဲကို လက်ညှိုးစိုက်ပြ၏။

သူ့နားကိုလာခဲ့ဖို့ ခေါ်နေတာမှန်း ဆောင်း သိလိုက်သည်။ ဆောင်း ခြံထဲဆင်းလိုက်၏။

ပြီးတော့ ယောကျ်ားလေးတစ်ယောက် ခေါ်တဲ့ဆီကို သွားဖို့ မသင့်မှန်းလည်း တွေးမိလိုက်သည်။

ဆောင်း ငေးကြည့်နေတာကို မြင်တော့ သူက သူ့ကိုယ်သူ လက်မနှင့် ထိုးညွှန်ပြကာ ပန်းချုံနှင့် စည်းရိုး လုပ်ထားသည့်ခြံကို ကျော်ခွတက်လေသည်။

"အို...မလုပ်ပါနဲ့"

ဆောင်း ထိတ်လန့်သွားသည်။ ဟိုနဲ့ဒီ သူ မကြားနိုင်မှန်း သိပေမယ့် လက်လည်းကာ၊ ခေါင်းလည်းခါရင်း လှမ်းတားလိုက်မိသည်။

သူက ဒီဘက်ခြံထဲကို ခြေတစ်ဖက်ချမလို့ တန်းလန်းနှင့် ဆောင်းကို လှမ်းကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခဏ... ခဏနေဦး"

ဆောင်း ပြောတာကို မကြားနိုင်ပေမယ့် လက်ကာပြလိုက်တာကိုတော့မြင်ပုံရ၏။ သူ့ခြေထောက် ပြန်ရုပ်လိုက်တာမြင်မှ ဆောင်း အိမ်ထဲ လှည့်ဝင်သည်။

လှေကားမှ တောက်လျှောက် ဆင်းလာခဲ့ပြီး မီးဖိုခန်းရှေ့ကျမှ ကိုယ်ရှိန်သတ်၍ မနန်းကို ကြည့်ရသည်။

အထဲက ကြော်သံလှော်သံများကြောင့် ခြံထဲဆင်းဖို့ကို မနန်း တားနိုင်တော့မှာ မဟုတ်တာ သေချာသွား၏။

အန်တီ ပြန်မလာသေးမှန်းသိလျက်နှင့် ရင်ထဲမှာ ပူနေသည်။ ဒီလူ ဘာလုပ်တာလဲ။ ဆောင်းနဲ့လည်း ခင်တာမဟုတ်ဘဲနဲ့...

ခြံစည်းရိုးနား ရောက်သွားတော့ သူက ဟိုဘက်မှာပဲ ရပ်နေပြီဖြစ်ကာ ဆောင်း ရောက်လာတာကို ပြုံးကြည့်နေ၏။

"ဒီမှာ..."

"ဟင်"

'ဟင်'လို့ ထူးသံကိုကော သူ့မျက်ခုံးနှစ်ဖက်ပင့်၍ မေးဆတ်ထူးလိုက်တာကိုကော ဆောင်း မြင်နေရသည်။

မလန်းဆန်းသည့် စိတ်က မကျေနပ်ခြင်းသို့ ပြောင်းလဲသွားကာ...

"အဲဒီက ဘာလုပ်တာလဲ"

"ဟင်း... တို့ကို ပြောတာလား"

ပြန်မေးပြီး သူက ပန်းချုံပေါ်မှာ မွေ့ရာတစ်ခုလို ရင်ဘတ်ကပ်၍ ဆောင်းနဲ့ နီးအောင် ရှေ့ထပ်တိုး၏။

"ဟုတ်တယ်လေ...ဒါကြီးကို ကျော်ခွပြီး ဘာလုပ်တာလဲ"

"မင်းနဲ့ တွေ့ချင်လို့လေ"





"ဆောင်းနဲ့..."

"အင်း"

ဆောင်း မျက်လွှာလေးချကာ မျက်တောင်နှစ်ချက် သုံးချက်ခတ်သည်။ ပြီးမှ ပြန်မော့ကြည့်၏။

"ဆောင်းနဲ့ သူနဲ့ ခင်တာလည်း မဟုတ်ဘဲနဲ့"

"ဆောင်းက တို့ကိုမခင်ဘူးလား၊ ဟိုနေ့က တို့ ခင်မင်ခွင့်တောင်းထားပြီးပြီလေ၊ တို့နာမည်တောင် ပြောခဲ့သေးတယ်"

"ဟုတ်တယ်... အဲဒါ ဆောင်း မေ့သွားတယ် ထင်တယ်၊ စဉ်းစားတာ မသိတော့ဘူး"

"ကောင်းရောကွာ"

သူ့နဖူး သူရိုက်၍ မျက်နှာက ရှုံ့တွသွား၏။

ပြီးတော့ ဆောင်းကို စူးစူးရဲရဲကြီးနဲ့ ကြည့်ပြီး ရယ်သည်။

ညီညာသော သွားတန်းတို့ပေါ်မှာ သွားစွယ်လေး တစ်ဖက်နှင့် ရယ်လိုက်တော့ ပါးချိုင့်လည်းမဟုတ်ဘဲ ပါးပြင်တစ်ဖက်မှာ ရှည်မျောမျော ချိုင့်ခွက်လေးပေါ်ကာ အလွန်ကြည့်ကောင်းသော အပြုံးတစ်ခုကို ဖြစ်ပေါ်စေ၏။

နဖူးမှ ပါးရိုးပေါ်ထိ အုပ်ကျလာသည့်ဆံပင်တွေကို ဆတ်ခနဲ ခါထုတ်လိုက်ပြီး စကားမပြောမီ မျက်ခုံးနှစ်ဖက် အရင်ပင့်တတ်တာကိုလည်း မှတ်မှတ်ရရ ဖြစ်နေခဲ့၏။

"ဒါဆို ခုပြန်ပြောမယ်နော်၊ တို့နာမည်က နေသဝန် တဲ့"

"နေသဝန်..."

သဝန် ကလည်း သူမ သံယောင်လိုက် ပြောလိုက်တာလေးကို အမှတ်တရဖြစ်ခဲ့တာ နှစ်ခါရှိပြီမို့ နှာခေါင်းတစ်ဖက်တွန့်၍...



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ မေ့သွားဦးမှာလား ဆောင်းရယ်၊ ကလေးတွေကို စာသင်သလို ပြန်ဆိုစမ်း... ပြန်ရွတ်စမ်းဆိုပြီး နှုတ်တိုက်ချပေးရတော့မလို ဖြစ်နေပြီး တို့ဆိုရင် 'ဆောင်း' ဆိုတဲ့ နာမည်လေးကို ရင်ထဲမှာ စွဲနေတာပဲ"

ဆောင်း မျက်ခုံးလေးတွေ အနည်းငယ် တွန့်ကျသွား၏။

ဒီယောကျ်ား စကားပြောတာ ရိုးရိုးသားသား ဟုတ်ရဲ့လား။

ရိုးသားစွာ ဘယ်လိုပြောကြသလဲ။

မရိုးသားတဲ့စကားဆိုတာ ဘယ်လိုစကားမျိုးတွေလဲ။

ဆောင်း ဘာမှ ခွဲခြားမသိပါ။

ယောကျ်ားနဲ့ မိန်းမကြားမှာ လုံးဝတွဲစပ်မလွယ်သည့် စည်းတစ်ခု ရှိသည်။

ဒါဟာ... မိန်းကလေးဘက်က အစစအရာရာ စောင့်ထိန်းနိုင်ရမည့် ဣန္ဒြေသိက္ခာဆိုသော စည်းပဲဖြစ်၏။

"ယောကျ်ားလေးတွေကို မိန်းကလေးချင်းလို တရင်းတနှီး မခင်ရဘူး သမီး၊ ယောကျ်ားဆိုတာကို သမီးလေးက သမီးဖေဖေရယ်၊ သမီးရဲ့ဘဘမင်းရယ်၊ မာလီ ဒရဝမ်တွေရယ်၊ ဒါပဲ သမီး သိတာ၊ သူတို့က သမီးလေးကိုချစ်ကြတယ်၊ သမီးကို အကျိုးယုတ်အောင် လုပ်ကြမှာမဟုတ်ဘူး၊ တခြား ယောကျ်ားတွေ အားလုံးက သမီးလေးအပေါ် ဒီလိုသဘောထားကြမှာ မဟုတ်ဘူး၊ သမီးရဲ့ စည်းစိမ်ချမ်းသာကို မက်မောလို့ ချဉ်းကပ်တယ်၊ သမီးလေးရဲ့ အလှအပကို ဖျက်ဆီးဖို့ ကြံစားမယ်၊ ယောကျ်ားဆိုတာ ဘယ်ယောကျ်ားကိုမှ မရင်းနှီးနဲ့... ကြားလား"

အန်တီကတော့ ဒီစကားတွေကို မကြာခဏ ပြောနေတတ်သည်။





"ကိုယ့်လမ်း ကိုယ်သွား။ ဘယ်ကိုမှ မကြည့်နဲ့၊ ဘယ်သူစစ မော့မကြည့်နဲ့၊ မကြားသလိုပဲနေ"

အပြင်ထွက်ခါနီးတိုင်း ကားပေါ် ရောက်နေတဲ့အထိမှာသည်။

တကယ်တော့ အန်တီသည် ဆောင်း အိမ်တွင်းပုန်းမလေး ဖြစ်ခဲ့သည့်အတွက် ဖေဖေတို့ မေမေတို့ကို အပြစ်တင်နေခဲ့သော်လည်း သူမကိုယ်တိုင် ဆောင်းကို သွားလာဖို့ရှိတိုင်း စိတ်မချနိုင်ရှာ။

"သမီးလေး မျက်စိဖွင့် နားဖွင့်ရှိအောင်သာ သွားလာ ခိုင်းနေရတာ အန်တီလည်း စိတ်မဖြောင့်ဘူး။ စိုးရိမ်ကြီးတာတော့ မဟုတ်ပါဘူး၊ သမီးလေးက ဘာမှကို နားမလည်သေးတဲ့ အဖြူထည်လေးမို့လို့"

သက်ပြင်းချရင်းလည်း ဝန်ခံခဲ့ရှာသည်။

ဆောင်း ကိုယ်တိုင် ရဲရဲတင်းတင်း သွားလာနေခဲ့ပေမယ့် တစ်ခါတလေ နားမလည်တာတွေ တွေးမရတာတွေ ဖြစ်လာတဲ့အခါ အန်တီ ပြောပြတတ်တာတွေကို စဉ်းစားရသည်။ ဆက်စပ်ကြည့်မိသည်။ ဆောင်း နားမလည်တာတွေ အများကြီးပါလား။

"ဆောင်း"

"ဟင်"

ဆတ်ခနဲ ဖြစ်သွားပြီးမှ မျက်နှာလေး မော့၍ ထူးလိုက်ပုံက လန့်သွားတာမျိုး။

"တို့ပြောတာ ကြားမလားဟင်"

"ဘာပြောတာလဲ... မကြားလိုက်ဘူး"

"ဆောင်းရယ်"

သူ ပြုံးလျက်နှင့် ခေါင်းတစ်ချက်ဖွသည်။ ပြီးတော့ အားမလိုအားမရပုံ ဖြစ်လာကာ ပန်းချီကို ကျော်ခွဖို့ပြင်၏။

"အို... ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဘက် ခဏလာမယ်ကွာ... ခဏလေး စကား ပြောရတာ အားမရလို့"

"ဟင့်အင်း... ဟင့်အင်း... မဖြစ်ဘူး... အန်တီ ဆူမှာပေါ့၊ မဆင်းနဲ့နော်... မလာနဲ့"

ဆောင်း အောက်ကနေ ယောက်ယက်ခတ်သွားကာ လက်ကလေး တကာကာအော်တော့ သဝန်က ကိုယ်ရှိန်သတ်လိုက်ပြီး...

"ဒါဆို မလာတော့ဘူး၊ ဆောင်းက တို့ကို ခင်တယ်ဆိုရင် ကျေနပ်ပြီ၊ ပြောလေ"

"ဘာလုပ်ဖို့ ဒီလောက်တောင် ခင်ချင်နေတာလဲဟင်၊ အဲဒါ အရေးကြီးလို့လား"

ဆောင်း မေးပုံလေးက ဘယ်လိုမှ အထင်လွဲရက်ဖွယ် မရှိလောက်အောင် ဖြူစင်လွန်းနေသည်။

သူ ဘာပြန်ပြောမလဲဆိုတာကို စိတ်ဝင်တစား မော့ကြည့်စောင့်နေခဲ့သော မျက်ဝန်းလေးတွေမှာ မာယာမရှိ။

တစ်ဆက်တည်းမှာ သူ သိလိုက်တာက ဆောင်းဟာ ကဲရန်တို့ ပြောကြသလို ကြောင်တောင်တောင် ဂေါက်တောက် တောက်လေးလည်း မဟုတ်။

မသိတတ် ဆိုးဝါးတယ် ဆိုတဲ့ မျိုးလည်း မဟုတ်ဘဲ တကယ် ဘာမှ နားမလည်သေးသည့် ကလေး ငယ်လို ဖြူစင်သူလေး ဖြစ်၏။ ဒီလောက်ထိ နားမလည်အောင် ရိုးစင်းတာ မရှိနိုင်။

မဖြစ်နိုင်ဘူးဆိုပြီး ဘယ်လိုမှ ကြဖန် အထင်လွဲလို့လည်းမရအောင် ဆောင်းကို သဝန် ပိုရှုပ်မြတ်နိုးသွားခဲ့၏။

ထို့ကြောင့် ထပ်မံသေချာခဲ့တာက ဆောင်းအပေါ်မှာ လုလို စိတ်ဝင်စားမိတာထက် အဆများစွာ ပိုနေခဲ့ပြီဟု...





သဝန်က အဖျားလေးတွေရှူး၍ စိတ်ညို့သွယ်တန်းနေသည့် ဆောင်း၏ မျက်ခုံးတန်းလေးတွေ ကိုက်ကာ ကော့နက် ရွှန်းလက်နေသော မျက်တောင်လေးတွေကိုပါ အပေါ်စီးကနေ စိမ်ပြေနပြေ ကြည့်နေသည်။ ပြီးမှ သွားတွေပေါ်အောင် ပြုံးလိုက်၏။

"ဆောင်းကို နေ့ကော ညကော မေ့လို့မရအောင် ဖြစ်နေတော့ ဆောင်းနဲ့ တို့ စကားတွေပြောချင်တယ်၊ ဆောင်း ရယ်မောခေါ်ပြောတာကို ကြားချင်တယ်၊ အဲဒါတွေက ရင်းနှီးကြမှဖြစ်မှာလေ၊ ရင်းနှီးဖို့ဆိုတာ ခင်ခင်မင်မင် ရှိကြပြီးမှဖြစ်မှာပေါ့၊ အဲဒါကြောင့် ခင်ချင်တာ၊ အဲဒါကြောင့် အရေးကြီးတာ၊ ကဲ...ပြော... တို့ကိုခင်လား"

"မခင်ဘူးထင်တယ်"

"ဘယ်လို"

ဆောင်းက သူ့ကို မော့ကြည့်နေရတာ ဖက်ညောင်းလာသလိုလေးနှင့် လည်တိုင်းကို လက်ဖဝါးလေးတစ်ဖက်နဲ့ ဆုပ်ကိုင်ပြီး နောက်ဆုတ်ရပ်လိုက်၏။

"တို့ကို ဘယ်လိုသဘောထားလဲ၊ ဆောင်း စိတ်ထဲမှာရှိတာကို ပြောလေ၊ ထင်တယ်ဆိုတာက တခြားတစ်ခုခုကို ခန့်မှန်းတာပဲ"

"တခြားတစ်ခုခု မဟုတ်ပေမယ့် ဆောင်းကိုယ် ဆောင်းမှ မသိတာ၊ သူဖြစ်သလို ဆောင်း မဖြစ်ဘူး"

"ဘာမဖြစ်တာလဲ"

"သူ့ကို ဆောင်း သတိမရဘူးလေ"

"သေကွာ"

သဝန့် မျက်ခုံးနှစ်ဖက် တွန့်ကော့တက်သွား၏။

ဒေါသ မပါသည့် ရှုံ့တွတွမျက်နှာက တခြားကိုလည်း လွှဲမသွားနိုင်ဘဲ ဆောင်း မျက်နှာလေးကိုပဲ ငေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အခုကစပြီး ခေါင်းထဲထည့်လိုက်တော့ကွာ၊ တို့က တအားကို ခင်ချင်နေတာနော်၊ တို့ကို ခင်နော်"

"အနိတီက ယောက်ျားလေးတွေနဲ့ မရင်းနှီးရဘူးတဲ့"

"ပြဿနာပဲ"

ဘယ်လို စည်းရုံးရမှန်း မသိတော့ဘဲ သဝန်နဖူးကို အစိမ့်ယှက်မဲ့ ကုတ်ခြစ်နေမိသည်။ ထိုအခါ ဖြူစင်လွန်းသည့် သူမလေး၏ ရိုးသားမှုကို အခွင့်အရေးယူဖို့ ရွှေဉာဏ်တော် စူးရောက်သွားမိပြီး...

"ဘာဖြစ်လဲဆောင်းရယ်... ဆောင်းရဲ့ အနိတီက ဆောင်း မပြောရင် မသိပါဘူး။ တကယ်လို့ ဆောင်းက ပြန်မခင်ဘူး ဆိုရင်တော့ တို့က တကောက်ကောက် လျှောက်လိုက်နေမှာ၊ မရမက လိုက်နှတ်ဆက်မှာ၊ ခုလိုပဲ ခြံကိုကျော်တက်ပြီး..."

"အို... အဲဒီလို မလုပ်ပါနဲ့"

"ဘာဖြစ်လဲ...ဆောင်းနဲ့ တို့ ခင်ပြီးသားကို ခေါ်တာတောင် လှည့်မကြည့်လို့ လိုက်ခေါ်တာပါလို့ ပြောမှာပါ"

"ဟင်"

ဆောင်း သူ့ကို အထူးအဆန်းလို ကြည့်ကာ အတော်ကြီး ချောက်ချားသွားပုံလည်း ပေါ်ကာ...

"သူ... သူ အဲဒီလို ညာပြောတတ်တယ် ဟုတ်လား"

"ညာတာ မဟုတ်ဘူးလေ၊ အခု တို့က ရိုးရိုးသားသားခွင့်တောင်းတာ ရမှမရဘဲ၊ ခင်ဖို့ကြိုးစားတာ ဘာဖြစ်လဲ"

ရိုးရိုးသားသား ခွင့်တောင်းတာတဲ့။

မျက်နှာကို သေသေချာချာ စူးစိုက်ကြည့်ပြီး ဆောင်းက မတတ်တတာတ်နှင့် လှုပ်ခတ်နေသည်။ သဝန်က အတတ်နိုင်ဆုံးဖန်ဆင်းကာ ရိုးသားတာကိုမြင်အောင် ဖော်ပြလိုက်သည်။





ချစ်ဖို့ကောင်းလိုက်တာ ဆောင်းရယ်...

ရင်ထဲမှာ ကရုဏာတွေကော၊ မြတ်နိုးတာတွေကော ရောထွေးကာ တောင်ပို့ကြီးတစ်ခုလို မို့မောက် မြင့်တက်လာ၏။ နှလုံးသားတစ်ခုလုံး မွန်းကျပ် တိုးကြိတ်လျက် တဒိတ်ဒိတ် ဆောင့်ခုန်၏။

"နေသဝန်နော်"

"သတ်ထိရိုက်ထိ"

"ဆောင်း သူ့ကိုခင်မယ်၊ အနိတီသိအောင် လိုက်မခေါ်နဲ့နော်"

"တကယ်ခင်တာနော်"

"အင်း"

"နောက်တွေ့ရင် နာမည် မမေ့ရဘူး"

"အင်း"

"ကိုယ် ပြုံးပြရင် ပြန်ပြုံးပြနော်"

"အင်း"

"ဆောင်း"

"ဟင်"

"နောက်ထပ် ဘယ်ကောင်နဲ့မှ မခင်နဲ့တော့နော်"

"အင်း"

"တအင်းအင်းနဲ့ ဆောင်းရယ်၊ တို့ကို ခေါင်းထဲ တကယ် ထည့်ရဲ့လား"

"အင်း"

မှားပါတယ် မယ်မင်းကြီးမရယ်...

ရင်ဘတ်ကို ထု.ထုပြီး နောင်တရချင်သည်အီး။

"ကျွန်တော် သူ့ကို သိပ်ချစ်ပါ၏"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၈ )

ဆောင်း ကားပေါ်က ဆင်းလာတာကို မြင်တော့ 'ဟင်'ခနဲ အသံထွက်သွားသလို လူကလည်း နောက်ကို တစ်ပတ်လည်သွား၏။

"ဘာဖြစ်တာလဲ"

သူ့နားမှာ အမြဲတမ်းလိုလိုပါနေတတ်သည့် ကဲရန်က ဟိုသည် လိုက်ကြည့်ပြီး မေးသည်။

"ဆောင်း"

သဝန် ဖြေလိုက်ခြင်းနှင့် တစ်ထပ်တည်းမှာပဲ ကဲရန်လည်း ဆောင်းကို မြင်လိုက်သည်။

လက်ရှက ခါးကျပ်နှင့် ခြေဖျားထိရှည်သော ပုစွန်ဆီရောင် ဂါဝန်လေးကိုဝတ်ထား၏။ ဂါဝန်က လည်တိုင်မှာ ကပ်ကပ်လေးဖြစ်ပြီး အနက်ရောင် လည်စည်းလေးကို ပဝါစည်းသလို ချည်ထားသဖြင့် အဖျားနားက ရင်ညွန့်အောက်ထိ မြန့်ကျနေသည်။

မှိုမောက် ရှိုက်ဝန်းသော ကိုယ်လုံးပေါ်မှာ လည်စည်း၏ အနားစလေးတွေက ခပ်နွဲ့နွဲ့ မေးတင်လျက်။





ဆံပင်ရှည်တွေကို နောက်ဘက်မှာ စုသိမ်းတင်ထား၏။

ဝတ်ထားသည့် အရောင်နုနုလေးအောက်မှာ ဝင်းစက်နေသော အသားရောင်က ရောထွေးနေသည်။

ထူးခြားစွာ လှပသည့် မျက်တောင်နက်များနှင့် မျက်ခုံးတန်း [redacted]တွေကို ခပ်လှမ်းလှမ်းကနေ ထင်းနေအောင် မြင်ရသည်။

လူအများထဲမှာ အလွန်လှသော ရွှေရုပ်လေးတစ်ရုပ် လွင့်ကျလာသလို ဆောင်း၏ အလှက ထင်းနေသည်။

"ခဏ နော်"

ကဲရန်ကိုမကြည့်ဘဲ ပြော၍ ကားပြန်ထွက်သွားတဲ့အထိစောင့်၍ သူ ဆောင်းနောက်ကို လိုက်သည်။

ဆောင်းက တီးစင်တာတစ်ခုဘေးမှာ ရှိသည့် လှေကားဆီသို့ လျှောက်သွားနေ၏။ အပေါ်ထပ် ကွန်ပျူတာခန်းမကို သွားမည်ဆိုတာ ကျောပိုးအိတ်လေးလွယ်ထားသည့် ဆောင်း ပုံစံကို ခန့်မှန်း၍ သိလိုက်သည်။

"ဆောင်း"

လှမ်းခေါ်လိုက်တော့ လှေကားထစ်တွေပေါ် ရောက်နေပြီဖြစ်သည့် ဆောင်း၏ ခြေလှမ်းတွေ တုံ့ခနဲရပ်သွား၏။

ချက်ချင်း နောက်လှည့်ကြည့်သည်။

"ဆောင်း သင်တန်း လာတာလား"

"အင်း"

ဆောင်းက သူ အနားရောက်တဲ့အထိ ခြေဆုံး ခေါင်းဆုံး ကြည့်နေသည်။

မျက်ဝန်းလေးတွေမှာ ရင်းနှီးမှုကို မတွေ့ပေမယ့် သဝန် စိတ်မာတ်မကျပါ။ ဆောင်း၏ ဖြူစင်လွန်းသော မသိတတ်မှုလေးတွေ၏



www.burmeseclassic.com

www.burmeseclassic.com



နောက်က တွယ်တာခြင်းကို ရဖို့အတွက် အစွမ်းကုန် ကြိုးစားဖို့ သူ ဆုံးဖြတ်ပြီးသား။

ဆောင်း ဘဝမှာ ခင်တွယ်ခဲ့သော ပထမဆုံးယောကျ်ားအဖြစ် ရပ်တည်နိုင်ဖို့ ရည်ရွယ်ချက်တွေ ရင်ထဲမှာ အပြည့်ရှိသည်။

ဆောင်း ရပ်နေသည့် လှေကားထစ်မှာ သူ ရပ်လိုက်တော့ နှစ်ယောက်သား နီးနီးကပ်ကပ်လေး ဖြစ်သွား၏။

ဆောင်းက ကျောနောက်ကနံရံမှာ ခပ်ဖိဖိလေးကပ်လိုက်၏။

"သူ ဆောင်းနောက်ကို လိုက်လာတာလား"

"အင်းပေါ့...အဲ... မဟုတ်ဘူး။ လိုက်လာတာက ဟုတ်တယ်၊ လိုက်နေတာတော့ မဟုတ်ဘူးနော်၊ ဆောင်း ကားပေါ်က ဆင်းလိုက်မှ လှမ်းမြင်တာ"

ဆောင်း မျက်နှာလေးက ဟန်ဆောင်မှုကင်းစွာ ပြေကျသွားသည်။ နှုတ်ခမ်းလေးတွေမှာ ပြုံးရိပ်ထင်၏။

တကောက်ကောက် လိုက်နေမှာကို ဆောင်း မလိုလားမှန်း သူ သိလိုက်၏။ နောက်ထပ် လိုက်ဖို့တွေရှိနေပြီမှန်း ကိုယ့်ကိုယ်ကို သိနေလျက် နောက်အခါတွေမှာ ခုလို အမှန်အတိုင်း ပြောနိုင်တော့မှာ မဟုတ်ဘူးဆိုတာလည်း သေချာသွားသည်။

ပြောတိုင်း ယုံတတ်တာလေးကို မညာရက်ဘဲ ညာရဦးမှာပဲ ဖြစ်သည်။ ဒါပေမယ့် ကိုယ့်လို ညာတတ်မယ့် နောက်ထပ် တစ်ယောက်ယောက်အပေါ် ပြောတိုင်း မယုံတတ်ဖို့တော့ သေသေချာချာ ကြပ်မတ် သင်ကြားထားရမည်။

'မယုံနဲ့နော်... တို့ကလွဲရင် ဘယ်ကောင်မှ မကောင်းဘူး' လို့။ ကိုယ့်အတွေးနဲ့ ကိုယ် ပြုံးလိုက်မိရင်း ဆောင်း မျက်မှောင်ကုတ်သွားတာကို မြင်မှ ခပ်တည်တည်ကြီး ပြန်လုပ်ရသည်။





"သင်တန်းချိန်က ဘယ်နှစ်နာရီလဲဟင်"

"ရှစ်နာရီခွဲ"

နာရီကို ကြည့်လိုက်တော့ ရှစ်နာရီ ဆယ်မိနစ်။

"အချိန် ရပါသေးတယ်၊ ဟိုဆိုင်မှာ မုန့်တစ်ခုခု သွားစားရအောင်"

သူထင်ထားသည့်အတိုင်း ဆောင်းက ချက်ချင်းခေါင်းခါသည်။

"ဆောင်း စားခဲ့ပြီးပြီ"

"ဒါဆို..."

"ဆောင်း သွားတော့မယ်"

သူ စကားဆက်မှာကို မစောင့်ဘဲ ဆောင်းက လှေကားပေါ် ဆက်တက်ဖို့ ပြင်၏။

"ဆောင်း"

သဝန်က လှေကားတစ်ထစ်ကို ကျော်တက်၍ ရှေ့က ပိတ်ရပ်လိုက်သည်။

"ညနေကျရင် ခြံထဲ ခဏဆင်းခဲ့နော်"

"ဘာလုပ်ဖို့လဲ"

"စကားပြောချင်လို့"

စိတ်ရှုပ်သွားသည့် ဆောင်း မျက်နှာလေးက ညိုသွားသည်။

နှာခေါင်းလေး ရှုံ့ပွပွနှင့် နှုတ်ခမ်းလေး စုထွေးသွားပုံက အသည်းယားစရာလေး ဖြစ်နေသည်။

"သူက တစ်မျိုးကြီးပဲ"

ဟု စိတ်ညစ်တာကို သိသာအောင် ရှုံ့မဲ့ပြ၍ ညည်းသည်။

"ဘာဖြစ်လို့လဲ ဆောင်း"

"သူ့ကိုပဲ ခဏခဏတွေးမိပြီး ဆောင်း ကြောက်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ... ဘာဖြစ်လို့လဲ"

"ခုလိုမျိုး စကား လာလာပြောမှာစိုးလို့"

"ဆောင်းတစ်ယောက်တည်း ခုလိုနေရတာ ပျင်းစရာကြီးကွာ၊ မိတ်ဆွေ သူငယ်ချင်းတစ်ယောက်ရတာ မကောင်းဘူးလား"

"သူငယ်ချင်းနဲ့လည်း မတူဘဲနဲ့"

"ဟုတ်လို့လား... ပြောပါဦး၊ ဘာနဲ့တူနေလဲ"

သဲဝန်က မချိုမချဉ်မျက်နှာနှင့် မေးတော့ ဆောင်းက ခပ်ရွှရွှလေး ပြန်ကြည့်သည်။

"မသိဘူး... ဒါပေမယ့်...ဒါပေမယ့်...အဲ...မပြောတတ်တော့ဘူး... ဖယ်ပါ... ဆောင်း သွားတော့မယ်"

"ဆောင်း... တို့နာမည်ကိုကော မှတ်မိရဲ့လားဟင်"

"မှတ်မိပါတယ်"

"ဘာတဲ့လဲ"

"နေသဝန်"

သူကပြုံးလိုက်ပြီး ဆောင်းရှေ့ကနေဖယ်ပေးသည်။ ဒါပေမယ့် ဆောင်းနဲ့အတူ လိုက်တက်လာသဖြင့် ပခုံးချင်းတိုက်မိနေကာ...

"သူ ဘာလိုက်လုပ်တာလဲ၊ ပြန်တော့လေ"

"ဆောင်း နာမည် ပြောဦးလေ၊ ဆောင်း ဆိုတာလေးကို ကျေနပ်ပြီး မေးဖို့မေ့နေတာ"

"မေးစရာတွေက မကုန်တော့ဘူးလား"

"ဒါပဲ... ပြောပြီးရင်း ပြန်မယ်"

"လရိပ်ဆောင်း"

"လှလိုက်တာ... ဆောင်းနဲ့ တကယ်လိုက်တယ်"

စကားဆုံးတော့ ကတိအတိုင်း သူ ရပ်နေလိုက်၏။





ဆောင်းက သူ့ကို တစ်ချက်မှ ငဲ့မကြည့်တော့ဘဲ ဆက်တက်သွားသည်။ သနပ်ခါးနံ့လိုလို၊ ပန်းရနံ့လိုလို သင်းသင်းလေး ဝေ့ကျန်ခဲ့သည့် ဆောင်း၏ ကိုယ်သင်းနံ့လေးကို မြတ်နိုးခြင်းများဖြင့် ရင်ထဲအထိ ရှိုက်ယူသိမ်းဆည်း ထားလိုက်မိသည်။

နာရီ မိနစ် စက္ကန့် များစွာ ရွေ့လျားနေတိုင်း...

တစ်ရက်ပြီးတစ်ရက် ကျော်လွန် တိုးရွေ့လာတိုင်း...

ဆောင်းကို တပ်မက် မြတ်နိုးခြင်းတွေသာ တရစ်ရစ် တိုးပွားလာခဲ့သည်။ ထို့အတူ ဆောင်း၏ ရိုးသား နားမလည်သော ဖြူစင်မှုလေးတွေကို ဘယ်သူမှ မပုတ်ခတ် မစော်ကားနိုင်အောင် သိမ်းချုပ်ဆုပ်ဖမ်းထားချင်၏။

မင်း ချစ်တတ်လာတဲ့တစ်နေ့ တို့ကို နားလည်လာမှာပါ။

ခပ်သဲ့သဲ့ပြုံး၍ သူ နောက်ပြန်လှည့်ခဲ့သည်။

ထိုစဉ် လှေကားဆုံးခါနီးမှာ ကတိုက်ကရိုက် ပြေးတက်လာသည့် တစ်စုံတစ်ယောက်နှင့် တိုက်မိလုလု ဖြစ်သွားခဲ့၏။

"ဟ..."

"အယ်... ဆောရီး"

နှစ်ယောက်လုံး ကိုယ်ရှိန်သတ်လိုက်ကြပြီး ကမန်းကတန်း သူမကာပဲ ရယ်ဟဟနှင့် တောင်းပန်ကာ မျက်နှာမော့ကြည့်လျှင်...

"ဟင်... ကိုနေ"

သူကတော့ စေ့ပိတ်ထားလိုက်သည့် နှုတ်ခမ်းတို့ကို နည်းနည်းလေးမှ ဖွင့်ဟခဲ့ခြင်း မရှိပါ။

ဆေးနီ ခပ်ပါးပါးဆိုးထားသည့် သရိုးစတက်ဆံပင်နှင့် အနက်ရောင် ကိုယ်ကျပ်ဝတ်စုံ ဝတ်ထားသော ခက်ဖြာဝေကို ကွေ့ရှောင်၍ ဆင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေ"

ခက်ဖြာဝေက နောက်က ပြန်ပါလာပြီး...

"ကိုနေ... ဒီကို ဘာလာလုပ်တာလဲဟင်"

"ကိစ္စရှိလို့"

လှည့်မကြည့်ဘဲ ဖြေသည်။ လမ်းဖြတ်ကူးသွားသည့် သဝန်ကျောပြင်ကို ငေးကြည့်ရင်း ခက်ဖြာဝေ နေရာမှာပဲ ရပ်ကျန်နေခဲ့၏။

ပြီးတော့ လှေကားထစ်များဆီ ပြန်မော့ကြည့်၍ ဖြစ်နိုင်တာကို စဉ်းစားသည်။

သူမနှင့်ပတ်သက်၍ တစ်ခါတစ်ရံ ပိုပို ကြီးဖို့လည်း ဘယ်တုန်းကမှ မေမေ ပြောတာမရခဲ့ပေ။

မိတ်ဆွေ အပေါင်းအသင်းလည်း ဒီမှာမရှိ။

ဖြစ်နိုင်တာ တစ်ခုပဲရှိသည်။

နှုတ်ခမ်းလေး တစ်ဖက်ကိုက်၍ ခက်ဖြာဝေ ပြုံးလိုက်သည်။ သင်တန်းထဲမှာ တစ်ယောက်ယောက်တော့ ရှိနေပြီ။





## အခန်း ( ၉ )

"မင်း... ဒီလိုနေလို့ မရတော့ဘူးသား"

စကားပြောစရာ ရှိတယ်၊ အပြင် မသွားနဲ့ဦးဟု ဆိုကာ သဝန်ထိုင်လိုက်သည်နှင့် ထိုစကားကို အစ,ချီ၍ ဦးမျိုးနေက မျက်နှာချင်းဆိုင်မှာ ထိုင်သည်။

"မေမေ ဂျပန်ကို ခရီးထွက်ဖို့ရှိတယ်၊ ကြာဖို့က များတယ်၊ ဘယ်တော့ ပြန်လာမယ်ဆိုတာ ပြောလို့မရဘူး။ ဒီတော့ မေမေ့ လုပ်ငန်းတွေကို မင်း ဦးစီးရမယ်"

"မေမေက ဘယ်လောက်ကြာမှာ မို့လို့လဲ၊ ဒါတိုင်းလည်း သွားနေကျပဲဟာ"

"အခု ဒါတိုင်းနဲ့မတူဘူး။ မေမေ့မှာ ရှင်းစရာ စီးပွားရေးရော လူမှုရေးရော အများကြီးရှိတယ်၊ ဘာတွေလဲလို့ မမေးနဲ့ သား။ ဒီတော့ မင်းကို မေမေ စိတ်ချချင်တယ်"

စကားကိုဖြတ်ပြီး ဦးမျိုးနေက လက်ကိုင်ဖုန်းကို ထုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နေဦး... ဖေဖေ၊ အဲဒါ ခဏထားပါဦး။ စီးပွားရေးတွေ လုပ်ဖို့ဆိုတာ ရင်းနှီးကျွမ်းဝင်အောင် လေ့လာလိုက်ရုံနဲ့လည်း ပြီးတာမဟုတ်ဘူး။ ဝါသနာလည်းပါမှ၊ ကြိုးစားဖို့လည်း လိုတယ်"

ဦးမျိုးနေက သားဖြစ်သူကို အထင်ကြီးသည့် မျက်လုံးများနှင့် ဝင့်ကြည့်ပြီး ခေါင်းညိတ်၏။

သို့သော် .. ပြုံးလိုက်တာကတော့ လှောင်ပြုံးပဲဖြစ်သည်။

"ဒါ မှန်တယ်လေ... ဖေဖေပြောတာလည်း မင်းကို ကြိုးစားဖို့၊ ဝါသနာပါဖို့ပဲ"

"ဝါသနာဆိုတာ တိုက်တွန်းတိုင်း စုဆောင်းလို့ ရတာမှမဟုတ်တဲ့ ဖေဖေ"

"ဒါဆို မင်း ဘာလုပ်မလဲ၊ ဖေဖေ့မှာ သားတစ်ယောက်ပဲ ရှိတယ်၊ အဲဒီသားက အရွယ်လည်း ရောက်ပြီ၊ ပညာလည်းစုံပြီ၊ ဒီတိုင်းနဲ့ပဲ မိဘအရိပ်မှာ ပေါ့ပေါ့ပါးပါး နေသွားတော့မှာလား"

'မိဘလုပ်စာ ထိုင်ဖြုန်းမလို့လား'ဆိုသည့် မေးခွန်းမှန်း သဝန် နားလည်သည်။ သူ့ရင်ထဲမှာလည်း ဒီလိုစိတ်မျိုး မရှိခဲ့ပါ။

တစ်နေ့နေ့မှာ ဒီလိုပဲ ဖေဖေ့နေရာမှာ ဝင်ရဖို့ကို တွက်ခဲ့ပြီးသား။

ဒါပေမယ့်...ခုဖြစ်လာတာမျိုး ဒီနေ့ မနက်ဖြန်ဆိုသည့် မြန်မြန် ဆန်ဆန် ကာလတစ်ခုအတွင်းမှာ မဟုတ်။

"ကျွန်တော် ပြောချင်တာက..."

"မပြောနဲ့ဦး....ဖေဖေ ဖြေနိုင်မှာလည်း မဟုတ်ဘူး၊ ဒီတော့ မိဘကို ကူညီဖို့ မင်းမှာ ရည်ရွယ်ချက်တွေ ရှိထားခဲ့တယ် ဆိုရင် ခုပဲစ,လိုက်ပါ၊ ဆယ်ရက် ဆယ့်နှစ်ရက် အချိန်ရှိသေးတယ်"

"ဖေဖေ့လုပ်ငန်းတွေ ပွထ,နေတာကို ကျွန်တော် ဘယ်လို ထောင့်စေ့အောင် လေ့လာရမှာလဲ၊ အဲဒါ ပြောသလောက် မလွယ်ဘူး





ဖေဖေ၊ ကျွန်တော့်ခေါင်းထဲမှာ အဲဒီအတွက် ဘာမှ အဆင်သင့် မရှိခဲ့ဘူး"

ဦးမျိုးနေက ဖုန်းကို ကိုင်ထားလျက်နှင့်ပဲ သူ့ကို လှမ်းကြည့်၏။ ဒေါသမကင်း ဖြစ်သွားသည့် မျက်လုံးအစုံက အရောင်ထွက်လာပြီး ဖုန်းကို ရှေ့မှာ အသံမြည်အောင် ချလိုက်သည်။

"ဒါဆို ဒီနေ့ ဖေဖေ သေသွားရင် မင်း ဘယ်လိုလုပ်မလဲ" ဟု ခပ်မာမာ မေး၏။

"အခြေအနေ အချိန်အခါဆိုတာ ကိုယ်လိုသလောက် ဖွဲ့ယူ ရပ်တန့်ထားလို့ ရတာမျိုးလား"

"ကျွန်တော်ပြောတာက..."

"မပြောနဲ့လို့ ဖေဖေ ပြောပြီးပြီလေ၊ ဒီအိမ်မှာ မင်းနဲ့ ဖေဖေ နှစ်ယောက်တည်း နေတာမဟုတ်ဘူး။ ဖေဖေ ပိုင်သမျှ စည်းစိမ်၊ ဖေဖေ့စီးပွားလုပ်ငန်းအားလုံး နှီးဆီခွက်ကအစ မင်းက မမက်ပေမယ့် မက်တဲ့သူတွေ ရှိတယ်၊ မင်း အသုံးမကျတာနဲ့ ဒီစီးပွားတွေအားလုံး အထက်ကျိုးစား အောက်ခွေးစား ဖြစ်ကုန်မှာပဲ၊ မင်းက ငါ့သား၊ သမီး မိန်းကလေး မဟုတ်ဘူး၊ ဒီတော့ မင်းကို ဖေဖေ ပျော့ပျော့ပျောင်းပျောင်း ညင်ညင်သာသာ ပြောဆို စည်းရုံးနေဖို့ မလိုဘူးလို့ ထင်တယ်၊ ဝါသနာပါရင် ကြိုးစား... ဝါသနာမပါဘူး မမက်မောဘူးဆိုရင် ကြိုက်သလို နေပေတော့၊ မင်းကမှ မမက်ရင် ဖေဖေက သေခါနီးတဲ့ အတွက် ဘာမှ ဥစ္စာခြောက်နေဖို့ မရှိဘူး"

ပြောရင်း ဦးမျိုးနေက ထ,ရပ်လိုက်သည်။

"ဖေဖေတစ်သက်လုံး မင်းရဲ့ ဆုံးဖြတ်ခွင့်၊ မင်းရဲ့ သဘော အတိုင်း ဘာမှ မချုပ်ချယ်ခဲ့ဘူး။ ငါ့သား လူတော်လူကောင်းလေး မဖြစ်နိုင်ရင်တောင် လူ့ရမ်းကားလေး မဖြစ်ရင် ပြီးရောဆိုပြီး အလို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့တယ်၊ ခုလည်း မင်းဆုံးဖြတ်ပါ၊ စီးပွားရေးလုပ်တာ ဖါသနာပါမှ လုပ်မယ်ဆိုရင်၊ မင်းလည်း ဖါသနာမပါလာဘူးဆိုရင် သဘောကျသလို နေပေါ့၊ ဖေဖေကတော့ ထားခဲ့ပြီး ခရီးထွက်ရမှာပဲ သမ္မေ သဏ္ဍာ ကမ္ဘာသကာပေါ့ကွာ''

စကားဆုံးခါနီးကာမှ ဖုန်းက မြည်လာသည်။

ဦးမျိုးနေက ခပ်သုတ်သုတ် ကောက်ယူပြီး ထွက်ခွာသွား၏။

သဝန် မျက်လုံးတွေမှိတ်ပစ်ကာ သိုဖာမှာ ပစ်ခတ်မှီချ လိုက်မိ၏။ ခုတလော ဖေဖေ ခပ်ငိုင်ငိုင် ဖြစ်နေခဲ့တာကိုတော့ သူ သတိထားမိသည်။ ဒေါ်မမ တို့ သားအမိနှင့် ပတ်သက်၍ ဖေဖေ စိတ်ညစ်နေတာမှန်းလည်း သိသည်။ ခရီးသွားဖို့ထိ ဖြစ်လာတာ ဒီအကြောင်းတွေနဲ့ ဆိုင်နေသလား။





## အခန်း ( ၁၀ )

'ဟိုနားမှာ ရေခဲမုန့်သွားဝယ်ရအောင်'ဟု ခေါ်ပြီး ထွက်လာကြတုန်းက အတူတူ။

'အယ်...ဟိုမှာ ကိုလေးရယ်၊ ခဏလေးနော်'ဟု ပြောပြီး အနားက ထွက်သွားပြန်သောအခါ ဆောင်း လမ်းဆုံလမ်းခွကြီးမှာ တစ်ယောက်တည်း ရပ်ကျန်ခဲ့တော့သည်။

များလိုက်သည့်လူတွေ၊ ကားတွေကလည်း ပုရွက်ဆိတ်ကောင်တွေလို တန်းစီ၍ ကစားစရာ အလုပ်လေးတွေနှင့် တူနေသည်။ အိမ်ပေါ်ကနေ ကားပေါ်၊ ကားပေါ်က ဆင်းတော့ သင်တန်းထဲဝင်။

ခုလိုမျိုး တစ်ယောက်တည်း ထီးထီးကြီး ရပ်နေ သွားနေရတာမျိုး တစ်ခါမှ မရှိခဲ့ဘူးသဖြင့် မြင်နေကျ မြင်ကွင်းတွေကလည်း ဆန်းနေသည်။ လူတွေ အများကြီး ရှိနေပေမယ့် ကိုယ်တစ်ယောက်တည်း ကမ္ဘာတစ်ခုထဲ ရောက်သွားရသလို။

ပြီးတော့... အနားက ဖြတ်သွားကြသူတွေကလည်း ကြည့်...



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းမှာ ရပ်နေ စကားပြောနေသူတွေကလည်း မျက်ဝန်းတို့က ဆောင်း ထံမှာပဲ ဖြစ်နေသည်။

ကျောပိုးအိတ်ကြိုးလေးကို ပခုံးနှစ်ဖက်မှာ လက်မလေးနှင့် ပြန်ချိတ်ထားရင်း လက်သီးဆုပ်လိုက်တော့ လက်ဝါးထဲက အင်အားတွေ မဲ့နေသည်။

ရင်တွေ အခုန်မြန်လာကာ ရှေ့ကြည့် နောက်ကြည့် ဖြစ်နေမိသည့် ကိုယ့်အမူအရာကို လူအကဲ မခတ်မိအောင် ထိန်းချုပ်ထားဖို့လည်း သတိမရ။

မျက်လုံးက အရပ်လေးမျက်နှာစလုံးကို ယောက်ယက်ခတ် ပြေးလွှားနေမိသလောက် အားလုံးက ကိုယ့်ကိုပဲကြည့်နေတာ မြင်ရလေ ဆောင်း လက်ဖျားလေးတွေ အေးလာလေ။

ပိုပို လည်း ကိုလေး ဟုခေါ်ပြီး ပြေးလိုက်သွားတာ ဘယ်နား ရောက်သွားမှန်းမသိ။ ဒီနေ့ သင်တန်းမှာ တီချယ်လေး မွေးနေ့မို့ အန်းနီခေါက်ဆွဲ ကျွေးသည်။

ကြိုပြောမထားခဲ့သည်မို့ ဘယ်သူမှ မသိကြဘဲ အားလုံးလာကြသည်။

"မွေးနေ့ဆိုရင် လက်ဆောင်တွေ ဝယ်လာကြမယ်၊ မလာဘဲ နေတဲ့သူလည်း ရှိမယ်၊ အဲဒါကြောင့် တီချယ် ကြိုမပြောတာ၊ ကဲ... အားလုံးပဲ ဝ,အောင်စားကြ၊ ပြီးရင် ပြန်လို့ရပြီ၊ ဒီနေ့တစ်နေ့ နားတာပေါ့နော်"

တီချယ်လေးက အပျိုပါ။

သဘော ကောင်းသလောက် ချစ်စရာ မျက်နှာလေးပိုင်ရှင် ဖြစ်သည်။ နားကြရမည်ဆိုတော့ အားလုံးကတော့ ပျော်သွားကြသည်။ ဆောင်း တစ်ယောက်ပဲ 'ဟင်'ခနဲ ဖြစ်၏။





သင်တန်းပြီးချိန် ရောက်မှ ကားက လာကြိုမည်။

အသီးသီး ပြန်သွားကြတော့ ဆောင်း တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိ။

သင်တန်း စ,တက်ကတည်းက ပြုံးပြ ရယ်ပြလောက်သာ နှုတ်ဆက်ခဲ့ကြသည့် မိန်းကလေးအဖော်များထဲမှ တစ်ယောက်က အနားမှာ ရပ်ကျန်ခဲ့ပြီး...

"လရိပ်ဆောင်း နော်"

"အင်း"

"ဘာလုပ်နေတာလဲ"

"ဟိုလေ... သင်တန်းပြီးမှ ကားက လာကြိုမှာ၊ ဆောင်း... ဆောင်း ဘယ်မှာနေရမှန်း မသိလို့၊ နင်က..."

"တို့က ပိုပိုလွှင်...လာလေ... ဟိုလေ့ကားခြေရင်းမှာ ထိုင်ရအောင်၊ နင် အဖော်ရအောင် တို့ စောင့်ပေးမယ်"

ဆောင်း ဝမ်းသာလိုက်တာမှ ပိုပိုလွှင့် ပခုံးလေးကို ဖက်ထားလိုက်မိသည်အထိ။

"ပိုပို့အိမ်က မျှော်နေရကော"

"မမျှော်ပါဘူး...နင့်လိုပဲပေါ့၊ သင်တန်းချိန်ပြီးမှမျှော်မှာ၊ ကိစ္စမရှိပါဘူး... တို့က လိုင်းကားစီးပြီး ပြန်နေကျ၊ သိပ်လည်းမဝေးဘူး"

ပိုပိုလွှင်နှင့် ခင်မင်သွားခဲ့တာ ခုနလေးကမှ ဖြစ်သည်။

သူ့အကြောင်းပြော ကိုယ့်အကြောင်းပြောနှင့် ရေခဲမုန့် စားရအောင်ဟု ထ,ဖြစ်လာတော့ စိတ်မပါပေမယ့် ဆောင်း ခေါင်းညိတ်ခဲ့မိသည်။

"လာပါ... လမ်းမဟိုဘက်ထိပ်မှာ နီးနီးလေးရယ်"

ဟုပြော၍ ပိုပိုက ဆောင်း လက်ကိုဆွဲလာခဲ့တာ။ လမ်းလေးခွ



www.burmeseclassic.com

www.burmeseclassic.com



ဆိုမှာကျမှ 'ကိုလေး' ဆိုသူထဲ ပြေးသွားတော့ ပိုပို ဘယ်ထွက်သွားလဲ ဆိုတာကို လိုက်မကြည့်လိုက်မိဘဲ တစ်ယောက်တည်း ဖြစ်ကျန်ခဲ့သည့် ကိုယ့်အဖြစ်ကိုပဲ ထိတ်လန့်သွားခဲ့သည်။

ငါ ဘယ်လိုနေရာ ရောက်နေသလဲ ဆိုသည့်အတွေးနှင့် တစ်ယောက်တည်း ရပ်ကျန်ခဲ့ရသော အခြေအနေရောက်မှ ပြူးပြူးလိုက်ကြည့်မိသည်။

"ဟော့... လိုက်မလား"

ကားလမ်းပေါ်မှာ ခပ်ဖြည်းဖြည်း လိမ့်နေကြသည့်ကား တချို့ထဲက အသံတွေ ထွက်လာသည်။

"လမ်းမကူးရဲလို့လား။ တို့လက်ကိုတွဲလေ...လာ"

အနားမှာ ကပ်ပြောသူက ပြော၏။

ဘယ်ကိုပဲ ကြည့်လိုက် ကြည့်လိုက် ရုပ်တွေက စပ်ဖြဲဖြဲ ရှိတီတီ...။

လမ်းမနဲ့ဝေးအောင် နောက်ကို မသိမသာ ဆုတ်လိုက်မိသည်။ ကုန်တိုက်သစ်ဖွင့်ရန် တည်ဆောက်နေသော အချောသတ်နေပြီဖြစ်သည့် အဆောက်အအုံကြီးနားထိ ဆုတ်ရပ်လိုက်တော့ စိတ်ထဲမှာ လုံခြုံသလို ဖြစ်သွားသည်။

ဟိုသည်လိုက်ကြည့်တော့လည်း ပိုပို့ကို မတွေ့ရပါ။

စောစောက ပိုပိုနဲ့ ထိုင်ခဲ့သည့်နေရာကိုပဲ ပြန်သွားထိုင်နေရမလား။ သည်မှာပဲ ပိုပိုမလာမချင်း စောင့်နေရမည်လား။

ထိုစဉ်... နောက်နား ခပ်ဝေးဝေးမှာ ယောကျ်ားလေး သုံးလေးယောက် လာရပ်ကြတာကို သတိထားလိုက်မိသည်။

ရယ်သံသဲ့သဲ့နှင့် စကားသံတွေက ကိုယ့်ဘက်ကို ကြည့်ကာ ပြောနေကြတာမှန်း သိသာသည်။





ဆောင်း ဘာလုပ်ရမှန်း မသိတော့။ ဘာဖြစ်ဖြစ် သင်တန်းရှေ့မှာပဲ သွားရပ်နေလိုက်ဖို့ ခြေလှမ်းကိုအရွှေ့...

"ဟာကွာ...ကြွေပြီ... ခြေလှမ်းလိုက်တာနဲ့ကို ကြွေသွားတာ"

"ဟင်"

ခြေထောက်ကို ချက်ချင်းပြန်ရုပ်၍ ဆောင်း ငုံ့ကြည့်သည်။ ဘာမှမရှိဘဲနဲ့...

နောက်ကို ပြန်ကြည့်လိုက်တော့ ဖြူဖြူချောချော မျက်နှာတစ်ခုက ရှေ့ထွက် ပြူးပြလာကာ...

"ဟိုမှာ... တကယ်ကြွေသွားတာ"

"ဟင်"

နောက်ထပ် ငုံ့ကြည့်မိရင်း ထပ်ဆုပ်လိုက်တော့ သူတို့နဲ့ ပိုနီးသွား၏။

"ဘာလဲဟင်...ဘာကြွေသွားလို့လဲ ဆောင်း နင်းလိုက်မိလို့လား"

"နင်းတာပေါ့... ရှေ့ကို တိုးဖယ်လိုက်"

ဆောင်းက ရှေ့တိုးပေးသည်။

"မဟုတ်ဘူး... နောက်ပြန်ဆုတ်"

ဆောင်းက ဂါဝန်လေးကို လက်နှစ်ဖက်နှင့် မ,ထားပြီး နောက်ပြန်ဆုတ်၏။

ဘယ်မှာ ငုံ့ကြည့်ကြည့် ခြေထောက်အောက်မှာကော ဘေးမှာပါ ဘာဆိုဘာမှုမရှိတဲ့ မြေပြင်နှင့် သမံတလင်းအစပ်နေရာမှာ ကျောက်စရစ်ခဲလေး တချို့ကိုသာ မြင်ရသည်။

စိတ်ထဲမှာ သူများလှည့်စားနေသည်ကို သိ၍မဟုတ်တဲ့ တစ်ခုခုကို ခံစားလိုက်မိကာ ရှက်ရွံ့လာသည့်စိတ်ကြောင့် မျက်ရည်တွေ ဝဲအောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား... ဆောရီးနော်...ဆောရီး ဘာမှမရှိဘူး... ခင်လို့တော"

"ဟား ဟား ဟား"

ပြောသည့်သူက ပြောရင်း ရယ်သည်။

ဘေးက ကောင်လေးတွေလည်း ဝိုင်းရယ်ကြ၏။

ထိုစဉ် ပြုံးခနဲ အနားရောက်လာသူက နေသဝန်။

"နေရာတကာ ဆောရီး လုပ်မယ်လို့ မရဘူးကွ"

"ဟ..."

"ခွပ်"

"ဟော့"

ရယ်နေသည့်မျက်နှာ ပက်ခနဲ လန်ထွက်သွားကာ သမံတလင်းပေါ် ဖင်ထိုင်လဲကျသွားသည်။

"သဝန်... တော်ပြီ"

"အဲဒါ ဘာကောင်လဲကွ"

သဝန် နောက်ထပ်ပြေးထိုးဖို့ လက်သီးကို ကဲရန်က ဆွဲထားလိုက်၏။ သဝန်ဆီ ပြေးသွားမည်ပြင်သော ဟိုနှစ်ကောင်ကိုတော့ ကော်ကော်နဲ့ အောင်ဟိန်းတို့က တားဆီးထားလိုက်သည်။

အဖြစ်အပျက်က ခဏလေးပဲဖြစ်ကာ ဝုန်းခနဲဖြစ်သွားတာကို ဘေးလူတွေ သိလိုက်ချိန်မှာ ပြီးခဲ့ပြီဖြစ်၏။

"ဟိတ်ကောင်... မင်းက ဘာလဲ"

နှုတ်ခမ်းထောင့်ကို လက်ဖဝါးနဲ့ပိတ်၍ လဲကျသွားသူက ထ,ရပ်လိုက်သည်။

ဈေးသိုင်းချိတ်ထားသည့် လွယ်အိတ်က ပခုံးတစ်ဖက်မှာ ဖရိုဖရဲဖြစ်နေပေမယ့် မပြင်ဆင်ဘဲ သဝန့်ရှေ့ကို တိုးလာ၏။





"တော်ပြီကွာ... လူတွေသိပြီး ပွကုန်တယ်"

ကဲရန်က သဝန်နဲ့ ထိုသူကြားမှာရပ်၍ ဖျန်ဖြေစကားဆို၏။

"လူတွေသိတော့ ဘာဖြစ်လဲ၊ ဒီကောင် ဘာကောင်လဲ၊ ငါက ဒဲ့လိုက်ရတာကို ဒီတိုင်း ငြိမ်နေရမှာလား"

"ငြိမ်မနေရင် မင်း ဘာလုပ်ချင်လဲ၊ မိန်းကလေး တစ်ယောက်ကို ဘူချွဲမျက် အရှက်ရအောင် စိမ်ပြေနပြေ အရသာခံပြီး စ,နေတဲ့ကောင်၊ မင်းနဲ့ထိုက်တန်တာကို ငါ ပေးတာ၊ မကျေနပ်ရင် ကြိုက်တဲ့နေ ကြိုက်တဲ့နေရာ ချိန်းလိုက်၊ ရော့..."

သဝန်က ဘောင်းဘီအိတ်ထဲက အဖြူရောင်ကတ်လေးတစ်ခု နှိုက်ယူလိုက်ပြီး ရင်ဘတ်ကို မှန်အောင် ပစ်ပေးလိုက်သည်။

ပြီးတော့ နှုတ်ခမ်းလေးတွေ ပြာနေအောင် ထိတ်လန့် တုန်လှုပ်နေရှာသည့် ဆောင်း လက်ကလေးကို တယုတယ ဆုပ်ကိုင်သည်။

"မကြောက်နဲ့ ဆောင်း... လာ... သွားမယ်"

တက်ခေါက်သံတွေကို သမင်လည်ပြန်လေး ကြည့်ကာ မျက်ရည်စက်တို့ ကြွေဆင်းလာကြ၏။

သူ ဆုပ်ကိုင်ထားသည့် လက်ကိုလည်း မရုန်းမိ။

ဘယ်ကိုဆွဲချ ခေါ်လာမှန်းလည်း မသိ။

အနည်းငယ် လူရှင်းသော နေရာမှာ သူ ရပ်လိုက်မှ ဆောင်းလိုက်ရပ်တော့ တစ်ကိုယ်လုံး ကတုန်ကယင် ဖြစ်နေပြီး ဘေးမှာ အုတ်နံရံကြီးနှင့် ခပ်လှမ်းလှမ်းမှာ မှန့်ဆိုင်လေးတွေ။

အနားမှာ လူတစ်ယောက်မှ သွားလာနေတာ မရှိ။

ဘယ်နေရာမှန်း မသိ။

ဘယ်ရောက်လာမှန်း မသိ။



www.burmeseclassic.com

www.burmeseclassic.com



"နေသဝန်...ဆောင်း... ဆောင်းကို ဘယ်ခေါ်လာတာလဲဟင် ဒါ... ဘယ်နေရာလဲ၊ ဆောင်းရဲ့အိမ်ကို ပြန်မရောက် နိုင်တော့ဘူးလား။ ဆောင်း ကြောက်တယ်"

ဆောင်း လက်ကလေးပိုက်၍ သူ့ရှေ့မှာ ငိုချလိုက်သော အခါ နေသဝန် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"ဆောင်း... ဟာ... မငိုနဲ့လေ၊ ဆောင်းကို တို့ပြန်ပို့ပေးမှာ ပို့ပေးမလို့ ခေါ်လာတာပဲ"

ဆောင်း မျက်နှာလေး မော့လာသည်။

မျက်ရည်တွေကို လက်ခုံလေးနဲ့ ဖွဖွသုတ်၍...

"ဒါဆို... ခုပို့ပေးလေ"

"ပို့ပါ့မယ်...အခု ဆောင်း ဟိုနေရာကို ဘာသွားလုပ်တာလဲ"

"ပိုပိုလေ..."

ဆောင်းက ပိုပို ထွက်သွားတဲ့အထိပြောပြ၍ ထပ်မံစိမ့်တက်လာသည့် မျက်ရည်တွေကို မျက်တောင်ရှည်များဖြင့် ပုတ်ခတ်ဖယ်ရှားနေသည်။ သူ့မှာ နားထောင်နေရင်း ဆောင်းရဲ့ စိတ်သဘောထားဖြူစင်ခြင်းများ အစွန်းရောက်လွန်းနေသည့် အဖြစ်အတွက် ဘယ်လိုမှ နားမလည်နိုင်ဘဲ ဖြစ်နေမိသည်။

ဆောင်း ပုံစံ..., ဆောင်း၏ မျက်ဝန်းလေးများမှာ လူတွေကိုပဲ ထူးဆန်းနေသလိုလို၊ ဘယ်သူတွေ ဘာလုပ်လုပ် သူမ မြင်မှု သိမှုတော ဘာမှမရှိခဲ့သလိုမျိုး။

နတ်သက်ကြွေခဲ့တဲ့ နတ်သမီးလေး တစ်ပါးနှယ်...

"ဆောင်းရယ်...ကိုယ့်ကို အတည်ပြောတာလား။ စ,နောက်တာလား ဆိုတာတောင် ဆောင်း မသိဘူးလားဟင်"

"ဟင့်အင်း"





မျှတ်ရည်စိုလူးနေဆဲ မျက်ဝန်းလေးများ ပင့်တက်လာတော့ ခေါင်းခါပြလိုက်တာ ဘာမာယာမှ အလျဉ်းမရှိ။

ပြီးတော့ ကြေကွဲသွားသည့် မျက်ခုံးတန်းလေးများ ကုတ်ကျသွား၍...

"အဲဒီလို ကျယ်ကျယ်လောင်လောင်ကြီး ထ,အော်ပြောလိုက်တာကို နောက်တာလို့ ဘယ်ထင်မလဲ၊ သူတို့က ပြီးတော့မှရယ်ကြတာ"

"ဆောင်းရယ်"

သူ့မှာ သက်ပြင်းမချနိုင်...သည်လောက်ထိ ရိုးစင်းလွန်းသူကို စိတ်ချလက်ချကြီး လွှတ်ပေးထားသည့် လူကြီးတွေကိုပဲ အံ့ဩမိတော့သည်။

နီနုစ်ရောင် ပိုးပျော့ဂါဝန်လက်စကလေးနှင့် အမြီတမ်း ခါးစည်းနဲ့ ဝတ်တတ်သော ဆောင်း ထစ်ကိုယ်လုံးကို ငေးကြည့်မိသည်။

ချစ်ခြင်းတွေကော စိတ်မချနိုင်ခြင်းတွေပါ ရင်ထဲမှာ စုပြုံလှုပ်ခါလာ၏။

ဆောင်းကို ချစ်ခွင့်ပန်ချင်သည်။

တရားဝင်ပဲ စောင့်ရှောက်ချင်သည်။

ယုံလွယ်တတ်လွန်းသည့် ဆောင်းရဲ့ခေါင်းထဲမှာ အချစ်ကိုကော နှလုံးသားရဲ့ သယံဇာတ တစ်ခုအဖြစ် သိမ်းဆည်းစရာလို့ မြင်ပါ့မလား...

ယုံကြည့်ပါ့မလား...

"ဆောင်း"

"ဟင်"

"သင်တန်းချိန်က ဆယ်နာရီမှ ပြီးမှာဆိုတော့ ကား မလာသေးပါဘူး ခဏလောက် စကားပြောရအောင်နော်"

"ဟင့်အင်း... ဆောင်း ပြန်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းက ကွမ်းယာဆိုင်မှာ ရပ်ကျန်ခဲ့ကြသည့် ကဲရန်တို့ကို လှမ်းကြည့်ပြီး သဝန် စဉ်းစားလိုက်သည်။

ဆောင်းကို စကားပြောခွင့် ရဖို့ ဘယ်လိုကြံစားမလဲ။

ခေါင်းထဲမှာ ဖျတ်ခနဲ အကြံရလျက်...

"ဆောင်း တစ်ယောက်တည်း ပြန်ရဲလို့လား"

"ဟင်... နေသဝန် လိုက်ပို့မယ်ဆို"

"တို့ လိုက်ပို့တော့ ဆောင်းရဲ့အိမ်က သူမှာပေါ့ ယောကျ်ားလေး တစ်ယောက်နဲ့ အတူပြန်လာရင် ကြိုက်မလား"

ဆောင်း ငေးငေးလေး ဖြစ်သွားသည်။

"လာပါ ဆောင်းရယ်... ဆောင်းကို တို့ ဘယ်မှမခေါ်ဘူး။ သင်တန်းကို ပြန်သွားမယ်၊ အဲဒီလှေကားထိပ်မှာ ထိုင်ပြီး စကားပြောမယ်၊ ကားလာကြိုတာမြင်တော့ ဆောင်းက ဆင်းသွားလေ၊ တို့က ကျန်ခဲ့မယ်၊ ဒါပဲ..."

သူပြောနေတာကို ဆောင်းက သေချာကြည့်နေသည်။

သင်တန်းမှာပဲ နေကြမှာတော့ ဆောင်း ဘဝင်ကျသွားပုံရကာ...

"နေသဝန်က ဘာစကားတွေ ပြောမှာလဲဟင်"

ဆောင်း မျက်ဝန်းလေးတွေကို ဖျတ်ခနဲ ရှောင်ဖယ်၍ သူ့အဖြေကို အပြေးအလွှား စဉ်းစားသည်။

ရိုးသားလွန်းသူတိုင်း တစ်ယူသန်တတ်ကြသည်။

ထိုတစ်ယူသန်မှုထဲမှာ ရည်းစားမထားဖို့ဆိုတာ ပါနေလျှင် သူ့ဘက်က မရိုးသားမှုကို စောစီးစွာ သိစေလိုက်လို့မဖြစ်။

"အချိန်စေ့တဲ့အထိ ဆောင်းနဲ့အတူ စောင့်နေပေးဖို့ပေါ့ ဝထ္ထုရာလေးပါးကွာ... ဘာစကားဆိုတာတော့ မပြောတတ်ဘူး"





"အင်း...ဒါဆို သွားမယ်လေ၊ စောစောက သူ့ သူငယ်ချင်းတွေကော"

"ပြန်နှင့်ပြီထင်တယ်... နေပစေ"

သူ အနားမှာပါလာတော့ ဆောင်းမှာ ကြောက်တဲ့စိတ်တွေ လွင့်ပြယ်နေပြန်သည်။ ဦးနိုင် မောင်းသည့်ကားပေါ်မှာ စီးလာရသလိုပဲ ဘယ်ကိုမှလည်း အထူးတလည် ဂရုစိုက် မကြည့်မိတော့။

"ဆောင်းလေ... ပိုပို ထွက်သွားခါစကဆို အရမ်းကြောက်သွားတာ... သိလား၊ အန်တီ ဘယ်လိုပဲမှာထားထား အားလုံးကို မေ့သွားတာပဲ၊ လူတွေက ဆောင်းကိုပဲ ဝိုင်းကြည့်နေကြတာ"

လှေကားပေါ် အတူတက်ခဲ့ကြရင်း ဆောင်း ပြောတော့ သူ ဆောင်း မျက်နှာလေးကို ငဲ့ကြည့်ပြီး ပြုံးလိုက်မိသည်။

"သူကော ဆောင်းကို ဘယ်ကနေ လှမ်းမြင်လိုက်တာလဲဟင်"

"လှမ်းမြင်တာ မဟုတ်ဘူး။ တို့က ဆောင်းဆီကိုလာတာ"

"ဆောင်းဆီကို"

"အင်းပေါ့"

"ဘာလုပ်မလို့လဲ"

"မသိဘူး...ဆောင်း ဒီသင်တန်းမှာရှိနေတာ သိလို့ပဲ၊ ရည်ရွယ်ချက်တော့ မရှိခဲ့ပါဘူး။ ဆောင်းကို ဟိုကောင်တွေ စ,နေတာ တို့မြင်တယ်၊ လမ်းကူးဖို့ဟာ ကားမရှင်းတာနဲ့ စောင့်နေရတယ်"

"အဲဒီလူတွေက ဆောင်းတို့သင်တန်းကပဲ၊ ဒါပေမယ့် သိလည်း မသိပါဘူး။ သူ ဘာဖြစ်လို့ ထိုးလိုက်တာလဲဟင်၊ သူတို့ ကျေနပ်မှာ မဟုတ်ဘူး"

"မကျေနပ်တော့ ဘာဖြစ်လဲ၊ မင်းကို ထိပါးလာရင် ဘယ်သူ့ကိုမှ သည်းမခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လှေကားထိပ်လည်း ရောက်နေပြီ၊ ဆောင်းက ခြေစုံ ရပ်လိုက်ပြီး သဝန်ကို မော့ကြည့်သည်။

သဝန်က ပြန်ငုံ့ကြည့်၏။

ပန်းသွေးရင့်ရင့် ပါးပြင်လေးကို အနီးကပ်ကြည့်မိစဉ် ရင်ထဲမှာ အစီအစဉ်မကျသော သံစဉ်တွေ ဆူညံလာသည်။

ဘယ်က တိုးတိုက်လာမှန်း မသိသော လေပြည်နုနုကြောင့် ဆံနွယ်ရှည်တချို့က ဆောင်း နားသယ်စပ်လေးနားမှ ပါးပြင်လေး တစ်ဖက်သို့ ပါးပါးလေး အုပ်ကွယ်သွား၏။

ထိုဆံစ,လေးတွေကို အသာလေး တိမ်းဖယ်ကာ ပါးပြင်လေး ကို ဖွဖွလေး နမ်းချင်သည်။

ပန်းလေး နှစ်ဖက်ကို ကြင်ကြင်နာနာ ဆုပ်ကိုင်ယူပြီး ရင်ခွင်ထဲမှာ ယုယုယယ ပွေ့ပိုက်ထားချင်သည်။

သို့သော်...

သဝန် ပင့်သက်ရှိုက်မိရင်း မျက်နှာ လွှဲလိုက်ရသည်။

လက်နှစ်ဖက်လုံးကို ဆံပင်တွေထဲ ထိုးသွင်း၍... ပြီးတော့ လည်တိုင်ကို ပြန်၍ ပွတ်သပ်ရင်း အလုပ်ပေးရသည်။

တိတ်ဆိတ်သည့်နေရာ ကွယ်လပ်လေးတစ်ခုမှာ ချစ်သူကို ငေးကြည့်ရင်း ရင်ခုန်သံတွေကို ထိန်းချုပ်နေရသည့်အဖြစ်က သိပ်တော့ မလွယ်။

"ထိုင်လေ... ဆောင်း"

ဆောင်းက ခေါင်းလေးညိတ်ကာ ထိုင်မလို့ပြင်ပြီးမှ...

"ဪ ဟိုဘက် တိုးထိုင်နော်"

ပြုံး၍ ခေါင်းညိတ်ပြမိသည်။

ပြီးတော့ လှေကားထိပ် နှစ်ဖက်မှာ ခွဲ၍ ထိုင်မိကြ၏။



ကားလာလျှင် မြင်နိုင်သောနေရာမို့ ဆောင်းက အောက်သို့ လှမ်းကြည့်လိုက်ပြီးမှ ဒီဘက်လှည့်၏။

"သူ ဘာပြောမှာလဲ... ပြောလေ"

'ဆောင်းက ဘာပြောစေချင်လဲ"

"ဟင်"

ဆောင်းက နဖူးပေါ်ကဆံစ,တို့ကို သတ်ခနဲခါထုတ်ပြီးစဉ်းစား၏။

"ဆောင်း မသိတာတွေ သူ့ကိုမေးချင်တယ်၊ ဘာမေးရမှန်းလဲ မသိဘူး"

"စဉ်းစားလိုက်လေ... မေးပေါ့"

"မေးရမယ်ဟုတ်လား... ဒါနဲ့ သူက ပြောမှာဆို"

ပြောချင်တယ်... ဆောင်း စိတ်ဆိုးမှာစိုးလို့"

"ဘာပြောမှာလဲဟင်"

"စိတ်ဆိုးမှာလား"

"ဘာပြောမယ်မှန်းမှ မသိတာ"

သဝန်က ဆောင်း မျက်ဝန်းလေးတွေ စိုက်ကြည့်ရင်း လှုပ်ရှား လာသည့် စိတ်ကြောင့် ဆံပင်ကို ထပ်ဖွသည်။

"ဆောင်း"

"ဟင်"

"ဆောင်းမှာ ချစ်သူရှိလား"

"ဟင့်အင်း"

"ပရိုပို့စ်လုပ်ထားတာကော ရှိလား"

"ဟင့်အင်း"

"တကယ်လို့ တစ်ယောက်ယောက်က ရည်းစားစကား ပြောရင် ဆောင်း ဘယ်လိုနေမလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းက လက်ဖဝါးလေး နှစ်ဖက်ကို ပွတ်နေလျက် လေကား ထစ်တွေကို ငုံ့ကြည့်နေရင်း စဉ်းစားသည်။

ခဏကြာမှ ခေါင်းမော့၏။

"မသိဘူး...ဆောင်းမှ အပြောမခံဘူးတာ၊ အဲဒါကို သူက ဘာဖြစ်လို့ သိချင်နေတာလဲ"

"တကယ်လို့ တိုက ညည်းစားစကားပြောရင် ဆောင်း စိတ်ဆိုး မှာလား"

"မသိဘူးလေ... ခုပြောတာမှ မဟုတ်တာ၊ ဘာလို့ စိတ်ဆိုး ရမှာလဲ"

"ပြောရင် ဆိုးမယ်ပေါ့"

"နေသဝန်ကလည်း အဲဒါ ဟုတ်မှမဟုတ်တာ၊ ဘယ်လိုလုပ် ကြိုပြီးတွေးတတ်မှာလဲ"

"ဒါဆို ခုပြောပြီ"

"ဟင်... ဘာပြောတာလဲ"

သေလိုက်စမ်း သဝန်...

ညည်းစားစကားတွေ ခဏခဏ ပြောဖူးနေတဲ့ ဒီပါးစပ်။

ပြောလိုက်စမ်းလို့ အထပ်ထပ် တုပ်နှောင် ခြိမ်းခြောက်နေတဲ့ ကြားက လိုရင်းကို မရောက်ဘဲ ချော်နေသည်။

မယ်မင်းကြီးမလေးက လှည့်ပတ်ပြောလည်းမရ။

တည့်တည့်ပြောလည်း မသိ။

မထူးတော့ပါဘူး... နေသဝန် ဆောင်းနားကို နည်းနည်း ရွှေ့ထိုင်လိုက်၏။ ဆောင်း တွန့်ခနဲဖြစ်သွားပြီး သူ့ကို ကြည့်၏။

"တို့... ဆောင်းကို ချစ်တယ်"

"ဟင်... ဘယ်လို... ချစ်တယ်"





ဆောင်းသည် သူ့ကို တအံ့တသြနှင့် ခြေဆုံးခေါင်းဆုံးကြည့်၏။

"ယောက်ျားလေးတွေကို အရောမဝင်နဲ့ သမီး၊ အပေါင်းအသင်း လည်း မထားရဘူး။ ယောက်ျားလေးနဲ့ မိန်းကလေး ရိုးသားတယ်ဆိုတာ မရှိဘူး။ ပြီးတော့ သမီးက လူတွေရဲ့အကြောင်း ဘာမှမသိသေးဘူး။ ရွှေ၊ ငွေ၊ ဂုဏ်ဓန၊ အချစ်၊ သစ္စာ ဒီလိုရှုပ်ထွေးမှုတွေဟာ သိဖို့ကို ကြောက်စရာ ကောင်းတာ"

အန်တီ ပြောခဲ့ဖူးတာကို စဉ်းစားရပြန်သည်။

ဒါဆို... သဝန်ကကော ဘယ်လိုလူမျိုးလဲ။

"ချစ်ခြင်းမေတ္တာဆိုတာ ဆုပ်ဖမ်း ကိုင်တွယ်ကြည့်လို့ ရတာမျိုး မဟုတ်ဘူး။ ယောက်ျားလေး တစ်ယောက်ပါးစပ်က ချစ်တယ်၊ ကြိုက်တယ်ဆိုတာ ဘယ်လိုတိုင်းတာ သတ်မှတ်ပြီး ယုံမလဲ၊ စကား ဆိုတာ ပြောတိုင်းရတယ်"တဲ့။

သဝန်က ချစ်တယ် ဆိုတာကျတော့ ဆောင်း ဘယ်လိုတိုင်းတာ မလဲ။

"ဆောင်း"

"ဟင်"

"စိတ်ဆိုးသွားလား"

"မဆိုးပါဘူး"

"ဒါဆို တစ်ခုခုပြောလေ၊ တို့ချစ်တာကို မယုံလို့လား"

ဆောင်းက ခေါင်းညိတ်လိုက်တော့ သူ့မှာ အောင့်သက် သက်ကြီး ဖြစ်သွား၍...

"တို့ တကယ်ချစ်တာ... ပြီးတော့..."

"ဆောင်း အဲဒါတွေ စိတ်မဝင်စားဘူး။ ပြီးတော့လေ အန်တီ ကလည်း ဘယ်ယောက်ျားကိုမှ မယုံနဲ့တဲ့၊ ရည်းစားမထားရဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းက တို့ကို မခင်ဘူးလား"

"ခင်ပါတယ်"

"အဲဒါ သံယောဇဉ်ပေါ့၊ အန့်တီ ဘာပြောပြောကွာ တို့ကို စဉ်းစားပေးနော်၊ တို့အကြောင်း ဆောင်း ဘာသိချင်လဲ၊ မေး... အားလုံး အမှန်အတိုင်း ဖြေမယ်"

အားမလိုအားမရ ဖြစ်လာရင်း အနား ထပ်တိုးမိတော့ ဆောင်းက ပန်းလေးကျွဲ၍ တစ်ဖက်ကို ဝိုကပ်လိုက်သည်။

"ဆောင်း"

"အို... မကိုင်ပါနဲ့"

ပန်းသားလေးကို ကိုင်ထိသည့်လက်အား ဆောင်းက အလန့်တကြား ဖယ်ပစ်သည်။

"တို့ကို နည်းနည်းကလေးမှ ရင်မခုန်ဘူးလား"

"ကြောက်တယ်... သူ ဟိုဘက်ကို တိုးပါ"

ဟား...

သဝန် အသံထွက်မိအောင် ကြိတ်၍ ကျွတ်ခနဲ စုပ်သတ်ကာ နောက်ပြန်ဆုတ်ရသည်။ အချစ်နဲ့ ဆောင်းဟာ တကယ့်ကို အဝေးကြီး ရှိနေမှန်း သိလိုက်ရသဖြင့် ရင်ထဲမှာက ဟာသွားသည်။

"ဟော... ဟိုမှာ ကားလာပြီ"

ဆောင်း ချက်ချင်းထ,ရပ်လိုက်သည်နှင့် သူ ဆောင်း လက်ကလေးကို ဖမ်းဆွဲထားလိုက်၏။

"နေပါဦး... ဆောင်းရယ်"

"အို... အဲလိုမလုပ်နဲ့၊ ဆောင်းလက်ကို လွှတ်"

သဝန်က ဆောင်းလက်ကို လွှတ်လိုက်ပြီး ရှေ့မှာပိတ်ထား လိုက်သည်။





"ညကျရင် တို့ ဖုန်းဆက်မယ်နော်"

"မဆက်ပါနဲ့... အန့်တီသူမှာပေါ့"

"ဆက်မှာပဲ... ဆောင်း မကိုင်ရင် မကိုင်မချင်း ခေါ်မယ်"

လှုကြမ်း ဖြစ်နေပြီထင်သည်။

ငြိမ်းချောက်ရတာတွေ အဓမ္မဆန်တာတွေ ဖြစ်ကုန်ပြီ။

မတတ်နိုင်ပါ...ဆောင်းကို သူ ဘယ်လိုမှ စိတ်မချနိုင်တော့ သည့် ရင်ထဲမှာ အမြန်ဆုံး ပိုင်ဆိုင်ချင်လာသည်။

အနားမှာပဲ ထားချင်သည်။

နောက်ဆို သူ ခုလို အေးအေးဆေးဆေး သွားလာနေဖို့ အချိန်မရှိတော့။

ဆောင်း ချစ်တတ်လာအောင် တိုက်တွန်း ဖြားယောင်းနေဖို့ အချိန်လည်း သူ မပေးနိုင်။

မထင်မှတ်ဘဲ တံခါးခေါက် ချဉ်းနင်းလာခဲ့သော ကြွေသံရှင် လေးကို သူ ပြန်ထွက်သွားခွင့် မပြုနိုင်တော့ပါ။

တံခါးဖွင့်ထားပေးမည်... လာပါ... ဝင်ပါဟု ခေါ်မည်။

မဝင်ဘူးဆိုလျှင် အတင်းဆွဲခေါ် တံခါးပိတ်ထားဖို့ပဲ ရှိ၏။ အချစ်အတွက် သုံးစွဲဖို့ သဝန် လက်နက်ရှာရပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၁ )

"ကိုနေ... မေမေ ခေါ်နေတယ်"

အိမ်ပေါ်ထပ်ကို တောက်လျှောက် လှမ်းဝင်ခဲ့သည့် ခြေထောက်တို့က တုံ့ခနဲ ဖြစ်သွားသည်။

လှည့်ကြည့်လိုက်ပေမယ့် မျက်ဝန်းတို့က ခက်ဖြာဝေထဲမရောက်မီ ရပ်တန့် ရှုပ်သိမ်းခဲ့၏။

"တို့ သွားစရာရှိတယ်၊ ပြောစရာရှိတာ နောက်မှပြောပါလို့"

"နေပါဦး"

တားဆီးသူက ဒေါ်မမ ပဲဖြစ်သည်။ သူမကိုယ်တိုင် သဝန် ဆီ လျှောက်ဝင်လာပြီး မျက်နှာချင်းဆိုင် ရပ်လိုက်၏။

"မင်းကို [illegible] ပြောစရာရှိလို့ပါ၊ မင်း အချိန်မရမှန်းလည်း သိတယ်၊ ခုပဲ ပြောမယ်ကွာ၊ ခဏလေးပဲ ထိုင်ပါ"

မလွှဲသာသည်မို့ သဝန် ဆိုဖာဆီ လျှောက်လိုက်ခဲ့ရင်း ခပ်လေးလေး ထိုင်သည်။





ဒေါ်မမက ခက်ဖြာဝေနှင့်အတူ သူ့ရှေ့မှာ ထိုင်လိုက်ပြီး...

"အခု မင်းအဖေထားခဲ့တဲ့ ကန်ထရိုက်လုပ်ငန်းမှာ သားကြီးဝေမျိုးကို နေရာတစ်နေရာပေးဖို့ ပြောချင်တာ၊ သူလည်း ဟိုမှာလုပ် ဒီမှာလုပ် ဘာမှမယ်မယ်ရရ မရှိခဲ့သေးဘူး။ ဒါပေမယ့် လူမျိုးစုံထဲမှာ ကျင်လည်ပြီး ပညာတွေလည်း စုံနေပါပြီ၊ လူမှုဆက်ဆံရေးမှာ ဘယ်လုပ်ငန်းကိုမဆို အစိမ်းသက်သက် ဖြစ်နေမှာတော့မဟုတ်ဘူး။ သားက လူလည်ပါ။ မင်းရဲ့အနားမှာ ထားတော့လည်း အားကိုးရတာပေါ့၊ ညီအစ်ကို စည်းစည်းလုံးလုံး ရှိနေကြတာလည်း ကောင်းတာပဲ မဟုတ်လား"

သဝန်က ကုတ်အင်္ကျီကို ချွတ်ပစ်လိုက်ပြီး လက်မောင်းပေါ်မှာပဲ တင်ထားကာ ဒေါ်မမကို မျက်မှောင်ကုတ်နှင့် ကြည့်နေသည်။

"ကျွန်တော့်အတွက် အားကိုး မလိုပါဘူး၊ ရပ်ကွက်ထဲ ပွဲစားတန်းမှာ လည်လည်ဝယ်ဝယ် ဖြစ်နေတဲ့လူ ကျွန်တော့် အလုပ်ထဲမှာတော့ အလကားပဲ"

"သဝန်"

ဒေါ်မမ ဆတ်ခနဲ ဖြစ်သွားသည်။

ကိုယ်လိုတာရှိလို့ အတတ်နိုင်ဆုံး သင့်တင့်အောင် ပြောဆိုဖို့ လျှော့ချထားခဲ့သည့်စိတ်က ထောင်းခနဲ ဖြစ်၏။

"ဘယ်လိုပြောလိုက်တာလဲ သဝန်၊ မင်း စကားပြောတာ ရင့်သီးလှချေလား။ ငါ့သားက ပွဲစားတန်းမှာပဲ လည်လည်ပတ်ပတ် ရှိတဲ့လူဆိုတာ ထားပါတော့၊ မင်းကကော ဒီလုပ်ငန်း ဒီအထာတွေကို ဘယ်လောက် ရင်းနှီးနေလို့လဲ၊ ဘယ်လောက်တတ်နေသလဲ၊ ဘာမှ မသိတာချင်းတူရင် သူငယ်ချင်း အပေါင်းအသင်းနဲ့ ဂီတာတီး လက်ဖက်ရည်ဆိုင် ထိုင်ရုံပဲ တတ်ခဲ့တဲ့ မင်းထက် ငါ့သားက အများကြီး တော်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း သူ့အမေဖြစ်တဲ့ အန်တီမမက သူနဲ့သင့်တော်တဲ့ အလုပ်ကို ရှာပေးလိုက်ပါ"

"ကိုနေက ဒါ ငါ့အဖေရဲ့အလုပ်ပဲ ဆိုတာကို ဂုဏ်ဖော်တာလား"

ခက်ဖြာဝေတော ကောက်ခနဲ ထ,မေး၏။

သဝန်က တစ်ချက်လှမ်းကြည့်ပြီး မေးဆတ်ညိတ်၏။

"ဟုတ်တယ်...အဲဒီသဘောပဲ၊ ငါ အခု အလုပ် လုပ်နေတာ အလုပ်ကိုမက်မောလို့လည်း မဟုတ်ဘူး။ စီးပွားရေးလုပ်ငန်းရှင် ဆိုတဲ့ နေရာကိုရချင်လို့လည်းမဟုတ်ဘူး။ အားလုံးက ဖေဖေ စီမံထားခဲ့တဲ့အတိုင်းပဲ၊ ဒါ ဘာကောင်ဖြစ်ဖြစ် ဒီနေရာမှာ မဖြစ်မနေ နေပေးဖို့က ငါ့ဝတ္တရား။ ငါ့ကို ဘယ်သူမှ ဝေဖန်ဖို့မလိုဘူး"

ပြောပြီး ထ,ရပ်လိုက်သည်။

ဒေါ်မမကလည်း အပြိုင်လိုက်ရပ်သည်။

"သဝန် မင်းရဲ့အဖေတောင် ငါ့ကို ဒီလိုပြတ်ပြတ်သားသား အာမှ ပြောဆိုတားမြစ်ခဲ့တာ မရှိဘူး၊ ငါ့သဘောကျ ငါ့ကို အလို လိုက်ခဲ့တာ"

တစ်ကိုယ်လုံး ဖျင်းခနဲ ဖြစ်သွားသည်။

ဒေါသနှင့် ပြန်ကြည့်လိုက်သည့် သဝန့်မျက်ဝန်းများကို ဒေါ်မမက ဂရုမစိုက်စွာ တုံ့ပြန်ကြည့်၏။ စကားပြောပုံက ဘာလိုလို အဓိပ္ပာယ် တွေနှင့်၊ အမြီးတမ်း ဘာပြောပြော သက်ရောက်မှုတွေ လွှဲချော်ကုန်အောင် ပြောဆိုသွားတတ်သည့် ဒေါ်မမ စကားများကို သဝန် သတိထားမိ နေခဲ့သည်။

ဖေဖေ့ကို ပြောမိတိုင်းလည်း ဖေဖေ မျက်နှာမကောင်း။

"သူက ဒီလိုစကားတွေပြောဖို့ ဝန်မလေးခဲ့တာ ဖေဖေ ဘာမှ မတတ်နိုင်ဘူး"





ဟု စိတ်ပျက် ညစ်ညူးစွာ ပြောသံကြားခဲ့သည်။

ဖေဖေဟာ မေမေ့ကိုကော သားဖြစ်သည့် သူ့အပေါ်မှာပါ တာဝန်ကျေခဲ့သည်။ ချစ်ခင် ကြင်နာခဲ့သည်။

ဖေဖေ့သိက္ခာ ဖေဖေ့စိတ်ဓာတ်ကို သူ လေးစားခဲ့၏။

ဒေါ်မမတို့သားအမိတွေ ဒီအိမ်ပေါ်မှာ ဤမျှထိ တာရှည်စွာရှိနေ ခဲ့တာလည်း ထိပါးမခံနိုင်သည့် သိက္ခာတရားများကြောင့်ပဲ ဖြစ်သည်။

"အကုန်လုံးကို မောင်းချပစ်လိုက် ဖေဖေ"

ဟု သဝန် ငယ်စိတ်နှင့် ပြောပစ်လိုက်ဖူးသည်။

ဖေဖေက လက်မခံခဲ့ပါ။

"သူ ဘယ်အတိုင်းအတာထိ ပြောရဲနေလဲဆိုတာ ဖေဖေ့ မခန့်မှန်းနိုင်ဘူး။ အတွင်းကြိတ်ကြိတ်နေတဲ့ သူ့ရင်ထဲက မဟုတ်တရုတ် တွင်လုံးတွေ ဖွင့်လှစ်ကုန်ရင် သွားပြီ"တဲ့။

သဝန် အတွေးတို့ တဖျတ်ဖျတ် လွန့်လူးလာရင်း ဒေါ်မမကို ရင်ဆိုင်လိုက်၏။ မျက်ဝန်းကို စေ့စေ့ကြည့်လိုက်ပြီးမှ ခေါင်းဆတ် ညိတ်ကာ...

"ဟုတ်မှာပါ... ဖေဖေက လူကြီးဆိုတော့ ပြောတဲ့စကားကို လည်း ကြားတယ်၊ မပြောတဲ့စကားကိုလည်း ကြားနေမှာပဲ၊ ဒါပေမယ့်... မျက်လွှာချထားတိုင်း နာခံနေတာလို့ မထင်ပါနဲ့၊ ကျွန်တော်ကတော့ ဂရုမစိုက်ဘူး။ မမြင်ရတဲ့ လက်နက်ဖြစ်ဖြစ်၊ မျက်နှာရှေ့ကပဲ ဓားနဲ့ မိုးထားထား မျက်စိတစ်ဆုံးကို မျှော်ကြည့်မနေဘူး။ မျက်မှောက်တစ်ဆုံးမှာ ဖြစ်လာသမျှကို ရှင်းပစ်မယ်"

ဘာပဲထင်ထင် ဘာဖြစ်သွားသွား ပြောချင်တာကို ပြောပစ် လိုက်သည်။



www.burmeseclassic.com

ဒီမိန်းမကြီးကို ဖေဖေ ဘာအကြောင်းနဲ့ပဲ ခွင့်လွှတ်ခဲ့ပစေ ဘာမှမဆိုင်တာကို မဆိုင်သလိုပဲ သူမြင်သည်။

ရေချိုး ထမင်းစားပြီးတော့ ချိန်းထားသည့် ဖေဖေ့ အတွင်းရေးမှူး ရောက်လာသည်။

စာကြည့်ခန်းထဲမှာ လုပ်ငန်းနဲ့ပတ်သက်သမျှ တပ်ပြဆွေးနွေးရင်း ည ကိုးနာရီကျမှ ပြန်သွား၏။

"အစ်ကိုလေး အဆာပြေ တစ်ခုခု စားဦးမလား"

သူ အတွင်းရေးမှူးကို ကားပေါ်တက်တဲ့အထိ လိုက်ပို့ပြီး ပြန်တက်လာတော့ အိမ်ဖော် ကောင်မလေးက မေးသည်။

"မစားတော့ဘူး... ဟိုသားအမိတွေကော"

အပြတ်မ်း ညေ့ခန်းမှာ သားအမိတွေ ခပ်မိန့်မိန့်ထိုင်ကာ စားစရာ တစ်ခုခု ရှေ့မှာထား၍ စတိုင်လ်ကျကျ နေတတ်ကြတာမို့ ဘယ်သူမှ မတွေ့သဖြင့် တစ်ယောက်မှ အိမ်မှာမရှိတာ သေချာနေသည်။

"ခုနကပဲ ကိုကြီးဝေမိုး ပြန်မရောက်လို့ ထွက်လိုက်သွားကြတယ်၊ သားအမိနှစ်ယောက် ဘာတွေဖြစ်နေကြသလဲ မသိဘူး အစ်ကိုလေးရဲ့၊ ပျာယာခတ်နေတာပဲ"

အိမ်တွင်းရေး မပြေလည်မှု တချို့ကို သိထားသဖြင့် ကောင်မလေးက သတင်းပေးသည်။

သဝန်က နာရီကို ငုံ့ကြည့်လိုက်ပြီး...

"ည ဆယ်နာရီကျော်ရင် စောင့်မနေနဲ့ အိပ်တော့"

"ဟုတ်"

"ဘယ်သူခေါ်ခေါ် တံခါးထွက်ဖွင့်မပေးနဲ့"

"ဟုတ်"

"သွားတော့"





ကောင်မလေး ခေါင်းငုံ့၍ ထွက်သွားသည်။

ဒီအိမ်မှာ အိမ်ရှင်က ဦးမျိုးနေ...

သားက နေသဝန်... ဒါပဲ။

ဒူးနေရာဒူး၊ တော်နေရာတော်၊ လမ်းမှန်ကမ်းမှန် သိထားဖို့တော့ သိပြီ၊ ဖေဖေလည်း အိမ်မှာမရှိ။

ဒီသားအမိတွေကို ဖေဖေ ဘာငဲ့နေတာလဲ။

သူတို့က ဘယ်လိုနိုင်ကွက်တွေ နင်းပြီး ပြုံးနေနိုင်တာလဲ။

တွေးမည်...

လက်နက်တွေ ရှိသလောက် ထုတ်လိုက်စမ်း...

အခန်းတံခါးကို ကျိမ်းခနဲ ဆွဲပိတ်ပစ်လိုက်သည်။

ဘယ်တော့မှလည်း ဆက်တိုင်းမရခဲ့သည့်မှန်းကို ဖွင့်၍ အိပ်ရာထဲ လှဲချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

ဖုန်းသံက ဆူညံနေ၏။

ပြင်သစ်ဘာသာစကားတွေ ကျက်ရင်း မှေးခနဲအိပ်ပျော်သွားသည့် မျက်လုံးတို့က ဖျတ်ခနဲ ပြန်ပွင့်၏။

ဖုန်း ဒီလောက်မြည်နေတာ ဘယ်သူမှ မကိုင်ကြဘူးလား။

ဆောင်း အပြင်ထွက်လာတော့ ဘယ်သူမှ မရှိကြ။

မနန်းရော အိပ်ပျော်နေလို့လား။

နာရီကို ကြည့်လိုက်တော့ ကိုးနာရီခွဲ။

"ဟဲလို"

"ဟာ... ဆောင်း"

တစ်ဖက်က အသံက အားပျော့ လဲကျနေသည့်လူနာ ဓါတ်ခနဲ နှိုးထလိုက်သလို ကျယ်ကျယ်လောင်လောင်ကြီး။

"နေသဝန်လားဟင်"

"ဟုတ်တယ်... ဆောင်း၊ ဆောင်း ဖုန်းမချလိုက်နဲ့နော်၊ ဒီတစ်ခါ ကိုယ် တကယ်သည်းမခံဘူး။ ဖုန်းဆက်တိုင်း ချ,ချပစ်တာကို





ကိုယ့်မှာ ဘယ်လောက်ခံစားရလဲသိလား၊ အလုပ်က လုံးဝ မအားလို့ ငြိမ်နေရတာ"

"အန်တီ သိမှာစိုးလို့ပါ၊ အန်တီက ယောက်ျားကလေးတွေနဲ့ မခင်ရဘူးတဲ့၊ မြန်မြန်ပြောလေ... ဘာလဲ"

"ဆောင်းကို ကိုယ် ဘယ်လိုမှ မေ့လို့မရအောင် ချစ်တယ်"

"ဒါပဲမို့လား"

"ဟာ...နေဦး...ဆောင်း... ဆောင်း"

"အို... အော်လိုက်တာ... ဖြည်းဖြည်းပြောပါ၊ ဆောင်း နားထောင်နေတယ်"

"ချွဲသွားမှာစိုးလို့... ခဏလေးပါ ဆောင်းရယ်၊ ဆောင်း အသံလေးကို ဖမ်းယူထားပြီး ကိုယ် ဒီည အိပ်ချင်လို့"

သူ အနားမှာမရှိဘဲ လှိုက်ခနဲ တုန်ခါသွားသည့်ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိ။ ဒီအချိန် အန်တီ အပြင်မထွက်တတ်ပါ။

အိပ်နေတာလား... အလုပ် လုပ်နေတာလား မသိ။

ဖုန်းပြောရင်း ရင်ထဲမှာလည်း မောနေမိသည်။

"ဆောင်း"

"ဟင်"

"ကိုယ့်ကို ပြန်ချစ်နော်"

"ဟင့်အင်း"

"ရက်စက်တယ်ကွာ"

"ဆောင်း တောင်းပန်ပါတယ်... ဒါပဲနော်"

သူ့ခေါ်သံကို ကြားလိုက်ပေမယ့် ဆောင်း ဖုန်းချပစ်လိုက်သည်။ သို့သော် ချက်ချင်းပဲ ဖုန်းက ထ,မြည်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း အထိတ်တလန့် ငုံ့ကြည့်နေပြီးမှ အန်တီ နိုးသွားမှာ စိုးသောကြောင့် ဖုန်းကို ကိုင်လိုက်စဉ်...

"ထားလိုက်တော့..."

ဆောင်း လက်ကလေးပေါ်ကို ထပ်အုပ်ကိုင်လိုက်သည့် လက် တစ်ဖက်က ဒေါ်နှင်းနှင်းမြတ်ပဲ ဖြစ်လေသည်။

"အန်တီ"

ဤသို့သော ထိတ်လန့်ခြင်းမျိုး တစ်ခါမှ မဖြစ်ခဲ့ဘူးသဖြင့် ဆောင်း မျက်နှာလေး နီမြန်းကာ ဖုန်းကိုင်ထားသည့်လက်ကို ချက်ချင်း ပြန်ရုပ်ပြီး...

"သူ... ဘယ်သူလဲသမီး"

"နေသဝန်"

ဖြေဖို့ကျတော့ ဆောင်း တွန့်ဆုတ်ခြင်း မရှိပါ။

ဒေါ်နှင်းနှင်းမြတ် မျက်မှောင်ကုတ်သွားသည်။

ပထမဆုံး ဖုန်းဝင်လာသည့်နေ့ကလည်း သူမ သိသည်။

ဆောင်း ပြောပြီး ချက်ချင်း ချပစ်လိုက်တော့ မရိုးသားစွာ ဆက်သွယ်တာပဲ ဆိုတာကို တွက်မိသည်။

နောက်နေ့တွေကျတော့ ညတိုင်း အချိန်မှန်လာသည်။

ဆောင်း ရောက်မလာခင် သူမပဲ ကိုင်လိုက်၏။

တစ်ဖက်က ယောကျ်ားလေးသံ။

ဘယ်သူဆိုတာ မပြောဘဲ ဆောင်းရဲ့သူငယ်ချင်းပါလို့ပဲ ပြောပြီး ဖုန်းချသွား၏။ နေ့တိုင်း ဆောင်းကိုပဲမေးကာ စကားတိုတို ပြော၍ ဖြတ်သွားတတ်သည်။

ပုံစံက သူ့ကိုယ်သူ မိတ်မဆက်သေးတာဘဲ ရှိသည်။





ဆောင်းကို တွေ့ခွင့် ပြောခွင့်ရဖို့ ကြိုးစားသည့် နေရာမှာ ဘယ်သူသိသိ ဂရုမစိုက်တဲ့ ပုံမျိုး။

ဒေါ်နှင်းနှင်းမြတ်က ဖုန်းပလပ်ကို ဖြုတ်ပစ်လိုက်ပြီး ဆောင်း ပခုံးလေးနှစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်သည်။

"သမီးလေးနဲ့ သူ ဘယ်တုန်းကသိနေတာလဲ၊ သူက သမီးကို ချစ်ရေး ဆိုထားသလား"

"ဟုတ်"

ဆောင်းက တစ်ခုကိုပဲဖြေ၍ ပထမမေးခွန်းကိုဖြေဖို့ စဉ်းစားသည်။

"သူနဲ့ သမီး သိနေကြတာ ကြာပြီလား"

ဟု ထပ်မေးသောအခါ...

"သိပ်တော့ မကြာသေးပါဘူး။ ဒါပေမယ့် ခဏခဏတွေ့တယ်"

"သင်တန်းတွေ တက်ရင်းနဲ့လား"

"ဟင့်အင်း"

"ဘယ်မှာတွေ့တာလဲ"

"ခြံထဲမှာ"

"ဘယ်လို"

"လမ်းမှာလည်း တွေ့တယ်"

"ဖြစ်ရလေ"

ဒေါ်နှင်းနှင်းမြတ် မျက်နှာပျက်လေသည်။

"သူ့နာမည်က နေသဝန် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်ကလဲ"

"ဆောင်း မသိဘူး"

"ခြံထဲမှာဆို ခြံထဲကို သူက ဘယ်လိုဝင်လာတာလဲ"



www.burmeseclassic.com

ဆောင်းက သဝန်နဲ့ ဆုံခဲ့ပုံကို ပြန်ပြောပြသည်။

ဒေါ်နှင်းနှင်းမြတ် မျက်နှာမှာ ပြောင်းလဲခြင်းတွေ အမျိုးမျိုး ရှုပ်ထွေး ပြေးလွှားနေ၏။

"သမီးက သူ့ကို စိတ်ဝင်စားနေပြီလား"

"စိတ်ဝင်စားတယ်ဆိုတာ ဘာကို ပြောတာလဲဟင်"

ဆောင်းက ပြန်မေးတော့ ဆောင်းလက်ကလေးကို ဆွဲခေါ်လာပြီး ခြေရင်းခန်းမှာ ထိုင်လိုက်သည်။

"စိတ်ဝင်စားတယ်ဆိုတာ အဲဒီတစ်ယောက်ကို ခဏခဏ သတိရနေတာ၊ သူ့အကြောင်းကို တွေးမိရင် ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားတာမျိုး၊ ပြီးတော့ တစ်ယောက်တည်းနေပြီး ပြုံးမိ ရယ်မိတာလေး နောက်ပြီး အဲဒီလူနဲ့ တွေ့ချင် ဆုံချင်နေတာမျိုး"

ဆောင်းက ငြိမ်ငြိမ်လေး နားထောင်နေပြီး ခေါင်းညိတ်လိုက်၊ ခေါင်းခါလိုက်နှင့် ဒေါ်နှင်းနှင်းမြတ် စကားဆုံးတော့ သက်ပြင်းလေး ချသည်။

"ခဏခဏ သတိရတယ်၊ ဒါပေမယ့် အန်တီ ပြောသလို မဟုတ်ဘူး ထင်တယ်၊ သူ့ဖုန်းဆက်မှာကို တွေးပြီးကြောက်နေတာပါ"

"သူနဲ့တွေ့ရင်ကော ပျော်လား"

"အဲဒါ မသိဘူး"

ဒေါ်နှင်းနှင်းမြတ် ရင်ထဲမှာ မောသွားသည်။

ဒီကလေးမရင်ထဲမှာ ဘာရှိနေမှန်းမသိတော့ ဘယ်လို သိမ်းသွင်းစည်းရုံးရမှန်းမသိ။ ကျောကို ပုတ်နိုးသလို ဖြစ်သွားမှာကို စိုးသည်။

မသိသေးတာကို သင်ပေးမိသလို ဖြစ်သွားလျှင် ခက်မည်။

ထိုအခါ စမ်းတဝါးဝါးနှင့် မမြင်မစမ်းနယ်မြေတစ်ခုကို ဖြတ်သန်းဖို့ အားထုတ်ခြင်းဟာ အကျိုးမရှိနိုင်သည်ကို တွက်မိလိုက်သည်မို့





"သမီးကိုလေ နိုင်ငံခြားပြန် အင်ဂျင်နီယာ တစ်ယောက်နဲ့ လက်ထပ်ပေးဖို့ အန်တီက ပြောဆိုထားပြီးပြီ"

"ဟင်"

ဘယ်လိုမှ ထင်မှတ်မထားခဲ့သည့် စကား။

အိမ်ထောင်ချပေးဖို့ ဆိုတာ အန်တီ ဘယ်တုန်းကမှ စကားထဲမှာ ထည့်မပြောခဲ့ဘူးပါ။

ဒေါ်နှင်းနှင်းမြတ်က ဆောင်း မျက်နှာလေးကို ကြည့်၍ နားလည်သည်။ သူမ တကယ်ပြောဆိုပြီးပြီ ဆိုတာလည်း မဟုတ်ပါ။

ဒီလူငယ်ကိုမြင်ပြီး ဒီလိုစီစဉ်ချင်သည့် ဆန္ဒတော့ ရှိခဲ့ဖူးတာ မှန်သည်။

သူတို့ဘက်ကလည်း ကိုယ့်မှာ သမီး (သို့မဟုတ်) တူမ တစ်ယောက် ရှိနေတယ်ဆိုတာကို သိနေကြတာ မဟုတ်သောကြောင့် သားရေး သမီးရေး မပြောဖြစ်ခဲ့ကြပေ။

ခုတော့ သမီးလေးကို ချဉ်းကပ်လာနိုင်သည့် ဘယ်လိုအဆင့်၊ ဘယ်လိုလူစားမှန်း မသိသော အဖျက်အဆီးများကြောင့် မထင်မှတ်ဘဲ ပြောလိုက်မိပြီ။ ပြောသည့်အတိုင်း ဖြစ်ဖို့လိုပြီမှန်းလည်း သိလိုက်၏။

"သမီး... အံ့ဩနေလား။ တကယ်ပြောတာ သမီးလေးက အရမ်းကို အေးချမ်း ဖြူစင်တဲ့ကလေး။ ပြီးတော့ ပိုင်ဆိုင်ထားတဲ့ အမွေတွေက တစ်ပုံတစ်ပင်၊ သမီးရဲ့အိမ်ထောင်ဘက်က သိပ်ကို အရေးကြီးတယ် သမီး၊ အဆင့်အတန်း၊ စိတ်ဓာတ်၊ စာရိတ္တ အားလုံးပြည့်စုံမှ ဖြစ်မယ်၊ ဒါကြောင့် သမီးလေးကို ရွေးချယ်ခွင့် မပေးနိုင်တာပါ၊ အန်တီကိုနားလည်ပါ သမီးရယ်၊ သမီး ရွေးချယ်လို့မဖြစ်ဘူး၊ ခေါင်းထဲ ရင်ထဲမှာ ရှိထားတာရှိရင်လည်း ထုတ်ပစ်လိုက်ပါ၊ အန်တီ့စကားကို နားထောင်နော်"

www.burmeseclassic.com



ဆောင်းက ကြောက်ရွံ့သည့် မျက်ဖန်းလေးများနှင့် ကြည့်နေကာ တစ်စုံတစ်ခုကို မရမက အကြိတ်အနယ် တွေးတော နှိုက်ထုတ်နေခဲ့၏။

နောက်ဆုံး သူမခေါင်းထဲမှာ ဘာဆိုဘာမှ အဖြေမရှိခဲ့သောအခါ...

"အန်တီ"

"ဟင်"

"အိမ်ထောင်ဖက်ဆိုတာ ဘာဖြစ်လို့ အဲဒီလောက်အရေးကြီးနေတာလဲ၊ ဆောင်း လက်ထပ်ပြီးရင် ဘာတွေ ပြောင်းလဲသွားမှာလဲဟင်"

"သမီးရယ်"

ဒေါ်နှင်းနှင်းမြတ် ဘာပြောရမှန်းမသိ။

သမီးလေးကို ချစ်မှုရေးရာတွေ ရှင်းပြရမှာလား။

ကိုယ်က စ,မိလို့ သူက မေးနေပြီ၊ မဖြေဘဲနေလို့ ရမလား။

တကယ်ဆို အလွန်အတွေးနုနေသေးသည့် ဒီသမီးလေးကို ရင်ခွင်ထဲမှာပဲ ပိုက်ထားလိုက်ချင်ခဲ့သည်။

"အန်တီ ဖြေလေ"

"သမီးရယ် အိမ်ထောင်ပြုတယ် ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဘဝကို အပ်နှင်းကြတာပဲ၊ ကိုယ့်ကို သူပိုင်သလို သူ့ကို ကိုယ်ပိုင်တယ်၊ နှစ်ကိုယ့်တစ်စိတ် ဆိုတာမျိုး။ နေရာတကာမှာ ကိုယ့်စိတ် ကိုယ့်သဘော မဟုတ်တော့တာမျိုးပေါ့"

ဆောင်း မျက်နှာလေး အကြီးအကျယ် ပျက်ကျသွား၏။

"ဆောင်းကို သူကပိုင်တယ်၊ ဟင့်အင်း...သူ့ကိုလည်း မပိုင်ချင်ပါဘူး၊ ဆောင်းကိုလည်း မပေးနိုင်ပါဘူး။ ဆောင်းကို အန်တီပဲပိုင်တာ မဟုတ်ဘူးလား၊ ဘယ်သူ့ကိုပေးရမှာလဲ၊ အဓိပ္ပာယ်မရှိတာ"





"အဲလိုကြီးလည်းမဟုတ်ဘူး သမီးရဲ့၊ တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာ မြတ်မြတ်နိုးနိုး အပ်နှင်းကြတာမျိုးလေ၊ သမီးလေး သူနဲ့ ရင်းနှီးသွားရင် စိတ်ထဲမှာ အလိုလို လက်ခံသွားမှာပါ၊ ကဲ... ညဉ့်နက်လှပြီ သွားအိပ်တော့"

ပြောပြီး ဒေါ်နှင်းနှင်းမြတ်က ကိုယ်တိုင် ဆွဲထူ၍ အခန်းထဲထိ ပို့ခဲ့ပြီးမှ ပြန်ထွက်သွားသည်။

ဆောင်း အိပ်လို့ မပျော်တော့ပါ။

'လမ်ိုစံအိမ်' ကြီးထဲမှာ သာယာ ချမ်းမြေ့ခဲ့ရသော ဘဝလေးနှင့် ရင်ဆိုင်နေရသည့် လက်ရှိဘဝက အကွာကြီး ကွာလာခဲ့သည်။

"လူ့လောကရဲ့ အရှိန်ကိုရှုပ်တာ သမီးရဲ့၊ ဒါတွေကို သမီး သိရမယ်၊ လူဖြစ်ပြီး လူတွေရဲ့သဘောကိုမှ နားလည်မနေရင် ဘာမှ အဓိပ္ပာယ်မရှိတော့ဘူး"

အန်တီပြောနေခဲ့တုန်းက ဒါတွေ ဒီလောက်ရှုပ်ပါလားဆိုတာ မသိခဲ့သေး။ ခုကျတော့ အန်တီပြောသမျှကို နားမလည် ဖြစ်ရလေ စိတ်ညစ်မိလေ။

ချစ်တယ် ကြိုက်တယ်ဆိုတာ ဗီဒီယိုကြည့်ရင်း မြင်ဖူးသည်။ အိမ်ထောင်ရေး ဆိုတာကျတော့ ဆောင်း ဘာမှမသိ။

သိစေလောက်အောင် မြင်သာ ထင်သာသည့် အိမ်ထောင်ရေး ဇာတ်လမ်းမျိုးတွေလည်း ဆောင်း ကြည့်ခဲ့ရတာ မဟုတ်ပေ။

ဒီသမီးလေးကို အထူးတလည် ချစ်ခဲ့ကြသော မိဘနှစ်ပါးက တစ်ပါးသူ တစ်ယောက်ယောက်လက်ထဲ ထည့်ပေးလိုက်ရမှာ စိုးလှနိုးသော အတွေးများကြောင့် ချစ်ခြင်း ခင်ခြင်းအားလုံးနှင့် မထိတွေ့စေအောင် ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗီဒီယိုအခွေ တချို့ကို ကြည့်စေခဲ့တာကျတော့ 'လရိပ်စံအိမ်ကြီးထဲက လူတွေအပြင် တခြားလူတွေအများကြီး ရှိနေကြသေးတာကို သမီးလေး မြင်စေ သိစေလို၍ ဖြစ်၏။

တချို့ပညာတွေကို မှတ်နိုင်းကျက်နိုင်း၍ လွယ်အောင် လက်တွေ့သုစေခဲ့တာဆိုလျှင် ပို၍မှန်မည်။

မြို့ပြ ကျေးရွာ ဆိုတာ ဘာလဲ။

လူတွေ ဘယ်လိုသွားလာနေ နေထိုင်ကြသလဲ။

ဒါပဲ... သိရင်တော်ပြီ။

ထိုစည်းဘောင်တစ်ခုထဲမှာ ဆောင်း ဘာမှသိခွင့်မရခဲ့။

ဆောင်း သိခဲ့တာ 'လရိပ်စံအိမ်'ကြီးထဲက မိသားစုများပဲဖြစ်ကာ ၎ကျတော့ အန်တီ ဒေါ်နှင်းနှင်းမြတ်တို့ ပိုင်သော 'ဒဏ္ဍာရီစံအိမ်'ကြီးထဲက မိသားစုတွေ။

တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြိုက်ကြတာကို နားလည်ပေမယ့် အိမ်ထောင်ရေးဆိုတာ ဘာမှန်းမသိ။

ပို့ဆိုးသည်က ကိုယ့်ကို သူများက ပိုင်သည်ဆိုတာကြီးဖြစ်၏။

တစ်ညလုံး အိပ်လို့မရဘဲ ဟိုသည်လူးလိမ့်ရင်း မိုးလင်းခါနီးမှ အိပ်ပျော်ခဲ့၏။



## အခန်း ( ၁၃ )

အန်တီ ဒေါ်နေတယ်ဟု မနန်း လာပြောသဖြင့် ထွက်လာသည့် ခြေထောက်တွေက ညေ့ခန်းမှာ လူတွေအများကြီး စုဝေးနေတာ မြင်လိုက်သည်နှင့် ရှေ့ကို တစ်လှမ်းမှ ထပ်တိုးမရတော့။

"သမီးလေး... လာလေ"

ဒေါ်နှင်းနှင်းမြတ်ကပဲ ထ,လာပြီး ဆောင်း လက်ကလေးကို ဆွဲခေါ်သည်။ ဘယ်သူတွေလဲ...။

တစ်ကိုယ်လုံးမှာ လက်ဝတ်ရတနာတွေ ပြိုးပြက်လက်အောင် ဝတ်ထားသည့် အမျိုးသမီးကြီး တစ်ယောက်။

သူ့ဘေးမှာတော့ ဖေဖေ့လို မျက်မှန်ထူထူကြီးနှင့် ခံ့ညားသော လူကြီးတစ်ဦး။ ဒီဘက်က တစ်ယောက် ဆိုဖာပေါ်မှာ နောက်တစ်ယောက်။

မီးခိုးရောင် အနောက်တိုင်းဝတ်စုံနှင့် တိုတိုရှင်းရှင်း ဆံပင်ကို ကရင်လိမ်း၍ ကျကျနန သိမ်းလှန်ထားသည်။

www.burmeseclassic.com



လေးထောင့်စပ်စပ် မျက်နှာမှာ နှုတ်ခမ်းတစ်စုံက ထောင့်ချိုး ညိုကာ ဗိုဗိုရိုရို ပုကျနေသည်။

နှာဝဲက ထင်းနေအောင် ပေါ်၏။

မျက်ခုံးထူတာကလည်း သိသာသည်။

နှုတ်ခမ်းများနှင့် မေးဖျားတွေမှာ မွေးညှင်းရာများနှင့် စိမ်းညို့နေ၏။

ထိုမျက်နှာကိုပဲ ဆောင်းက ငေးစိုက်ကြည့်၍ နောက်ပြန် မကြည့်ဘဲ ဆိုဖာမှာ ထိုင်သည်။

ထိုင်ပြီးတဲ့အထိ ကြည့်နေမိဆဲ။

သားရှင်ဘက်ကတော့ ဆောင်း ငေးနေတာကို အဓိပ္ပာယ်တွေ ကောက်၍ သဘောကျနေကြသည်။

နှုတ်ခမ်းတွေ ပြုံးနေပြီး...

ဤခန္ဓာဆောင်ဖို့ သတိမရလောက်အောင် ချောလွန်းလို့ ငေးမိတာ မဟုတ်ပါ။

စိတ်ထဲမှာ ထိုယောကျ်ားဟာ ကိုယ်နှင့် တစ်စုံတစ်ရာ ပတ်သက် နေလိမ့်မည် ဆိုသည့် နှိုးဆော်မှုတစ်ခုကြောင့် ကြည့်မိခြင်း ဖြစ်သည်။

ထို့နောက် ရုးရဲလွန်းသည့် မျက်ဝန်းများအရောက်မှာ ဆောင်း မျက်နှာလွှဲပစ်လိုက်၏။ မနှစ်မြို့သည့်စိတ်က ရင်ထဲမှာ ပထမဆုံး ဖြစ်ထွန်းသွားသည်။

"ချစ်စရာကောင်းလိုက်တဲ့ သမီးကွယ်၊ ဆံပင်တွေကလည်း လှလိုက်တာ၊ လရိပ်ဆောင်း တဲ့လား"

ဘယ်တုန်းက မိတ်ဆက်ပေးလိုက်မှန်းမသိ။

အမျိုးသမီးကြီးက အားပါးတရ ထ,ပြောသည်။

နောက်ထပ်တစ်ခါ ကြည့်လိုက်မိတော့ ထိုယောကျ်ားက ဆောင်း ကို ပြုံးပြနေသည်။





ဆောင်း မျက်မှောင်လေးကုတ်၍ မျက်နှာလွှဲပစ်လိုက်သည်။

ထိုနေရာမှာ သိလိုက်ရသည်က ဤသူသည် ဆောင်းနှင့် လက်ထပ်ပေးမည့် ယောကျ်ားဖြစ်ကာ နာမည်က ကျော်ဇောထင်။

ဆောင်းနဲ့ သူ့ကို မိတ်ဆက်ပေးပြီးတော့...

"အားလုံးကတော့ သားကို ကျော်လို့ပဲ ခေါ်ကြတာ၊ သမီးက ကြိုက်သလိုခေါ်ပေါ့၊ ခပ်စိမ်းစိမ်းနေလို့ မရဘူးနော်၊ သမီးကို အန်တီတို့က အပိုင်တောင်းပြီးပြီ"

ဟု ပြောသည်။ ဆောင်း နားခါးသွားသည်။

ရင်ထဲမှာရှိတာကို ဟန်ဆောင် မျိုသိပ်ဖို့လည်း ခေါင်းထဲမှာ မရှိခဲ့ဘဲ...

"အို... ဆောင်း မလိုက်နိုင်ပါဘူး"

ပြော၍ ဆောင်း ထ,ရပ်သည်။

အားလုံး မျက်နှာပျက်ကုန်ကြ၏။

အန်တီက ဆောင်းကို မတားဆီးဘဲ ညှော်သည်တွေကို ရှင်းပြ တောင်းပန်ရင်း ကျန်ခဲ့သည်။

နောက်တစ်နေ့မှာတော့ ချောကာ ရှင်းပြ၍ အမိန့်တစ်ခု ချခဲ့သည်။

ထိုသူကို ဆောင်း လက်ထပ်ရမည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ချာတိတ်... စိတ်ညစ်နေလား"

ကားမောင်းနေရင်း သူက လှည့်မေးသည်။

ဆောင်း ချက်ချင်းခေါင်းညိတ်သည်။

"ဟုတ်တယ်... ဆောင်းက ရှင့်ကိုမှ မချစ်တာ၊ ဘယ်လိုလုပ် ပျော်ရွှင်မှာလဲ"

ကျော် ဆိုသည့်လူက အပြုံးမပျက်ဘဲ ရယ်လိုက်သေးသည်။ ပြင်ဆင်မှု ဘယ်လိုပဲ သေသပ် သားနားနေပေမယ့် ထိုမျက်နှာမှာ အေးချမ်းမှု မရှိပါ။

ဆောင်း မျက်လုံးထဲမှာ ဘယ်လိုမှမခန့်ညားဘဲရှိ၏။ ထိုအခါ သူ့ သဝန်ကို သတိရမိသည်။

သဝန်နဲ့ဆို ဆောင်း စကားပြောရတာ ပျော်သည်။

ချစ်တယ်လို့ ပြောတာကို လက်မခံချင်ပေမယ့် ဒီပြင် အားလုံး အတွက် သဝန်ကို ဆောင်း ခင်ခဲ့သည်။



BURMESE CLASSIC



ဒီလူကြီးကိုတော့ ဘယ်လိုမှ ခင်မင်ရင်းနှီးဖို့ ကြိုးစားမရခဲ့ပေ။ အိမ်ကို ခဏခဏ ရောက်လာတတ်ကာ ဟိုခေါ်သည်ခေါ်။ သုံးခါဆို တစ်ခေါက်တော့ ဆောင်း ပါခဲ့ရသည်သာ။

"လိုက်သွား... သမီး၊ ပလာဇာမှာ သမီးတို့အတွက် လိုအပ်တာ တွေ ဝယ်ရအောင်"

"တစ်နေကုန် အခန်းအောင်းနေတာ ညောင်းမှာပေါ့၊ လိုက်သွား"

စသဖြင့် အန်တီက နှင့်ပြုနေသည်။

စိတ်မထင်၍ ကောက်ခါနဲ့ ပြန်ပြောတတ်တာ ရှိပေမယ့် နာခံ တတ်တဲ့ အကျင့်က ရှိပြီးသားမို့ ဒါလုပ်ဆို 'ဟင့်အင်း'ဟု ပါးစပ်က နှစ်ခါမထွက်ရဲ။

စိတ်ညစ်မှုအပေါင်း ခြောင်းနေသော ဆောင်း မျက်နှာလေးက ရှုံ့တွ ညှိုးပုပ်နေခဲ့၏။

ကျော်ကတော့ ကားမောင်းရင်း လှည့်ကြည့်ရင်းနှင့် အပြုံးမပျက်။ ကားလေးက ကန်တော်ကြီးဥယျာဉ်ထဲ ကွေ့ဝင်လာခဲ့ပြီး အေးချမ်းသော နေရာလေးမှာ ရပ်တန့်သွားသည်။

"ဆောင်း... ဆင်းလေ"

"မဆင်းချင်ဘူး"

"ဘာဖြစ်လို့လဲ... ခဏပဲဟာ"

"ခဏမှ မဆင်းချင်ဘူး"

"ဒါဆို ဘယ်သွားချင်လဲ"

"ပြန်ချင်တယ်"

"ဒါတော့ မရဘူး"

ကျော်က လက်တစ်ဖက်ကို စတီယာရင်ပေါ်မှာ တင်ထားရင်း တစ်ဖက်က ဆောင်းလက်ကလေးကို ဆုပ်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မကိုင်ပါနဲ့"

ဆောင်းက ဆောင့်ရုန်းပစ်လိုက်၏။

ကျော် မျက်နှာ တစ်ချက်တည်သွားသည်။

"ဆောင်း"

ခေါ်ပုံက လေသံပြောင်းသွားသဖြင့် ဆောင်း ပေစောင်းစောင်းလေး လှည့်ကြည့်သည်။

"မင်းနဲ့ကိုယ် လက်ထပ်ဖို့ တစ်ပတ်ပဲလိုတော့တာ"

"ဘာဖြစ်လဲ"

"ကိုယ့်ဘက်က အခွင့်အရေးကို မင်းသိဖို့ ပြောတာ"

"ဘာအခွင့်အရေးလဲ...မသိဘူး ဆောင်းကို ပြန်ပို့ပေး"

ဆံပင်လေးကို လက်တစ်ဖက်နဲ့ သိမ်းတင်လိုက်ပြီး ရှုရှုဆောင့်ဆောင့်လေး ပြောပုံကို ကျော် မချင့်မရဲဖြစ်သွားကာ...

"မင်း သိပ်ကို တွန့်တိုလွန်းတာကို ပိုပြီးအသည်းယားတယ်"

"အို"

အနားကို မျှတ်ခနဲ တိုးထိုင်ကာ ဆောင်းကို ဆွဲဖက်လိုက်၏။

"ဘာလုပ်တာလဲ...ရှင်...ရှင်...လွှတ်နော်၊ ကယ်ကြပါဦး...လုပ်ကြပါဦး"

ဆောင်း အတင်းရုန်းကန်ရင်း တအားထအော်သည်။

"ပါးစပ်... မအော်နဲ့လေ"

ကျော်က ရှက်စိတ်နှင့် ဆောင်းပန်းလေး နှစ်ဖက်ကို ဆောင့်ခါပစ်လိုက်၏။

"ဘာလဲ... ဟင်း... ဘာလဲ ... တောက်"

တက်ခေါက်ပြီး ဆောင်းပခုံးလေးကို တအားဖျစ်ညှစ်၏။

"အား"





ဆောင့်ခါပစ်လိုက်တုန်းက ခေါင်းထဲမှာ မူးမိုက်သွားသည်။

ဖျစ်ညှစ်ပစ်လိုက်တော့ အသားတွေ ပဲ့ပါသွားတော့မလောက် နာကျင်သွား၏။

"ရှင်...ရှင် ဆောင်းကိုလွှတ်၊ လူညစ်ကြီး"

"ဘာ...ဘာပြောတယ်၊ ငါ ဘာကောင်လဲ မင်း နားလည်လား။ သိက္ခာနဲ့ မာနနဲ့ နေတာ၊ မစော်ကားနဲ့"

ပြောပြီး ဆောင်းကို ဆောင့်လွှတ်သည်။

ကားကလေးကို ဝေါခနဲ နောက်ပြန်ဆုတ်၏။

တစ်လမ်းလုံး ဆောင်းမျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကာ ကျော့်မျက်နှာက နီရဲတက်လာနေ၏။

မျက်ခုံးထူထူများက အကျည်းတန်အောင် တွန့်ကုတ်နေလျက်လေးထောင့်မျက်နှာက အံကြိတ်ထားသဖြင့် ကျော့်မျက်နှာမှာ ပို၍ရုပ်ဆိုးနေ၏။ ရက်စက်တတ်သည့်အသွင်က ပေါ်လွင်လာသည်။

ဆောင်း လူကဲ မခတ်တတ်ပါ။ ဒါပေမယ့် ထိုမျက်နှာကိုတော့ ဘယ်အချိန်ကြည့်လို့မှ ခင်မင်လို့မရဘဲ ဖြစ်ခဲ့သည်။

အိမ်ပြန်ရောက်တော့ တံခါးဖွင့်၍ ဆင်းမယ်ဟန်ပြင်ပြီးမှ သူ့ကို ပြန်ကြည့်၍ ...

"ရှင် ဆောင်းကို စိတ်ဆိုးတယ်မဟုတ်လား။ လက်မထပ်ဖြစ်တော့ဘူးလို့ အန်တီကို ဆင်းပြောပေးပါ"

ကျော်က ဆောင်းကို စိုက်ကြည့်ပြီး မဲ့လိုက်သည်။

ပြီးတော့ စက်မရပ်ဘဲထားသည့် ကားကို သိမ့်ခနဲနောက်ဆုတ်လိုက်ပြီး ...

"မင်း မြန်မြန်မဆင်းရင် တစ်ခါတည်း ပြန်ခေါ်ဖို့ ဖြစ်သွားလိမ့်မယ် ဆောင်း။ ကလေးကလားတွေ လာမပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း အံ့ကြိတ်သည်။ သူ့ကို စိုက်ကြည့်ရင်း မျက်ရည်နှစ်စက် တစ်ပြိုင်တည်း ကြွေဆင်းသွား၏။ မုန်းလိုက်တာ။

မချစ်တတ်သေးသည့် နှလုံးသားမှာ အမုန်းကို ပထမဆုံး ခံစားမိလာသည်။

မကိုင်ပါနဲ့ဆို ချက်ချင်းလွှတ်ပေး၍ ဟိုနားတိုးဆို တိုး။ ဟိုမှာ ထိုင်ဆို ထိုင်။

ဆောင်းကို အလိုလိုက်တတ်သည့် သဝန်ကိုလည်း မကြာခဏ သတိရသည်။ ပြီးတော့ သဝန်ဟာ ဆောင်း အနာဂတ်ဖြစ်တာကို မကြည့်ရက်သူ။ အရှက်တကွဲ ဒုက္ခရောက်နေတုန်း ကာကွယ်ပေးခဲ့သူ။

ထိုသူဟာ ဆောင်း မကြည့်ဖြူတာကို ဘာမှမလုပ်ဘဲ အရိပ်တကြည့်ကြည့် ဂရုစိုက်ခဲ့သူလည်း ဖြစ်သည်။

အန်တီပြောသည့် လူတော်လူကောင်း ဆိုသော ကျော်ဇောထင်ကတော့ ဆောင်းကို အနိုင်ကျင့်ဖို့ပဲ ကြိုးစားသည်။

လက်ထပ်တော့မှာ ဆိုသည့် စကားကိုပဲသုံးကာ ဆောင်းဘက်က ငြင်းခွင့် မရှိတာတွေဘဲ ပြောခဲ့သည်။

သို့ဖြင့် ဆောင်း တစ်သက်မှာ မဖြစ်ခဲ့ဘူးသည့် ဒေါသများနှင့် အခန်းထဲ ပြန်ရောက်သော် နာကျင်နေသည့် ပခုံးနှစ်ဖက်ကို ပြန်၍ ယှက်ဆုပ်ထားရင်း ဆောင်း ဟီးခနဲ ငိုချလိုက်မိသည်။

လက်ထပ်မယ့်သူတဲ့ ...

လက်ထပ်မယ့်သူ ဆိုတော့ ဘာဖြစ်လဲ။

သူ ဘာလုပ်လုပ် ကိုယ်က ကြည်ဖြူပေးရမှာလား။

ဟင့်အင်း ... မဟုတ်ဘူး။

ဆောင်း အဲဒါတွေ မသိဘူး။

ချစ်တာတွေ မေတ္တာတွေ ဆောင်းဆီမှာ ဘာမှမရှိဘူး။





တစ်ယောက်တည်း ငိုလို့ အားရတော့ အိပ်ရာထဲမှာ ခွေခွေလေး လှဲနေလိုက်မိသည်။

ထိုအချိန်မှာ သတိရမိသူက သဝန်ပဲ ဖြစ်၏။

သဝန်နဲ့ စကားတွေ ပြောချင်သည်။

သူ ဒီလို ဆုပ်ကိုင် ဆောင့်ခါပစ်တာတွေ ပြောပြလိုက်လျှင် သဝန် ဒေါသဖြစ်မှာလား။

အဆောက်အအုံ သစ်ကြီးနားမှာ ဆောင်းကို စကြသည့် ကောင်လေးတွေကို ထိုးကြိတ်ပစ်ခဲ့သည့် သဝန်ကို သတိရကာ အားကိုးစိတ်လေး ဖြစ်လာသည်။ ခက်သည်က ဆောင်းမှာ သဝန့် ဖုန်းနံပါတ် မရှိ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

သဝန် ဒီကို မလာတာတော့ သေချာပါသည်။

ဖုန်းဆက်သံလည်း မလာတော့။

ဆောင်း တခွေခွေနှင့် ဖြစ်နေသောကြောင့် မင်္ဂလာ ကိစ္စကို အကန့်အသတ်မရှိ ရွှေ့လိုက်ရသည်။

"သမီးလေး ဒီလောက် သဘောမကျဖြစ်နေရင်လည်း အန်တီ ဖွတ်မစီစဉ်ဘူး။ ဟိုကောင်လေးနဲ့တော့ မဆက်သွယ်ရဘူးနော်။ အန်တီ မသိဘဲ အပြင်လည်းမထွက်နဲ့၊ ဘာမှန်းမသိတဲ့ ကောင်မျိုးနဲ့ အန်တီ လုံးဝသဘောမတူဘူး"

ဟု တားမြစ်ခဲ့ပြီး ဆောင်းကို အပြင် လုံးဝမထွက်စေခဲ့တော့။

"အန်တီအားမှ ရှော့ပင်း ထွက်ကြတာပေါ့နော်"

ဟု ပြောခဲ့သော်လည်း ဦးသိုက်ထွန်း တစ်နယ်တစ်ကျေးမှာ မကျန်းမာ ဖြစ်နေသည်ဆိုသော သတင်းကြောင့် စိတ်များနေသည့် ဒေါ်နှင်းနှင်းမြတ်မှာ တူမကတစ်ဖက်၊ ယောက်ျားက တစ်ဖက်။





"ဆရာဝန်ဖျားတော ပိုဆိုးတယ်သမီးရဲ့၊ သူတို့ကို ဆရာလုပ်လို့ ရ ပြောတာ နားမထောင်"

အန်တီ ခဏခဏညည်းသည်။

ခုတော့ ဟိုက ပြန်မည့်ရက်ကို မရောက်ဘဲ ဖျားနေသည်တဲ့။

သိပ်ဖြစ်တာ မဟုတ်ဘူးဟု အကြောင်းကြားပေမယ့် ပြန်ရောက် လာနိုင်တဲ့ထိ ဆိုတော့ စိတ်ပူမိသည်။

တူမလေးကိုလည်း မထားနိုင်ခဲ့။ ဒေါ်နှင်းနှင်းမြတ် သောက ြးနေသလောက် ဆောင်းကလည်း သဝန်ကိုပဲ မျှော်နေခဲ့၏။

ဝရန်တာမှာ နေ့စဉ်ထွက်ရပ်ရင်း တစ်ဖက်ခြံကို ကြည့်သည်။

သဝန် ဒီမှာနေတာမဟုတ်မှန်း သူမ သိသည်။

ဘယ်ကလာမှန်းတော့ မသိ။

"သမီးလေး"

"ရှင်"

အတွေးလွန်နေတုန်း နောက်က ခေါ်လိုက်သဖြင့် ဆောင်း ခုံ့ခနဲဖြစ်သွား၏။ ဒေါ်နှင်းနှင်းမြတ်က အနားရောက်လာပြီး ဆောင်း ြုးလေးကို ဖက်လိုက်သည်။ မေးဖျားလေးကို သူမဘက်ဆွဲယူကာ ျက်နှာလေးကို သေချာကြည့်၏။

"နေကောင်းလား သမီး"

"ဟုတ်ကဲ့"

"မျက်နှာလေး နည်းနည်း ပြန်ပြည့်လာတယ်၊ ကဲ... အန်တီနဲ့ ုတ်ခဲ့၊ အပြင်ကို အညောင်းပြေပေါ့"

"ဘယ်ကိုလဲဟင်"

"ရွှေတောင်ကြားက တိုက်ကို ရောင်းဖို့ဆိုင်းထားတာ၊ ဒီနေ့ ြမယ် သမီးရဲ့၊ အဲဒီကိုလိုက်ခဲ့လေ...အန်တီတို့ စကား ပြောနေတုန်း



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမြို့ကြီးထဲမှာ သမီးကြည့်လို့ရတယ်၊ မွေးတဲ့ပန်းတွေချည်းပဲ၊ ပြီးတော့ အပြန် ဟိုတယ်တစ်ခုမှာ ညနေစာဝင်စားမယ်"

"ဟုတ် ..."

အပြင်ထွက်ရမည် ဆိုတော့ ဆောင်း ပျော်သွားသည်။

အနားမှာ တစ်ယောက်ယောက်ရှိနေလျှင် လူတွေ ကားတွေကြားထဲ လျှောက်သွားနေရတာ ဆောင်း ပျော်သည်။

တစ်နေရာမှာ ကားကြော ပိတ်နေသဖြင့် ရပ်နေရတုန်းမှာ ဒီဘက်ကားပေါ်မှ တစ်ဖက်ကားသို့ လူတွေ တွဲတင်နေကြသည် ကိုယ်ဝန်ဆောင် မိန်းမတစ်ယောက်ကို ဆောင်း မြင်လိုက်ရ၏။

"အန်တီ...ဟိုမှာ လူတွေ ဘာဖြစ်လို့ ဒီလောက် အုံခဲနေတာလဲ"

"ကိုယ်ဝန်ဆောင် သားဖွားခါနီးလို့ပေါ့၊ ဒီဘက်မှာ ကားကြောပိတ်နေတော့ မြန်မြန်သွားလို့ရတဲ့ ကားပေါ် ပြောင်းတာလေ"

"ရှုံ့မဲ့နေတာပဲ... သနားပါတယ်နော်၊ ဗိုက်ကြီးပူနေလိုက်တာ ကြောက်စရာကြီး"

ဆောင်းမျက်နှာလေး ငယ်ကျကာ မသက်မသာလေး ပြောရှာသည်။ ဒေါ်နှင်းနှင်းမြတ်က ပြုံးလိုက်၏။

"ရှုံ့မဲ့နေတာက အရမ်းနာနေလို့ပါ သမီးရယ်၊ အခု အန်တီတို့နဲ့ ဝေးနေလို့၊ နီးနီးမှာဆို အဲဒီအမျိုးသမီး ညည်းညူနေတာတွေပါ ကြားရမှာ၊ ကလေး တစ်ယောက်လုံးကို မွေးထုတ်ရမှာ နာလွန်းလို့လည်း အပြင်ရောက်အောင် ကြိုးစားနိုင်တာပေါ့"

"ဟာင်"

ဒေါ်နှင်းနှင်းမြတ်က ဆောင်း မျက်ဝန်းလေးတွေကို အကဲခတ်လိုက်ပြီး ဒီဒုက္ခတွေကို တစ်ခါတည်းသိပြီး ချစ်ဖို့ ကြိုက်ဖို့ကို စိတ်ကုန်





တဲ့အထိ ဖြစ်သွားအောင် လင်ယူ သားမွေးသည့်ကိစ္စကို သာသာ ထိုးထိုးလေး ပြောဖို့ ဆုံးဖြတ်၏။

"မိန်းမတစ်ယောက်ဟာ ကိုယ်ဝန်ဆောင်ပြီဆိုတာနဲ့ သုသာန်ကို တစ်နေ့သုံးခါ မျက်စောင်းထိုးသတဲ့"

"သုသာန်ကို မျက်စောင်းထိုးတယ်ဆိုတာ ဘာကိုပြောတာလဲ"

"သေဖို့ နီးစပ်တယ်လို့ ပြောတာ"

"ဘုရား"

ဆောင်း ရင်ဘတ်လေးကို ပြန်ဖိသည်။

"ကလေးမွေးရင် သေဖို့က များတယ်ပေါ့နော်"

"ဒီလိုလည်း မဟုတ်ဘူး၊ ကလေးတစ်ယောက်ကို မွေးထုတ်ရတာ အသက်နဲ့ရင်းကြရတဲ့ မိခင်တွေဘက်က ပေးဆပ်မှုကို ပြောတာ၊ စားဝတ်နေရေး ငွေရှာပေးတဲ့ ယောကျ်ားတွေဘက်က ဒါပဲလေ၊ မိခင်တွေကျတော့ စပြီး လွယ်ကတည်းက ဒီကိုယ်ဝန်ကို ထိန်းသိမ်းရတယ်၊ စောင့်ရှောက်ရတယ်၊ အသက်ပေးပြီး မွေးရတယ်၊ ပြီးတော့ 'ကျွေးမွေး သုတ်သင် သက်ဆုံးပင်' ဆိုတာ မိခင်တွေပဲ၊ ကလေး နီတျာရဲလေးကို ပိုက်ပြီး ချေးကလူ သေးကလူ၊ ကလေးငိုလို့ မအိပ်ရ၊ မကျန်းမာလို့ မစားနိုင် မသောက်နိုင်၊ ဒီကလေးတွေ ကြီးပြင်းလို့ အိမ်ထောင်ရက်သား ကျကုန်တာတောင် ငါ့သားလေး ယောက္ခမနဲ့ အဆင်ပြေရဲ့လား၊ ငါ့သမီးလေး သူစိမ်းတစ်ရံဆံကြားမှာ မျက်နှာ ငယ်နေမလား အစပေါ့ သမီးရယ်၊ ခေါင်းချ သွားတဲ့အထိ သားသမီးအတွက် ပူနေရတုန်း"

ဆောင်း အာခေါင်တွေ ခြောက်ကပ်လာသည်။

ကားတန်းကြီး ထွက်ခွာခွင့်ရတဲ့အထိ ရှုံ့မဲ့နေသော ကိုယ်ဝန်ဆောင်မိန်းမ၏ ပုံစံက မျက်လုံးထဲမှာ ဖျက်မရ။

"သမီးလေး... ခြံထဲမှာ သွားနေဦး"



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲကိုကားဝင်လာကတည်းက ချိန်ထားသူတွေ လာရောက်နှင့်ကြပြီ ဖြစ်၏။ ခြံစောင့်က ဧည့်သည်တွေကို ဒေါ်နှင်းနှင်းမြတ် အမိန့်အတိုင်း တံခါးဖွင့်၍ နေရာချပေးထားသည်။

ဆောင်း တစ်ယောက်တည်း ခြံထဲ ဆင်းလာခဲ့ရင်း ဘယ်ကိုပဲကြည့်ကြည့် ပန်းတွေမဟုတ်ဘဲ ထိုမျက်နှာ ထိုအကြောင်းကိုပဲ မြင်နေကြားနေ၏။

ခြံကို လက်ဝဲဘက်မှ နောက်ကနေ တစ်ပတ် ပတ်ပြီးသည်အထိ အန်တီ ထွက်မလာသေးပါ။

ထိုစဉ် ခြံရှေ့ကိုပြန်ရောက်တော့ စေ့ထားသည့် သံပန်းတံခါးကြီးတွေအပြင်မှာ လွန်သွားပြီးမှ နောက်ပြန်ဆုတ်လာသော ကားတစ်စီးကို ဆောင်း သတိထားမိလိုက်သည်။

ကားတံခါး ဖျတ်ခနဲပွင့်လာကာ ဆင်းလာသူကို မြင်လိုက်လျှင် အံ့လည်းအံ့သြ၊ ဝမ်းလည်း သာသွား၏။

ထိုခဏမှာ ဆောင်းရင်ထဲ ဘာဖြစ်သွားမှန်းမသိ။

ပတ်ဝန်းကျင်ကိုရော အားလုံးကိုပါ မေ့လျော့ကာ တံခါးဆီသို့ ပြေးသွားမိခဲ့သည်။

"သဝန်"

"ဆောင်း"

သဝန်က တံခါးကို ပြေးကိုင်ရင်း စောင့်နေ၏။ ဆောင်းက တံခါးကို ကိုယ့်ဘာသာဆွဲဖွင့်၍ အပြင်ထွက်လိုက်သည်။

"သဝန်"

"ဆောင်းရယ်... ဝမ်းသာလိုက်တာ"

သဝန်က ဆောင်း လက်ကလေးကို ဆွဲကာ အုတ်တံတိုင်းအကွယ်သို့ ခေါ်သွားသည်။





ဂါဝန် ပွပွဖားဖားလေးပေါ်မှာ အနီရဲရဲ ဆွယ်တာပါးလေး ထပ်ဝတ်ထားသည့် ဆောင်းမျက်နှာလေးက ဝင်းဖန့်နေသည်။

နုထွတ်နေ၏...။ မဟူရာရောင် ပိုးသားလေးတွေလို စိုလက်ပျော့နွဲ့နေသည့် ဆံနွယ်ရှည်များက ဖြန့်ကျနေသည်။

မေ့မရတိုင်း သတိတရ မြင်ယောင်စေခဲ့သော ထူနက်သည့် မျက်တောင်ကော့ကော့လေးတွေကို အကြာကြီး ငေးကြည့်မိသည်။

"သင်တန်းကိုလည်း မလာဘူး။ ဖုန်းဆက်တော့လည်း မရဘူး။ ဆောင်း တို့ကို မခင်ဘူးဆိုတာ တကယ်ပဲနော်"

"မဟုတ်ဘူး သဝန်၊ ဆောင်းကို ဟိုတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ စီစဉ်နေကြတာ"

"ဘာ"

"အခု ပျက်သွားပြီ"

"ဆောင်းရယ်"

"ဒါပေမယ့် သဝန်နဲ့ ဆက်သွယ်ရင် လက်ထပ်ပေးမှာပဲတဲ့၊ သိလား"

"တို့ကို ဆောင်းအိမ်က သိလို့လား"

"သဝန်ပဲ ဖုန်းတွေ ခဏခဏဆက်ပြီးတော့"

ဆောင်းက မျက်စောင်းလေးထိုး၍ ပြောတော့ သဝန်က ရယ်သည်။

"ဆောင်းကို ချစ်တယ်"

ဟု တိုးတိုးလေး ကပ်ပြောသည်။

"အဲဒါ မပြောနဲ့လေ"

"ဘာဖြစ်လို့လဲ"

"စိတ်ညစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘာပြောရမှာလဲ၊ ရင်ထဲမှာ လွမ်းတာတွေ ချစ်တာတွေချည်းပဲ၊ ဘယ်လိုလုပ် ရှောင်ပြေးမလဲ၊ ဘာပြောပြောပါမှာပဲ"

သဝန် ကိုင်ထားသည့်လက်ကို ဖယ်ချပြီး ဆောင်းက လက်နှစ်ဖက်ကိုပွတ်၍ မနေတတ် မထိုင်တတ်ဖြစ်သလို ပုံလေးနှင့်...

"ခင်တာပဲပြော"

"အြော်...အင်း...ဟုတ်ပြီ၊ ဆောင်းက တို့ကို ခင်တယ်ပေါ့"

"အင်း"

"အခု ဆောင်းရင်ထဲမှာ ပြောချင်တာတွေရှိသေးလား၊ တို့ဆီကို ပြေးလာတာ ဆောင်းပုံစံလေးက ထွက်ပေါက်ရှာနေတဲ့ ငှက်ကလေးလိုပဲ"

"ဟုတ်တယ်ပေါ့"

တကယ် အဲဒီပုံ ပေါက်နေသလား ဆိုသည့် မျက်ဝန်းလေးများနှင့် မျက်ခုံး ပင့်ကြည့်လာသော ဆောင်း မျက်ဝန်းလေးတွေက သဝန့်ကို အထင်ကြီးသွားတာတွေ အထင်းသား။

"သဝန်က အကဲခတ်နိုင်တယ်နော်၊ ဆောင်း အဲဒီလို တော်ချင်လိုက်တာ"

ဟု မချင့်မရဲလေး ပြောရှာသည်။ သဝန်က မကြည်ဖြူသော လက်ကလေးကိုပဲ အတင်းအကျပ် ဆွဲယူ၍ ဖျစ်ညှစ်ထားလိုက်၏။

"ဘာမှမသိဘဲ ဖြူစင်နေတာကိုက ချစ်ဖို့ ကောင်းတာပေါ့ ဆောင်းရယ်၊ ခဏနေဦးနော်...တို့ ကားရွှေ့ထိုက်ဦးမယ်၊ တော်ကြာ ခြံထဲကကြည့်ရင် ကားကို မြင်ရတော့ လူကြီးတွေ ထွက်လာလိမ့်မယ်"

သဝန်က ကားဆီပြန်ပြေးကာ ဆောင်း ရပ်နေသည့် ရှေ့နားထိ ဆုတ်မစ်လိုက်၏၊ ထိုစဉ် ...

"သမီးရေ"

ခေါ်သံက ပျံ့လွင့်လာ၏။





"ဟယ်"

ဆောင်းမျက်နှာလေးမှာ သွေးဟျက် ချောက်ချားသွား၏။

ခြံထဲကို ပြေးဝင်ဖို့ လှည့်လိုက်ပြီးမှ နောက်ထပ် 'သမီးရေ'ဟု ခေါ်လိုက်သံက နီးနီးကပ်ကပ်လေး ဖြစ်လာသဖြင့် ခြေလှမ်းလေး တုံ့သွား၏၊ သဝန်က ကားပေါ်က ဆင်းနေပြီ။

ဆောင်း သဝန်နဲ့ စကားပြောနေမှန်း အန်တီ သိသွားတော့မည်။

"သဝန် ...သဝန် သွားတော့လေ၊ အန်တီတွေ့သွားတော့မှာပဲ၊ ဆောင်း ဘာလုပ်ရမလဲဟင်၊ လုပ်ပါဦး"

"လာ ... ကားပေါ်တက်"

သဝန်က ကားဆီ ဆွဲပြေးသည်။

ဆောင်း တစ်ချက်တော့ ရှုံ့မိသည်။

ဒါပေမယ့် အန်တီ့ကို ကြောက်သည့်စိတ်က [illegible] ထိ တွန်းပို့လိုက်၏။

သဝန်သည် ကားကို အကြမ်းပတမ်း ဆုတ်လာခဲ့ပြီး ထောင့်ချိုး လွတ်သည်နှင့် လမ်းဘက်သို့ ဝေါခနဲ ဆောင့်ထွက်ခဲ့၏။

"သဝန် ဖြည်းဖြည်းမောင်းလေ၊ ရှေ့နားမှာ ရပ်တော့၊ ဆောင်းကို ချပေးခဲ့ပါ"

"ဘာလုပ်ဖို့ဆင်းမှာလဲ ဆောင်း၊ ဘာထူးတော့မှာမို့လို့လဲ"

ကားက မရပ်ဘဲ ပို၍ အရှိန်မြင့်လာ၏။

ဆောင်း အထိတ်တလန့် မော့ကြည့်မိသည်။ သူမ ထွက်တာက အန်တီရှေ့မှာ သဝန်နဲ့ စကားပြော နေတဲ့ပုံစံ မမြင်ဖို့သာ။

ခုတော့...သဝန်က...'ဆောင်းကို ကိုယ် ခိုးပြေးတော့မယ်'တဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၆ )

"ဘာ ... ဘာပြောတယ် သဝန်၊ ဆောင်းက သဝန်နဲ့ လက်ထပ်ရမယ် ဟုတ်လား"

ဆောင်း ချောက်ချောက်ချားချား ပြော၍ နောက်ဆုတ်သည်။

တင်ပါးလေးမှာ မာကျောသော အရာနှင့် ထိခတ်မိတော့မှ ငုံ့ကြည့်လိုက်တော့ စားပွဲစွန်းဟိုဘက်မှာ အပြာရောင်နုနု တစ်ယောက်အိပ် မွေ့ရာနှင့် ခုတင်တစ်လုံး။

ဒါ သဝန့်အိပ်ခန်း ဆိုတာ သိလိုက်တော့ ပို၍ ထိတ်လန့်သွားပြီ။ နောက်တနေ့ အန်တီက ထက်ကြပ်မကျာလိုက်သည်။ ကားနှစ်စီးက မျက်ခြည်မပြတ်ရုံ အကွာအဝေးကနေ နီးကပ်မလာခဲ့ဘဲ သဝန်က မရမက မောင်းပြေးတော့ မျက်ခြည်ပြတ်သွားပြီ။

ထိုမှနေ၍ ဘယ်နေရာတွေ လျှောက်မောင်းနေမှန်းမသိ။

အိမ်ခြေ ပြတ်သွားသည့် နေရာတွေ ရောက်လိုက်၊ လယ်ကွင်း လယ်ကွက်တွေ ဖြတ်သွားလိုက်။





အိမ်ပြန်ရောက်ပြီ ဆိုပြီး ကားပေါ်က ဆင်းလိုက်ကြတော့ ညကိုးနာရီ ထိုးနေပြီ။

"သဝန်"

"လာ...အထဲကျမှ ပြော"

ဆောင်းကို ဘာမှ မေးခွင့် ပြောခွင့်မပေးဘဲ အခန်းတစ်ခုထဲ အတူဝင်၍ တံခါး သေချာပိတ်လိုက်ပြီးမှ 'ကိုယ်တို့ လက်ထပ်ကြရအောင်နော်' တဲ့။

"သဝန်...ဆောင်း အဲဒီလို ဖြစ်ချင်တာမဟုတ်ဘူး။ သိလား။ ဆောင်းကို ပြန်ပို့ပေးနော်၊ အန်တီက သဝန်နဲ့တွဲပြီး မြင်သွားရင် ဟိုလူကြီးနဲ့ ဖွတ်ပေးစားမှာ ကြောက်လို့ ခဏလေး ပုန်းနေချင်တာ၊ လက်တော့ မထပ်ပါရစေနဲ့ သဝန်ရယ်"

စားပွဲစွန်းမှာပဲ နောက်ပြန် တိုးကပ်နေရင်း ဆောင်းက တောင်းပန်သည်။

သဝန်က ခေါင်းခါနေ၏။

"ပြန်မပို့နိုင်ဘူး ဆောင်း...ဆောင်းကို ကိုယ်ချစ်တယ်၊ ကိုယ်ပိုင်ချင်တယ်၊ မပိုင်တဲ့ဘဝနဲ့ အဝေးကနေ လွမ်းနေရတာ ဘယ်လောက် ပင်ပန်းကြသလဲ"

"မဟုတ်ဘူး... သဝန်နဲ့ မဆက်သွယ်ဘူးဆိုရင် ဆောင်း ဟိုလူကြီးနဲ့ လက်ထပ်ရမှာမဟုတ်ဘူး။ ဆောင်းကို ပြန်ပို့ပါ"

"ကိုယ်နဲ့ မဆက်သွယ်ဘူးလို့ရော ဆောင်းက ပြတ်ပြတ်တောက်တောက် ကတိပေးနိုင်လို့လား၊ အခု ဆောင်း ကိုယ့်ကို မြင်တော့ ဘာဖြစ်လို့ ပြေးထွက်လာသလဲ"

ဆောင်း ဟင်ခနဲ ဖြစ်သွားရှာသည်။

အဲဒါ ကိုယ့်ကိုယ်ကိုတောင် သတိမထားမိခဲ့တဲ့ အချ။



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာကို ရင်ဘတ်ထဲမှာ နည်းနည်း ထည့်ကြည့်လိုက်ပါ ဆောင်းရယ်၊ မင်း ကိုယ့်ကို တွယ်တာနေတာတွေ ရှိပါတယ်၊ ဟိုလူကို လက်မခံနိုင်ဘဲ ကိုယ့်ကို တွေ့ချင်မနေခဲ့ဘူးလား"

ဆောင်း ဘာမှ ပြန်မပြောတတ်။

ဒါပေမယ့် အချစ်ကိုတော့ ဘယ်လိုမှ လက်ခံမပေးနိုင်ဘဲ ဖြစ်နေ၏။ သဝန်က ရှေ့တိုးလာသည်။

ဆောင်း ကိုယ်လေး ယိုင်သွားတော့ ခြေထောက်တို့က မွေ့ရာဆီသို့သာ ဦးတည်လိုက်မိပြီး အိခနဲ ထိုင်ချလိုက်သည်။

"မထူးပါဘူး ဆောင်းရယ်... ပြန်ပို့ဖို့ မပြောနဲ့တော့နော်၊ ဆောင်း ကိုယ့်ကို မချစ်သေးဘူး ဆိုရင်တောင် ချစ်တဲ့အထိ ကိုယ် စိတ်ရှည်ပါ့မယ်၊ ဒါပေမယ့် လက်ထပ်ဖို့တော့ သဘောတူလိုက်နော်"

ဆောင်း နဖူးမှာ ချွေးစတွေ စို့လက်နေ၏။ မျက်ဝန်းလေးတွေက ရှုပ်ထွေးမှုများကြားမှာ မငြိမ်မသက် ရှိနေဆဲ။

"အခု ဘယ်နှစ်နာရီ ရှိပြီလဲဟင်"

"ဆယ်နာရီ ကျော်နေပြီ"

"ဒါပေမယ့် ပြန်လို့ရ..."

"မရတော့ဘူး...ဒါ ဘယ်နေရာမှတ်လို့လဲ၊ ဆောင်းတို့ အိမ်ကို နှစ်နာရီကျော်ကျော် ပြန်မောင်းရဦးမှာ၊ ပြီးတော့ လမ်းမှာ အချိန်မတော် ကားအပြင်းမောင်းသွားရင် စစ်ကြဲဆေးကြဲနဲ့ အဆင်မသင့်ရင် အချုပ်ထဲ ရောက်သွားနိုင်တယ်"

"ဟင်... အဲဒီလိုဖြစ်တတ်တယ်"

"ဖြစ်တတ်တာပေါ့ ဆောင်းရယ်၊ စိတ်ကို လျှော့လိုက်တော့နော်၊ ဆောင်းကို ကိုယ် အလိုလိုက်မယ်၊ သည်မယ် ဘာမှလိုလေသေး မရှိအောင် ထားမယ်၊ ကိုယ့်ကို လက်ထပ်မယ် မဟုတ်လားဟင်"





ဆောင်း ငြိမ်ငြိမ်လေး ဖြစ်သွားတုန်း သဝန် အနားတိုးသွားမိသည်။ လက်ဖဝါးလေးကို လှမ်းဆွဲလိုက်တော့ ဆောင်း အထိတ်တလန့် မော့ကြည့်၏။ လက်ကို ပြန်ရုန်းပြီး အခန်းကို မလုံခြုံသလို လိုက်ကြည့်ပြန်သည်။

"ဆောင်း...ဆောင်း သဝန့်ကို လက်ထပ်လိုက်ရင် ဒီထဲမှာ နှစ်ယောက်တည်း အိပ်ရမှာလားဟင်"

သဝန်က ပြုံး၍ ဆောင်း မျက်နှာလေးကို စိုက်ကြည့်သည်။

"ချစ်လွန်းလို့ အတူနေဖို့ ကြိုးစားကြတာပဲ ဆောင်းရယ်၊ ဟို...ဒါပေမယ့် အခု ဆောင်း လွတ်လွတ်လပ်လပ်အိပ်ပါ၊ လက်ထပ်ပြီးမှ ကိုယ်တို့ အတူနေမယ်လေ"

"ဒါဆို တော်တော်နဲ့ လက်မထပ်သေးဘဲထားရင် မရဘူးလား"

ဆောင်း ကြောက်နေတာလေးကို ကြည့်၍ သဝန် နောက်ကို ပြန်ဆုတ်ရင်း ရယ်လိုက်မိ၏။

"ယောကျ်ားသား တစ်ယောက်နဲ့ ဘာမှသွေးမတော်ဘဲ ဒီတိုင်း အတူနေရင် မိန်းကလေးပဲ နစ်နာတာပေါ့ ဆောင်းရယ်"

"မဟုတ်ဘူးလေ... လက်ထပ်ပြီးမှ အတူနေကြမှာပဲ၊ လက် မထပ်ဘဲ သတ်သတ်စီနေတာ ဘာဖြစ်လဲ"

"အဲဒီလို ဘယ်သူက ယုံမှာလဲ၊ မင်းနဲ့ကိုယ် လင်မယား တော်ကြမှ အတူနေလို့ရမှာ၊ အဲဒါက လက်ထပ်မှဖြစ်တယ်၊ လက် မထပ်ဘဲ အတူနေရင် ဘယ်သူကယုံမှာလဲ၊ အားလုံးက အထင်အမြင် သေးကြမှာပေါ့"

"ဒုက္ခပဲ"

ဆောင်း မှောင်မိုက်နေသည့် ည၏ အပြင်သို့ မငြိမ်ရသာဘဲ မျှော်ကြည့်မိသည်။

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် သူမဟာ ယောကျ်ားတစ်ယောက်နှင့် လက်ထပ်ရတော့မည့် အဖြစ်ကို ရှောင်လွှဲမရတော့တာ သေချာနေပြီဖြစ်၏။ ထိုယောကျ်ားဟာ နေသဝန် ဖြစ်နေသည်။

သူမရင်ထဲမှာ ကျော်ဇောထင်နှင့် လက်ထပ်ရမည့် အရေးအတွက် ပွဲလောင် ပြင်းထန်ခဲ့ရသလိုမျိုး မခံစားခဲ့ရတာလည်း သေချာ၏။

ဒါဆို သဝန်ကို လက်ထပ်ဖို့ ခေါင်းညိတ်လိုက်ရမည်လား။

သဝန့်ကို ဖျတ်ခနဲ လှမ်းကြည့်မိသည်။

ဘောင်းဘီရှည် အနက်၊ စပို့ရှပ် အနီအနက်စင်းနှင့် ချောမွေ့နေသော သဝန့်မျက်ဝန်းတွေက ဆောင်း၏ ဆုံးဖြတ်ချက်ကို စူးစိုက်နားစွင့်နေခဲ့၏။

စိတ်ကျဉ်းကျပ်ကာ ဆောင်း လက်ကလေး ပိုက်လိုက်သည်။

မျက်နှာ ငုံ့လိုက်တော့ ဆံပင်တွေက မျက်နှာပေါ် အုပ်ကျလာသဖြင့် လက်နဲ့ ထိုးသိမ်းရှုပြန်မော့၍

နောက်တစ်ခါ ပြန်ကြည့်တော့လည်း သဝန်က တိတ်ဆိတ်စွာ စိုက်ကြည့်နေဆဲ။

"သူက ဘာကြည့်တာလဲ"

ရင်တွေလည်း ခုန်နေပြီ။ ရှက်လည်း ရှက်လာပြီ။

အခန်းထဲမှာ နှစ်ယောက်တည်း ရှိနေသည့်အဖြစ်။ ဒီတိုင်း နေရတော့မည့်အဖြစ်အတွက် မနေတတ် မထိုင်တတ် ဖြစ်နေတုန်းမို့ နှုတ်ခမ်းလေးက စူထော်လာ၏။

သဝန်က အသံမထွက်ဘဲ ရယ်ကာ ရှေ့တိုးရပ်လိုက်သည်။

"ဆောင်း ဆုံးဖြတ်နေတာကို ထိုင်တိတ်တိတ်ဆိတ်ဆိတ် နေပေးတာလေ၊ ဘယ်လိုလဲ ကိုယ့်ကို လက်ထပ်မှာလား"

"လက်မထပ်ဘူးဆိုရင် ပြန်ပို့မှာမို့လို့လား"





"မပို့ဘူး"

ဆောင်းက မျက်စောင်းလေး ထိုး၏။

သဝန် အသည်းယားသွားသည်။

ဆောင်းဘေးကို ရောက်သွားကာ လက်ဖဝါးနွလေးကို ဆုပ်ကိုင်လိုက်မိ၏။ ဆောင်းကလည်း မဆိုင်းမတွ ရုန်းဖယ်ပြီး ပွတ်သပ်ခါချမိ၏။

"သဝန်...ဒီ...ဒီအိမ်မှာ ဘယ်သူတွေ ရှိသေးလဲဟင်"

စကားတွေ လှီးလွှဲပစ်ပေမယ့် အသံလေးက တုန်နေသည်။ လက်ဖဝါးလေးနှစ်ဖက်ကိုပါ ပျောက်ကွယ်သွားအောင် လက်ပိုက်ပစ်လိုက်ပြီး ပခုံးလေးကိုပါ ကျုံ့ထား၏။

သဝန် ခပ်ယဲ့ယဲ့အပြုံးနှင့် နာခေါင်းတွန့်သွားခဲ့၏။ ကြိုးစားလိုက်စမ်း သဝန်။ ကိုယ်ဖိရင်ဖို သင်ပေးလိုက်စမ်း။ ဒီလိုချစ်ပါ... ဒီလိုနေပါ။

"သဝန်"

"ဟင်"

"ဘာတွေ ရှုံ့တွနေတာလဲ၊ မျက်နှာက မေးတာကိုမဖြေဘူး"

"ဪ...အင်း...ဒီမှာ ဖေဖေရယ်၊ ကိုယ်ရယ် နှစ်ယောက်ပဲနေတာ၊ အဲဒါက မိသားစုပေါ့၊ ဒါပေမယ့် မိသားစုမဟုတ်တဲ့ ဆွေနီးမျိုးစပ်တွေ ရှိသေးတယ်၊ သူတို့က မိသားစုသုံးယောက်၊ မနက်ကျတော့ အားလုံးကို ပြထားပေးမယ်၊ ဆောင်း သူတို့ကို ဂရုစိုက်ဖို့မလိုပါဘူး။ ဒါက ကိုယ့်မိသားစု၊ ကိုယ့်အိမ်၊ ဆောင်းရဲ့အိမ်ပဲ၊ သူတို့ကို ရောဖို့မလိုဘူး"

ရှေ့ဆက် ပြောချင်တာတွေ ရှိသေးသည်။

မှာထားဖို့တွေ ရှိနေသည်။

ဒါပေမယ့် နောက်မှပဲ ပြောပြပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု စိတ်က ဒေါ်မမတို့သားအမိနှင့် ဆောင်းကို ဘယ်လိုမှ စိတ်မချနိုင်။ အတတ်နိုင်ဆုံး မပတ်သက်အောင် ပေးမတွေ့ဘဲ ထားချင်သည်။ ဒါပေမယ့် တစ်အိမ်တည်း အတူနေကြရမှာ ဆိုတော့ မဖြစ်သေး။

"သဝန်ရဲ့ ဖေဖေကော"

"ဖေဖေက ဂျပန်သွားနေတယ်"

"ဒါဆို ..."

"ဒီမှာ ကိုယ်တစ်ယောက်တည်းပဲရှိတယ်၊ အကြီးအကဲ ဆွေမျိုးသားချင်းလည်းမရှိဘူး။ ဒါပေမယ့် ဆောင်းနဲ့ကိုယ် လက်ထပ်ပြီးရင် ဆောင်းရဲ့အန်တီ့ဆီမှာ လူကြီးစုံရာနဲ့ ပြန်အပ်ပေးမှာပါ"

"ဟင်...ဘာ... ဆောင်းကို ပြန်ပို့မယ် ဟုတ်လား။ တကယ်လားဟင်"

"ဆောင်းရယ်"

သူ့မှာ ငိုအားထက် ရယ်အားသန်။

ဆောင်းရင်ထဲမှာ ဘယ်လိုခံစားချက်မျိုးမှ ရှိမနေသလို ပကတိဖြူစင်လွန်းနေတာက ချစ်စရာလည်း ကောင်းသည်။

ရင်နာဖို့လည်း ကောင်း၏။

ကိုယ့်မှာတော့ ချစ်လိုက်ရတာ။ ရုတ်တရက် ကားတင်ပြေးခဲ့မိသည့် အဖြစ်ဟာ တကယ်လိုများ ခုနေ လူကြီးတွေနဲ့ လာဖမ်းကြလျှင် ဆောင်း မခံစားတတ်ပုံ မအူမလည်ကြောင့် သူ ထောင်ကျဖို့က ကျိန်းသေပြီးသား။

သို့သော် ဆောင်းကို သူချစ်နေသည်။ ဘာဖြစ်ဖြစ် ပိုင်ဆိုင်ဖို့ပဲ ကြိုးစားချင်မိ၏။ ဆောင်းလို ဘာမှမသိတတ်တာလေးကို သူပဲသိမ်းချုပ်ထားချင်သည်။





ဆောင်း ပထမဆုံး ချစ်ခဲ့မိသူဟာ သူပဲ ဖြစ်ချင်သည်။ မခက်ဘူးလား။ သူ့မှာ ကလေးကို မုန့်ပေးကြိုက်ရတာထက် ဆိုးနေပြီထင်၏။

"ကိုယ်ပြောမယ်နော်...ဆောင်း နားထောင်၊ ပြန်အပ်တယ်ဆိုတာ မိဘကို ကန်တော့တာကိုပြောတာ၊ ဆောင်းကို ပြန်ပေးခဲ့မှာမဟုတ်ဘူး၊ မိဘ အသိအမှတ်ပြုအောင်၊ ကျေနပ်အောင် ကန်တော့တာပေါ့၊ တောင်းပန်တာလို့လည်း ပြောလို့ရတယ်၊ အဲဒါက မြန်မာ့ဓလေ့ထုံးစံပဲ၊ ခိုးပြေးတယ်ဆိုတာ မဖွယ်ရာတဲ့ ကိစ္စလေ၊ မိဘကို အရှက်ရစေတယ်၊ အဲဒါကြောင့် ကျေနပ်ဖို့ နှစ်ဖက်မိဘ ဆွေနွေးကြတာ၊ တောင်းပန်ကြတာ"

ဆောင်း မျက်လွှာလေး ချသွားသည်။

"ဒါပေမယ့် အဲဒီအချိန်မှာ ဆောင်းနဲ့ကိုယ် လက်ထပ်ထားပြီးသားဖြစ်ရမယ်၊ ဆောင်းက ကိုယ့်ကို မချစ်သေးရင်တောင် ကျေနပ်လက်ခံနေရမယ်၊ ဒါမှ မိဘရှေ့မှာ အတူဝန်ချလို့ ရမှာပေါ့၊ ဆောင်းကသာ 'သမီးမချစ်ဘဲ သူက ဖွတ်ခိုးတာပါ' လို့ ပြောလိုက်ရင် ဘာမှဖြစ်လာမှာမဟုတ်တဲ့အပြင် ကိုယ် ထောင်ကျနိုင်တယ်"

"ဟင်"

ဆောင်း၏ မှိန်ချိုင်းသည့် မျက်လုံးလေးတွေက စူးတောက်နေ၏။

"ဆောင်း မယုံဘူးလား...တကယ်ပြောတာ၊ ဆောင်း ရင်ထဲမှာ ကိုယ့်ကို မကျေနပ်ဘဲ သည်းခံ အရှုံးပေးထားရတာမျိုး ဖြစ်နေလားဟင်၊ မှ လူကြီးတွေရှေ့မှာ အဲဒီလိုမျိုးဖြစ်ခဲ့ရင် ကိုယ့်ကို ထောင်ကျအောင် ပြောလိုက်မှာလား"

ဆောင်းက သဝန့်မျက်နှာကို မော့ကြည့်သည်။

သဝန့်က ဆောင်း ပခုံးလေးနှစ်ဖက်ကို ခပ်ဖွဖွလေး ဆုပ်ကိုင်သည်။ ဒီတစ်ခါ ရုန်းဖယ်ဖို့ကို ဆောင်း သတိမရခဲ့ဘူးထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ဆောင်း"

"သဝန်တာ ဖွတ်နှိုးပြေးခဲ့တာမှ မဟုတ်တာ၊ ဆောင်းလည်း လိုက်လာခဲ့တာပဲ"

"မှ ပြန်မိုးမိုးဖို့ ဆိုတော့ ကိုယ်က မပို့နိုင်ဘူးလေ၊ အဲဒါကို ဆောင်းရင်ထဲမှာ ဘယ်လို သိမ်းထားလိုက်သလဲ"

ဆောင်း မျက်နှာမငဲ့ဘဲ မျက်တောင်လေး တစ်ချက်ခတ်ပြီးမှ ပြန်ကြည့်၏။

"မသိဘူး...ဒါပေမယ့် ဆောင်း သဝန့်ကို ဒေါသမှမဖြစ်တာ"

ရင်ထဲမှာ လှိုက်ခနဲ ကြည်နူးသွားသည့်ပီတိက ဘာနဲ့မှတန်ဖိုး ဖြတ်လို့မရ။ ဆောင်းရင်ထဲက သူ့အတွက် ခံစားပေးခဲ့တာလေးကို ဆုပ်မမိနိုင်လိုက်သူဖြင့် အတိုင်းအဆမရှိ ပျော်သွားသည်။

မထိတို့ရက်လောက်အောင် လှနေသည့်မျက်နှာလေးကို စိတ်ရှိ လက်ရှိ နမ်းပစ်ချင်၏။

ဒါပေမယ့် ဆောင်း စိတ်ညစ်သွားမှာစိုး၍ ကိုယ့်စိတ်ကိုချုပ်တည်း ထားလိုက်သည်။

တစ်နေ့တော့ ဆောင်း ပြန်ချစ်လာမှာပါ။





## အခန်း ( ၁၇ )

"ကျွန်တော့်အတွက် မလိုဘူး"

မျက်နှာကို တစ်ချက်မှမလျှော့။

စကားကို ပြတ်ပြတ်ပဲပြောကာ စာချုပ် နှစ်စောင်ကို ထပ်၍ ကောက်ယူလိုက်သည်။

ဖေဖေ့ အတွင်းရေးမှူး ဦးဘညိုက ရှေ့နေကြီး နှစ်ယောက်နဲ့ ညှိသည့်တချို့ကို ကားနားထိ လိုက်ပို့ရင်း နှုတ်ဆက်စကား ပြောနေ သည်။

အိမ်တွင်းရေတို့ကိုသိထားသဖြင့် စကားပြောနေပေမယ့် မျက်လုံး တို့က အိမ်ထဲသို့ မကြာခဏ ဝေ့ဝဲလာခဲ့၏။

ဘယ်တော့မှ ဂရုမစိုက်ဖို့လည်း ဆုံးဖြတ်ပြီးသားမို့ ဘယ် မျက်နှာကိုမှ မကြည့်။ ပြောပြီး ကျောခိုင်းဖို့ ချက်ချင်းထ၏။

သူ့လက်တစ်ဖက်မှာ ဆောင်း လက်ဖဝါးလေးကို ထွေးဆုပ် ထားလျက်။



www.burmeseclassic.com

www.burmeseclassic.com



"နေဦး...သဝန်၊ ဒီကိစ္စက မင်းတစ်ယောက်တည်း ဖြေရှင်းလို့ ပြီးသွားမှာ မဟုတ်ဘူး၊ ငါကလည်း ဝင်ပါချင်လွန်းလို့ ပြောနေတာ မဟုတ်ဘူး။ အစ်ကိုမျိုး မရှိတဲ့အချိန်မှာ ဒါလေးတောင် မျက်နှာလွှဲခဲ့ပစ် နေရသလားလို့ ပြစ်တင်ခံရမှာစိုးလို့"

ဟုတ်လား ဆိုသည့် ခပ်ထေ့ထေ့ မဲ့ပြုံးနှင့် သဝန်က တည့်တည့်ပြန်ကြည့်သည်။

လူလေးယောက် ရှိသည့်အထဲမှာ ခက်ဖြာဝေနဲ့ ဆောင်းက မှဲ့ကြည့်ပရိသတ်။ ဒေါ်မမက ပြောရခက်သည့် ကလေးတစ်ယောက်အပေါ် စိတ်မရှည်ဖြစ်လာသော အမူအရာမျိုးထက်မပိုဘဲ စကားကို ရှေ့ဆက်သည်။

"မိန်းကလေးကိုပြန်အပ်တာ ကိုယ့်ဘက်က မိဘ အုပ်ထိန်းသူ မပါဘဲ ရပ်ကွက်လူကြီးနဲ့ပဲအပ်လို့ တင့်တယ်မလား၊ 'ဒဏ္ဍာရီစံအိမ်'က ဘယ်လိုလူမျိုးတွေလဲဆိုတာ မင်းက မိုသိမှာပေါ့ ဒါကို ကလေးကလား လုပ်လို့ မရဘူး"

ဒေါ်မမက စကားပြောရင်း ဆောင်းကို လှမ်းငေ့ကြည့်၍ တိုင်တည်သလို ပြောသည်။

စကားအသွားက ဆောင်းအတွက် ပြောပေးနေသလိုဖြစ်ကာ သဝန် ဂရုမစိုက်သလို မလေးမစား ပြောနေပုံကို သိစေလိုက်တာ ဖြစ်၏။ သူမ၏ ရည်ရွယ်ချက် အောင်မြင်ပါသည်။

ပစ်သည့်မြားက တည့်မတ်စွာ စိုက်၏။

ဆောင်းက သဝန်ဆွဲထားသည့်လက်ကို ရုန်း၍ ဒေါ်မမစကား မဆုံးခင် ထွက်မသွားသင့်တာကို ထောက်ခံလိုက်သည်။

သဝန် 'ဒေါသထွက်ပြီ။

ဆောင်းကို မဟုတ်ပါ





"ဒီမှာ အန်တီမမ...ကာယကံရှင်က ကျွန်တော့်အတွက် မလိုဘူးဆိုရင်ပြီးပြီ၊ စကားတွေ ထပ်ရှုပ်အောင်မလုပ်ပါနဲ့၊ ဒီအချိန်မှာ ဘယ်သူ့ကြောင့်မှ ကျွန်တော် ဒေါသ မဖြစ်ချင်ဘူး"

ဒေါ်မမက လည်သည်။

အခြေအနေကို ကြည့်လိုက်တာနှင့် ဆောင်းကို့ လှည့်ကိုင်လို့ ရနိုင်မှန်း တွက်လိုက်မိသည်မို့ ဆောင်းကိုပဲ ကြည့်ကာ ...

"အန်တီက သမီးရဲ့မိဘများ ကျေနပ်အောင် တောင်းပန်ပေးချင်တာ၊ ဒီမှာ သူ့ဒက်ဒီက မရှိတဲ့အခိုက်ဆိုတော့ အန်တီပဲ မိဘ၊ အန်တီက အုပ်ထိန်းသူ၊ သူ့ရဲ့ အဒေါ် တော်စပ်နေတဲ့ သူကိုထားပြီး သူစိမ်းတွေနဲ့ မိန်းမတောင်းမယ်ဆိုတာ မဖွယ်ရာဘူးလေ"

ဟုတ်သားပဲ ဟု ထုတ်မပြောသော်လည်း ဆောင်းက သဝန့်ကို ပြန်တော့ကြည့်သည်။

သဝန်က ဆောင်း လက်ကလေးကို ဆွဲ၍ သူ့ကိုယ်တစ်ခြမ်းနှင့် ကွယ်ပစ်လိုက်သည်။

"အန်တီ မမ"

ခေါ်သံသည် အံကြိတ်၍ တိုးထွက်လာသော လေသံမျိုး ဖြစ်ကာ...

"ကျွန်တော် အပြတ်ပြောမယ်၊ ကိုယ့်နေရာမှာပဲ ကိုယ်နေပါ၊ ဟောဒီအိမ်မှာကော ကျွန်တော့်ဘဝ အိမ်ထောင်ရေးမှာကော အန်တီမမ နေရာယူဖို့ မကြိုးစားပါနဲ့"

ပြောနေရင်း ဒေါသတရားများက အဆမတန် ပြည့်သိပ်လာလျက် ...

"ခင်ဗျားကို ကျွန်တော့်ဘဝရဲ့ အုပ်ထိန်းသူ မိဘဆိုတာမျိုး ဘယ်တုန်းကမှ မတွေးခဲ့ဘူး၊ ဘယ်တော့မှလည်း သဘောထားမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ဒါ...နောက်ဆုံး သတိပေးစကားပဲ၊ နေသဝန်က ဦးမျိုးနေ မဟုတ်ဘူးဆိုတာ မမေ့နဲ့"

"ဒါကတော့ မင်းက မောက်မာတာပဲကွ"

စီးကရက် လက်ကြားညှပ်လျက် ဘောင်းဘီရှည်ပွပွ ဆံပင်တိုတိုထောင်ထောင်နှင့် ဝေမိုး ထွက်လာသည်။

ခက်ဖြာဝေနဲ့ကော ဝေမိုးနဲ့ကော သဝန် ဟိုတုန်းကတည်းက သင့်မြတ်မှုသည် မရှိခဲ့ပေ။

မတိမ်းမယိမ်း အရွယ်လေးတွေပေမယ့် ကစားဖော် ဖြစ်ခဲ့မှုတာလည်း မရှိ။

ခုလည်း ဘယ်တုန်းကမှ အိမ်ကပ်သည်မရှိသည့်လူက သဝန် မိန်းမနီးလာသည်။ ဒီနေ့ လက်မှတ်ထိုးမည်ဆို၍ အိမ်မှာ မြဲနေသည်။

ဒါပေမယ့် လက်မှတ်ထိုးကြ၊ လူကြီးတွေကို ကျွေးကြ မွေးကြတဲ့ အထဲမှာ ဝေမိုး မပါ။

ပြောချင်ပြီဆိုမှ စတိုင်လ်ကျကျ ထွက်လာတာမျိုး။

"မေမေက မင်းအတွက် ပြောနေတာ၊ ပြီးတော့ မင်းမိန်းမရဲ့ သိက္ခာအတွက် တန်ဖိုးမပျက်ဖို့ပြောတာ၊ နေရာတွေ... လုတာတွေ ဘာလို့ လျှောက်ထည့်ပြောနေတာလဲ၊ ငါတို့က အမွေလုနေတာမှ မဟုတ်ဘဲကွ"

"ဟုတ်တယ်... အဲ့ကိုနေက စေတနာကို နားလည်ဖို့ ကောင်းတယ်"

ခက်ဖြာဝေကလည်း ဝင်ပြောသည်။

"ဘယ်သူ့အတွက် ပြောတာလည်းဆိုတာ ပြန်တွေးကြည့်ပါဦး။ မေမေက အစ်ကိုနေအတွက် ပြောပေး ဆိုပေး လိုက်ရုံနဲ့ ဘာတွေ ဖြစ်သွားနိုင်လို့လဲ"



သဝန်က ခက်ဖြာဝေကိုကြည့်၍ ဒေါ်မမကို မေးဆတ်ပြ၏။

"အဲဒါ မေကြည့်လိုက်လေ၊ သားအမိ နှစ်ယောက်တည်း ရှိတဲ့အခါ သူပြောပြမှာပါ၊ ဒီမှာ..."

သဝန်က ဝေမိုးကိုပါ စိုက်ကြည့်လိုက်သည်။

"ငါ လူသတ် ဓားပြ လုပ်နေတာမဟုတ်ဘူး၊ ရာဇဝတ်မှု ကျူးလွန်ခဲ့တာ မရှိဘူး။ ငါ့အတွက် ဘယ်သူမှ ဝင်ပါကူညီဖို့လည်း မလိုဘူး။ မလိုပါဘူးလို့ တွင်တွင်ငြင်းနေတာတောင် ဖွတ်ကြီး ကူညီချင် နေတာ အားတော့နာပါတယ်"

သဝန်က ဆောင်းလက်ကိုဆွဲ၍ အပေါ်ထပ်ကို တက်လာခဲ့၏။

"ပြောမနေနဲ့ မေမေ"

"နေပါစေ မေမေရာ... ဒီကောင် အမွေတွေနဲ့ ဥစ္စာခြောက် နေတာ"

စကားသံများထဲမှာ တက်ခေါက်သံပါ ပါ၏။

ဆောင်းကတော့ သဝန် ဆွဲခေါ်နေသည့် ကြားကနေ ထူးဆန်း သတ္တဝါများကို မြင်နေရသလို လှေကားပေါ် ရောက် နေတာတောင် ပခုံးလေးပေါ်ကနေ ကျော်ကြည့်သွားသေးသည်။

သမင်လည်ပြန် လည်လိမ်ရင်း လှေကားပေါ်မှာ ခလုတ်တိုက်လို တိုက်။

"သဝန်က စကားပြောတာ ရိုင်းလိုက်တာ"

အခန်းထဲ ရောက်တော့ ချက်ချင်း ဝေဖန်သည်။

သဝန်က ဂရုမစိုက်ဘဲ ရေခဲသေတ္တာထဲက အအေးနှစ်လုံး ထုတ်ယူပြီး ဆောင်းကို တစ်လုံးပေး၏။

ဆောင်းက လှမ်းယူလိုက်ပေမယ့် မသောက်ဘဲ စားပွဲပေါ် တင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က စေတနာနဲ့ပြောတာကို တစ်ခွန်းမှ အကောင်း မပြောဘူး"

"အကောင်းမပါလို့ အကောင်းမပြောတာပေါ့ ဆောင်းရယ် ဒါတွေ ဆောင်း မသိပါဘူး။ စိတ်မဝင်စားနဲ့၊ ရော့...သောက်..."

ဆောင်း ချထားသည့် အအေးဘူးကို ကောက်ယူပြီး သူကိုယ်တိုင်ဖွင့်၍ ပိုက်တပ်ပေးလိုက်သည်။ ဆောင်းက ခေါင်းခါ၏

"မသောက်ချင်ပါဘူး"

"သောက်ပါကွာ...တစ်မနက်လုံး ညှော်ခန်းထဲမှာ မင်း ပင်ပန်းခဲ့တာ၊ ရော့... နည်းနည်းသောက်"

"မသောက်ချင်ဘူး"

ဆောင်းက နောက်လှည့်မကြည့်ဘဲ သဝန့်ကို မကျေနပ်သော မျက်ဝန်းလေးများနှင့် ကြည့်နေဆဲ။

"သူတို့က ဆောင်းရဲ့ သိက္ခာကို ထည့်တွက်ပေးတာတောင် သဝန့်က ဂရုမစိုက်ဘူးလို့ ပြောခဲ့သေးတယ်"

"ဆောင်း"

သူ မျက်မှောင်ကြုတ်၍ ခေါ်လိုက်ပြီးမှ ချက်ချင်း ပြန်ဖြေပစ်လိုက်သည်။

"အဲဒါတွေ စိတ်မဝင်စားပါနဲ့ ဆောင်းရယ်၊ သူတို့က လူကောင်းတွေ မဟုတ်ဘူး။ ရင်ထဲကတစ်မျိုး၊ ပါးစပ်က တစ်မျိုး။ ကိုယ်တို့နဲ့လည်း ဘာမှတော်စပ်တာ မဟုတ်ဘူး၊ နောက်တော့ သေသေချာချာ ကိုယ်ရှင်းပြမယ်"

ဆောင်းမျက်နှာက မကြည်လင်။

"ဆောင်းရဲ့မိဘတွေ...အဲ... အန်တီကျေနပ်အောင် ကိုယ်အားလုံးစီစဉ်ထားတယ်၊ သူတို့နားလည်ကြမှာပါ၊ ဆောင်း နားလည်





တာတွေ သူတို့ နားလည်ကြလိမ့်မယ်၊ ဒီကလူတွေရဲ့ စကားကို ခေါင်းထဲ မထည့်နဲ့ကွာ"

"မထည့်လို့ရမလား သဝန့်၊ ဆောင်း အန်တီနဲ့ တွေ့ချင်တယ်၊ ဆောင်းကို ဘယ်တော့ ပြန်အပ်ပေးမှာလဲ"

"အတိုင်းအတာ တစ်ခုတော့ စောင့်ပါ ဆောင်းရယ်၊ အခြေအနေနဲ့ အချိန်အခါကို ကိုယ် မယုံရဲသေးလို့ပါ၊ ဒက်ဒီကိုလည်း မှာထားတယ်၊ သူတို့ပြောတဲ့ လူကြီးမိဘ ဆိုတာ ကိုယ့်ဒက်ဒီပဲ ဖြစ်ချင်တာ၊ ဒက်ဒီလည်း ထွက်သွားတုန်းက ကြာမယ်ဆိုပေမယ့် ဒီကိစ္စရှိလာတော့ ပြန်လာမယ်လို့ ကိုယ်ယုံကြည်တယ်"

"ဟင်...ဒါဆို ဆောင်းက ဘယ်လောက်ထိ စောင့်ရမှာလဲ"

"ခဏပါ... မကြာစေရပါဘူး။ ပြန်အပ်တယ် ဆိုတာလည်း ခဏလေးပဲ ဆောင်းရယ်၊ ဆောင်းဟာ ကိုယ့်ဇနီးအဖြစ်နဲ့ပဲ ရှိနေရတော့မယ့်ဟာ၊ ဘာထူးလို့လဲ... စိတ်အေးအေးထားနေ"

"ဟင့်အင်း... ဟင့်အင်း... မသိဘူး။ ဆောင်း အန်တီနဲ့ မခေါ်ဘဲ ကြာကြာမနေနိုင်ဘူး။ သဝန့်တို့လို ဆောင်းတို့က လူကြီးမိဘကို အတိုက်အခံလုပ်ပြီး ခံပြောရဲခဲ့ကြတာမဟုတ်ဘူး။ ခုလောက်ဆို အန်တီ ဆောင်းကို အရမ်းစိတ်ဆိုးနေမှာ မသေချာတယ်"

ဆောင်းက မှေ့ရာပေါ် [illegible]ထိုင်ချလိုက်ပြီး မျက်ရည်ကျလေသည်။

"လက်ထပ်ပြီးရင် ပြန်အပ်မယ်ဆိုပြီးတော့ သဝန် ညာတာ သိလား။ ဆောင်း လုံးဝမကျေနပ်ဘူး"

"မဟုတ်ဘူး... ကိုယ် မညာပါဘူး"

သဝန့် ဖျာဖျာသလဲငြင်း၍ ကိုင်ထားသမျှကို စားပွဲပေါ်ပြန်ချသည်။ ဆောင်းဘေးမှာ ဝင်ထိုင်ကာ ပခုံးလေးကို ဖက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်...ဖယ်... မကိုင်နဲ့"

ဆောင်းက ပုတ်ချပြီး ဝေးအောင် ရွှေ့ထိုင်၏။

သဝန်က လိုက်တိုးပြီး လက်မောင်းလေးကို ထ မရုန်းနိုင်အောင် ဖမ်းဆုပ်ထားလိုက်သည်။

"ကလေးလိုပဲ ဆောင်းရယ်... ပိန်းမနိုးတယ် ဆိုတာ ဒီနေ့နိုးပြီး ဒီနေ့သွားအပ်လို့ အဆင်ပြေမှာတဲ့လား။ ဘယ်သူမှလည်း အဲဒီလို မလုပ်ဘူး၊ ခုချိန်ဆို သားသမီးကို မိုက်လိုက်တာဆိုပြီး မိဘက ဒေါသထွက် ဒေါသူပုနေတုန်း၊ ဘယ်သူ ဘာသွားပြောပြော လက်ခံမှာ မဟုတ်ဘူး"

ဆောင်း မျက်ဝန်းလေးတွေ စဉ်းစဉ်းစားစားဖြစ်လာ၏။ သဝန်က ဆောင်း၏ ပခုံးလေးကို ဖွဖွလေး ဖက်ထားလိုက်ပြီး မျက်နှာလေးနား ကပ်၍ ဆက်ပြော၏။

"နည်းနည်းကြာသွားမှ သွေးအေးသွားတော့ သားသမီးကို လွမ်းဆွေး တမ်းတလာတာ၊ နေနိုင်လိုက်တာ ဆိုတာမျိုး ဖြစ်လာကြတာ၊ ဆောင်းရဲ့အန်တီ ဒေါသ ဘယ်လောက်ဖြစ်နေနေ ဒက်ဒီပြန်ရောက်လို့ ကျေရာကျေကြောင်း သွားဆွေးနွေးလိုက်ရင် အားလုံးငြိမ်းချမ်းသွားမှာပါ၊ ကိုယ်ပြောတာကိုယုံပါ ဆောင်းရယ်၊ ဒါ တကယ့်အဖြစ်တွေ၊ ဆောင်းကို ကိုယ် နှစ်သိမ့်နေတာ မဟုတ်ဘူး"

ဆောင်းက သူ့ကို ပြန်လှည့်ကြည့်သည်။

ဆံစလေးတွေကို သိမ်းဖယ်ကာ စီးကျနေသည့် မျက်ရည်ကြောင်းလေးကို သဝန်က သုတ်ပေး၏။

ဆောင်းက တိမ်းဖယ်ရင်းထဖို့ပြင်လိုက်တော့ အတင်းအကြပ်ပဲဆွဲဖက်ထားလိုက်၏။

"အို... အဲလိုမလုပ်နဲ့... သဝန်... လွှတ်ကွာ"





"လက်ထပ်ပြီးပြီလေ... မင်းနဲ့ကိုယ်"

"ဟင့်အင်း"

ဆောင်း အတင်းရုန်း၍ မျက်နှာလေးကို ဘယ်ဝှက်ရမှန်း မသိဘဲ ဖြစ်နေရှာသည်။ သဝန်က ဒီတစ်ခါတော့ အလျှော့မပေးဖို့ ဆုံးဖြတ်ထား၏။

လင်မယား ဖြစ်ပေမယ့်လည်း နှစ်ယောက်သား ရှန်းရင်းဆန်ခတ် တွေ ဖြစ်နေကြရသည်။

ဆောင်းပါးပြင်လေး နွေးခနဲ ဖြစ်သွား၏။

ပြီးတော့ နမူးပြေပြေလေး ...။

ဘယ်လိုရှောင်လို့မှ မလွတ်။

အချစ်ဟာ စားပြတိုက်နေသလို ဖြစ်နေခဲ့လျှင် ရုက်ချွံ နေခြင်းဟာ ဝရမ်းပြေးလေးလား။ ဆောင်းကတော့ ပညာ ရသွားပါပြီ။

ညရောက်လာတော့ သဝန်ကို အနည်းငယ်မျှပင် အကာပ်မခံ တော့။

"အဓိပ္ပာယ်မရှိတာ ဆောင်းရယ်၊ ချစ်လို့ယူထားတဲ့ဟာ ခွဲအိပ်စရာလား"

"ဟင့်အင်း... ဆောင်း တစ်ယောက်တည်းပဲ အိပ်တော့တယ်၊ သဝန် ဒီမှာလာအိပ်ရင် ဆောင်း ကြမ်းပြင်ပေါ်မှာ ဆင်းအိပ်မယ်"

ပြဿနာပဲ...။ သဝန် ခေါင်းကုတ်၍ ဘယ်လို ဖျူဟာနှင့် အနိုင်တိုက်ရမှန်း မသိဘဲ ဖြစ်သွားလေသည်။

သူလည်း မအိပ်နိုင်။ ဒရင်းဘက်ခ်ခင်းပြီး အိပ်ဖို့ကြိုးစားတာ မရနိုင်ဘဲ ရေ ထ,သောက်လိုက်၊ စရန်တာဘက် ထွက်နေမိလိုက်။

သူ့လှုပ်ရှားသမျှကို လိုက်ကြည့်နေရင်း ဆောင်း မျက်တောင်လေးတွေ စင်းကျသွားလိုက်၊ ပြူးပြီ ခေါင်းထောင်ထလိုက်။



www.burmeseclassic.com

www.burmeseclassic.com



"အိပ်လေ... ဆောင်း... ကိုယ် ဒီမှာပဲ အိပ်မှာပါ။ စိတ်ချ လက်ချ အိပ်"

သဝန်က ကတိပေးလိုက်ရတော့သည်။

ဒီတော့ ဆောင်း မျက်တောင်လေးတွေ ပြန်ပွင့်မလာတော့ဘဲ အိပ်မောကျသွားခဲ့ရှာ၏။

သဝန် ဒရင်းဘက်ခ်ပေါ်ကနေ ဆောင်းအိပ်နေတာလေးကို ငေးကြည့်ကာ ကိုယ့်အဖြစ်ကို တွေးမိပြီး ပြုံးလိုက်မိသည်။

သူကိုယ်တိုင် လတ်တလော ပြေးဝယ်ပေးထားသည့် ညဝတ်ဂါဝန်အဖြူပွပွလေးနှင့် ကွေးကွေးလေး အိပ်နေပုံက မျက်နှာလေးနှင့် ဆံနွယ်တွေ ပုံကျလျက် ကြည့်လို့မဝနိုင်။ တကယ်ဆို ဆောင်းကို သူ တွေ့ဆုံခဲ့ရသည့် အကြိမ်ရေက သိပ်မရှိခဲ့ပါ။

ကာလအားဖြင့်လည်း ဘယ်လောက်မှ မကြာခဲ့သေး။ စွဲလမ်းသွားခဲ့မိသည့်စိတ်က ကိုယ့်ကိုယ်ကိုပင် မယုံနိုင်အောင် ဖြစ်ခဲ့သည်။

ဒါဟာ အတိတ်ဘဝက ရေစက်ပေါင်း ဆုတောင်းကြောင့်လား။

ဆောင်းကို မြင်လိုက်ကတည်းက ဖြူစင်လွန်းသည့် အမူအရာ မျက်ဝန်းလေးတွေကို မြတ်နိုးသွားခဲ့သည်။

ထိုသို့သော ဖြူစင်မှုလေးတွေကို သူ သဝန်တိုခဲ့မိ၏။

ဆောင်းကို သူသာ ပိုင်ချင်သည်။ ဆောင်း၏ ဖြူစင်ခြင်း၊ ရိုးသားခြင်းကို သူ ဆုပ်ကိုင်ထားချင်သည်။ သူပဲ ကာကွယ်ပေးချင်၏။

ဆောင်း၏ သည်စိတ် သည်သဘာဝတွေ ဘာ့ကြောင့် ဤသို့ ဖြစ်ခဲ့ရသည်ဆိုတာ ဆောင်း တက်ရောက်ခဲ့သော သင်တန်းမှူးထံမှ တစ်စွန်းတစ်စ သိခဲ့ရသည်။

ဒေါ်နှင်းနှင်းမြတ် ကိုယ်တိုင် ပြောပြ၍ သေချာ အပ်နှံသွားသည်ဟု ဆိုသည်။





"ဒါ သေချာမေးခဲ့တာပါကွ။ သူ့တူမလေး အပြောအဆို အနေအထိုင်မတတ်ရင် နားလည်ပေးဖို့ အမြင်မတော်ရင် ဆိုဆုံးမဖို့ သူ့အဒေါ်ကိုယ်တိုင် သင်တန်းမှူးကို ပြောပြနေတာတဲ့၊ အားလုံး ခေါ်နေကြတဲ့ တီချယ်လေးဆိုတာ ငါတို့ ဆရာမပါ၊ သူ ဒုတိယ နှစ်မှာကတည်းက ဇါက ဆယ်တန်း၊ အိမ်မှာ ကိုက်လာလုပ်တာ"

အောင်ဟိန်းက သတင်းပေးခဲ့၏။

"လရိပ်ဆောင်း ဆိုတဲ့အတိုင်း တကယ့်ကို နေမလောင် မြေမခစေဘဲ တစ်ပင်တိုင်မြှနန်းနဲ့ ကြီးပြင်းခဲ့တဲ့ ငါးနှစ်သမီးကတည်းက သုံးတန်းစာတွေကို ဒေါင်ဒေါင်မြည် ရနေဟာတဲ့ကွ၊ စာ အရမ်းတော်တယ် ကွန်ပျူတာလည်း ကျွမ်းတယ်၊ အင်္ဂလိပ် စကားပြောဆို ကိုယ့်ဘာသာ စကား အတိုင်းပဲ ပြောနိုင်တယ်တဲ့၊ ဒါပေမယ့် မိဘက ဆရာ့ဆရာမ ရိုက်မှာစိုး၊ သူစိမ်းလူတွေနဲ့ ထိစပ်မှာစိုးပြီး လုံးဝကျောင်းမတက်နိုင်း ခဲ့ဘူး။ အလွတ်တန်း အောင်ခဲ့တာ၊ ပညာကတော့ မခေဘူးတဲ့။

"ဒါပေမယ့်ကွာ လူသူတစ်မ်းဆို သူ့အလုပ်သမား အခြွေအရံ ကလွဲပြီး မမြင်ဘူးအောင် သစ်သီးကမ္ဘာခြားပြီး ကြီးပြင်းခဲ့ရရှာတာ ဆိုတော့ ပညာတွေတတ်ပေမယ့် အလကားပေါ့၊ ပါးစပ်ထဲမှာ စာတွေ ရနေပြီး ချမရေးနိုင်တဲ့လူလို သူ့ပညာ သူ ဘယ်အဆင့်ရှိမှန်းတောင် မသိခဲ့ရှာဘူးတဲ့၊ အဲဒါတွေ ပြောပြသွားတဲ့ သူ့အဒေါ်ကိုယ်တိုင်ကလည်း အကောင်းပြောသွားတာ မဟုတ်ဘူးတဲ့ကွ၊ သူ့တူမကို မငြိုငြင်အောင် ဘယ်သူနဲ့မှမတူဘဲ အခွင့်အရေးပေးဖို့ မဆူမိ မအော်မိဖို့ သတိပေး သွားသလိုပဲတဲ့"

ပြောပြီး အောင်ဟိန်းက ပခုံးနှစ်ဖက် တွန့်ပြသေးသည်။

"ငါထင်တာတော့ တော်တော့်ကို ချမ်းသာပုံ ရတယ်ကွ၊ မင်းလည်း ကြည့်လုပ်၊ တော်ကြာ သိုက်တူးတယ် ထင်နေဦးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က မိုးပါလျက်နဲ့ သူ့တူမလေး ခပ်အ.အ.ဆိုတော့ လိမ်ညာပါတယ်၊ ဖြားယောင်းပါတယ် ဖြစ်ကုန်ရင် ရှုပ်ကုန်ဦးမယ်" တဲ့။

ဒီအကြောင်းတွေ သိလိုက်ရတော့ ဒက်ဒီ ဂျပန်ထွက်သွားပြီ ဖြစ်ကာ သူ့မှာလည်း အလုပ်မအားတော့။

မှန်းတစ်လုံးပဲ အားကိုးဖွယ်ရှိသော်လည်း ဆက်လိုက်တိုင်း မအောင်မြင်၊ အလုပ်ကလည်း မလုပ်လို့မဖြစ်။

လွမ်းနေ တွေ့ချင်နေတာကလည်း ဖျောက်လို့မရ။

ဆောင်းဆီ ဘယ်လိုသွား၍ တွေ့ခွင့်ကို ဘယ်လိုကြိုးစားရမှန်း မသိဖြစ်နေတုန်း တွေ့လိုက်ရတော့ အခက်အခဲတွေထဲမှာ ဆောင်းကို မထားနိုင်ခဲ့တော့။

ထို့ကြောင့် အစီအစဉ်မရှိခဲ့ဘဲ ဆောင်းကို မရမက ခေါ်ထုတ်လာခြင်း ဖြစ်သည်။

ဆောင်းက ခထာလေး ရှောင်တိမ်းရုံ ပါလာခဲ့တာကို သူသိသည်။ ဒါပေမယ့် ကားပေါ် ဆွဲတင်လိုက်ပြီးကတည်းက ပြန်လွှတ်ဖို့စိတ်ကူး သူ့မှာ မရှိခဲ့ပေ။

မိုင်နေပြီပဲ သဝန်... မင်း... ကျေနပ်လိုက်တော့။

အိပ်ရာဘေးမှာ မှဆိုးဒူးထောက် ထိုင်ချကာ ဆောင်း မျက်နှာလေးကို သူ ငေးကြည့်နေမိသည်။

ပြီးတော့ စောင်ကို ဖွဖွလေး ဆွဲခြုံပေးလိုက်၏။

ဆောင်း တုတ်တုတ်မျှ မလှုပ်သောအခါ မျက်တောင် ကော့ကော့လေးတွေကို တို့ထိမိရင်း ပါးပြင်လေးကို ငုံ့နမ်းမိ၏။

ချစ်တယ် ဆောင်းရယ်...။





## အခန်း ( ၁၈ )

"လာပြီ... ဟိုမှာ... ကားဝင်လာတာ ငါတွေ့တယ်"

ကဲရန်က ပြောရင်း နေရာကနေ ထသွားသည်။

မှန်တံခါးကို တွန်းဖွင့်၍ အပြင်ထွက်လိုက်တော့ ကဲရန် ခြေလှမ်းတုံ့သွား၏။

ကားပေါ်မှဆင်းလာတာ သဝန်တစ်ယောက်တည်း မဟုတ်ဘဲ နှစ်ယောက်။ ပုလဲနှစ်ရောင် ဖဲသားပေါ်မှာ ပုလဲလုံးလေးတွေ ရွဲသီထားသည့် အသားကပ် ဂါဝန်ရှည်ကို လက်မှလေးဝတ်လျက် တင်ပါးထိ ရှည်သော ဆံပင်တွေကို ဖြန့်ချထားသည်။ ခြုံကောစ်ထဲမှာ ထည့်ထားဖို့ ကောင်းအောင် ဘယ်ကကြည့်ကြည့် ဝင်းလက် လှပနေသော ကောင်မလေး၏ လက်ဖဝါးလေးကို ဖွဖွလေး ဆုပ်ကိုင်ထားသည်။

အဲဒီကောင်မလေးက ဆောင်း။

ကဲရန် တံတွေးမျိုချကာ ရှေ့ဆက်လှမ်းသည်။

တွဲထားသည့် လက်ကို ဘယ်လိုဖြုတ်ချ၍ ဘယ်လိုခွဲထုတ်သွား ရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်ပါ. . .။ ကြိုသိအောင်တော့ ပြောထားရမည်ဖြစ်၏။

"ကဲရန်. . . ဟိုကောင်တွေ ရောက်နေပြီလား"

သဝန်က ဘောင်းဘီရှည်အနက် ကုတ်အကျီအနက်ကို ရင်ဖွင့်ထားကာ နီရဲသော စပို့ရှပ်နှင့် ဖြစ်၏။

ခြားနားသော ကာလာများနှင့်ပေမယ့် သဝန်နှင့် ဆောင်းက ထင်းနေသည်။ ကားပေါ်မှ ဆင်းလာကြကတည်းက အနီးအနားမှာ ရှိသမျှလူတွေ ဂရုစိုက်မိကြ၏။

သဝန်မေးတာကို မဖြေဘဲ ကဲရန်က သဝန့်တစ်ဖက်မှ အသာကပ်ရပ်ပြီး . . .

"မင်းက ဘာဖြစ်လို့ နှစ်ယောက်ကြီး လာရတာလဲကွ"

"ဘာဖြစ်လို့လဲ"

"အထဲမှာ ကဗျာ ရောက်နေတယ်"

"ဘာ"

နှစ်ယောက် ခြေလှမ်းတွေ နှေးကျသွားတယ်။

ဟိုသည် လိုက်ကြည့်ရှုသည့် ဆောင်းက ရှေ့သို့ မသိမသာရောက်သွား၏။

သဝန်က ဆောင်းကို ဆုပ်ကိုင်ထားသည့် လက်ကို လွှတ်ပေးလိုက်၏။ ပြီးတော့ ကဲရန်ကို မကျေမနပ်ကြည့်ကာ. . .

"မင်းတို့က ဘာလဲ. . . ငါ့ရဲ့အောင်မြင်မှုအတွက် တစ်ဝိုင်းစာလို့ ပြောကြပြီး ကဗျာကို ဒီမှာ ဘာလို့ခေါ်ထားတာလဲ"

"ခေါ်မထားပါဘူးကွာ၊ သူ ခုနကမှ ရောက်လာတာ၊ ဒီကို မင်းလာမယ်ဆိုလို့ သူ့သူငယ်ချင်းတွေကိုလည်း ပြန်လွှတ်လိုက်ပြီ၊ သူ နိုင်ငံခြား သွားတော့မှာတဲ့၊ အဲဒါ မင်းကို နှုတ်ဆက်ချင်လို့တဲ့၊ လဲရောင် ဆိုတဲ့ကောင်နဲ့ ကိစ္စလည်း ရှင်းပြချင်တယ်တဲ့"





"ဘာလုပ်ရမှာလဲ၊ အစ,ဂ,ဟတည်းက စိတ်မဝင်စားလို့ မရှင်းဘဲ ထားပစ်ခဲ့တဲ့ကိစ္စ၊ ပြီးသွားတာကြာပြီ၊ ငါ မိန်းမ ရသွားပြီလို့ မင်းတို့ ပြောလိုက်ပေါ့"

ကဲရန်က ခေါင်းကုတ်လိုက်ပြီး လေသံကိုလည်း ပို၍ လျှော့ချကာ . . .

"ငါတို့ကလည်း မင်းတစ်ယောက်တည်း လာမှာပဲ ထင်တာကိုးကွ၊ ပြီးတော့ သူက နိုင်ငံခြားသွားတော့မှာဆိုတော့ နှုတ်ဆက်ပြီးရင် ပြီးပြီထင်တာ"

သဝန် မျက်နှာကြီး နီလာသည်။

ထိုစဉ် ရှေ့ရောက်သွားသည့် ဆောင်းက တံခါးနားကျမှ နောက်ပြန်လှည့်၍ စောင့်နေသဖြင့် သဝန်က ဆောင်းလက်ကလေးကို ပြန်ဆွဲလိုက်သည်။ သူကိုယ်တိုင်ပဲ မှန်တံခါးကို တွန်းဖွင့်လိုက်၏။

မော့ကြည့်လာသည့် မျက်နှာအားလုံးမှာ ခရမ်းရင့်ရောင် နှုတ်ခမ်းနီ ဆိုးထားသည်။ ဆံပင်တွေ တစ်ခေါင်းလုံး ကောက်ထားသော မျက်နှာလေးက အငေးသုံး။

သူမက ပေဒါရောင်ရင့်ရင့် ကိုယ်ကျပ် လက်ပြတ် လည်ဟိုက်ကို ဝတ်ထားသည်။

ပခုံးပေါ်မှာဝဲနေသည့် ဆံပင်တွန့်တွန့်တို့ကို ကျောက်ကလစ်များနှင့် လှပစွာ သိမ်းထိုးထားသောကြောင့် နားသယ်စပ် ဆံစလေးများ ခပ်ရိုပ်ရိုပ်ဆင်းနေပုံက ကုလားမင်းသမီးလေးနှင့် တူသည်။

အရောင်ရင့်ရင့် တင်ထားသော မျက်ဝန်းတို့က ရူးရူး လက်လက် ဖြစ်လာ၏။

"အဟမ်း . . . လာ. . . သဝန်၊ ဒီမှာ ကဗျာလည်း ရောက်နေတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



အောင်ပဒိန်းက မပြုံးမရယ်နှင့်ဆိုရင်း ကဗျာ မမြင်အောင် နှာခေါင်းရှုံ့ပြ၏။ သဝန်က မေးခွန်းများစွာနှင့် ကြည့်နေသည့် ကဗျာကို ပြုံးပြသည်။

ဆောင်း ထိုင်ဖို့ခုံကို အနားမှာပဲ ဆွဲပေးပြီး ဆောင်း ထိုင်ပြီးမှ ဘေးမှာ အုထိုင်၏။ သူများတွေ ထိုင်ကြသည့် အကွာအဝေးထက် သဝန်က ပိုချဲ့ကပ်ထားသဖြင့် ဆောင်းနှင့် သူ ဘယ်လိုပတ်သက်မှန်း ကြေညာဖို့မလို။

"ကဗျာ ရောက်နေတာကိုး... ပျောက်နေတာတောင် ကြာပြီ နော်"

ကဗျာက ဆောင်းကို ကြည့်၍ မသိုတသိလေး ပြုံးသည်။

"မပျောက်ပါဘူး သဝန်... မတွေ့ဖြစ်ကြတာပါ"

ဆောင်းကို မြင်လိုက်ကတည်းက ကဗျာ နားလည်သွားသည်။ မိန်းကလေးချင်းပင် ထိုင်ကြည့်နေချင်လောက်အောင်လှသော သဝန့်ဘေးက ကောင်မလေးဟာ ပြိုင်ဘက်မရှိ နေရာယူခဲ့ပြီ။

အလွန်တရာ ညှို့နိုင်စွမ်းသော ပြည်ပြည်စိုစို နီမြန်းသော နှုတ်ခမ်းကလေးများ အရောက်မှာ မျက်ဝန်းတို့ကို ရှေ့ပစ်လိုက်မိ၏။

"သူက ဘယ်သူလဲဟင်၊ မိတ်ဆက် မပေးတော့ဘူးလား"

တည့်တည့်မေးတော့မှ သဝန်ကပြုံး၍ စားပွဲစွန်းမှာ မှေးတင်ထားသည့် ဆောင်း လက်ခုံနုနုလေးကို တယုတယ ဆုပ်ကိုင်လိုက်ပြီး...

"ကိုယ် လက်ထပ်ထားတာလေ၊ ကိုယ့်ဇနီးပေါ့... လရိပ်ဆောင်းတဲ့"

ထင်ထားတာ ရှိချင် ရှိမည်။

တကယ် ကြားလိုက်ရတော့ ကဗျာ မျက်နှာပျက်သွားကာ ဟန်မဆောင်နိုင်။ သူမ နိုင်ငံခြားသွားဖို့ဆိုတာ တကယ်မဟုတ်ပါ။





ပြတ်တောက်နေခဲ့ကြတာ ကြာပြီမို့ ဒီဝိုင်းမှာ ထိုင်လို့ကောင်းအောင် နှုတ်ဆက်ချင်သည့် အကြောင်းပြချက်ကို ယူခဲ့တာဖြစ်သည်။

သဝန်နဲ့ သူမ ညီးစားသက်တမ်း နှစ်လပြည့်မှာ လရောင်နဲ့ တွဲသွားနေတုန်း သဝန် မြင်သွားသည်။

ရုပ်ရှင် အတူကြည့်ဖြစ်ကြတာက ချစ်သူ မဟုတ်ပါ။

ဒါပေမယ့် ကဗျာက ယောကျ်ားလေး အပေါင်းအသင်းများတဲ့သူ။

ရုပ်ရှင်ကြည့်ချင်တာ၊ ရှော့ပင်းထွက်ချင်တာ၊ ဘာကိစ္စမဆို ခေါ်လို့လွယ်တဲ့ သူငယ်ချင်း ယောကျ်ားဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် ဖုန်းဆက်ခေါ် လှမ်းချိန်းပြီး သွားလိုက်တာပဲ ဖြစ်၏။

ရိုတိတိ ပြောတာတွေလည်း ရှိသည်။ လုံးဝရိုးသားကြသည့် သူငယ်ချင်း ကောင်လေးတွေလည်း ရှိသည်။

ကဗျာ့အတွက်ကတော့ မဆန်းပါ။

ရုပ်ရှင်အတူကြည့်ပြီး အထွက်မှာ သဝန်နဲ့ တွေ့လိုက်တော့ မျက်နှာပျသွားခဲ့သည်။ ရှင်းပြဖို့ ခက်မည်မှန်းလည်း သိ၏။

သူ့ကျတော့ ဟိုနေရာ ဒီနေရာလိုက်ပို့ဖို့ ဘယ်ပဲခေါ်ခေါ် ရောက်လာတတ်တာ ဘယ်နှစ်ခါ ရှိလို့လဲ။

ကိုယ့်အတွက်ဆို အမြဲတမ်း အဆင်သင့် ဖြစ်မနေတတ်သော သဝန့်အပေါ် မကျေနပ်စိတ်လေးနှင့် မရှင်းဘဲထားခဲ့မိသည်။

မေးလာတော့လည်း ဖြေရုံပါပဲ၊ မေးလာမှာပဲ၊ ရှင်းခိုင်းမှာပဲ ထင်ပေမယ့် သဝန်က လုံးဝ ဆက်မလိုက်ခဲ့ပေ။

တကယ်တမ်းကျတော့ လိုတိုင်း ရနေတာထက် ဂျစ်ကန်ကန် ဂရုမစိုက်သလို နေတတ်သည့် သဝန့်ကိုပဲ သဘောရနေခဲ့သည်။

သဝန့်ဘေးမှာ ရှိခွင့်ရနေတာကို ဟမ်းတမိလာ၏။



www.burmeseclassic.com

www.burmeseclassic.com

ခုတော့ လက်ထပ်လိုက်ပြီတဲ့။

"ဘယ်တုန်းက မင်္ဂလာ ဆောင်လိုက်တာလဲဟင်၊ ကဗျာ ကိုတောင် မဖိတ်ဘူး"

သဝန်က နှာခေါင်းတစ်ချက် ရှုတ်ပြီး ရယ်လိုက်၏။

ပြီးတော့ ဆောင်းကို မြှတ်နိုးမဝသော မျက်ဝန်းများနှင့် ငုံ့မိုး ကြည့်လိုက်ပြီးမှ . . .

"မင်္ဂလာ မဆောင်ရသေးဘူး ကဗျာရဲ့၊ ဒက်ဒီပြန်လာမှ စီစဉ် ရမှာ၊ ဆောင်းကို ကိုယ်က မရမကဖွတ်ကားတင်ထားရတာ၊ ယောက္ခမ ကြည့်အောင် ကြိုးစားရဦးမှာ"

"ဪ . . . ဪ . . ."

ကဗျာက ဆောင်းကို မကြည့်တော့ဘဲ ခပ်ပြောင်ပြောင်ပဲ မဲ့ပစ်လိုက်သည်။

"ညည်းတစ်ထောင် လင်ကောင် တစ်ယောက် ဆိုတာ မိန်းကလေးတွေအတွက် စာဆိုရှိပေမယ့် မသင့်တော်ဘူးနော်၊ သဝန် ကတော့ ယောက်ျားသားဆိုတော့ ဘယ်ပြဿနာရှိမလဲလေ"

စကားကို အစချီပြီး ဆောင်းဘက်ကို လှည့်လိုက်သည်။

"ညည်းစားတစ်ထောင် ပြည့်သွားလို့လား။ ငြီးငွေ့သွားတာ လားတော့ မသိဘူး။ သဝန် လက်ထပ်လိုက်ပြီဆိုတော့ တကယ် အံ့သြတယ်၊ ဟွန်း . . . ဒါပေမယ့် ယူက အရမ်းလှတော့ ယုံပါတယ်၊ အတည်ဖြစ်ချင် ဖြစ်မှာပေါ့၊ တို့ကတော့ ပယ်စာရင်းထဲ ပါသွားပြီ ကဲ . . . ကဗျာ သွားပြီနော်၊ အားလုံးပဲ"

ပြောပြီး စားပွဲကို လက်နှစ်ဖက်နှင့် ထောက်၍ ဟန်ပါပါ ထရပ်သည်။ ချာခနဲလှည့်ထွက်သွား၏။

အားလုံးရင်ထဲမှာ ဟင်ခနဲ ဟာခနဲဖြစ်ကျန်ခဲ့ကြသည်။



ကဗျာဟာ မာနကြီးတဲ့မိန်းကလေး ဖြစ်သည်။

ရှုံးသွားရင်တောင် အောင်နိုင်သူအမြဲနဲ့ လှည့်ပြန်သွားမည်သာ။

ခုလို ကိုယ့်ကိုယ်ကို သရုပ်ပေါ်အောင် ဝန်ခံ ပြောဆိုသွား မည့်သူ မဟုတ်။ ဒါပေမယ့် တိုက်ခိုက်သွားသည့်စကား။

ဆောင်းမျက်ဝန်းလေးတွေ သဝန့်ထံမှာ စူးနစ်လာသည်။

သူမ လက်လှမ်းမီသမျှ တွေးနေသည့်အထဲမှာ ဘယ်လို အဖြေထွက်မလဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၉ )

မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျနေတာက အသံတိတ်။

ညဦးပိုင်းဆို အိပ်မရတတ်လွန်းလို့ အလုပ်တွေ ဖိလုပ်၊ အချိန်ကုန်မှ အိပ်ရာဝင်ခဲ့မိသည့် သဝန့်မျက်လုံး ပြူးသွား၏။

အခန်းတံခါး ကမ္ဘာကယာပြန်ပိတ်ကာ မွေ့ရာပေါ်မှာ တင်ပလ္လင်ခွေလေး မုံ့ပုံ့လေးထိုင်၍ ခေါင်းအုံးပိုက်ရင်း မျက်ရည်ကျနေသည့် ဆောင်းဘေးမှာ ဇွေ့ခနဲဝင်ထိုင်မိ၏။

"ဆောင်း... ဆောင်း... ဘာဖြစ်လို့လဲဟင်၊ ဒေါ်မမတို့ သားအမိနှစ်ယောက်ပြောမိလို့လား။ သူတို့ ဘာပြောသလဲ၊ ဘာဖြစ်လို့လဲ ဆိုတာ ပြောစမ်းပါ"

အိမ်မှာထားခဲ့ရမှာ စိတ်မချသဖြင့် ဆောင်းကို သူဘယ်သွားသွား ခေါ်သွားခဲ့သည်။ တစ်နေကုန် ငိုင်ငေးနေတာလေးကို သတိထားမိ၏။

စားသောက်ဆိုင်မှာ ကာဗျာ ပြောသွားတာတွေနှင့် ပတ်သက်၍လည်း ဘာမှမဟုတ်တော့ဘူး ဆိုတာ သူ ရှင်းပြပြီးပြီ။





"ဆောင်း... ဘာဖြစ်တာလဲ ပြောကွာ"

"မသိဘူး... ဒီမှာ ငိုချင်နေတာ"

"ငိုချင်တာက အကြောင်းရှိမှာပေါ့၊ အဲဒါပြောလေ... တိတ်ပါတော့ကွာ"

သူ မျက်ရည်တွေသုတ်ပေးတော့ ဆောင်းက မော့ကြည့်သည်။

"သဝန် ရည်းစားတွေထားခဲ့သမျှ လက်ကိုလည်း ကိုင်မှာပဲ၊ နမ်းလည်း နမ်းမှာပေါ့နော်"

"ဟာကွာ"

သဝန် မျက်ခုံးတွေ ပင့်တက်သွားသည်။

ဆောင်း ခံစားနေရတာလေးကိုလည်း သဘောပေါက်သွား၏။

"လက်ကိုင်တာက သွားလာကြရင်း အမှတ်တမဲ့တော့ ရှိတာပါ ဆောင်းရယ်၊ နမ်းတော့ မနမ်းပါဘူး၊ တကယ်ပြောတာ၊ ရည်းစားထားတယ် ဆိုတာ ပလာဇာရောက်၊ အင်တာနက် ဝင်ဆော့... ဒါလောက်ပဲ၊ ဒီပြင် ရင်းရင်းနှီးနှီးကြီး နေခဲ့ကြတာမှ မဟုတ်တာ"

"ဆောင်း မယုံဘူး"

မယုံတာလည်း ပေါ်တင်ကြီးပါလား။

သူ ဆောင်းကိုယ်လေးကို တင်းကျပ်စွာ ဆွဲဖက်ထားလိုက်မိ၏။

ဆောင်းသည် ဆားနှင့်ထိသွားသည့် တီကောင်လေးလို တွန့်ခနဲဖြစ်သွားကာ သူ့လက်တွေကို ဖယ်ချွတ်နေ၏။

"လွှတ်ပါ သဝန်ရယ်၊ အဲဒါတွေပေါ့... သဝန် ရည်းစားကြွေထားခဲ့သမျှ ခုလို..."

"ဟာ... နိုး... နိုးပါ၊ လုံးဝမဟုတ်ဘူး၊ ကိုယ် အဲဒါတွေ စိတ်ဝင်စားတတ်တာ မင်းနဲ့ကျမှ အချစ်နတ်ဘုရားက နှိုးပေးတာတွေပါ ဆောင်းရယ်၊ ချစ်တဲ့စိတ်ရှိမှ ရင်ခုန်တတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး... ဆောင်းမယုံဘူး။ မိန်းကလေးတွေ အများကြီးနဲ့ ချစ်ခဲ့ပြီးမှ ဆောင်းကို ညာဖြီးယူတာ၊ ကဗျာ ပြောသလို ဒီပြင်လူတာ တွေ့ရင် ဆောင်းကို ထားခဲ့ဦးမှာပဲ"

"ဟာကွာ... အဓိပ္ပာယ် မရှိတာကွာ... အဲဒီ ကဗျာဆိုတဲ့ တစ်ယောက်က တမင်တကာ ချွန်တွန်းလုပ်သွားတာ"

"မဟုတ်ဘူး...သဝန်ကို ကျောင်းတက်နေတုန်းက 'ပိတုန်းအုပ်' လို့တောင် ခေါ်ကြတာတဲ့၊ သိပ်ပွေတာတဲ့"

"ဟာကွာ... သွားပြီ၊ ဒါတွေ ဘယ်သူပြောတာလဲ"

"ကဗျာလေ... ခုနကမှ ဖုန်းဆက်တာ"

ခေါင်းအုံးခေါင်းမှာ ချထားသည့် ဟမ်းဖုန်းကို မေးဆတ်ပြမှ သဝန် မြင်သည်။

သူ့ဖုန်းကို ဆောင်း ကိုင်ဖို့ ပေးထားတာပါ။

ကဗျာ ဒီလောက်ထိ ညစ်ပတ်လိမ့်မည် မထင်သောကြောင့် ခေါ်သလည်း ဖြစ်ရ။ ဟုတ်နေတာကို ဘာပြောရမှန်း လည်းမသိ။

'ပိတုန်းအုပ်' ဆိုတာက ဟုတ်သည်။

ဒါပေမယ့် သူတို့အုပ်စုက အစ,သန်တာပဲ ဖြစ်သည်။

အလောင်းအစားတွေ ခဏခဏလုပ်ပြီး မိန်းမလှလေး တွေနောက် မရအရလိုက်၊ ရှုံးရင်ခံ၊ နိုင်ရင် ဝယ်ကျွေး။

ဒါတွေကို ပျော်စရာ၊ ရင်ခုန်စရာဟုတွေးပြီး ဖြတ်သန်းခဲ့ကြ တာ။ သိချင်းဆိုပြီး မငိုဘူးခဲ့။

မာနချင်းပြိုင်၍ ဆိုင်တိုက်ကြ၊ ရှုံးရင် လက်သီးဆုပ် လက်ပြ ဒါပဲ။ ကဗျာ သက်သက်ညစ်သွားသည်။

"သဝန်... နင် ဘယ်လိုညာဖို့ စဉ်းစားနေတာလဲ၊ မယုံဘူးလို့ ပြောပြီးသားနော်၊ မယ်... လူကို လွှတ်"





"မျက်ရည်တွေ ကျနေတာကို ကြည့်နေရမှာလား။ ဆောင်း ကိုယ့်ကို သဝန်တိုနေတာသိလား။ အဲဒါ ကိုယ့်ကို ချစ်လို့ မဟုတ်ဘူး လားဟင်"

"မဟုတ်ဘူး"

တစ်ဖက်လှည့်ပစ်သည့် ဆောင်း မျက်နှာလေးကို အတင်း ပြန်လှည့်ယူ၍ မျက်နှာချင်းဆိုင် ကြည့်လိုက်သည်။

လှလိုက်တာဟု ခဏခဏ ဖွင့်ပြောမိနေအောင် လှသည့် မျက်နှာလေးကို ငေးကြည့် သက်ပြင်းချနေခဲ့ရတာ အကြိမ်ကြိမ်။

"ကိုယ် မင်းကလွဲပြီး ဘယ်မိန်းမကိုမှ မစွဲလမ်းခဲ့ဘူး၊ မချစ်ခဲ့ဘူး"

ဆောင်းက နှုတ်ခမ်းလေးမဲ့၍ ...

"သူက ဆောင်းကို သိပ်ချစ်တာလို့ပြောတော့ ကဗျာ ပြန်ပြော တယ်၊ တို့ကို ချစ်ခဲ့တုန်းကလည်း ဒီလိုစကားတွေ ပြောခဲ့တာပဲတဲ့၊ သဝန်က သိပ်စကားတတ်တာတဲ့၊ ယုံလိုက်ရင် ခံရပြီမှတ်ထဲ့"

ကြည့်စမ်း... ကဗျာ... ငါးမရ ရေချိုးပြန်တာမျိုး။

"ဆောင်းရယ်... အဲဒါ ဆောင်းနဲ့ကိုယ် တကယ် လက်ထပ် ထားကြတာကို မယုံလို့ လျှောက်ပြောနေတာ"

"အင်း ... လက်ထပ်တာက ဟန်ဆောင်လို့ရသလား"

"ရတယ်လေ...အခု ကိုယ်တို့ လက်ထပ်ခဲ့ကြပြီး အတူမှ မနေရသေး၊ အဲဒါ ဟန်ဆောင်နေကြတာနဲ့ မတူဘူးလား"

"အဲဒါက...ဟို ..."

ဆောင်း ပါးပြင်လေးတွေ ဝင်းရောင်သွေးစို့ပြီး ...

ရှောင်လွှဲဖို့ စကားစရှာရင်း သူ့ရင်ခွင်ထဲက ရုန်းထွက်ဖို့ ပြင်ပေမဲ့ သဝန်က အတင်းပဲ သိမ်းဖက်ထားလိုက်ပြီး မျက်နှာချင်း ထိမတတ် တိုးပေမဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒီညဆို တစ်ပတ်ရှိသွားပြီ၊ ကိုယ့်ကို မရက်စက်နဲ့တော့နော်၊ ရှက်မနေပါနဲ့ ဆောင်းရယ်၊ ချစ်တယ် မို့လားဟင်"

"မချစ်ပါဘူးဆိုမှ... သဝန်နော် ...ဟင့်အင်း"

ဆောင်း ရှက်လွန်းသဖြင့် မျက်လုံးတွေ မှိတ်ပစ်လိုက်မိစဉ် ဓီးရောင် ဖျပ်ခနဲ မှောင်ကျသွားတာကို မသိလိုက်။

ဆောင်းလက်ကို ဆွဲ၍ လွင့်မြော ပြေးလွှားနေသော ဟင်းလင်းပြင်ကြီးထဲမှာ သူ့လက်ကို ကြောက်လန့်တကြား ပြန်လည်မှီတွဲလျက် မူးမူးမိုက်မိုက် လွင့်ပါးသွားခဲ့တာ ဘယ်ဆီ ဘယ်ဝယ်မှန်းမသိ။





## အခန်း ( ၂၀ )

"နတ်သမီး မဖြင်ဘူးပေမယ့် နတ်သမီးလေး လိုလှတာ၊ ဆိုးမွမ်းနေတာ မဟုတ်ဘူးနော်၊ ဒေါသဖြစ်နေတာ၊ လည်လွန်းတဲ့ ဘီး ချီးသင့်တဲ့၊ သူ့ကျတော့ ဒီလောက်ရှုပ်ပွေပြီး ကောက်ယူပစ် လိုက်တာ တကယ့်ရှုယ်ပဲ၊ ဘယ်ကဘယ်လို တွေ့လာသလဲ မသိဘူး"

ဘေးလူကြားရင် ဆိုးမွမ်း အုံ့ပြနေသည်ဟု ထင်စရာရှိသော် လည်း ချစ်ဖြာဝေ အံတကြိတ်ကြိတ် ဖြစ်နေတာ လူမဖြင်။

လက်မှာ တဖျပ်ဖျပ် တောက်ပနေသည့် ဖန်စီ လက်ကောက် တွေကို အမဲမှာယ်မဲ့ ပွတ်သပ်နေမိသည်။

ချမ်းသာချင်လွန်းလို့ သားအမိတွေ ကြံလိုက်ရ၊ ကြိုးစား လိုက်ရ ခုကျတော့ အားလုံးလွဲကုန်ပြီ။

ဦးမျိုးနေ ဂျပန်ထွက်သွားသည့် အဖြစ်ကို ဒေါ်မမကလည်း ကြိတ်မနိုင် ခဲမရ ဖြစ်နေ၏။

တကယ်တကယ်ကျတော့ သူမတို့အားလုံးမှာ ဆုပ်မိမ်း ပိုင်နိုင် ထားတာ ဘာမှမရှိ။



www.burmeseclassic.com

www.burmeseclassic.com



အားနည်းချက် ရှိနေသူက ဦးမျိုးနေ။

ဦးမျိုးနေက သိတ္တာနဲ့မာနကို အသက်လောက် ကိုးကွယ် သူ ဖြစ်သည်။ အခု ဦးမျိုးနေက မရှိ။

"ဆောင်းက တော်တော့်ကို ချမ်းသာတာဆိုပဲ၊ ဒီလောက်လှပြီး ချမ်းသာပြည့်စုံတာ ရှိပါ့မလား မေမေ၊ ဘယ်သူမဆို ချို့ယွင်းချက် တစ်ခုတော့ ရှိကြတာပဲဆို၊ သူ့ကျတော့ ရက်ရက်စက်စက် လှတယ်၊ ကိုကိုထက် ချမ်းသာတယ်၊ အိမ်ထောင်ကျတော့လည်း အစ်ကိုနေက ချစ်လိုက်တာတုန်နေတာပဲ၊ ဥစ္စာပေါ ရုပ်ချောယောကျ်ားကိုပဲ ထပ်ရတယ်၊ ဘာမှ လိုလေသေးမရှိပါလား"

"ရှိတတ်ပါအေ... လရိပ်ဆောင်း ဆိုတဲ့ ကောင်မလေးကို အကဲခတ်ကြည့်ပါလား၊ ကြောင်တောင်တောင် ဂေါက်တောက်တောက်နဲ့ လည်လည်ဝယ်ဝယ်မရှိ ကျပ်မပြည့်တဲ့ပုံလေး"

"မဟုတ်တာ... မေမေကလည်း"

"ဘာလို့မဟုတ်ရမှာလဲ၊ လူမမယ်ကလေးလား... ဘာမှန်းမှ မသိဘဲ၊ ဒါကြောင့် ဒီကောင် တုန်နေတာ၊ ဘယ်သွားသွား မထားခဲ့ရဲတာကြည့်၊ ဟွန်း... ကုဋေရှစ်ဆယ် သူဌေးသားလို့နေမှာပေါ့၊ ငါ ဒီတိုင်းပဲ သတင်းကြားထားတယ်"

"ဒါဆိုလည်း ကောင်းတာပဲ မေမေ၊ သဝန် ဆိုတဲ့ကောင် ဘယ်လောက်ထိ ဂရုစိုက်နိုင်မှာလဲ၊ မလစ်ဘူးဆိုတာ မရှိပါဘူး"

ကျောနောက်က ပြောလိုက်သံကြောင့် ဒေါ်မမ တော့ခနဲ ဖြစ်သွားသည်။ ဆိုဖာလက်တင်မှာ လက်နှစ်ဖက်ထောက်၍ နောက်ကို သမင်လည်ပြန် လှည့်ကြည့်တာ ...

"ဝေမိုး... မင်း ပြဿနာမရှာနဲ့နော်၊ ကိုယ့်ဘက်က ပိုင်ပိုင် နိုင်နိုင် ဘာမှမရှိသေးဘူး"





သားအမိနှစ်ယောက် ရှေ့ကိုထွက်လာပြီး ဝေမိုးက မရိုးသား သော အပြုံးနှင့် ဖြီးထားပြီးသော ခေါင်းကို ခပ်ဖွဖွထပ်ဖိ၏။

ပြီးတော့ ဘာမှမပြောဘဲ ခြံထဲဆင်းသွားပြီး...

"ဟဲ့... ဒါက ဘယ်လဲ"

"ဘယ်မှမသွားဘူး၊ မေမေ ပြောသလို ကြောင်တောင်တောင် ဂေါက်တောက်တောက် တကယ်ဟုတ် မဟုတ် သွားစမ်းကြည့်မလို့"

"ဝေမိုး... ဟဲ့ ... အပေါ်ထပ်မှာ ဟိုကောင် ရှိတယ်နော်"

ဒေါ်မမ ခပ်ကြိတ်ကြိတ်တားတာ မရ။

ဝေမိုး ခြံထဲ ဆင်းထွက်သွား၏။

"သွားပါစေ မေမေရာ... တစ်အိမ်တည်းနေကြတာ စကား မပြောရတော့ဘူးလား"

ခက်ဖြာဝေက ခြံထဲမှာ ဆောင်း တကယ်ရှိနေလို့လားဟု သိချင်စိတ်နှင့် ပြတင်းပေါက်နား ထလျှောက်သွားရင်း ပြောသည်။

အစ်ကိုကတော့ မြင်လို့ ဆင်းသွားတာဖြစ်မည်။

သူမ လှမ်းကြည့်တာတော့ ဆောင်းကို မတွေ့ပါ။ ဒေါ်မမက သူ့အနားရောက်လာပြီး ခြံထဲကို လည်ပင်းရှည် ကြည့်၍ ...

"စကားပြောတာကို ဒီကောင်က မကြိုက်တာ၊ ကောင်မ လေးကို ဖူးဖူးမှုတ်ဖြစ်နေတာများ ရုက်ရမှန်းတောင် မသိဘူး၊ ညည်း မတွေ့ဘူးလား၊ မနက်တုန်းက မိန်းမကို ရေချိုးခန်းဝက စောင့်ပြီး စောင့်ခြုံပေးတာ"

"အဲဒါကိုက မုန်းဖို့ကောင်းတာ"

"အစ်ကိုမျိုးကတော့ ဒီကသတင်းကြားရင် ကျေနပ်သွား မှာပဲ၊ ချက်ချင်းပြန်လာမှာလည်း သေချာတယ်၊ သူက ညည်းနဲ့မှ သဘောမတူတာ"



www.burmeseclassic.com

www.burmeseclassic.com



ခက်ဖြာဝေကာ နွတ်ခမ်းလေး စူသွားပြီး မြတင်းပေါက်ကနေ ခွာလိုက်သည်။

"အဲဒီလိုဖြစ်လာနိုင်တယ်ဆိုတာ မေမေ သိတာပဲ၊ ဘာဖြစ်လို့ ပေးစားဖို့ သွားပြောလဲ၊ ပြီးတော့ အစ်ကိုနေက ဘဝင်ရှူး"

သားအမိနှစ်ယောက် မကျေမနပ် ဖြစ်နေကြချိန်မှာ ဝေမိုးက ဆောင်းရဲ့နောက်မှာ ရပ်နေမိပြီဖြစ်၏။

"အဟမ်း"

"ဟင်"

ဟင်ခနဲ အသံလေးနှင့်အတူ ဆောင်း လှည့်ကြည့်သည်။ မျက်မှန်နက်နှင့် ပြုံးနေသော မျက်နှာကြောင့် ဆောင်း ကိုယ်လေးပါ မတ်သွား၏။ ချက်ချင်း နောက်လှည့်၍ ရင်ဆိုင်ရပ်လိုက်သည်။

ပြူမပုံစံက ရန်သူကို ကော ...

"ဆောင်း"

နွတ်ခမ်းက မချိုအချဉ် နှင့် ဝေမိုးက မျက်မှန်ကို ချွတ်လိုက်သည်။ ဆောင်းမျက်နှာလေးကို စူးစိုက်ကြည့်ပစ်လိုက်တာ ဖာမင်တကာပါပဲ။

သို့သော် သူ့မျက်ဝန်းများက ဆောင်း မျက်နှာလေးမှ မခွာနိုင်ဘဲ ဖြစ်သွား၏။ လှလိုက်တဲ့ ကောင်မလေး။

မျက်နှာပြင်လေးက ပန်းနုရောင်ဖျော့ဖျော့လေး။ ပါးပြင်လေး နှင့်မျက်ကလ အနည်းငယ် အရောင်ရင့်ကာ မျက်တောင်နက်တို့က ကော့ညွှတ်နေကြ၏။

သူမဟာ သဝန်နဲ့ကော သူတို့နဲ့ပါ မတိမ်းမယိမ်းလောက်ပဲ ရှိပါလိမ့်မည်။ ဒါပေမယ့် မျက်ဝန်းထဲမှာ ကောင်မလေး တစ်ယောက် ဆိုသည့် အမြင်နဲ့ပဲ ကြည့်ဖြစ်တာလား။ နုနုဖတ်ဖတ်လေး ဖြစ်နေသည့် မျက်နှာ။





ဘယ်သူ့ကို ကြည့်ကြည့် အရောင်မစွန်းသော အဖြူထည် မျက်ဝန်းလေးတွေ။ ဝေမိုး ဆောင်းကို ကြည့်ရင်း သူတစ်ပါး၏ ဇနီးသားမယား ဆိုတာကို မေ့သွားသည်။

တစ်မုက်စိတ်တို့ ချက်ချင်းဖြစ်ထွန်းကာ ကောင်မလေး ဘာလို့ ဒီလောက်လှနေသလဲဆိုတာ ထိကိုင် မွေ့ဖက်ချင်စိတ်တွေ ဖြစ်လာခဲ့၏။

သဝန် ဖျပ်ဖျပ်လူး ချစ်နေတာ မလွန်ဘူးဟု တွေးမိကာ ပူလောင် ခြောက်သွေ့သွားခဲ့သော လည်ချောင်းကို တံတွေးမျိုချရင်း လမ်းကြောင်း လုပ်နေရသည်။

သူက ဆောင်း ကိုင်ထားသည့် နှင်းဆီဖူးလေး တစ်ခိုင်နှင့် ကတ်ကြေးသေးသေးလေးကို ကြည့်ကာ ...

"ဆောင်း... ပန်းခူးမလို့လား"

"အင်း"

"တို့ ခူးပေးမယ်"

"ဟင့်အင်း... ရပါတယ်"

သူတို့နဲ့ မဆက်ဆံရဘူးဟု သဝန်က မှာထားသည်။

ဆောင်း ပန်းအိုးတွေဘက်ကို ပြန်လှည့်လိုက်၏။

"ဆောင်း"

ဝေမိုးက ဆောင်းရဲ့ဘေးမှာ လိုက်ရပ်၏။

"ဒီပန်းတွေက မြန်မာမျိုး မဟုတ်ဘူး ဆောင်းရဲ့၊ မိန်းကလေး မခူးရဘူး။ မိန်းကလေးခူးရင် နောက်ထပ်မပွင့်တော့ဘဲ ညှိုးကျသွားရော"

"ဟင်... တ...တကယ်လားဟင်"

ဆောင်းက ခူးထားပြီးသည့် ပန်းဖူးလေးကိုကော၊ အရိုးငုတ်တို့ ကျန်ခဲ့သည့် ပန်းအိုးပွင့် ကျန်နေသေးသော နှင်းဆီပင်ကိုကော စိုးရိမ် နှမြောသော မျက်ဝန်းလေးများနှင့် ငုံ့ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို နှင်းဆီပန်းမျိုး ရှိတတ်လို့လား။

'မေဒိုဝ်' ခြံကြီးထဲမှာဆို နှင်းဆီတွေ အမျိုးအစား အစုံရှိသည်။ ပိန်းကလေး မှုးရသည့် နှင်းဆီတော့ မရှိခဲ့ပါ။

ဆောင်း အူကြောင်ကြောင်လေး ဖြစ်သွားပုံကိုမြင်၍ ဝေမိုးက လျှို့ဝှက်စွာ ပြုံးလိုက်သည်။

မေမေ ပြောသလို ဒီကောင်မလေး တကယ်ပါလား။

စို့၍ချစ်စရာကောင်းသွားသည့် ပိန်းကလေးအဖြစ် သူ့ ရှုန်းရှုန်း စားစားကြည့်တာ ရောနှော ပတ်သက်ချင်လာသည်။

"ပေး...တို့... ခူးပေးမယ်"

"အို"

ဝေမိုးက ကတ်ကြေးကိုချည်း ယူတာမဟုတ်ဘဲ ဆောင်း လက်ကလေးကို ဆုပ်ကိုင်လိုက်ပြီးမှ ကတ်ကြေးကို ယူသည်။

ဆောင်းက ကတ်ကြေးကိုလွှတ်ချကာ လက်ကိုလည်း ဆောင့် ရုန်းပစ်၏။

"နေပါစေ... ဆောင်း မလိုချင်တော့ဘူး"

"ဘာဖြစ်လို့လဲ ဆောင်းရဲ့...တို့ ခူးပေးလို့ရတာပဲ၊ နေပါဦး"

ဝေမိုးက ဆောင်းရှေ့က ပိတ်ရပ်ပစ်လိုက်တော့ ရင်အစ်ချင်း ထိမိတော့မတတ်။ ဆောင်းမျက်နှာလေး ရဲခနဲ ဖြစ်သွားသည်။

"မလိုချင်ဘူး... ပြောနေတာပဲ၊ ရှင်... ဖယ်ပါ"

ပြောပြီး ဘေးက ကွေ့ရှောင်လိုက်သည်။

ဝေမိုးက လိုက်ပိတ်နေဆဲ။

"ဟိတ်ကောင်..."

ဝေမိုး ပန်းသည့် နောက်က ဆောင့်ဆွဲလိုက်သဖြင့် လူတစ်ကိုယ် လုံးပါ ချာခနဲ နောက်ပြန်လည်သွား၏။





"ရွပ်"

"အင့်"

လည်သွားသည့် သူ့ကိုယ်ကြီး မငြိမ်သက်မီ မျက်လုံးထဲမှာ မီးပွင့်သွား၏။ ထို့နောက် တစ်ကိုယ်လုံးသည် မြက်ခင်းပေါ်သို့ ဒယိမ်း ဒယိုင် ပြိုလဲသွားလေသည်။

"ဝေမိုး... အဲဒါ မင်းကို နောက်ဆုံး သတိပေးလိုက်တာ၊ မင်းတို့ကို ကိုယ့်အဆင့်နဲ့ကိုယ် တော်သလိုနေဖို့ ငါ ပြောပြီးသား။ မင်း ငါ့မိန်းမကို မြေမျှအထက်တောင် မော်ကြည့်ခွင့်မရှိဘူး၊ နောက်ထပ် တစ်ခါဆို ဘာဖြစ်မလဲ လက်တွေ့သိချင်ရင် စမ်းကြည့်လိုက်"

သဝန်က ဆောင်း လက်ကလေးကို ဆွဲခေါ်သွား၏။

ပါးစပ်ထဲမှ ငန်ကျိကျိအရာတို့ကို ထွီခနဲထွေးထုတ်ကာ ဝေမိုး ထရပ်လိုက်၏။

"အစ်ကို"

"ဝေမိုး... သား... ဟင်"

ဒေါ်မမနဲ့ ခက်ဖြာဝေတို့ အပြေးတစ်ပိုင်း ရောက်လာကြ၏။

ဝေမိုး၏ နှုတ်ခမ်းထောင့်က သွေးစကိုမြင်၍ ဒေါ်မမ မျက်နှာ တင်းသွားသည်။

"ဟိုကောင် ဆင်းလိုက်သွားတာ မြင်လိုက်ကတည်းက ငါ ထင်တယ်၊ မင်းကို စားနေတာ ဘာဖြစ်လို့ ဖွတ်လုပ်တာလဲ ဝေမိုး ရယ်၊ မင်းတို့အမေက အောက်မှာ ပိပြားနေပါစေ၊ ဘယ်တော့မှ တောင်းပန်ပြီး အရှုံးပေးချင်တာ မဟုတ်ဘူး။ နောက်ကို မပိုင်ဘဲ မစမ်းနဲ့၊ အဲဒါ ကျပ်ကျပ်မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၁ )

အလုပ်ကိစ္စ အားလုံးလိုလိုကို ဆောင်းက ကျညီနိုင်သည်။ နည်းနည်းပြပေးလိုက်တာနှင့် ဆောင်းက တတ်သွားခဲ့သည်။

ထိုအခါ ဆောင်းကို အနားမှာပဲထားချင်သည့် သဝန်က နိုင်းချင်လို့မှဟုတ်ဘဲ အလုပ်ထဲသွားလည်း အတူတူ၊ ပြန်လာကြ တော့လည်း အတူတူပဲ ဖြစ်၏။

အလုပ်စားပွဲမှာ သူ ထိုင်ပြီဆို ဆောင်းလည်း လိုက်ထိုင်သည်။

"ဆောင်း... တော်ပြီကွာ၊ သွားအိပ်တော့ သွား"

"ဟင့်အင်း... မအိပ်ချင်သေးဘူး"

"ဒါဆိုလည်း ငြိမ်ငြိမ်လေး ထိုင်နေပါတော့၊ ရပြီ... မောင် လုပ်ပါ့မယ်"

သဝန်က ကိုယ့်ကိုယ်ကို မောင်လို့ပဲ သုံးလာသည်။

ဆောင်းကိုတော့ ခေါ်နိုင်းလို့ မရသေးပါ။

ဆောင်းက ဖိုင်တွေထဲက စာရွက်တစ်စုံကို ထုတ်ယူလိုက်ရင်း သူ့ကို လှည့်ကြည့်၏။





"ဘာလဲ သဝန်နားမှာ ဆောင်းရှိနေတာ ဖုန်းတွေလာရင် မလွှတ်လပ်လို့လား"

"လုပ်ပြီ"

ဒီရက်ပိုင်းကျမှ ဖုန်းတွေ ခဏခဏဝင်လာတိုင်း အလုပ်နှင့် မဆိုင်သော ထားခဲ့ဖူးသည့် ကောင်မလေးများထဲမှပဲ ဖြစ်နေသော ကြောင့် သဝန် ဒုက္ခရောက်နေတော့သည်။

ဆက်ကြတာကတော့ ရိုးရိုးပဲဖြစ်ကာ မင်္ဂလာဆောင် ဖိတ်လို့ စိတ်ကောက်မည့်သူက ဖုန်းထဲမှာ ကောက်ပြ။

စားသောက်ဆိုင်ကို လာခဲ့ဖို့ ချိန်းတဲ့သူက ချိန်း။

ဟိုတုန်းကလည်း ပျော်စေ ပျက်စေ တွဲခဲ့ သွားခဲ့ကြတာပဲ။

ဘယ့်နှယ် ခုကျမှ အကုသိုလ်တွေ အတုံးလိုက် အတစ်လိုက် ဝင်နေမှန်းမသိ။ ဆောင်းလည်း အတော်ကြီး သဝန် တိုတာတ်နေပြီ ဖြစ်ကာ ဒါကြောင့်ပဲ နေ့စဉ် ညစဉ် ခနဲ့နေ ရွဲ့နေတာကို ရင်ဆိုင်နေရ၏။

"မောင်က ဆောင်း တစ်နေကုန် ပင်ပန်းထားလို့ပြောတာ"

"မပြောနဲ့... မယုံဘူး"

"ဒါဆိုလည်း နေလေ့၊ မောင်က မိန်းမမျက်နှာ ထိုင်ကြည့် နေရလေ ကြိုက်လေပဲ"

"ဟွန်း"

ဆောင်းက မျက်စောင်းလေးလှမ်းထိုးပြီး ပြန်ငုံ့သွား၏။ ထိုစဉ် ဖုန်းသံမြည်လာ၏။

သဝန် ခေါင်းကြီးသွားသည်။

နှစ်ယောက်ပြိုင်တူ ကြည့်မိကြပြီး ဖုန်းကို သူ မကိုင်ရဲ။

ဆောင်းကလည်း မကိုင်ဘဲနှင့် သူ့ကို ကိုင်ရဲ ကိုင်ကြည့် ဆိုသော မျက်ဝန်းများနှင့် ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ရှေ့မှာ ဖုန်းက ဆူညံနေ၏။

အတော်ကြာမှ ဆောင်းက ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"......"

တစ်ဖက်က ဘာပြောလိုက်သည်မသိ။

သဝန် စိုးရိမ်စိတ်နှင့် ကြည့်နေမိဆဲ ဆောင်းမျက်နှာလေး တင်းခနဲ ဖြစ်သွား၏။ ပြီးတော့ သူ့ကို ခပ်စူးစူးကြည့်ကာ...

"ရှိတယ်... ရှိတယ်"

ဟု ပြောပြီး သူ့ရှေ့မှာ ဖုန်းကို ဆောင့်ချ၏။

ဖျတ်ခနဲ ထရပ်လိုက်ရင်း...

"ကိုကိုတဲ့... အဲဒီမှာ ကိုင်လိုက်ဦး"

"ဆောင်း"

သဝန် ကမန်းကတန်း ထလိုက်သည်။

ဖုန်းကို နေရာမှာ ပြန်တင်လိုက်ပြီး ပုလပ်မဲ ဖြုတ်ပစ်ကာ ဆောင်းနောက်က ပြေးလိုက်ခဲ့သည်။

"ဆောင်း... မောင် ပြောဦးမယ်"

"မပြောနဲ့... သွား"

ဆောင်းက ငိုနေရှာပြီ။

မွေ့ရာပေါ်က သူ့ ခေါင်းအုံးနဲ့စောင်ကို ဆွဲယူကာ သူ့ကို အားရှိပါးရှိ လွှဲပေါက်၏။

"သွား... ရှင် အပြင်မှာသွားအိပ်၊ ဆောင်းတွေ ဘာတွေ လာမလုပ်နဲ့၊ ကိုကိုတွေ မောင်တွေ ဆောင်းက မခေါ်တတ်ဘူး။ ဘယ်တော့မှလည်း မခေါ်ဘူး။ သဝန်က သဝန်ပဲ၊ ကြားချင်ရင် ခေါ်မယ့်သူတွေဆီသွား... ထွက်သွား"





"ဟ...ဆောင်း... ဆောင်း အဲဒါတွေက မောင့်ရင်ထဲမှာ ဘာမှမရှိတော့ဘူး"

သဝန်က ဆောင်း ပစ်လွှတ်လိုက်သမျှကို ပုတ်ချ ကာကွယ်ရင်း ဖွတ်တိုးဝင်၏။

"ဖယ်... ဖယ်နော် ... လွှတ်"

"ဆောင်းကလည်းကွာ...လက်တွေ နာကုန်တော့မှာပဲ၊ မောင် ပြောဦးမယ် နားထောင်"

"မထောင်ဘူးလို့ ပြောပြီးပြီ... ရည်းစားတွေ အများကြီး ထားခဲ့တဲ့လူကို လက်ထပ်မိတာ ဆောင်း မှားတာ၊ ဆောင်းကို ပြောတိုင်း ယုံတတ်တဲ့မိန်းမ ဆိုပြီး..."

"ဆောင်း"

ဒီလောက်ထိတော့ သူ နားထောင်မပေးနိုင်တော့။

ဆောင်း ကိုယ်လုံးလေးကို ဖွတ်အတင်း ချုပ်ဖက်ထားလိုက်ကာ ထုရိုက်နေသည့်လက်ကလေးတွေကို လွတ်အောင် တိမ်းရှောင်၍...

"အဲဒါ အုပ်စုနဲ့ တမင်တကာ ဖွဲ့နေကြတာကွ၊ မောင့်ကို သက်သက်ဒုက္ခပေးကြတာ၊ ဒီကိစ္စ မောင် ဒီရက်ပိုင်းမှာ ရှင်းမယ်၊ နောက် ဘယ်ကဖုန်းမှ မလာစေရဘူးကွာ၊ လာရင် ကြိုက်သလိုလုပ်၊ မောင် ချစ်ခဲ့တာ ဆောင်း တစ်ယောက်တည်းကိုပါ... ယုံပါ"

ဆောင်း လက်သီးဆုပ်ကလေးတွေကို ဆွဲဖြန့်ယူကာ နှုတ်ခမ်းနှင့် ဖိကပ်ထားလိုက်မိ၏။

ဒေါသတကြီး ထုနှက်ခဲ့သော ဆောင်း လက်ကလေးတွေ ရဲတွတ်နေပြီး ဆောင်း နာကျင်သွားမှာ စိုးသောကြောင့် တရိုက် လာတိုင်း ဒီလက်ကလေးတွေ သူကိုယ်တိုင် ကြမ်းကြမ်းတမ်းတမ်း ဖိချုပ်မထားခဲ့ရက်ပေ။ ကိုယ်ပဲ အနာခံပြီး လွှတ်အောင်ရှောင်။



www.burmeseclassic.com

www.burmeseclassic.com



မလွှတ်တော့ ခံလိုက်။ ဒေါ်သ ပြေပြီဆိုမှ ချော့လို့ရမည်။

ချစ်သလား မေးတိုင်း မချစ်ဘူးဟု တွင်တွင်ပြောခဲ့ပြီး သဝန်တိုဖို့ကျတော့ ဟန်မဆောင်တတ်ရှာသော ဆောင်း၏ ဒေါသကို သူ ကျေကျေနပ်နပ် ခံယူခဲ့သည်။

ထုလို့ရိုက်လို့ မောပြီဆိုမှ ဆောင်းက တသိမ့်သိမ့် ရှိုက်ငိုသည်။

"သူ့ကျတော့ ဆောင်းနားကို ဘယ်သူကပ်ကပ်၊ ဆွဲထိုးလိုက်၊ ကြိမ်းမောင်းလိုက်၊ ဆောင်းကျတော့ ဘယ်သူ့ကိုမှလည်း မသိဘူး၊ ရှင်ပြောတိုင်းပဲ ယုံနေရတာ"

"ဆောင်းရယ်... ဆောင်းက သိပ်လုတာ၊ မင်းကိုမြင်တဲ့ ယောကျ်ားတိုင်း ခလုတ်တိုက် ငေးမောကုန်ကြတဲ့ဟာ၊ မောင် သဝန် မတိုရဘူးလား။ ပြီးတော့ လင်ရှိမှန်းမသိ၊ ဆင်ခြင်ရမှန်းမသိ၊ အရှူးအမူး သွားတဲ့ဖြဖြနဲ့ ကပ်လာတဲ့ကောင်တွေကို ချော့မော့ ပြန်လွှတ်နေရမှာ လား။ မောင့်ဘက်က လုံးဝ ရှင်းတယ်၊ မောင့်ကို ယုံပါ ဆောင်းရယ်၊ ဒါမျိုးတွေ နောက်မဖြစ်စေရဘူးလို့ ကတိပေးတယ်နော်... တိတ် မငိုနဲ့တော့"

ဆောင်းကို မွေ့ရာအစပ်မှာထိုင်စေပြီး အိပ်ရာဝင်တိုင်း ခေါင်းဖြီး တတ်သည့် ဆိုသော ဆောင်းကို သူ ခေါင်းဖြီးပေးဖို့ ဘီးယူလိုက်၏။

ဆောင်းက သူ့ကို မှန်ကုတ်ကုတ်လေး လိုက်ကြည့်နေသည်။

"သဝန်"

ခေါ်သံက ဆောင့်ဆောင့်အောင့်အောင့်။

"ဗျာ... အမိန့်ရှိပါ"

အနားမှာ ထိုင်ချလိုက်ပြီး ဆံပင်တွေကို တယုတယ ဖြီးပေးရင်း သဝန် ပြန်ထူးတော့ ဆောင်း မျက်စောင်းထိုး၏။

"ဆောင်း... အန်တီဆီ ခဏပြန်မယ်"





"ဟာ... အဲဒါတော့ မဖြစ်ဘူး"

သဝန် ပျာပျာသလဲ တားဆီးမိသည်။

လူကြီးစုံရာနှင့် စေ့စပ်ဆွေးနွေးဖို့ မင်္ဂလာကိစ္စအတွက် ကမ်းလှမ်း ပြီးပြီ။ ဒေါ်နှင်းနှင်းမြတ်က သဘောမတူပါဟု အကြောင်းပြန်ခဲ့၏။

"သမီးပြန်အပ်တာ ကျွန်မသမီး မပါဘူး၊ သားရှင် မိဘ မပါဘူး။ ဘာတွေလဲ... ကျွန်မသမီးက ဒီလောက်ထိ တန်ဖိုးမဲ့နေ သလား။ ကျွန်မ လုံးဝလက်မခံဘူး။ သမီးနဲ့ကျွန်မကို ပေးတွေ့ပါ"

သူ့တုံမကို ဖြားယောင်း သွေးဆောင်မှုတွေ၊ ဘာတွေ ပုဒ်မတပ်၍ တရားစွဲဖို့ထိ အသံထွက်လာသေးသည်။

ဦးမျိုးနေ နိုင်ငံခြား ရောက်နေပါသည် ဆိုတာလည်း မယုံကြည်။ ဒါပေမယ့် တကယ်တမ်းကျတော့ တိုင်လည်းမတိုင်ပါ။

"အမှုတွေ အခင်းတွေဖြစ်ပြီး ကျွန်မသမီးကို ကျွန်မက တန်ဖိုးကျအောင် မလုပ်ပါဘူး။ ဒါပေမယ့် သမီး ဘယ်တ... ရောက်ရောက် ကျွန်မကတော့ ဘယ်အချိန်ဖြစ်ဖြစ် ပြန်သိမ်းမှာပဲ"

ပေါ်တင် ကြေညာသည်။

ဆောင်းကို ဘယ်မှာထားမှန်း မသိသေး... လည်း ခုချိန်ထိ စုံစမ်းနေဆဲ။

လူကြီးချင်း မင်္ဂလာကိစ္စ ဆွေးနွေးကြတာ သ... နဲ့ မပါခဲ့... ဆောင်းလည်းမပါ။ ဦးမျိုးနေက ပြန်မလာသေး။

ထို့ကြောင့် အားလုံးကလည်း ပြေရာပြေ... ကြောင်း ဆွေးနွေး လို့ရမှ မိန်းကလေးကို ပြန်အပ်မည်ဟု ဆုံးဖြ... ကြကာ ... နှုတ်ပိတ်၍ အားလုံး ကိုယ်ယော... ဖျောက်နေကြ...

ဦးမျိုးနေ မရှိပေမ... ဦး... နေဆိုသော ... အင်အားကလည်း မသေး... သ... တို့ဂုံတွဲကို ဒီနေ... တ...



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ရအောင် ဝိုင်းဝန်း စောင့်ရှောက်ကြသည်။ နှစ်ဦးနှစ်ဖက်သည် ကိုယ့်အကြိုနှင့်ကိုယ် အကျယ်တဝင့် မဖြစ်ကြရအောင် ထိန်းချုပ် ပေါက်ကွဲနေကြသည်။

ဒါတွေကို ဆောင်း ဘာမှ သေချာမသိ။

သဝန် တစ်ချက်ကဲကောင်းသွားသည်က ဆောင်း ကိုယ်တိုင် ကားပေါ် ပြေးတက်သွားတာကို ဒေါ်နှင်းနှင်းမြတ် လှမ်းမြင်လိုက်ခြင်းပင်။

ညညဖုန်းဆက်သည့် ကောင်လေးပဲ ဖြစ်မည်ကို ခန့်မှန်းမိ ပေမယ့် သေချာမမြင်လိုက်ရ။

သမီးကိုယ်တိုင် လိုက်ပြေးသွားတာမို့ ရုတ်တရက် နရမလား ကြိမ်းရမလား ခွဲခြားမရဘဲ တွေဝေနေခဲ့ခြင်း ဖြစ်သည်။

သဝန်ကတော့ ဆောင်းကို ဘယ်လိုမှ ပြန်မပေးနိုင်သည့်သူ။ ဒီအတွက် တရားတဲ့၊ မတရားတာ ခဏဘေးချိတ် ထားခဲ့ရသည်။

ဆောင်းကတော့ ခုလိုပဲ သတိရတိုင်း ကိုကျတတ်စမြဲ။

"ခဏပဲလို့ ဆောင်း ပြောနေတာပဲဟာ၊ ဘာဖြစ်လို့ ဒီလောက် အနိုင်ကျင့်နေတာလဲ"

ဒီအကြောင်းပြောတိုင်း မှုန်ကုတ်ကုတ် ဖြစ်သွားတတ်သည့် သဝန်ကို ဆောင်းက ရင်ဘတ်ကို တစ်ချက်ထုပြီး ထပ်ပြောသည်။

"ဒက်ဒီ ဂျပန်မှာမရှိလို့ အဆက်အသွယ်က ပြတ်နေတယ်၊ ဒီကကိစ္စကိုသိရင် ဒက်ဒီတန်းပြန်လာမှာပါ၊ အဲဒီအခါကျ ဆောင်းရဲ့ အနတ်ကို ကျေနပ်အောင် ဒက်ဒီ တတ်နိုင်တယ်ဆိုတာ မောင်ယုံတယ်၊ စောင့်လိုက်ပါဦး ဆောင်းရှယ်နော်၊ ခုနေ ဆောင်းပြန်သွားရင် မောင်တို့ နှစ်ယောက် ပြန်ဆုံရမှာ မဟုတ်တော့ဘူး"

"အဲဒါနဲ့ပဲ ဘယ်လောက်ကြာပြီလဲ သဝန်၊ ဆောင်း ပြန်ချင် တယ်၊ ဒီမှာနေရတာ ရှင့်ကြောင့် ဆောင်း ခဏခဏငိုနေရတာ"





"ဆောင်းရယ်...အဲဒါတွေ ဘာမှထပ်မရှိအောင် မောင် ရှင်းပစ် မယ်လို့ ပြောပြီးပြီကွာ၊ ကဲ...ဆောင်းပြန်သွားလို့ ဆောင်းရဲ့အဖေါ်က မောင်နဲ့ ဆောင်းကို ခွဲပစ်ရုံတင် အားမရဘဲ သူကြီးမိုးဝါးထားသလို မောင့်ကိုပါ ထောင်ချမယ်ဆို ဘယ်လိုလုပ်မလဲ၊ ဆောင်းက မောင့်ကို ထောင်ကျစေချင်လို့လား"

ပြန်ဖို့ ဖွတ်ပြောလာတိုင်း ဒီစကားကိုပဲ ကြားရသဖြင့် ဆောင်း မျက်နှာလေး ရှုံ့မဲ့မဲ့ဖြစ်သွား၏။

"ရှင်...ရှင်... ဒါပဲ၊ ရှင်ထောင်ကျမှာ စိုးလို့ ဆောင်းကို ချုပ်ထားတာ မဟုတ်လား"

"လုံးဝ မဟုတ်ဘူး။ ဆောင်းကိုယ်တိုင်ကသာ အဲဒီလို လုပ်ချင် ပါတယ်ဆိုရင် မောင်က သွေးကြောင်နေမယ့်ကောင် မှတ်လို့လား။ ပြောပါ... တကယ် မောင့်ကိုမုန်းလို့ ဒီအတိုင်း လုပ်ချင်တာဆိုရင် မောင် မတားတော့ဘူး။ ဆောင်းကို ဆုံးရှုံးရမှာ ကြောက်တာလား။ ထောင်ကျမှာ ကြောက်တာလား သိရအောင် မင်း စမ်းကြည့်လိုက်ပါ"

သဝန် ဆောင်းကို လွှတ်ပေးလိုက်ပြီး နေရာမှ ထသည်။ နီရဲတင်းမာသွားသည့် သဝန့်မျက်နှာကို အံကလေးကြိတ်၍ မော့ကြည့် ကာ ဆောင်း ရှိုက်ငိုလေသည်။

သဝန် ဆောင်းကို ငုံ့ကြည့်ပြီး အနားမှာ ပြန်ထိုင်သည်။

"ဆောင်း"

ဆောင်း ကိုယ်လေးကို သိမ်းကျုံး ဖက်ထားလိုက်မိ၏။

"တိတ်ပါ ဆောင်းရယ်... မောင် စကားမှားသွားရင် တောင်းပန် ပါတယ်၊ မငိုနဲ့တော့နော်"

မျက်ရည်တွေကို သုတ်ပေး၍ သူ စိုက်ကြည့်သည်။

"မောင့်ကို ချစ်လားဟင်"



www.burmeseclassic.com

ဆောင်းက ဖြေမည့်ပုံ မပေါ်ပါ။

နှုတ်ခမ်းလေးကို စေ့ထား၍ မျက်လွှာချပစ်သည်။

သို့ရာတွင် ထိုနှုတ်ခမ်းလေးများကို ...

"ချစ်တယ် ဆောင်းရယ်"

အနမ်းတို့သည် နုလှသော ပွင့်ဖတ်ကလေးတွေ တစ်ဖတ်စီ တစ်ရွက်စီ ကျဲဖြန့်လာသလို မြတ်နိုးခြင်းများနှင့် ဖြစ်တည်ခဲ့၏။





## အခန်း ( ၂၂ )

ရှည့်နေသည့် ဖုန်းသံကြောင့် ဆောင်း မျက်လုံးတွေ ဖွင့်လိုက်မိ၏။ ခါတိုင်းဆို ဒီအချိန် သဝန်က အားလုံးပြင်ဆင်ပြီး လက်ဖက်ရည်သောက် ဆင်းဖို့ သူမကို နှိုးနေကျ။

ခုကျတော့ ဆောင်းကို ရင်ခွင်ထဲမှာ ပွေ့ပိုက်လျက် သဝန် အိပ်ပျော်နေဆဲ။

လက်လှမ်းကြည့်တော့ လူက သဝန့်ရင်ခွင်ထဲ ရောက်နေသဖြင့် စားပွဲပေါ်က ဖုန်းကို မမီ။

"သဝန်...သဝန်... ထလေ"

"ဟင်... ဘာလဲ... ဆောင်း"

သဝန်က ဘယ်လောက်အိပ်နေနေ နာမည်ကို နှစ်ခါထက် ပိုခေါ်ဖို့မလို။ မျက်လုံးမပွင့်ခင် ထူးသံပေးတတ်မြဲ။

"ဖုန်းလာနေတယ်"

"တောက်... ရှုပ်လိုက်တာကွာ"

သဝန့်မျက်နှာ ရှုံ့မဲ့သွား၏။

www.burmeseclassic.com



"မယ်... ဆောင်း ကိုင်လိုက်မယ်"

"နေ...နေ ... မောင် ကိုင်မယ်"

သဝန်က ဆောင်းကို ဖက်ထားလျက်နှင့် ဖုန်းကို လှမ်းယူလိုက်သည်။

"ဟယ်လို"

"..."

"အင်း... ပြော၊ ဦးလေး... ပြော"

"..."

"ဟုတ်ပြီ... လုပ်လေ၊ ဒီနေ့ ကျွန်တော် မလာနိုင်ဘူး"

"..."

"အင်း...သိပ်နေမကောင်းလို့ လက်မှတ်ထိုးဖို့တွေ ပို့ပေးလိုက်ပါ၊ အင်း... ဒါပဲ"

သူ ဖုန်းချလိုက်ပြီး ဆောင်းကို ပြန်ဖက်သည်။

"ဘယ်ထသွားမလို့လဲကွာ၊ အစောကြီး ရှိသေးတာ၊ မောင် ဒီနေ့ အလုပ်မသွားတော့ဘူး။ မောင့်နားမှာပဲ နေနော်"

"သဝန် တကယ် နေမကောင်းတာလားဟင်"

ဆောင်း နဖူးလေးကိုနမ်း၍ ပါးချင်းကပ်ကာ သူ့ ခေါင်းညိတ်သည်။

"ခေါင်းတွေ အထုခံထားရသလိုပဲ... မူးဝေဝေကြီး၊ ဒါပေမယ့် မိန်းမကို ဖက်ထားရရင် ပျောက်သွားမှာပါ"

"မရဘူး... ဆောင်းလည်း မူးနေတယ်၊ ခဏလွှတ်ပါဦး"

"ဟင်... ဟုတ်လား"

သဝန် ချက်ချင်း ထထိုင်သည်။ ဆောင်းကိုပါ ဆွဲထူ၍ ဖရိုဖရဲ ကျနေသည့် ဆံပင်တွေကို သပ်တင်ပေး၏။





"ဘာဖြစ်လို့ မူးတာလဲ၊ အိပ်ရေးပျက်လို့ ထင်တယ်၊ အဲဒါကြောင့် ညညစောစောအိပ်နိုင်းတော ရမှမရတာ၊ မျက်နှာသစ်ကွာ၊ ရေမချိုး နဲ့တော့... မောင် ဆရာဝန်ပင့်လိုက်မယ်"

"ဟာ... နေပါဦး၊ တော်ကြာ သက်သာချင် သက်သာမှာပေါ့၊ သူ့ တစ်ညလုံး ဖက်ထားလို့ မွန်းပြီးမူးတာ"

"ဪ... ဒီလိုလား"

သဝန်၏ စိုးရိမ်သောမျက်နှာက ချက်ချင်း ရယ်ကျဲကျဲ ဖြစ်သွားသည်။ ဆောင်းက မျက်စောင်းလေးထိုး၍ ပြုံး၏။

ထိုစဉ် ဖုန်းက မြည်လာပြန်၏။

သဝန် ဖုန်းလှမ်းကိုင်လိုက်စဉ် ဆောင်း အပြင်ထွက်ခဲ့သည်။ မရိုးသားသော ဖုန်းတွေက ညကျမှ လာတတ်ကာ။

ဒီအချိန်ဖုန်းသံ... ဆောင်းကို အနှောင့်အယှက် မဖြစ်စေပါ။ မျက်နှာသုတ်ပဝါကို ... ပေါ်တင်ကာ ရေချိုးခန်းဘက် ထွက်ခဲ့စဉ် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွား၏။

"အား"

လဲကျမသွားအောင် ထိန်းရင်း နံရံမှာ အင့်ခနဲ မှီကျသွားသည်။

"ဟဲ့...ဟဲ့ ... သမီးလေး... ဘာဖြစ်တာလဲ"

ဒါကို လှမ်းမြင်လိုက်သည့် ဒေါ်မမက ပျာပျာသလဲ ပြေးလာသည်။ ဒီမိန်းကလေးဟာ သဝန်ရဲ့ နှလုံးသားပဲဟို။

ဘာအတွက်ပဲဖြစ်ဖြစ် ဒီမိန်းကလေးကို ပြေလည်မှု ယူထားမှို ဆုံးဖြတ်ထားပြီးသား။

"သမီး"

ဒေါ်မမ စိုးရိမ်တကြီးပုံစံနှင့် ဆောင်းကို တွဲထူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အား... မှုးလိုက်တာ"

"ဟင်... မှုးတယ်... ဟုတ်လား"

ဆောင်း နားထင်လေးကိုဖိနှိပ်ထားပြီး မျက်နှာက မဲ့နေသည်။

ခေါင်းညိတ်ပြပြီး ဒေါ်မမအပေါ် မှီကျလာသည်။

"လာ... သမီး... လာ"

ဒေါ်မမက အပေါ်ထပ် ညှော်ခန်းလေးဆီ တွဲခေါ်၍ ဆိုဖာပေါ်မှာ ညင်သာစွာ ချပေးလိုက်၏။ ဆောင်းရင်တွေ တလှပ်လှပ်တုန်ကာ ချွေးစေးတွေပါ ပြန်လာ၏။

"အန်ချင်တယ်"

"ဟင်"

ဒေါ်မမ မျက်မှောင်ကုတ်သွား၏။

မိန်းမသားချင်းမို့ ဘာဆိုတာကို တွေးမိလိုက်သည်။

ကောင်မလေး အိမ်ပေါ်လိုက်လာတာ ဘယ်လောက်ကြာပြီလဲ။ အပြေးအလွှား တွေးတော့ တစ်လနဲ့ ရက်နှစ်ဆယ်။

ဟုတ်ပါသည်။ နှစ်လ မပြည့်သေးတာက သေချာသည်။

အစ်ကိုမျိုးကို ရှာရင်း စောင့်ရင်း တစ်လကြာလို့ အဆက် အသွယ်မ[illegible]တော့မှ မိန်းကလေးရှင်ဘက်ကို ဒီကနေ ဆွေးနွေးဖို့ သွားကြတာ မအောင်မြင်ခဲ့ကြ။

"တစ်လကြာနေမှ သတိရကြသလား၊ သမီးမရှိလို့ သမီးချင်း ကိုယ်ချင်းမစာနာတာလား"

မိန်းကလေးရှင်ဘက်က ခွေ့ခွေ့ခုန်နေသည်ဆိုပဲ။

တစ်လ ဆိုတာကတော့ မှတ်မှတ်ရရပါ။

အဲဒီနောက် တွက်ကြည့်တော့ ရက်နှစ်ဆယ်လောက် ရှိပါပြီ။ ဒေါ်မမ တစ်ယောက်တည်း တွေး၍ ခေါင်းကို ဆတ်ခနဲညိတ်မိသည်။





"သမီး... ရော့...ရော့...ဒီမှာ...အန်"

အဆင်သင့်ရှိသည့် ထွေးခံကို ယူပေးတော့လည်း တကယ် အန်တာ မဟုတ်ဘဲ တပျို့ပျို့နှင့် ရင်ဘတ်လေးကို ဖိလို့။

"သမီး...သမီး... ဟိုဟာ မှန်ရဲ့လားဟင်"

"ရှင်... ဘာလဲဟင်"

"ဟိုလေ... သမီး ဓမ္မတာမှန်ရဲ့လားလို့"

ဆောင်း မျက်ဝန်းလေးတွေက စဉ်းစားသလိုဖြစ်သွားလျက်--

"ဟင့်အင်း... မမှန်ဘူး"

"ဒါဆို"

"ဘာလဲဟင်"

"သမီးမှာ ကိုယ်ဝန်ရှိနေတာ ဖြစ်မယ်"

"အို..."

ဆောင်း ဆိုဖာကို တင်းခနဲ ဆုပ်ထားလိုက်မိ၏။

"ဟင့်အင်း... ဟင့်အင်း... မဟုတ်ဘူး မဟုတ်ပါဘူး"

ဆောင်းသည် ကတုန်ကယင်လေး ခေါင်းခါလျက် မျက်ရည် တွေပါ ဝဲလာသည်။ ဒေါ်မမ အံ့ဩသွား၏။

တကယ်တော့ ဆောင်းကို သေချာ ဂရုစိုက် ပေါင်းသင်းပြီး စည်းရုံးမည်။

လူကဲခတ် မတတ်၊ ယုံလွယ်တတ်သည့် ဒီမိန်းကလေးကို ကိုယ့်အိတ်ထဲ ထည့်နိုင်လျှင်ရပြီ။

ကိုယ်ဝန် ရှိနေတာကိုပြောပြပြီး တကယ်သေချာပြီဆိုတာကို စောင့်ရှောက်ဖို့ အကြောင်းပြ၍ စေတနာတွေ ထားပြမည်။

သဝန်ကိုယ်တိုင် ယုံကြည်အားကိုးလာမှ ကိုယ်ဖြစ်ချင်တာ ဖန်တီးဖို့က နောက်မှ။



www.burmeseclassic.com

www.burmeseclassic.com



ခုကျတော့ ဆောင်းရင်ထဲက ဆန္ဒကို မထင်မှတ်ဘဲ သိလိုက်ရသဖြင့် ...

"သမီးက ဘာဖြစ်လို့လဲဟင်၊ ကလေးရှိနေတာ မဂ်လာပဲ"

"ဟင့်အင်း...ဆောင်းမလိုချင်ဘူး။ ဆောင်း ကြောက်တယ်"

လမ်းပေါ်မှာ လူတွေ တွဲချ တွဲတင်နေကြသော ကိုယ်ဝန်ဆောင်အမျိုးသမီးက ဖျတ်ခနဲ ပေါ်လာသည်။

"ကိုယ်ဝန် လွယ်ထားရတဲ့ မိန်းမများဟာ သချိုင်းကို တစ်နေ့ မျက်မှောင်၊ သုံးကြိမ်ထိုးသတဲ့"

အန်တီ သေချာပြောပြဖူးသည်။

"လူတစ်ယောက်လုံးကြီး မွေးဖွားရတာ နာတာပေါ့ သမီးရယ်"

'ကျွဲမွေးသုတ်သင် သက်ဆုံးပင်' ဆိုတဲ့ ဒီကလေးယေးကို ချေးကလူ သေးကလူ မိခင်ကပဲ သက်ဆုံးတိုင် ပြုစုရတာ၊ ဝေဒနာဖြစ်လို့ မအီမသာ ငိုလို့ ငုတ်တုတ်ထိုင်နေရ အမေပဲလေ"

ဆောင်း မျက်ဝန်းလေးကွေ့ လှုပ်ရှားပြေးလွှားနေကာ ခေါင်းပဲ တွင်တွင်ခါနေ၏။ ဒေါ်မမက ဖြတ်ထိုးဉာဏ်ကြီးသည်။

အခြေအနေကို ကြည့်တာနှင့် သူမ ဘယ်အခန်းက ဝင်ကရမည်ကို ချက်ချင်းတွက်လိုက်မိသည်။

"မငိုနဲ့သမီး ဒါ ငိုစရာမှ မဟုတ်တာ"

"မဟုတ်ဘူး။ ဆောင်း... ဆောင်းကို အန်တီ စိတ်ဆိုးမှာပဲ၊ ပြီးတော့ လက်ထပ်ခဲ့တာ ခုမှ ..."

"ဩော်... ဒါမျိုးက ရှိတတ်ကြပါတယ်ကွယ်"

"ဟင့်အင်း...ဆောင်း ချက်တယ်၊ ပြန်တောင် မအေ့ပုံသေးဘူး"

ဆောင်း မျက်ရည်ကျတော့ ကြင်နာဟန်နှင့် ဒေါ်မမက ယုယစွာ သုတ်ပေး၏။ ထိုအမူအရာများမှာ ဆောင်း အကြောင်းမဲ့ ယုံကြည်သွားခဲ့၏။





"တိတ်...မငိုနဲ့သမီး။ ဒါ သမီးယောက်ျားသိရင် သူကတော့ ဝမ်းသာမှာပဲ၊ သမီးက မလိုချင်ဘူးဆိုရင်တော့ သူ့ကို ပြောမပြနဲ့၊ နှစ်လတောင် မရှိသေးဘူး၊ ဒီကိစ္စ အန်တီကူညီမယ်"

"ရှင်"

ဆောင်း ဘာမှ နားမလည်။

ဒေါ်မမ ဘာကိုဆိုလိုမှန်းမသိ။

သို့သော် ဒီကိစ္စ သဝန့်ကို ပြောလို့မဖြစ်ဘူး ဆိုတာ... လက်ခံလိုက်ပြီဖြစ်၏။

"ဆောင်း"

သဝန်က ဆောင်းကို ခေါ်သော်လည်း အနားရောက်နေသည့် ဒေါ်မမကိုသာ သံသယ မကင်းသော မျက်ဝန်းများဖြင့် ကြည့်၏။

"ရေချိုးခန်းထဲမှာ မတွေ့လို့ လိုက်ရှာနေတာ၊ ဒီမှာ ဘာလာ လုပ်နေတာလဲ"

"မှို..."

ဆောင်း မညာတတ်။

လိုးလွှဲပြောဖို့ ပါးစပ်ထဲမှာ စကားရှာလို့မရ။

"သူ မူးနေတယ်ဆိုလို့ ဒီမှာ ထိုင်နိုင်းထားတာလေ၊ ဘာဖြစ်လို့လဲ"

ရှေ့က ဝင်ပြောလိုက်ပြီး ဒေါ်မမက မျက်နှာကို တင်းထားသည်၊ ပြီးတော့ ဆောင်းကို မယုံမသာ တစ်ချက်ကြည့်ပြီး လှည့်ထွက်သွား၏။

"ဆောင်း"

သဝန်က ဆောင်းဘေးမှာ ထိုင်ချလိုက်ပြီး နဖူးလေးကိုစမ်းသည်။

"စောစောက ချွေးတွေ ထွက်ရဲ့ပါလား၊ ဆောင်း ... နေမကောင်းဘူးလား၊ မောင် ဆရာဝန်ခေါ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ချက်ချင်းပြန်ထ၏။ ဆောင်းက ဖွတ်ပြန်ဆွဲသည်။

"သက်သာသွားပြီ သဝန်၊ မခေါ်နဲ့၊ ဆောင်း ခြံထဲဆင်းပြီး လမ်းလျှောက်ချင်တယ်"

"လမ်းလျှောက်မယ်... လာလေ"

သဝန်က ဆောင်းပခုံးလေးကို ကလေးချီသလို ပွေ့ထူလိုက်သည်။ ပြီးတော့ ဆောင်း၏ ဆံစလေးတွေကို သပ်တင်ပေးပြီး ပါးကလေးကိုဖက်၏။

"မျက်နှာသစ်လိုက်နော်... ပြီးရင် မောင် လိုက်ပို့မယ်"

"အင်း"

ဆောင်း ရင်ထဲမှာ ပူလောင် ပြင်းပြနေပါပြီ။

အနိဋ္ဌာရုံဆို ပြန်ချင်သော၊ သူ့ဆီလာသည့်ဖုန်းတွေကို စိတ်တိုသော၊ တစ်ခါတစ်ခါ သူ့အနမ်းတွေမှာ သာယာသွားခဲ့တတ်သော။

ရင်ထဲက စိတ်ခံစားမှု အားလုံးဟာ ထိုပူလောင်မှု အောက်မှာ ပိပြား ညှိုးခြောက်ကုန်ကြပြီ ထင်၏။

ဆောင်း ကိုယ့်ဗိုက်ကို ပြန်ငုံ့ကြည့်ရင်း ချောက်ချား လာသည်။

သူမ ကလေး မမွေးရဲပါ။





## အခန်း (၂၃)

"လရိပ်ဆောင်း"

ကိုယ့်နာမည်ကို အစ,အဆုံး ခေါ်သူဟာ မရင်းနှီးတဲ့သူပါပဲ။ ဒါပေမယ့် ဆောင်း လှည့်ကြည့်မိ၏။

နှစ်ယောက်... ထိုနှစ်ယောက်လုံးကို ဆောင်း သိသည်။

ကွန်ပျူတာသင်တန်း တက်ခဲ့စဉ် လှမ်းမကြီးဘေးမှာ သူမကို စခဲ့ဖူးကြသည့် နှစ်ယောက်။

တစ်ယောက်သောသူဟာ သဝန့် လက်သီးစာမိခဲ့ဖူးသူ။ သူက မဲ့ပြုံးပြုံးကာ ဆောင်း ရပ်နေသည့် ကောင်တာရှေ့သို့ ရောက်လာ၏။

"ပလာဇာလာတာ တစ်ယောက်တည်းလား လရိပ်ဆောင်း"

"မှတ်မိတယ်"

ရန်သူရယ်လို့ ဘယ်သူ့ကိုမှ သဘောထားခဲ့ဖူးသည် မရှိသော ဆောင်းရင်ထဲမှာ ကြောက်ရွံ့မှုနှင့်အတူ လာခေါ်ပြီဆို မတွေ့ချင် ရန်ရှိစွာ မတုံ့ပြန်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ကြေလွယ်ပျောက်လွယ်သည့် နုညံ့သော နှလုံးသားက တေးမှတ် မထားတတ်တာလည်း ပျောက္ကက်တစ်ခုပဲ ထင်သည်။

ထိုသူကို ခေါင်းညိတ်ပြပြီး ဆောင်းက မှိုးကော့စ်တွေဆီ လွှက်သွားကာ ဖိနပ်တွေကို လိုက်ကြည့်နေ၏။

"ညီမရယ်... မင်းကိုလေ ဟိုတစ်ခါကိစ္စတွေ ဖြစ်ပြီးကတည်းက တောင်းပန်မလို့ဟာ၊ နောက်ပိုင်း သင်တန်းလာတာလည်း မတွေ့တာနဲ့ မတောင်းပန်ခဲ့ရဘူး၊ ခွင့်လွှတ်ပါနော်၊ အခု တောင်းပန်ပါရစေ၊ အဲဒီ တုန်းက တို့ အစ,လွန်သွားတယ်၊ တို့ လွန်ပါတယ်"

"အို... မလိုပါဘူး... ပြီးသွားပြီပဲဟာ၊ ဆောင်း စိတ်ထဲမှာ ဘာမှမရှိတော့ဘူး"

"ဟာ...တကယ်လားဟင် ဆောင်း... ဆောင်းလို့ပဲ ခေါ်မယ် နော်၊ ဒါဆို တို့ကို ဆောင်းက ခင်မင်ခွင့်ပြုတယ်ပေါ့"

"ဟင်"

ဆောင်းက အံ့ဩလျှင်လည်း ဟန်မဆောင်တတ်။

ခင်မင်ခွင့်ပြုပါတဲ့။

သဝန်နဲ့ ဆုံးတွေ့စဉ်ကလည်း ခင်ပါ မင်ပါနှင့် အစပြု၍ ဆောင်းကို အတင်းပတ်သက်ခဲ့တာ။

"တို့နာမည်က တိုးဇော်တဲ့၊ အိမ်မှာတော့ တိုးတိုးလို့ပဲ ခေါ် တယ်၊ တို့ကို ကျေနပ်ပြီဆိုရင် ခင်မင်ခွင့်ပြုပါ၊ လမ်းမှာတွေ့ရင် နှုတ်ဆက်ပါရစေ"

ဆောင်းက၊ တိုးဇော်ကို မျက်နှံလေးတွန့်လျက် လူထူးလူဆန်းလို ကြည့်နေသည်။

ဒါ ရိုးရိုးသားသား ခင်မင်ချင်တာတော့ မဖြစ်နိုင်။

မရိုးသားဘူးဆိုရင် ဘယ်လိုလုပ်မလဲ၊ ဆောင်းမှာ ယောက်ျားနဲ့၊





တကယ်ဆို အရှက်တကွဲခံခဲ့ရဖူးသည့် ဖေါသများနှင့် ပြတ်ပြတ် သားသား ပြောချလိုက်ရုံပဲ ဖြစ်သည်။

ခင်ပါ မင်ပါ ဘာညာတွေက စခဲ့တဲ့ လမ်းကြောင်းတွေက ရိုးအီနေပြီပဲ။ ဒါပေမယ့် ဆောင်းကြုံခဲ့ဖူးတာက ဒါဟာ ဒုတိယမြောက် အထူးအဆန်း။

ရိုးသားခြင်း၊ ဆန်းပြားခြင်း နှစ်ရပ်မှာ နူးညံ့ ညှာတာတတ် သည့် စိတ်က တစ်ဖက်သားအပေါ် ဖော့ဖော့လေးပဲ ညှာညှာ တာတာ တွေးဖြစ်ခြင်းကြောင့် တွေဝေနေခဲ့၏။

မရိုးသားဘူး ဆိုတာကို စိတ်က ခံစားမိသော်လည်း သူများ အရှက်ရသွားအောင် မပြောရက်။

"တို့လေ ဆောင်းကို တောင်းပန်ခွင့် မရလိုက်လို့ အဲဒီစိတ်နဲ့ပဲ ဘယ်နေရာ ဘယ်အရပ်ရောက်ရောက် ဆောင်းကို ရှာနေခဲ့မိတယ်၊ ဆောင်းဘယ်မှာ နေလဲဟင်၊ ဖုန်းနံပါတ်ပေးနိုင်ရင် ပေးပါလား"

လာပြန်ပြီ ဖုန်းနံပါတ်။

သဝန်ဆီ လာတတ်သော ဖုန်းဘဲတွေကို သွားသတိရကာ ဆောင်းမျက်နှာလေး တင်းခန့်တော့ဖြစ်၏။

"ဆောရီး တို့ဆန္ဒ တောသွားတယ် ထင်တယ်၊ မပေးရင် ရပါတယ်၊ လမ်းတွေ့ရင် ခေါ်ခွင့်ပဲပြု"

"မပြုနိုင်ဘူး ကိုယ့်လူ... သူက ကိုယ့်မိန်းမ၊ နောက်တစ်ခါ လမ်းတွေ့ရင် မကြည့်မိအောင် ဆင်ခြင်ဖို့ သတိပေးထားချင်တယ်၊ မဒမ်နဲ့"

သဝန်က ဆောင်း ဝယ်ချင်တာ လိုက်ကြည့်နေတုန်း မိတ်ဆွေနှင့် တွေ့သဖြင့် စကားပြောရင်း ပါသွားတာဖြစ်သည်။



www.burmeseclassic.com

လှမ်းမြင်လိုက်တော့ ဆောင်းရဲ့ဘေးက တိုးဇော်ကို ရုတ်ချင်း မှတ်မိ၏။ ဆောင်းကို ဘယ်ကောင် စေ့စေ့ကြည့်တာမှ မကြိုက်သည့် စိတ်က ဆောင်းခရဲဖြစ်၏။

တိုးဇော်လည်း တအံ့တသြကြီး ဖြစ်ကျန်ခဲ့သည်။

သူဘယ်လိုမှ မယုံနိုင်။ ဒါပေမယ့် ဆောင်းကတော့ ဆွဲခေါ်သည့်နောက် ပါသွားပြီဖြစ်၏။

"တိုးတိုး... ဒီကောင်က ဘာလဲ"

ခပ်ခွာခွာမှာ စောင့်နေသည့် မျိုးမြင့်အောင်ကလည်း မကျေနပ်။

"ငါလည်းမသိဘူး... ဒါပေမယ့် ငါမယုံဘူး"

"အင်း ... ပါတော့ ပါသွားပြီ"

မျိုးမြင့်အောင်က ပြောပြီး တက်ခေါက်သည်။

"ဘာဖြစ်လို့ ဒီကောင်နဲ့ပဲ ဖြစ်နေတာလဲ၊ ငါ လုံးဝမကျေနပ်ဘူး"

"ငါကခဲလိုက်ရတဲ့ကောင်... မင်းထက် မိုက်ရိုးတာပေါ့၊ ပြဿနာဖြစ်ကြတုန်းက သူတို့ ဘာမှမဟုတ်ကြသေးဘူး၊ အခုဒါသေချာတယ်"

နှစ်ယောက်သား မတိုင်ပင်ရဘဲ သဝန်တို ထွက်သွားတဲ့နောက် လိုက်ခဲ့မိကြသည်။

ဒါပေမယ့် ပလာဇာထဲမှာ အစ ရှာမရဘဲ ဖြစ်သွားခဲ့၏။





## အခန်း ( ၂၄ )

"ဘာ... အားနာလို့... ဟုတ်လား"

သဝန်က အကျီကို ခေါင်းကနေ လှန်ချွတ်ပစ်ပြီး မွေ့ရာပေါ် လုံးထွေးပစ်တင်လိုက်၏။

"မင်းကို ဒီလောက်ထိ အရှက်တကွဲ ဖြစ်အောင် စနောက်ထားတဲ့ကောင်ကို မင်းက အားနာတယ်"

"မင်းတွေ ငါတွေနဲ့ ဘာဖြစ်နေတာလဲ သဝန်၊ သူက ကောင်းကောင်းမွန်မွန် လာတောင်းပန်တာကို ဆောင်းက ဘာပြော လွှတ်ရမှာလဲ"

"ပြောရမှာပေါ့... ပြောရုံတင်မကဘူး၊ ပါးကို ရိုက်ချလိုက်ဖို့ ကောင်းတာ"

"မရိုက်ဘူး... ဆောင်း ယယ်ယိတတည်းကလည်း ဘယ်သူကမှ ဆူခဲ့ရိုက်ခဲ့တာ မဟုတ်ဘူး၊ သူများကို နာကျင်အောင် ဝမ်းနည်းအောင် လည်း ဆောင်း ဘယ်တော့မှမလုပ်ဘူး"

www.burmeseclassic.com



သဝန် လှိုက်ခနဲ ခါသွားသည့် ရင်ဘတ်ထဲက တွန်းအား ကြောင့် ဆောင်း လက်ကောက်ဝတ်လေးကို ဖျတ်ခနဲ ဆုပ်ကိုင် လိုက်သည်။

"မင်း... မောင့်ကိုကျတော့ နာကျင်အောင် ထုခဲ့ ရိုက်ခဲ့တာပဲ၊ ဒါဆို အဲဒါက ဘာလဲ၊ အဲဒီကောင်တွေလောက်တောင် မောင်က မင်းရင်ထဲကို မရောက်နိုင်ခဲ့ဘူး။ ဒီလိုလား"

"အား"

လူက သိပ်နေမကောင်း။

ကိုယ်ဝန် ဆိုတာက ဒေါ်မမ အပြောအရ သေချာနေတာမို့ သဝန်ကိုလည်း ဖွင့်မပြောထားခဲ့သဖြင့် ကိုယ်ပဲ ကြိတ်ခံနေရသည်။

နဂိုကတည်းက မူးဝေနေသည့် ခေါင်းသည် သဝန် ဖိဆွဲလိုက် သည့် လက်နောက်ပါကာ မိုက်ခနဲ ဖြစ်သွား၏။

"ဆောင်း"

ဆောင်း ပုံပန်းပျက်သွားတာကိုမြင်လိုက်သဖြင့် သဝန် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလေသည်။

"ဆောင်း.... လက်နာသွားလားဟင်၊ ဆောရီး.... မောင် သဝန်တိုစိတ်နဲ့ သတိတစ်ချက် လစ်သွားတယ်ကွာ"

သဝန်က ဆောင်း လက်ကောက်ဝတ်လေးကို ပွတ်သပ်ချော့၍ ဘေးမှာ ဝင်ထိုင်လိုက်သည်။

"ဆောင်း...မောင့်ကို စိတ်မဆိုးပါနဲ့ကွာ၊ ဆောင်းကို မောင်က အပြစ်တင်တာမဟုတ်ဘူး။ ကိုယ့်ရဲ့ဖြူစင်မှုကို သူများ အခွင့်အရေး ယူသွားမှာစိုးလို့ ပြောလိုက်မိတာ၊ ပြီးတော့လည်း နောက်ဆိုရင် မောင်က ဆောင်းကို အမြဲတစေ လိုက်ကြည့်နေနိုင်မှာမဟုတ်ဘူး။ ဆောင်းလည်း မောင့်ဘေးမှာ အမြဲနေရရင် ငြိမ်းချမ်းမယ်၊ သွားလာတိုင်း





စောင့်ရှောက်ခံနေရတာကို တစ်မျိုးတစ်မည် ခံစားပြီး အထင်လွဲလာ နိုင်တယ်၊ ဒါကြောင့် ဆောင်း တစ်ယောက်တည်း နေတဲ့အချိန်တွေမှာ သူများ စော်ကား လိမ်ညာတာ မခံရအောင် ဆောင်းကို လူတွေ အကြောင်း၊ သိစေချင်တာမျိုးပါ၊ မောင့်စေတနာကို နားလည်ပါ ဆောင်းရယ်...နော်"

ဆောင်း မျက်ရည်လေးတွေ ဝေ့နေပေမယ့် သဝန် စိုးရိမ် နေတာကိုလည်း သိနေသောကြောင့် ဒေါသဖြစ်လို့မရ။

စိတ်မပါဘဲ မှန့်ခွံ စိတ်ကောက်တာလည်း မလုပ်ချင်တော့သဖြင့် သဝန်က ပခုံးလေးကို သိမ်းပွေ့လိုက်သောအခါ ရင်ခွင်ထဲမှာ မှီနေ လိုက်မိ၏။

"ဆောင်း နေမကောင်းဘူးမို့လား။ ခုတလော မျက်နှာလည်း မကောင်းဘူး။ မူးတယ်...မိုက်တယ်နဲ့ မောင် စိုးရိမ်တယ်ကွာ၊ ဆေးခန်း သွားပြရအောင်၊ အခု အလုပ်ပြန်သွားရင် ဆေးခန်းကို ဒရင်ဝင်မယ်၊ ပြီးမှ ကုမ္ပဏီကို သွားကြမယ်နော်"

"ဟုတ်"

ခုကျတော့လည်း ဆောင်းပုံစံနွမ်းနွမ်းလေးက ပို၍သနားဖွယ် ကောင်းနေပြန်သည်။ ဆောင်းကို သူ တယုတယ ပွေ့ပိုက်ထားရင်း မြတ်နိုးစွာ နမ်းမိသည်။ ဆောင်းအပေါ် သူ တာဝန်မကျေနိုင်သေးပါ၊

ဒက်ဒီကိုစောင့်ရင်း တူမကို ရှာဖွေနေသော ဒေါ်နှင်းနှင်းမြင့် နှင့် ဆောင်းကြားထဲမှာ မလွဲသာသည့် မုသားတချို့သုံး၍ ခွဲခြားထား ခဲ့ရသည်။

မြင်စေချင်သည်က ဒက်ဒီလည်း ရောက်လာချိန်၊ ဒေါ်နှင်း မြတ် ကိုယ်တိုင်က သဘောတူ ခွင့်လွှတ်၍ ...ည သူ့အပေါ် သံယောဇဉ် တွယ်တာမှုများနှင့် ပျော်ရွှင်ပြီးနေရမည်



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ သူ့ဘတ်ကားမှီးဘ၏ အရိပ်လည်း လိုအပ်သလို ဆောင်းဝေါ်၏ မေတ္တာသက်ဝင်မှုကို ရယူထားဖို့လည်း လိုနေ၏။

ထို့ကြောင့် သူ ညာခဲ့ရသည်။

သူ့မှားသောအသင်းကို နိုးယူဖွင့်သိမ်းပြီး မိဘထံ ပြန်မအပ်သေးဘဲ ကြာမြင့်စွာ ထားခဲ့တာ သူ့မှာ အပြစ်ရှိနေပါသည်။

ဒါပေမယ့် မတတ်နိုင်။ အားလုံးဟာ ဆောင်းကို ချစ်၍ပဲဖြစ်၏။

ဆောင်းမှာလည်း သူ့ နှစ်သိမ့် ဖျောင်းဖျနေသမျှကို ကျေနပ် ကြည်ဖြူခဲ့ရ၏။

သူမထင်သော သင်္ကာဝှေ့ကိုက နုညံ့အေးချမ်းရွှန်းသည့် အိမ်ထောင်ပြုခြင်းဟာ ဘယ်လို။ ဘယ်ထုံးစံနှင့် ဘာဖြစ်သင့်သည် ဆိုတာလည်း နားမလည်သည့် ဆောင်းက သူ့ နှစ်သိမ့်ထားခဲ့သမျှကို ကျေနပ်နေခဲ့သည်။

နောက်တစ်ချိန်မှာ ဆောင်းနှင့်သူကြားတွင် ဖြစ်ခဲ့ ပြုမိခဲ့ခြင်းများကြောင့် အဖုအထစ် အကြောင်းအရာတွေ ပေါ်ပေါက်လာနိုင်တာကို သိပေမယ့် မတတ်နိုင်။ နောက်ပြဿနာ နောက်မှပဲရှင်းတော့မည်။

"ဆောင်း"

"ဟင်"

"ရေချိုးလိုက်ဦး... ရေအေးတွေ ထပ်မဖြည့်ခဲ့ရဘူး။ မြန်မြန်ပြန်ထွက်ခဲ့"

သူ ဆောင်း လက်ကလေးကို ဆွဲလာကာ ရေချိုးခန်းထဲ ထိ ပို့ပေးသည်။

ခုရက်ပိုင်းမှာ သူ့ဘာသိလုပ်ပေးခဲ့သော အရသိကြိုက်ထားသော ဆောင်းမျက်နှာလေး မကြည်လင်တာကို သတိထားမိနေသောကြောင့် စိုးရိမ်မှုတွေက ရင်ထဲမှာ ရှိနေသည်။



ခေါင်းရိုက်ပြီး ကိုယ်ဖိမှုတ်လည်း မတွေ့တော့ မျှားနာတာ လိုလည်း သတိမှတ်လိုမရ။ ရှုပ်ထွေးတာတစ်ခုက ဆောင်း၏ စိတ်ညစ်နေသည်။

လင်မယားနှစ်ယောက် ရေချိုးခန်းအဝမှာ လမ်းခွဲသွားကြသည်အထိ စိတ်ရှည်လက်ရှည် စောင့်ကြည့်နေသည့် ဒေါ်မမ နှုတ်ခမ်းအစုံက အသံတိတ် မဲ့၍နေသည်။

မတွေ့ဖူးပါဘူး... လုံးဝကို မတွေ့ဖူးဘူး။

အသက်ချင်းလည်း သိပ်ကွာတာမဟုတ်။

သူ့ချမ်းသာလို ဒီကလည်း ချမ်းသာတာပဲ။

သူလှသလို ဒီကလည်း လှချောလေးပါ။

ပြီးတော့ ကိုယ်က ရည်းစားတွေ သောက်သောက်လဲ ထားဖူးတဲ့သူ။ ဟိုတစ်ယောက်က အချောချောနဲ့ ယောကျ်ားဆိုတာတောင် သေသေချာချာ မြင်ဖူးတဲ့သူ မဟုတ်။

ကြည့်ပါဦး... ဒီမှာ လာညားကြတော့ ရည်းစားတွေ ထည့်လဲ ထားခဲ့တဲ့ ကောင်မက ချစ်နေလိုက်တာ။ ဒီမိန်းမ တစ်ယောက်ကို ထားစရာမရှိ။ ဟိုတစ်ယောက်ကျတော့ ချစ်တာကို ချစ်တာမှန်းရော သိရဲ့လား"

မွှေရှုပ်လွှားထွေးလို လှုပြီး ကျောက်ရုပ်လို အေးစက်စက်၊ ဘယ်အချိန် ဘယ်သူနဲ့ပဲ စကားပြောပြော မျက်လုံးတို့က ငေးမော ရှုစမ်းလျက် လှမမြင်ဘူးသော တောထဲက အရိုင်းအစိုင်းလေးလို ခံအဖြစ်ဖြစ် ထဲ့ခါကြောင်းပါသည်။

ပြောတိုင်းယုံတော့ ညာတိုင်း ရတာပေါ့။ ပုံစံကို အကဲခတ် ရတာ ကိုယ်ဝန်ရှိနေတာကို သဝန်ကို ဖွင့်ပြောပုံ မပေါ်သေး။ ဒါဟာ ကိုယ်ပြောတဲ့အတိုင်း လိုက်နာနေတာပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးမွေးရမှာ ကြောက်တဲ့သူကို ပိုကြောက်အောင် လုပ်ဖို့ အလစ်ချောင်းနေလိုက်ရတာ တစ်နေ့မှ မလစ်ခဲ့ပေ။

သဝန်သည် သူမလေး၏ဘေးမှာ အမြဲရှိနေခဲ့၏။

ဒေါ်မမ အရိပ်အခြည်ကြည့်၍ ရေချိုးခန်းရှေ့ ခပ်သုတ်သုတ် သွားသည်။

ရင်တွေ ခုန်နေတာက သဝန် ပြန်ရောက်လာမှာစိုး၍ ဖြစ်သည်။ ဒီတောင်က ပြောလို့မရ။

"ဒေါက်... ဒေါက်"

တံခါးကို ခပ်အုပ်အုပ်ခေါက်လိုက်တော့ အထဲက လှုပ်ရှားသံက တိခနဲရပ်သွား၏။

"သဝန် ဘာလဲဟင်၊ ချိုးတောင် မချိုးရသေးဘူး၊ ရေအေးလည်း မဟုတ်ဘူး၊ ဒီမှာ သဝန်စပ်ထားခဲ့တဲ့ အတိုင်းပဲ"

စိတ်မရှည်သံလေးက ဒေါ်သနှင့် မဟုတ်ဘဲ ခြေဆင်းဒိုတော့ မလိုလို။

"ဆောင်း... သမီးလေး... အန်တီမမပါကွယ်၊ တံခါး ခဏ ဖွင့်ပါဦး"

ဒေါ်မမ အသံပေးလိုက်သည်နှင့် ခဏအတွင်းမှာပင် တံခါး ဖွင့်သွားသည်။ အနီရောင်မွေးပွ သဘက်ကြီးနှင့် ဆောင်းကိုယ်မှာ ရေတစ်စက်မှ မစိုသေးပါ။

"ဟင်... ဘာ... ဘာလဲ အန်တီ"

ဒေါ်မမက နောက်ကို မလုံမလဲပြန်ကြည့်ကာ အခန်းထဲ ဝင်လိုက်၏။

"သမီးကို မှာစရာရှိတာ မေ့နေလို့"

"ဘာလဲဟင်"





ဒေါ်မမက ဆောင်း ပခုံးလေးနှစ်ဖက်ကို ကိုင်ရင်းနှင့် တစ်ဖက်က နဖူးဆံစလေးတွေကို တယုတယ သပ်တင်ပေးလိုက်၏။

သူမပုံစံသည် ဆောင်းကို ကွယ်ရာကနေ ချောင်းကြည့် စိုးရိမ်နေခဲ့ရသော မိခင်တစ်ယောက်၏ အကြင်နာများဖြင့်...

"ပိန်သွားလိုက်တာ သမီးရယ်၊ အန်တီလေ မိန်းမသားချင်းမို့ ပိုသိတယ်၊ သမီးက အခုလွယ်ထားရတာ သားဦး၊ လူက နုနုဖပ်ဖပ်လေး ခုလို အားနည်းဖျော့ကျနေတာမျိုးနဲ့ ဘယ်လိုမှ မွေးဖွားနိုင်မှာမဟုတ်ဘူး"

ဆောင်း မျက်နှာလေး ဖျက်သွား၏။

"ဆောင်း...ဆောင်းမှာ အဲဒါ တကယ်ဟုတ်နေပြီလားဟင်"

"သေချာတာပေါ့ သမီးရယ်... သမီးက သဝန့်ကို ပြောပြ လိုက်ပြီလား"

ဆောင်းက ခေါင်းလေးခါပြသည်။

မျှော်လင့်ထားမိတာလေး ဒါဟုတ်ချင်မှလည်း ဟုတ်မည်။

မဟုတ်ပါစေနဲ့ပဲ ဆုတောင်း မျှော်လင့်မိနေခဲ့ပါသည်။

ဆောင်း ကလေး မလိုချင်တာတော့ မဟုတ်ပါ။

ဒါပေမယ့် လွယ်ရ မွေးရမှာ ကြောက်သည်။

မလိုကြားလိုက်ရတော့ ပိုဆိုးသွား၏။

ဒေါ်မမ၏စကားများသည် ခေါင်းပေါ်တည့်တည့်သို့ ကျောက်ပြား ချပ်ကြီး အရှိန်ပြင်းစွာ ပြုတ်ကျလာခဲ့သလို မျက်စိရှေ့မှာ မြင်နေသမျှ အားလုံး တဒင်္ဂရပ်ဆိုင်းသွားခဲ့၏။

"သွားမပြောသိတ်နဲ့ သမီး၊ သူတို့ ယောကျ်ားတွေကလေ မွေးဖွားရတဲ့ဒုက္ခကို သိတာမှမဟုတ်တာ၊ သူတို့ ရာနိုင်ကျွေးနိုင်တယ်ပဲ မွေးပါနဲ့ဖြစ်လာမှာပဲ၊ မိန်းမတစ်ခုခုဖြစ်သွားရင် နောက်မိန်း ထပ်ယူရုံပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မမ၏ စကားလုံးအချို့က အန်တီပြောခဲ့သော စကားများနှင့် ထပ်တူကျလာသည်မို့ ဆောင်း ပို၍ထိတ်လန့်လာသည်။

"သမီးဖြေလေ"

"အဲဒါ မကြောက်နဲ့သမီးလေး၊ အဓိကက သံဝန်း မသိစေနဲ့၊ ပြီးတော့ ဆရာဝန်နဲ့ ဖြစ်ပယ်၊ ဆေးခန်းပြမယ်ဆို မလိုက်ဖို့ဘဲ"

"မလိုက်ရဘူး"

ဆောင်းက သံယောင်လိုက် မေးသည်။

"အေးလေ... ဆရာဝန်က စမ်းသပ်လိုက်တာနဲ့ သမီး မပြော လည်း ဒီကိစ္စက ပေါ်သွားမှာပဲ"

ဆောင်းက ဒေါ်မမကို တအံ့တဩလေး ကြည့်သည်။

အခု ဗိုက်ထွက်လာတာနဲ့ ဆေးခန်းသွားကြမှာကို ကြိုသိနေ၍ လာသတိပေးသလိုကြီး ဖြစ်နေသဖြင့် ဒေါ်မမကို အထင်လည်း ကြီးသွားသည်။

ပို၍ ကြောက်သွားမိ၏။

"သမီး... အန်တီ့ပြောတာ ကြားလား"

"ရှင်"

"ဆရာဝန်နဲ့ သွားမပြနဲ့နော်"

"ဟိုလေ... ဆောင်းက မအေးမချမ်းဖြစ်နေတာ ဘာမှလည်း မစားနိုင်ဘူး၊ အဲဒါကို ဆရာဝန်ပြလို့ ဆိုရတာ ကြားတယ်"

"အမလေး... ဘယ်ရမလဲ ဆရာဝန်က စမ်းသပ်လိုက် တာနဲ့ကို သိသွားမှာ၊ ဗိုက်ထဲမှာ ရှိလို့ ပေါ်ပေါက်ကြရင် အမှန်ဆိုတော့ မဆန်းပါဘူး သမီးရယ်၊ ဒါမရှိရင် ပျောက်သွားမှာပေါ့"





"ဒါမရှိရင်..."

ဆောင်း သံယောင်လိုက် ပြောမိပြန်သည်။

ဒေါ်မမ ပြောတာကို သူမ နားမလည်ပါ။

သို့သော် သူမ နားမလည်သေးသော တကယ့်အမှန်တရား များကို ပြောနေသည်ဟုလည်း ယုံကြည်နေခဲ့သည်။

ထို့ပြင် ဒေါ်မမတို့ သားအမိသည် သဝန်က နေရာမပေး ဘဲ ဒေါ်သကြီး ရန်လိုနေ၍သာ နောက်ဆုတ်နေကြသော်လည်း ခုလိုမျိုး ကြုံလာတော့လည်း မိန်းမသားချင်း ကိုယ်ချင်းစာကာ ခိုးကြောင်ခိုးဝှက် ဂရုစိုက်ပေးရှာကြသည်ဟု တွေးမိ၏။

ထို့ကြောင့် ကိုယ့်အပေါ် မိဘလိုအားကိုးနိုင်သူဟု သတ်မှတ်၍...

"ဒါမရှိရင် ပျောက်သွားမယ်ဆိုတော့ ဒါက ဘယ်တော့မရှိမှာ လဲဟင်"

"အဲဒါ မပူပါနဲ့ကွယ်"

"ဆောင်း"

လူက အနား မရောက်သေးဘဲ ဒေါ်သံက အရင်ရောက်လာ သဖြင့် ဒေါ်မမ စကားတစ်ပိုင်းတစ်စနှင့် မျက်လုံးပြူးသွား၏။

အသံပေးတော့မည့် ဆောင်း နှုတ်ခမ်းလေးကို လက်ဝါးနှင့် ဖိပိတ်လိုက်ပြီး [illegible] ပေါ်သွားသည်။

"အန်တီ ရှိနေတာ သိသွားလိမ့်မယ်၊ မပြောနဲ့နော်... သူ့ကို ပြန်လွှတ်လိုက်"

နားနားကပ်၍ သင်ပေးရင်း...

တော်ကြာ ဆောင်းက ထ,ပြောလိုက်လျှင် [illegible]

"ဆောင်း"



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ခေါ်သံ ထွက်လာတော့ ဆောင်းကိုယ်လေး တုန်သွား၏။ နှုတ်ခမ်းမှာ ဖိပိတ်ထားသည့် ဒေါ်မမလက်က ပြေကျသွားပါပြီ။ အသံမပေးလိုက်ဟုလည်း မေ့ဆတ်ပြ၍ ခွင့်ပြုနေပြီ။

ဒါပေမယ့် ဆောင်း ဘာပြောရမှန်းမသိ။

"ဆောင်း... ဆောင်း... ဘာဖြစ်နေလဲ"

"ဒုန်း...ဒုန်း ..."

သဝန်အသံက စိုးရိမ်သံပါလာကာ တံခါးကိုပါထုတော့ ဒေါ်မမ မျက်လုံးကြီး အဆမတန် ပြူးလျက် အသံပေးလိုက်ဖို့ ခြေကောသက်ကော လုပ်ပြနေ၏။

"ဆောင်း... ဆောင်းရေ"

"ရှင်... သ...သဝန် ဆောင်းရှိကယ်"

"ဟား... ဆောင်းရယ်"

သဝန့်ထံမှ ဟူးခနဲ သက်ပြင်းချသံလေး စိတ်အေးသွားပုံနှင့် လေသံက လျော့ကျသွား၏။

"အသံပေးဟာ မဟုတ်ဘူး ဆောင်းရယ်၊ အထဲမှာ မူးမိုက်များ လဲနေသလားလို့ ရင်ထဲမှာ မီးတောက်သွားတာပဲ၊ ကြာလှပြီ၊ မပြီးသေးဘူးလား"

"ချီးမှ မချိုးရသေးတာ"

"ဟင်... ဘာ... ဘာပြောတယ်"

ဆောင်းကို ကြည့်ကာ ဒေါ်မမ ပါးစပ်ကြီးပြဲသွားပြီး 'မပြောရဘူး' ဆိုသည့်ပုံနှင့် လက်ကာပြနေသည်။

ဆောင်း ကိုယ့်နှုတ်ခမ်းလေးကို ယောင်ယမ်းပိတ်ပိုက်၏။

"ဆောင်း တံခါးလာဖွင့်စမ်းကွာ၊ မချိုးရသေးဘူးဆိုလား မချိုးနဲ့တော့၊ မောင် ရေချိုးအဝတ်နဲ့ပွတ်သုတ်ပေးမယ်၊ အကျီမပါဘဲ ဒီလောက်ထိနေတာ အအေးပတ်မှာပေါ့၊ လာ... တံခါးဖွင့်"





ဘယ်လိုလုပ်ရမလဲ ဟူသော မေးခွန်းများနှင့် ဆောင်းက ဒေါ်မမကို ကြည့်၏။ 'ပြန်သွားခိုင်းလိုက်' ဟု သင်ပေးနေသည့် ဒေါ်မမက ဆောင်း သိလွယ်အောင် လက်နှစ်ဖက်ကို စာခြောက်သလို ခါထုတ်ပြနေ၏။

ညာသည်စကား မပြောခဲ့ဖူးသည့် ဆောင်း နှုတ်ခမ်းသားလေးများ၏ အထက်အောက်မှာ ချွေးတွေစို့နေလေပြီ။

"သဝန်... ပြန်ပါ၊ ဆောင်း ပြီးရင်ထွက်ခဲ့မယ်"

ပြောသံက ထစ်ထစ်ငေါ့ငေါ့ တုန်ယင်နေသည်။

"ဟာ... ဘာလို့ပြန်ရမှာလဲ၊ ဆောင်း ရေမချိုးရသေးဘူး မဟုတ်လား၊ လာ...ဖွင့်ကွာ...ဆောင်းက ဘာမှန်းမသိဘူး၊ အလုပ်ပါ ပြန်သွားရမှာနဲ့၊ ဆေးခန်းဝင်ရဦးမှာနဲ့ အချိန်လည်းမရှိဟော့ဘူး"

"ဆောင်း... ဆေးခန်မလိုက်ဘူး"

ဒီစကားကိုတော့ ကိုယ့်ဘာသာ ပြောဖြစ်သွား၏။

ထိုအခါ ဆေးခန်း မလိုက်ချင်သောကြောင့် ဆောင်း တမင်လုပ်နေသည်ဟု သဝန်က ထင်သွားလေသည်။

"အဲဒါကို ရေချိုးခန်းထဲ ဝင်နေရသလား၊ ဆောင်းရယ်၊ အအေးပတ်မယ်၊ ထွက်လာခဲ့... လာ... မလိုက်လည်း မခေါ်ဘူး ညနေကျမှ ဆရာဝန်ပင့်လည်း ရတာပဲဟာ"

ဆောင်းမှာ ပြောစရာ မရှိတော့။

ဒေါ်မမကို လှမ်းကြည့်တော့ ...

"ထွက်လိုက်တော့... အထဲပြန်မဝင်နဲ့... တံခါးမပိတ်နဲ့"

ဒေါ်မမက ကပ်ပြောလိုက်သည်။

ဆောင်းက ခေါင်းလေးညိတ်ပြီး တံခါးဆီ ထွေထွေသွား၏။

တံခါးဖွင့်ပြီး အပြင်ကို ကမန်းကတန်း ဝင်းထွက်လိုက်သည်။



www.burmeseclassic.com

"ကြည့်စမ်း ရေကို တစ်စက်မှ မကိုသေးဘူး အဲထဲမှာ အကြာကြီး ဘာရပ်လုပ်နေတာလဲ အဲဒါကြောင့် ဆောင်းကို မောင် စိတ်မချနိုင်တာ၊ လာ ရေစိုအဝတ်လေးနဲ့ မောင် တိုက်ပေးမယ်"

ဆောင်းကို ပြော၍ လက်ကလေးကိုဆွဲကာ သဝန်ကအခြံရေချိုး ခန်းထဲ ပြန်ဝင်မိပြန်၏။ ဆောင်း ခေါင်းနားဝန်း ကြီးသွား၏။

"မဝင်နဲ့… မဝင်နဲ့"

သဝန်လက်ကို အတင်းပြန်ဆွဲထားလိုက်ရင်း ရင်တွေ တဒိုင်းဒိုင်း ဆောင့်ခုန်လာသည်။ တစ်သက်နဲ့တစ်ကိုယ် မမှန်ကန်လုပ်မိ၍ ရင်ခုန် ထိတ်လန့်ရခြင်းတွေ ခံစားခဲ့ရတာ စသွားကျက်ချင်နေပြီ။

"ဆောင်း အိပ်ရာထဲမှာ လှဲနေချင်လို့ပါ၊ လာပါ… သဝန်ရယ်"

ခုပဲ ရေချိုးခန်းထဲက အတင်းခေါ်ထုတ်ရသည်။

ချက်ချင်းပဲ အိပ်ရာထဲမှာနေချင်သည်ဆိုတော့ သဝန် မျက်မှောင် ကုတ်၍ ပြန်ကြည့်၏။

ဆောင်း မျက်နှာလေး ညှိုးဖျော့နေတာမြင်လျှင် ဆေးခန်း မလိုက်ချင်လို့ ရေချိုးခန်းထဲမှာဝင်ပြီး ပုကွခံနေရှာတာပဲဟု တွေးမိကာ စိတ်မကောင်း ဖြစ်သွားမိသည်။

"ဆောင်းရယ် ဒီလောက်တောင် ဆေးခန်းမသွားချင်လည်း မောင့်ကို ပြောပါလား။ ဆောင်းကို မောင် အလိုမလိုက်ခဲ့တာ ဘာရှိလို့လဲ ရေချိုးခန်းထဲမှာ ပင်ပန်းပြီး ဝင်နေရသလား"

ပါးစပ်ကလည်း ပြောရင်း ဆောင်းခါးလေးကို ဖက်၍ တွဲခေါ် လာခဲ့မိ၏။ သဝန့်ရင်ခွင်ထဲမှာ ပျော့ခွေခွေလေးပါလာရင်း ဆောင်း ငိုချင်နေမိသည်။

သဝန် ချစ်တာကို ဆောင်း သိသည်။

စေတနာ ထားတာကိုလည်း နားလည်သည်။



ဒါပေမယ့် ကိုယ်ဝန် ရှိနေတယ်ဆိုတာကို ပြောလိုက်ရင်တော့ ဆောင်း မွေးဖွားရမယ့်ဒုက္ခကို မစာနာစွာ ဝမ်းသာအားရ ဖြစ်သွားမှာပဲ ဖြစ်သည်။ လက်ထပ်တာနဲ့ ကိုယ်ဝန် တန်းရသည့်အဖြစ်ကို ဆောင်း အရှက်ဆုံး။ ပြီးတော့ ဆောင်း ကလေးမမွေးရဲပေ။

'လူတစ်ယောက်လုံးကြီးကို မွေးထုတ်ရတာ နာတာပေါ့' ဆိုသည့် စကားကိုပဲ ထပ်တလဲလဲသတိရကာ ခြေဖျားလက်ဖျားတွေပင် ဆုပ်လို့ မရအောင် ထိတ်လန့်နေခဲ့၏။

မိန်းမတိုင်းဟာ ကလေးတစ်ယောက် မွေးဖွားဖို့အတွက် ဒီလိုပဲ အသက်ပေးကြရသလား။

မွေးဖွားကြတဲ့ မိန်းမတွေ ဘယ်နှစ်ယောက် သေပြီး ဘယ် နှစ်ယောက် ရှင်သလဲ။ ငါကော…။

'ခုလို အားနည်း ဖျော့ကျနေတာမျိုးနဲ့ ဘယ်လိုမှ မွေးနိုင်မှာ မဟုတ်ဘူး' တဲ့။

ဒေါ်[illegible]က လူကြီးပဲ။ သူ တကယ်သိလို့ ပြောတာပေါ့။

ဒါဆို ဒီကိုယ်ဝန်ကို ဆောင်း ဘာလုပ်ရမှာလဲ။

ခုမပြောဘဲထားလည်း ကိုယ်ဝန်ရင့်တယ် ဆိုတဲ့အချိန်မှာ ဒီဗိုက်က ပူလာမှာပဲ ဖြစ်၏။

"ဆောင်း"

"ဟင်"

တိုးတိုးလေးခေါ်တာကို တုန်ခနဲ ဖြစ်သွားသဖြင့် သဝန် စိုးရိမ် တကြီး ကြည့်ကာ ရင်ခွင်ထဲမှာ ပွေ့ဖိုက်ထားလိုက်သည်။

"ဘယ်လိုတွေ ဖြစ်နေတာလဲ ဆောင်းရယ်၊ လွှတ်ချလိုက်ရင် ပုံကျသွားတော့မလိုပဲ၊ မောင်နဲ့ ဆောင်း လိုက်နိုင်မှာ မဟုတ်ပါဘူး၊ ထားခဲ့ရမှာလည်း စိတ်မချဘူး။ မောင် ဘယ်လိုလုပ်ရမလဲ

www.burmeseclassic.com



"စိတ်ချပါ သခန့်ရယ်... သဝန့် သွားပါ။ ဆောင်း အိပ်ရာထဲမှာပဲ လှဲနေမှာ၊ ဘယ်မှမသွားဘူး"

ဟုတ်ရဲ့လားဆိုသော မျက်လုံးများနှင့်ကြည့်ကာ အိမ်မှာ အစကတည်းက အိမ်ဖော်မရှိခဲ့သော အဖြစ်အတွက် နောင်တ,ရမိသည်။

အိမ်မှုကိစ္စအားလုံးကို ဒေါ်မမကာပဲ သိမ်းကျုံးလုပ်သည်။

ဟိုတုန်းကတော့ အိမ်မှာနေခွင့်ရအောင် နေရာ တစ်နေရာရဖို့ ကြိုးစားခဲ့တာဖြစ်သည်။ ခုကျတော့ အိမ်ရှင်မလိုလို ပုံဖမ်းပြီး စိမ်ခန့်ခဲ့တာမျိုး။

ဖက်ဒီကလည်း အိမ်မှာ လူစိမ်း နောက်ထပ်မဝင်စေချင်သဖြင့် အိမ်ဖော်ငှားဖို့ကို စိတ်မပါခဲ့ပေ။

"မိန်းမတွေက သိပ်ဖယားရှုပ်တာကွ၊ ဒီမှာပါးစပ်တစ်ပေါက်ကိုတောင် အလှူပေးထားရတာ၊ နောက်ထပ် တစ်ပေါက်တိုးလာရင် သွားပြီ သူ့အတိုင်းပဲ ရှိပစေ"တဲ့။

ဖက်ဒီက ခံစားချက် အပြည့်နှင့်။

ခုချိန်မှာ ဆောင်းအတွက် အဖော်လိုလာတာကို တွက်မိကာ မိန်းကလေးတစ်ယောက် အမြန်ရှာဖို့ ဆုံးဖြတ်မိသည်။

"ဒါဆို မောင် သွားမယ်၊ ဟိုမှာလည်း မောင် မသွားလို့မဖြစ်ဘူး ဆောင်းရယ်၊ မကြာဘူး... နှစ်နာရီလောက်ပဲ၊ မောင် ဘာဝယ်ခဲ့ရမလဲ ဆောင်း ဘာစားမလဲ"

"ဟင့်အင်း"

ခေါင်းလေးခါရင်း ဆောင်း မွေ့ရာပေါ်မှာ ခွေခွေလေး လှဲလိုက်သည်။

သဝန်က ကုတ်အင်္ကျီ ထပ်ဝတ်လိုက်ပြီး ဆောင်း နဖူးလေးကို ငုံ့၍ စမ်းသည်။





"မောင် အပြန်နို့ ဆရာဝန်ပါ ပင့်လာခဲ့မယ်၊ လက်ဆောင်ပေးထားတဲ့ ချဉ်ပေါင်းယိုတွေ မစားထားနဲ့နော်"

"အင်း"

"အထဲကနေ တံခါးပိတ်ထားနော် ဆောင်း၊ ဘယ်သူနဲ့မှ စကားသွားမပြောနဲ့၊ လာခေါ်လည်း မပတ်သက်နဲ့၊ ဘယ်သူမှ မကောင်းဘူး"

"အင်း"

"မောင် သွားမယ်နော်"

ဆောင်း ခေါင်းပဲ ညိတ်နေ၏။

"ရော့... ဖုန်းယူထားလိုက်၊ နေထိုင်မကောင်းရင် ဖုန်းဆက်၊ မောင် ဟိုရောက်ရင် ဖုန်းဆက်မယ်၊ မောင်ဆက်တဲ့အခါ ဆောင်း အိပ်နေတာဆိုရင် ပြန်မပြောနဲ့တော့၊ ဖုန်းမြည်လာတာနဲ့ ပိတ်လိုက်၊ မောင် သဘောပေါက်ပြီ"

"အင်းပါ"

သူ မှာလွန်းလို့ စိတ်မရှည် ဖြစ်လာပုံရသည်။ မျက်နှာလေးကို ချစ်စနိုးကြည့်ကာ ပါးလေးကို ခပ်ဖွဖွ ပုတ်လိုက်မိ၏။

"ချစ်မှန်းမသိတဲ့ မိန်းမ၊ နေဦး... မင်း သိမယ်"

ဟု ပြုံး၍ ပြောသည်။

သဝန် ထွက်သွားပြီး မကြာလိုက်ပါ။

ဒေါ်မမ ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၅ )

"ဘယ့်နှယ်လဲ ငါ့တူ... မင်း လုပ်ငန်းတွေ ဦးစီးနေပြီဆို၊ အဆင်ပြေရဲ့လား"

ကားပေါ် အတူ ထိုင်မိကြသည်နှင့် ဒေါက်တာ ဦးအောင်ချိန်က သဝန့်ကို လှည့်ကြည့်၍ မေးသည်။

သဝန်က ကားကို ဂီယာချိန်းပြီး ဆေးခန်းရှေ့ကနေ နောက်ဆုတ် ပြန်ထွက်လိုက်သည်။

လမ်းပေါ်ရောက်လာမှ ဦးအောင်ချိန်ကို ပြုံးပြကာ...

"ခုထိတော့ အဆင်မပြေသေးဘူး အန်ကယ်၊ ဒက်ဒီက ကန့်ထရိုက် လုပ်ငန်းတွေကလည်း အကြီးအကျယ်ပဲ၊ ကုမ္ပဏီတွေက ကိုယ်ပိုင်တော၊ ရှယ်ယာဝင်ထားတာတွေကော ဘယ်နေရာမှာ ဘယ် အလုပ်ဖြစ်ဖြစ် ဒက်ဒီက ဦးဆောင်ထားတာဖြစ်နေတယ်လေ၊ ကျွန်တော့် ကျတော့ ဝင်လိုက်ရတာ အစိမ်းသက်သက်ကြီး"

ပြောနေရင်း သဝန်က ရယ်လိုက်သည်။





"ဒက်ဒီ ချက်ချင်းကြီး ဆွဲထည့်ပစ်လိုက်တာ လူကို ချာချာလည် သွားတာပဲ"

ဦးအောင်ချိန်ကလည်း လိုက်ရယ်သည်။

"ဟုတ်လား...မင်းအဖေက လုပ်ငန်းတွေထဲ မင်းရောက်အောင် တမင်လုပ်ချသွားတာ ထင်ပါတယ်ကွာ၊ သိပ်ကိုသေချာတဲ့ လူကွ၊ ငါနဲ့ဆုံဖြစ်တိုင်း ဘယ်တော့မှ စီးပွားရေးအကြောင်းမပြောဘူး၊ အပန်း ဖြေတဲ့အချိန်မှာ စီးပွားရေးနဲ့ မရောဘူးတဲ့၊ သူ့အလုပ်နဲ့ သွားလာတုန်း တွေ့တဲ့အခါများ ဘာကျွေးဖို့မှ မခေါ်နဲ့၊ ဘာကိစ္စနဲ့မှ အကူအညီ မတောင်းနဲ့၊ လုံးဝမရဘူး၊ မင်းအဖေက အဲဒီလိုလူစား၊ ပြောသေး တယ်ကွ၊ ငါက သားကို သင်ပြထားပေါ့၊ အကူအညီရတာပေါ့လို့ ပြောတော့ စီးပွားရေးပါယနာဆိုတာ လွယ်တာမဟုတ်ဘူးတဲ့၊ ကြိုးတုပ် နိုင်းလို့လည်း ရတာမဟုတ်ဘူးတဲ့၊ သူစိတ်ပါမှ ကောင်းတာတဲ့ကွ"

သဝန် နားလည်ပါသည်။ ဒက်ဒီ့ခံယူချက်က တစ်မျိုး။

သူ့ကို အလုပ်တွေ နားလည်စေချင်သည်။ အတူဝင်ယှက်စေ ချင်သည်။ ဒါပေမယ့် သင်ပါလား၊ လုပ်ပါလားလို့ ဘယ်တုန်းကမှ တိုက်တိုက်တွန်းတွန်း မပြောခဲ့ပေ။

"ဘဝမှာ မင်းနဲ့ဒက်ဒီ နှစ်ယောက်တည်းပဲရှိတာနော်၊ ဒက်ဒီ လည်း ဘိုးသူတော် မလုပ်ချင်ဘူး၊ မင်းကလည်းယောကျ်ား၊ တောင်ဝေး မဟုတ်ဘူး၊ မိဘနဲ့ သားသမီး ဆိုပေမယ့်လည်း ယောကျ်ားချင်း အတူတူပဲ၊ မင်းက နှငယ် ဖျတ်လတ်တဲ့ အခွင့်ထူးတွေတောင် ပိုသေး တယ်၊ ကိုယ့်ကိုယ်ကိုဖျက် သံချေးတက်ဆိုတာမျိုး မလုပ်ပါနဲ့"

တောင်ဝေးလဲတော့ ဘိုးသူတော် ထုနိုင်သည်။

ဘိုးသူတော်လဲတော့ တောင်ဝေးမထုနိုင် ဆိုတာကို ဒက်ဒီက နိုင်းနှိုင်းပြောမှီး



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီကလည်း ထူနေနိုင်သရွေ့ ရှုပ်ရှားနေမှာပဲ၊ လဲပြီဆိုလည်း တောင်ဝှေးကို အားပြုမနေဘူး၊ မင်းလည်း တောင်ဝှေးကြီးမှ မဟုတ်တာ၊ လဲသွားရင် ထူတာကို စောင့်မနေနဲ့၊ မလဲအောင်ဘဲ ကြိုးစား၊ ယောက်ျားပဲကွ၊ ကိုယ့်အား ကိုယ်ကိုး၊ ကိုယ်ဖြစ် ကိုယ်ခံ... မနွဲ့နဲ့"

ဒက်ဒီ ဒဿနက ဒါပဲဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းတွေ လိုက်ကြည့်ပါ၊ လေ့လာပါ ဘယ်တော့မှ ခေါ်ခဲ့သည်မရှိ။

လားသွားပြီ ဆိုတော့လည်း မင်းကို အပ်ခဲ့ပြီး တိုးတက်အောင် ကြိုးစားရမယ်၊ ကြီးပွားအောင် အားစိုက်ပါ။

ဘာဆိုဘာမှ မှာခဲ့တာမဟုတ်တာ။

"ဒက်ဒီလုပ်ငန်းဟာ မင်းရဲ့လုပ်ငန်းပဲ၊ ဒက်ဒီ မရှိလို့မှ မင်း ဦးမဆောင်နိုင်ဘူးဆိုရင် အဲဒါ မင်းရဲ့အရည်အချင်းလို့မှတ်၊ ဝါသနာ မပါဘူး၊ မလုပ်ချင်ဘူးဆိုလည်း မင်းသဘောပဲ"

ဒက်ဒီက ထားပစ်ခဲ့တာတောင် သံယောဇဉ်စကား မဆိုခဲ့ပါ။

ကားမောင်းရင်း ငြိမ်ကျသွားသည့် သူ့ကိုငဲ့ကြည့်ပြီး ဦးအောင်ချိန်က ပြုံးလိုက်၏။

"အစတော့ ဒီလိုပေါ့ကွာ... နောက်တော့လည်း အေးဆေး ဖြစ်သွားမှာပါ၊ ယောက်ျားဆိုတာ ဖွဲရှိရတယ်၊ မင်း ပိုပြီးအခက်အခဲ ဖြစ်သွားတာက တိုက်ဘိုက်ဆိုင်ဆိုင် ခုကျမှ မိန်းမယူပစ်လိုက်တော့... ဟား...ဟား"

ဦးအောင်ချိန် ရယ်သဖြင့် သဝန်လည်း ရှက်ရယ် ရယ်မိသည်။

ဟိုအရင် တစ်ခါနှစ်ခါ ဆုံဖူးကြစဉ်ကတည်းက သူ လက်ထပ် ထားသည့်ကိစ္စ အနည်းအကျဉ်းကို ပြောပြထားသောကြောင့် ဦးအောင်ချိန် က သိနေသည်ဖြစ်ရာ...





"မင်း မိန်းမ ယူလိုက်တာကို သူ မသိလို့ပါ၊ သိရင်တော့ အေးဆေးနေမှာ မဟုတ်ပါဘူး"

ဟု ထင်ကြေးပေးသည်။

"ကျွန်တော်လည်း တတ်နိုင်သမျှတော့ ဆက်သွယ်ထားပါ တယ်၊ ဒါပေမယ့် အလုပ်တွေကို မကိုင်တွယ်ချင်လို့ ဘာညာနဲ့ ဒက်ဒီ စိတ်ဆိုးမှာလည်း စိုးတယ်"

"ဒီလို မဖြစ်နိုင်ပါဘူးကွာ... စိတ်ဆိုးလည်း ဒါက မင်းတို့ သားအဖကိစ္စပါ၊ လူမှုရေးပိုင်းမှာတော့ သူတာဝန်ကျေမှာပဲ၊ မသိလို့ ရောက်မလာတာပါ၊ ဒါနဲ့ ကောင်မလေးဘက်က ဒီလောက်အကြာကြီး ငြိမ်နေတယ်ဆိုတာ စိတ်ဆိုးနေတာလား၊ မင်းတို့ကို မသိလို့လား"

"နှစ်ခုလုံးတော့ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် စိတ်ဆိုးလို့ ဖြတ်တောက်ထားတာတော့ မဟုတ်ဘူး ထင်တယ်၊ သူတို့က ဆောင်းကို ကျွန်တော်က အဓမ္မ ခိုးယူသွားတာကြောင့် မကျေနပ်တာ၊ ကျွန်တော်နဲ့ သဘောမတူတာ သက်သက်ပဲ၊ သူတို့ ဆောင်း ဘယ်မှာရှိတယ်ဆိုတာကို စုံစမ်းနေကြတယ်လို့တော့ ကြားတယ်၊ ဒါပေမယ့် ကျွန်တော့်ဘက်က အကာအကွယ်တွေကောင်းတော့ သေချာသိပုံမရဘူး၊ ဒက်ဒီ ကိုယ်တိုင် က ကန်ထရိုက်တိုက်တွေ အများကြီးနဲ့လေ၊ လိပ်စာအမျိုးမျိုးနဲ့နေတော့ ပိုဆိုးသွားတာပေါ့၊ ဒက်ဒီက အိမ်ကို ညွှန်သည်လာတာ မကြိုက်တဲ့ အကျင့်ရှိတယ်၊ အဲဒါကြောင့် ခုလိုမျိုးတွေ ဖြစ်ကုန်တော့ လိပ်စာ အတိအကျနဲ့ အလုပ်မလုပ်ဘူး"

"အေြာ်"

ဦးအောင်ချိန် သဘောပေါက်သွားသည်။

ခုလည်း သူ ဆေးခန်းတောင် မထိုင်ရသေးပါ။ သဝန်က အရေးကြီးလူနာ ရှိသည်ဟုဆိုကာ ခုလို ခေါ်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ဦးနေမျိုးနဲ့ ရင်းနှီးခင်မင်သော်လည်း မိသားစု ဆရာဝန် လည်းမဟုတ်။ အိမ်ကိုတောင် မရောက်ဖူးခဲ့ပေ။

ဒါဟာ ပထမဆုံးအခေါက်။

"အန်ကယ် ဟန်းဖုန်းပါလားဟင်"

"ဟေ... အင်း... ပါတယ်...ပါတယ်၊ ဆက်မလို့လား... ရော..."

သဝန်မေးတော့ ဦးအောင်ချိန်က ပျာပျာသလဲ ထုတ်ပေးသည်။ ဟန်းဖုန်း ကိုင်တတ်သည့်အကျင့် မရှိခဲ့သော သဝန့်မှာ ဒက်ဒီပေး ခဲ့သည့် ဒက်ဒီဖုန်းပဲ ရှိသည်။

အလုပ်ကိစ္စတွေ စုပြုံရောက်လာတတ်လွန်း၍ ထိုဖုန်းကိုလည်း အတွင်းရေးမှူးလက်ထဲ ထည့်ပေးလိုက်ကာ သူ ဝယ်လိုက်သည့် ဖုန်းကျတော့ ဆောင်းကို ပေးထားခဲ့သည်။

သဝန်က ကားကို လမ်းဘေးတစ်နေရာမှာ ထိုးရပ်လိုက်ပြီး ဆောင်းဆီ လှမ်းခေါ်သည်။

ခုလောက်ဆို ဆောင်း အိပ်မည်ဆိုလည်း ပျော်ချင်မှ ပျော်ဦးမှာ။ ဆရာဝန်ပါလာသည့်မို့ ဆောင်းကို အဆင်သင့်ပြင်ထားဖို့ မှာချင်သည်။

ဆရာဝန် ဝင်သွားမှ အိပ်ရာက လူးလဲထရလျှင် မကောင်း။

ပြောထားခဲ့သလို အလုပ်ပြီးသည်အထိ နှစ်နာရီ သုံးနာရီနေဖို့ သူ ဘယ်လိုမှ စိတ်မဖြောင့်သောကြောင့် ဟိုမှာ မဖြစ်မနေ လုပ်စရာ ရှိတာကို လုပ်ခဲ့ရန်မှာခဲ့ပြီး ချက်ချင်းပြန်လှည့်လာခဲ့ခြင်း ဖြစ်သည်။

ခါတိုင်းလို စိတ်ချေတာထက် အဆဲများစွာ ရှိနေသည်က ဆောင်း တကယ် နေမကောင်းဖြစ်နေရှာတာကို သိထား၍ဖြစ်သည်။

"ဆောင်း"

"ဟင်... သဝန်လားဟင်"





အတော်ကြီးကြာနေမှ ဆောင်း ဖုန်းကိုင်လိုက်သည်။

အိပ်နေ,နေ၍ လန့်နိုးသွားသလားမသိ။

ဒေါသသံမဟုတ်ဘဲ မေးပုံလေးက ထိတ်ထိတ်လန့်လန့်။

"ဆောင်း...အိပ်ပျော်နေလား။ မောင် ပြန်လာနေပြီ၊ ဆရာဝန် ပါလာတယ်ကွာ၊ ပြန်မအိပ်နဲ့တော့နော်၊ အဆင်သင့် စောင့်နေ"

"ဟင်...သဝန်၊ ဆရာဝန်ပါလာတယ် ဟုတ်လား။ အဟုတ် လားဟင်"

"ဆောင်း... ဘာဖြစ်လို့လဲ၊ ဆရာဝန်က ဆောင်းကို စမ်းသပ် ကြည့်မှာပါ၊ လိုအပ်မှ ဆေးထိုးမှာပါကွာ၊ ကလေးကျနေတာပဲ"-

"မဟုတ်ဘူး သဝန်၊ ဟင့်အင်း... ခေါ်မလာနဲ့၊ မလာပါနဲ့"

"ဟာ... မောင်က လမ်းထိပ်ရောက်နေပြီ၊ ဝါးမိနစ်အတွင်း ခြံထဲကို ဝင်တော့မှာ၊ ကဲ... ဆေးမထိုးစေရဘူး။ မောင် တာဝန် ယူတယ်ကွာ၊ ဒါပဲနော်"

ဖုန်းပိတ်လိုက်ပြီး ဦးအောင်ချိန်နဲ့ သဝန် တစ်ယောက်နဲ့ တစ်ယောက် ကြည့်၍ရယ်မိကြသည်။ နှစ်ယောက်လုံးသည် ဆောင်း ဆေးထိုးရမှာ ကြောက်နေသည့်ဟုပဲ သတ်မှတ်လိုက်ကြကာ...

"ဟုတ်တယ်ကွယ့်၊ တချို့လူတွေ တကယ့်ကို ထူးဆန်းတာ ဆေးထိုးမှာကြောက်တဲ့အကျင့်က ဆံပင်ဖြူတဲ့ အထိကို ရှိနေကြတာ ဟား ဟား ဟား"

သဝန် ကားပြန်မောင်းရင်း ရယ်နေမိသည်။

အဲဒီတချို့ထဲမှာ ဆောင်း ပါနေပပေါ့။

ဘယ်လောက်ပဲဆိုးဆိုး သူကတော့ မြတ်နိုးနေဆဲသာ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၆ )

ဦးအောင်ချိန်ကို သူကိုယ်တိုင် ကားတံခါး ဖွင့်ပေးနေစဉ် ဖေါ်မမ အပေါ်ထပ်က ဆင်းသွားတာကို လှမ်းမြင်လိုက်၏။

သဝန် မျက်မှောင် ကုတ်သွားမိသည်။ ဓါတ်ပိုင်းလည်း နေရာတကာ သူတို့ ဒီလိုပဲသွားလာနေကျ ဖြစ်ပေမယ့် သူ မရှိတုန်းမို့ မြင်လိုက်ရတော့ စိတ်ထဲမှာ ထင့်သွားခဲ့သည်။

"လာပါ... အန်ကယ်"

သဝန်က ဆေးအိတ်ကို ဆွဲ၍ အပေါ်ထပ်သို့ ဦးဆောင်တက်စဉ် အောက်ဘက်မှ ပင့်မော့ကြည့်လာသည့် ဖေါ်မမ မျက်လုံးများနှင့် ဆုံမိပြန်သည်။ ဘဝင်မကျနိုင်။

အခန်းထဲဝင်လိုက်တော့ ဆောင်းက မျက်ဝန်းလေးတွေ အပြူးသားနှင့် ငုတ်တုတ်ထိုင်နေ၏။

မွေ့ရာပေါ်မှာပဲဖြစ်ကာ သူထွက်သွားတုန်းက ထိုင်ကျန်ခဲ့သည့် ပုံစံလေးအတိုင်း ဒီနေရာလေးမှာပဲ ဖြစ်၏။





ဆောင်းမျက်နှာမှာ အိပ်ထားသည့်ပုံစံ မရှိသည့်အပြင် ထိတ်လန့်ကြောက်ရွံ့ဟန်လေးများသာ ရှိနေသည်။

မွေ့ရာထက်မှာ တင်ပလ္လင်ခွေ ထိုင်နေသော်လည်း ချထားသည့် လက်နှစ်ဖက်က မွေ့ရာခင်းတို့ကို ဆုပ်ဆွဲထား၏။

ဆောင်းပုံစံ အမူအရာများကြောင့် ဆရာဝန်ရော သဝန်ပါ အားနာသွားမိသည်။

ပြီးတော့ ကိုယ့်မိန်းမကို သူများ အထင်အမြင် သေးသွားတာမျိုးလည်း မဖြစ်စေချင်။

"ထိုင်ပါ အန်ကယ်၊ သူက ကျွန်တော့်ဇနီး ဆောင်းပါ၊ ညညမအိပ်နိုင်တာ သုံးလေးညရှိပြီ၊ နေ့လည်း မအိပ်ဘူး။ အလုပ်ပင်ပန်းထားတာ နည်းနည်းတော့ရှိတယ်၊ ဒါပေမယ့် သူဖြစ်တာက စိုးရိမ်စရာ ဖြစ်လာလို့ မူးဟာ မိုက်တာတွေဖြစ်ပြီး ချွေးစေးတွေ ပြန်သေးတယ်"

သဝန်က သူဖြစ်နေပုံအတိုင်းပဲ ပြောပြီးသားတွေကိုပါ ထပ်ပြောနေသည်။

ဦးအောင်ချိန်ကို ထိုင်စရာနေရာပေးပြီး သူက ဆောင်းဘေးမှာ ဝင်ထိုင်လိုက်၏။

ထိုအခါ အမှတ်တမဲ့ လက်ထောက်လိုက်သည့် မာကျောကျော အရာကြောင့် ငုံ့ကြည့်လိုက်တော့ ဂက်စ်မီးခြစ် အစိမ်းရောင်လေး။

ဒီအိမ်မှာ စီးကရက် သောက်တတ်သဖြင့် မီးခြစ်ကို လက်က မချတမ်းကိုင်တတ်သော တစ်စုံတစ်ယောက်၏ မျက်နှာကို ဖျတ်ခနဲ မြင်လိုက်သည်။

"သမီးက ညဘက် အိပ်မက်တွေ မက်နေတယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ချိန်၏ စကားကြောင့် သဝန်က မီးခြစ်ကို ကုတ်အကျႌအိတ်ထဲ ထည့်ပစ်လိုက်ပြီး ဆောင်းလက်ကလေးကို ဆွဲယူလိုက်သည်။

"ဟုတ်မယ်ထင်တယ် ဆရာ၊ ကဲ... ဆရာ စမ်းသပ်လိုမ့်မယ်၊ ဆောင်း ခဏ လှဲလိုက်နော်"

ဆောင်းက ဆတ်ခနဲ လက်ကိုရုပ်ပြီး ခေါင်းခါလိုက်သေးသည်။ ပြီးမှ ဦးအောင်ချိန်၏ ပြုံးနေသော မျက်နှာကို ငေးကြည့်ရင်း အသာလေးလှဲလိုက်၏။

ဦးအောင်ချိန်က နားကျပ်တပ်လိုက်ပြီး ရှေ့တိုးထိုင်ကာ...

"အန်ကယ်က မလိုအပ်တဲ့ ဆေးမထိုးပါဘူး သမီးရဲ့ မကြောက်နဲ့ ဟုတ်လား"

နူးညံ့စွာပြောကာ ဆောင်း နဖူးလေးကို လက်ခုံနဲ့ ဖွဖွလေး ကပ်ကြည့်မိ၏။

"မကြောက်နဲ့နော်..." သမီး ဘာမှဖြစ်တာမှ မဟုတ်တာ"

ဟု စိတ်သက်သာအောင် ထပ်ပြောသည်။

ထို့နောက် နားကျပ်နဲ့ ထောက်စမ်းနေတာ ကိုယ်ပေါ်မှာ မှိုရောက်သည်ရောက်၊ ဆောင်း ရင်တွေ အကြမ်းပရမ်း ဆောင့်ခုန်နေသည်။

သဝန် လက်ဖဝါးကို မချိမဆန့် ဖိဆုပ်ထားမိရင်း ချွေးစေးတွေ ပြန်လာ၏။

"ဆရာဝန် လာတော့လည်း ဘာဖြစ်လဲ၊ ဓမ္မတာ မပေါ်ဘူး မှိုလားလို့ မေးရင် ပေါ်တယ်လို့ပြော၊ ပျို့တာအန်တာတွေ ဘာမှ လျှောက်မပြောနဲ့"

စကားသံတွေကို နားထဲမှာ ပါးစပ်ကရွတ်သလို အထပ်ထပ် မှတ်မိအောင် စဉ်းစားရင်း ဆရာဝန် မေးလာမည်ကို စောင့်နေခဲ့သည်။





ဆရာဝန်က သွေးပေါင်ချိန် ကိရိယာကိုပါ ပြန်သိမ်းပြီးမှ အားပါးတရ ပြုံးလိုက်သည်။

"မင်းက တစ်မဂ်လာတည်း မဟုတ်ဘူး သဝန်ရေ၊ နှစ်မင်္ဂလာ ကွယ့်"

"ဗျာ"

"မင်းရဲ့ဇနီးမှာ ကိုယ်ဝန် ရှိနေတာ"

ဆရာဝန်က ပြောလိုက်တာ တည့်တည့်ကြီး။ သဝန် ဘယ်လိုမှ ထင်မှတ်မထားခဲ့သဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့၏။

ထို့နောက် လိုက်လှဲသော ကြည်နူးမှုကြောင့် ဆောင်း လက်ဖဝါး လေးကို သတိလက်လွတ် ဖျစ်ပစ်လိုက်မိသည်။

"တကယ်လား... သေချာလား အန်ကယ်၊ သေချာအောင် ထပ်စစ်ဆေးပါဦး"

ဦးအောင်ချိန်က ခေါင်းညိတ်လိုက်ပြီး ကြောင်ငေး ကြည့်နေသော ဆောင်းကို ပြုံး၍ကြည့်သည်။

"ထပ်စစ်ဖို့မလိုပါဘူး။ ကဲ... နှစ်ယောက်တည်းကျမှ သေချာ ထပ်မေးကြည့်၊ အန်ကယ့်ကိုခွင့်ပြုဦး။ ဆေးခန်းကို အချိန်မီပြန်ဝင်ရဦးမှာ"

"ဟုတ်ကဲ့ အန်ကယ်"

သဝန် ဆောင်းကို ဝမ်းသာအားရ စကားတွေ ပြောချင်သော်လည်း ဆရာဝန်ကို ပြန်ပို့ရဦးမှာမို့ ထွက်လိုက်ခဲ့ရသည်။

သို့သော်...

"အန်ကယ့်ကို ကားသော့ပေး၊ ဒီညနေ မင်း သွားစရာ ရှိသေးရင်တော့ လိုက်ယူပေါ့ကွယ်၊ မရှိရင်တော့ ဆေးခန်းကပြန်လာနဲ့ အန်ကယ် ပြန်ပို့ခိုင်းလိုက်မယ်၊ မင်းရဲ့ မျက်နှာကြီးကို ပြောတာနဲ့ လိုက်ပို့ခိုင်းမှာ အားနာသွားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ကလဲ..."

သူ ရယ်လိုက်ရင်း ကားသော့ကို ဦးအောင်ချိန် လက်ထဲ ထည့်ပေးလိုက်မိ၏။ ကိုယ်တိုင် ပြန်ပို့သင့်ပေမယ့်လည်း အားနာနာနဲ့ပဲ...

"အန်ကယ် ပို့နိုင်းမနေပါနဲ့၊ ကျွန်တော်ပဲ လာယူပါ့မယ်"

ဟုသာ ပြောဖြစ်ခဲ့သည်။

သူ အပေါ်ထပ် ပြန်ပြေးတက်လာတော့ ဆောင်းက မွေ့ရာပေါ်မှာ ရှိုက်ကြီးတငင် ငိုကြွေးနေလေသည်။

"ဟာ...ဘာဖြစ်လို့ငိုတာလဲ ဆောင်းရယ်၊ ဒါ... ငိုစရာလား"

သဝန် ဆောင်းပခုံးလေးကို ဆွဲဖက်၍ မျက်နှာလေးကို မော့ယူလိုက်သည်။

"ဆောင်း အဲဒါကို ကြိုသိနေတယ်မို့လားဟင်၊ မောင့်ကို ပြောစမ်းပါ ဆောင်းရယ်၊ ဆရာခေါ်မှာစိုးနေတာ အဲဒါကြောင့်မို့လား။ ဘာဖြစ်လို့ မောင့်ကို ဖုံးကွယ်ထားရတာလဲ၊ ဘာဖြစ်လို့ မောင့်ကို မသိစေချင်တာလဲ"

"ရှင်က ဝမ်းသာနေမှာကို သိလို့ပေါ့"

ဆောင်းက သူ့ မျက်ရည် သုတ်ပေးနေသည့် လက်ကို ပုတ်ချပစ်ပြီး မဲ့နေပြန်သည်။

"ဟာ...တိတ်ပါတော့ကွာ၊ ဒါ... မင်္ဂလာစကားပဲ သိပ်ကို ဝမ်းသာစရာကောင်းတဲ့ ကိစ္စ၊ မောင် ဝမ်းသာတာ ဘာဖြစ်လဲ"

"ဆောင်း ကြောက်တယ်၊ ကလေးမမွေးချင်ဘူး။ ဆောင်းကို မမွေးခိုင်းပါနဲ့ သဝန်ရယ်၊ ဆောင်း တောင်းပန်ပါတယ်၊ ရှိခိုးပါတယ်"

"ဟင်"

သဝန် မျက်နှာ အပျက်ကြီးပျက်ကာ ဆောင်းမျက်နှာကို ချောင်းမော့သလို ကြည့်သည်။





"ဆောင်းရယ် အဓိပ္ပာယ်မရှိတာကွာ၊ အိမ်ထောင်ပြုပြီး ကြရင် မိသားစုဆိုတာ ရှိလာကြတာပဲ၊ မရှိတဲ့သူတွေဆို လိုချင်လွန်းလို့ ပါရမီတွေနဲ့ စမ်းသပ်ကြ၊ ဆေးပင်မှာ သွားတောင်းကြ၊ အမျိုးမျိုး ကြိုးစားကြရတာ"

"ဘာ... ကလေးလိုချင်တဲ့သူ ရှိတယ်၊ ဟုတ်လား"

ဆောင်း အံ့သြသွားမိသည်။ လူတိုင်းဟာ ကလေးရပြီဆို ထိတ်ထိတ်လန့်လန့်နဲ့ပဲ မွေးကြရ သေကြရတာမျိုး မဟုတ်ဘူးလား။

သဝန်က ဆောင်းကစ်ကိုယ်လုံးကို ရင်ခွင်ထဲမှာ မြုပ်နေအောင် ဖက်ထားလိုက်ပြီး ပါးချင်းကပ်လိုက်သည်။

"သိချင်ကြတာပေါ့ ဆောင်းရယ်၊ သားသမီးဆိုတာ ရတနာပဲ မာမီဆိုရင် မောင့်ကို မွေးပြီးတော့ သားသမီး ထပ်မရလို့ ဟိုပြေး ဒီပြေးနဲ့ တော်တော်ဒုက္ခရောက်သွားရှာတာတဲ့"

"ဘာဖြစ်လို့လဲ"

"မောင် တစ်ယောက်တည်း မွေးချင်းညီအစ်ကိုမရှိဘဲ ဖြစ်နေမှာ စိုးလို့တဲ့၊ ပြီးတော့ မောင်တို့ ဟိုတစ်ခါ တစ်ဝိုင်းစာ လိုက်ကျွေးလိုက်တဲ့ မောင့်သူငယ်ချင်းတွေထဲက ကော်ကော် ဆိုတဲ့ တစ်ယောက်က သတိရလား"

စားသောက်ဆိုင်မှာ ဆုံမိကြစဉ် သဝန့်သူငယ်ချင်းများက သာမက ကဗျာဆိုသည့် လှပသော မျက်နှာတစ်ခုကိုပါ သတိရ သွားမိသည်။ ဆောင်း သတိရနေတာကို အကဲခတ်၍ သဝန်က ဆက်ပြောသည်။

"အဲဒီကောင်ဆိုရင် သူ့အမေက အစကတည်းက မင်္ဂလာဈေးမှ အထည်ပိုတောင်း ရောင်းရတာ"

"အထည်ပိုတောင်း ဆိုတာ ဘာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကြားဖြတ်မေးခွန်းကိုမဖြေဖို့ ပါးစပ်ပြင်ပြီးမှ ပြန်ပိတ်ကာ သဝန်က မအီမလည် မျက်နှာနှင့် ခေါင်းတစ်ချက်သပ်၍ ပြုံးလိုက်သည်။

"မသိဘူး... ဟို အထည်ဟောင်းဆိုတာ ဝတ်ပြီးသားတွေ ဖြစ်မှာပေါ့"

"ဘယ်သူ ဝတ်ပြီးသားတွေလဲ"

သဝန် မျက်ခုံးတွေ ပင့်တက်သွား၏။

ဒီနေ့ စကားပြောတာ လိုရင်းရောက်ပါ့မလား။

"အဲဒါလည်းမသိဘူးကွာ၊ နောက်နေ့ကျမှ ဆောင်းကို ရှင်းပြဖို့ မောင် သေသေချာချာ မေးထားပေါ့မယ်၊ ပြောတာကို နားထောင်၊ မောင် အခုက ပြောချင်တာက ဒီကောင့်အမေ ကလေး ရှစ်ယောက် မွေးထားတာကို"

"ဟင်...ဘာ... ရှစ်ယောက်..."

"အင်း"

ဆောင်းမှာ ကိုယ်လေး မတ်မတ်ပြင်ထိုင်ပြီးသား ဖြစ်သွားသည်အထိ တအံ့တဩ လှုပ်လှုပ်ရှားရှား။

"တကယ်ပြောတာ ဆောင်းရဲ့၊ အစ,က သိပ်ကျပ်တည်းကြတာ၊ သမီးဦး အမြွှာပူးနှစ်ယောက် မွေးပြီးမှ ပြေလည်လာကြတာတဲ့"

"အမြွှာ...အမြွှာဆိုတာ နှစ်ယောက်ပူးကို ပြောတာမို့လား"

"ဟုတ်တယ်... သမီးလေးနှစ်ယောက်၊ အခုဆို မလေးမှာ နှစ်ယောက်လုံး အလုပ် လုပ်နေကြတာ နှစ်တွေကြာလို့ ဒီနှစ်ကုန်ဆို ပြန်လာကြတော့မှာ"

"နှစ်ယောက်ပူးကြီး မွေးရတာ သူ့အမေ ဘာမှမဖြစ်ဘူးလားဟင်"





"ဘာမှ မဖြစ်တဲ့အပြင် သူများလိုတောင် ဗိုက်ခွဲမွေးရတာ ဘာညာမရှိဘူး၊ ဓမ္မတာအတိုင်းပဲ မွေးလိုက်တာတဲ့၊ နောက် ကလေး ခြောက်ယောက်က တစ်ယောက်ကို နှစ်နှစ်ပဲခြားမွေးတာ၊ တစ်ယောက မွေးရင်း စီးပွားတက်ရင်း၊ နောက်ဆုံး ကော်ကော့ကျတော့ တိုက် ကားနဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်သွားတော့တာပဲ၊ အကြီးဆုံးက အငယ်ဆုံးထိ အားလုံး ဘွဲ့တွေရပြီးသား၊ ကျောင်းပြီးကုန်ပြီး အန်တီမာလာက ခဏခဏ ပြောတတ်သေးတယ်၊ သားသမီးမျ၂ဆိုး ဆင်းရဲကြတာ မဟုတ်ဘူးတဲ့၊ သားသမီးဆိုတာ သူ့အထုပ်နဲ့ သူလ လာကတည်းက သူ့ကံတရားကို သူထမ်းလာတာတဲ့၊ ကိုယ်နင်က ရှန်းကန်နေရတာ မဟုတ်ဘူးတဲ့၊ အန်တီမာလာက သားသမီးနေ့ သိပ်ချစ်တာ"

ဆောင်း မျက်လွှာလေးချလျက် ငေးနေလေသည်။ ဆောင်

မျက်ရည်တွေလည်း ခြောက်သွေ့နေပါပြီ၊ သွားသည်

သဝန့် ရင်ခွင်ထဲမှာပဲ ပျော့ပျော့နွဲ့နွဲ့လေး ဝပါ။ လှောကာ

"ဆောင်း"

သဝန်က ဆောင်းကို ဖက်ထားလျက်နှင့် မှရပ်ကာ...

လိုက်သည်။ ဟွန်း... မမဝ

"ကလေးကို မငြိုငြင်ပါနဲ့ ဆောင်း ယ်တော့မှ ရယ်မပစ် ဘူး

ဆောင်းရဲ့ဗိုက်ထဲမှာ ဘယ်လောက် အ မ တွေ့မယ်"

သူ့ကို မမွေးချင်တာ ငြိုငြင်နေတာ"

မိခင်နဲ့ ချက်ချင်းဆက်ပြီး မို င်လေးကုတ်လျက် နားထောင်ရင်

ဆောင်း မေသနားဘူးလား

"မသိဘူး... ဘာလဲ မေမေရယ်၊ မေမေပဲ တင့်သင့်အောင်

လုံးကြီးကို..." ရှည် အေးချမ်းတော့မှာဆို၊ အကိုကိုနဲ့တောင်

"



www.burmeseclassic.com

www.burmeseclassic.com

သဝန်က ဆောင်း မေးဖျားလေးကို သူ့မျက်နှာနဲ့ နီးအောင် မော့ယူထားကာ …

“မိခင်တိုင်း မွေးဖွားကြရတာပဲ ဆောင်းရယ်၊ ဒါ ဓမ္မတာပဲ ဖြကာ၊ မောင်တို့ ဆောင်းတို့ကိုလည်း မောင်တို့ မိဘတွေက မွေးခဲ့ကြ ာပဲ၊ ဆောင်းနဲ့ခင်မင်ကြတဲ့ သင်တန်းတုန်းက သူငယ်ချင်းတွေကော၊ … ဆောင်း မြင်နေသမျှ ချောချောလှလှ ရှယ်တူ ယောကျ်ားလေးတွေ ၊မလေးတွေ အားလုံး သူတို့ကိုလည်း သူတို့အမေတွေက မွေးခဲ့ ာပဲ၊ ဆောင်းကလည်း ပြောလိုက်ရတာ ကလေးလိုပဲကွယ်၊ မော့တယ်နော်… မကြောက်နဲ့တော့ ဒီကလေးကို မလိုချင်ဘူးလို့လည်း မှော်ပ်မပြောနဲ့တော့၊ ကလေးလေး သနားပါတယ်”

မွေး၊ ဆောင်း မသိနားမလည်ခဲ့သော အဖြစ်တို့ကို နားထောင်ရင်း ရင်း သဝန်က ပါးလေးကို မွှတ်သပ်နေလိုက် နှာခေါင်းလေးကို “အ နှင့်။

ဆောင်း မျက်နှာလေးကိုမော့ယူကာ သူ့မျက်နှာ ငုံ့ကျလာ သည့်အထိ တအံ့

“တကယ်ပြေ ဘူး၊ သဝန်နော်… သွား”

ကြတာ၊ သမီးဦး အမြ မှာလဲ… ဒီမှာ ဆရာကြီးလုပ်ပြီး တတ်သမျှ တာတဲ့” အာခြောက်နေပြီ”

“အမြှာ…အမြှာဆို၀ “သောက်”

“ဟုတ်တယ်… သမီးလေး၊ နှစ်ယောက်လုံး အလုပ် လုပ်နေကြတော ၊ ပြန်လာကြတော့မှာ”

“နှစ်ယောက်မွှးကြီး မွေးရတာ ဖြင့် ဆောင်း ကွန်းဖယ်ရင်း လားဟင်”





ထို့နောက် တိတ်ဆိတ်သွားသည့် အခန်းရှေ့မှာ ကြာမြင့် ရပ်နေခဲ့သော ဒေါ်မမ၏ မျက်နှာကတော့ ကြိတ်မနိုင် ခဲမရ ဒေ များနှင့်။

“အမေ”

နောက်ကနေ ကပ်၍ တိုးတိုးလေးခေါ်တာပဲ ဖြစ်သည်။

ဒါပေမယ့် ဒေါ်မမ တောင့်ခနဲ ဖြစ်သွား၏။

ခက်ဖြာဝေက ပိတ်လျက် တိတ်ဆိတ်နေသော အခန်းတံ နှင့် မိခင်ဖြစ်သူကို ငေးကြည့်လိုက်ပြီး …

“ဒီမှာ ဘာလုပ်နေတာလဲ၊ တော်ကြာ အစ်ကိုနေ အပြင် ပြန်လာလို့ သူ့အခန်းရှေ့မှာ ရပ်နေတာမြင်ပြီး ပြဿနာရှာဦးမယ်

“ဟွန့်”

ဒေါ်မမက နှုတ်ခမ်းကို မဲ့ရွဲ့ပစ်ပြီးနေရာမှ ခပ်ဆောင့်ဆော လျှောက်ထွက်သွား၏။ ခက်ဖြာဝေကလည်း နောက်မှပါသွားသည် ခက်ဖြာဝေသည် အထဲမှာ သဝန် ရှိနေမှန်း မသိပါ။ လှေကာ တောက်လျှောက်ဆင်းခဲ့ကြပြီး အောက်ဆုံးထစ်ကျမှရပ်ကာ…

“သူ မရှာခင် ငါရှာပြမယ် ကြည့်နေ… ဟွန်း… မမ တစ်‘မ’တည်းရှိတယ်၊ ‘စ’ပြီးရင် မဆုံးဘဲ ဘယ်တော့မှ ရပ်မပစ် ဘ ဟို… အကြောင်ကြောင် ခပ်ချာချာကောင်မ တွေ့မယ်”

အံကြိတ်၍ ကြိမ်းဝါးနေသည်။

ခက်ဖြာဝေက မျက်မှောင်လေးကုတ်လျက် နားထောင်ရ ဒေါ်မမကို နားမလည်နိုင်။

“ဘာတွေဖြစ်ကုန်တာလဲ မေမေရယ်၊ မေမေပဲ တင့်သင့်အေး နေတော့မယ်ဆို၊ ဒါမှ ရေရှည် အေးချမ်းတော့မှာဆို၊ အစ်ကို့ကိုတော အတိုက်အခံ ပြောခဲ့ပြီးမှ”



www.burmeseclassic.com

www.burmeseclassic.com



"ညည်း... တိတ်တိတ်နေစမ်းပါ၊ ဒီနေ့က သပ်သပ်၊ မနေ့က သပ်သပ်၊ လမ်းကြောင်းတစ်ခုကို ငါ စလိုက်ပြီးပြီ၊ ဒီလမ်း ဆုံးသွားမှ ဖြစ်မယ်"

ဒေါ်မမ အထူးစိတ်ပိုင်းဖြတ်လိုက်ပြီ ဖြစ်၏။

ဘာမှမသိသေးသော ခက်ဖြာတေတို့ကိုလည်း ပြော်ပြမနေချင်တော့ပေ။

ဆောင်းကို သူမ တိုက်တွန်းပြီးပြီ၊ စည်းရုံးပြီးပြီ။ ထိုထဲမှာ စကားတွေ အများကြီးကျွံခဲ့ လွန်ခဲ့ပြီဖြစ်၏။

ခုတော့ သူတို့က ပြေလည်သွားကြပြီလား။

ဆောင်း ရင်ထဲမှာ ဘာဖြစ်သွားပြီလဲ။

ဘာမှန်းညာမှန်း မသိသော ဆောင်းဟာ သူမ၏ ပြောစကားများကို သဝန်အား ပြောပြခဲ့ပါလျှင်...

ဘယ်ဘက်ကတွေးတွေး ဒေါ်မမ အတွက်က အနုတ်လက္ခဏာတွေချည်းပဲ ဖြစ်နေသည်။

နောက်ဆုံး ဒီကိုယ်ဝန်ကို ဆောင်းကိုယ်တိုင်က သဘောတူပြီး မလိုမလား ဖျက်ချတာဖြစ်စေဦးတော့။ ပြဿနာပေါ်လာလျှင် သဝန်က သူ့မိန်းမကို အပြစ်မြင်မှာ မဟုတ်ပေ။

"ခင်ဗျားကြောင့်"ပဲ ဟု လက်ညှိုး ထိုးလာလိမ့်မည်။

ဒီကြားထဲ ကိုယ့်မီးခြစ်က အထဲမှာ ကျန်ခဲ့သေးသည်။

ဒါကို သဝန် တွေ့သွားခဲ့လျှင်...။





## အခန်း ( ၂၇ )

"ဟာ... ဒက်ဒီ"

အလုပ်စားပွဲကနေ ဝင်လာသည့် အရိပ်ကို မော့အကြည့်တွင် အံ့သြ ဝမ်းသာသွားကာ သဝန် နေရာမှ ထရပ်လိုက်မိသည်။

ဦးမျိုးနေက နိုင်ငံရပ်ခြားမှ ပြန်လာပုံမျိုးမရှိဘဲ အနောက်တိုင်းဝတ်စုံ မီးခိုးရောင်နှင့် ခုပဲ ရေမိုးချိုးထွက်လာသလို ရှင်းသန့် ခန့်ညားနေ၏။

"ဒက်ဒီ ပြန်လာတာ ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ၊ ကျွန်တော် လာကြိုမှာပေါ့"

"ခုကွ များတာပေါ့ကွ... ဒက်ဒီ ဘယ်သွားသွား မင်းတို့အပ်ဘဲ ဘယ်သူ့ကိုမှ လာကြိုခိုင်းခဲ့တာ မရှိဘူး၊ ဘယ့်နှယ်လဲ... ကြားရတဲ့ သတင်းတွေက မကောင်းပါလား"

ခရိုးဆောင်အိတ်ကို အပြင်မှာ ထားခဲ့သလား။ ဒါမှမဟုတ် အိမ်ကို ပို့ခိုင်းလိုက်သလား မသိ။ ဦးမျိုးနေက လက်ချည်းသက်သက် ဝင်လာကာ သဝန့်ရှေ့မှာ ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သဝန်က နေရာမှာ ပြန်ထိုင်လိုက်ပြီး ပြုံး၍ ...

"ဘာမကောင်းတာလဲ ဒက်ဒီ၊ အလုပ်ကိစ္စတွေလား။ ကျွန်တော် မိန်းမယူတဲ့ ကိစ္စကိုလား"

"နှစ်ခုလုံးပဲ"

သဝန်က ရှေ့မှာရှိသည့် လုပ်လက်စတွေကို ဘေးသို့အနည်းငယ် ရွှေ့ပစ်လိုက်၏။

"အလုပ်ထဲမှာ လုံးထွေးနေတာက အလုပ်နဲ့လူ ရောသမမွှေနေတုန်းမို့လို့ပါ၊ မိန်းမ ယူတာကျတော့ ..."

"ဘာနဲ့ ရောသမမွှေလိုက်တာလဲ"

သူ့စကား မဆုံးသေးခင် ဦးမျိုးနေက ပြုံးတေ့တေ့နှင့် ဖြတ်မေးသည်။ စိတ်ဆိုးလို့မေးတာ မဟုတ်မှန်း သိသောကြောင့် သဝန်က ရယ်လိုက်သည်။ ဒက်ဒီမျက်လုံးတွေကို မြင်ကတည်းက သူ လက်ထပ်သည့် ကိစ္စကို အပြစ်တင်လိုခြင်းမရှိမှန်း နားလည်လိုက်မိသည်။

ထို့ကြောင့် ရင်ထဲမှာလည်း ပေါ့ပါးသွားခဲ့၏။

"ဒက်ဒီ ကျွန်တော့်ဆီ ပြန်လာတာ အလုပ်ကိစ္စတွေကြောင့်လား။ ကျွန်တော် မိန်းမယူထားတာကြောင့်လား"

"အလုပ်ကိစ္စကို နောက်ဆံတင်းနေရင် မင်းလို ဘာမှမသိသေးတဲ့ ကောင်လက်ထဲ ထိုးထည့်ပစ်ခဲ့ပြီး ထွက်သွားမလားကွ၊ မင်း မိကောင်းဖခင်သားသမီး မဖြစ်မှာစိုးလို့ ပြန်လာရတာ"

သဝန်က ပင့်သက်ရှိုက်ကာ ရှေ့ဆံပင်တွေကို တစ်ချက် သပ်တင်၍ ...

"ဟုတ်တယ် ဒက်ဒီ၊ ဒက်ဒီ အတွင်းရေးမှူးကိုယ်တိုင် လူကြီးတွေ သွားပြီး စေ့စပ်တုန်းက လုံးဝ မပြေလည်ခဲ့ဘူး။ ကျွန်တော်လည်း သူ့ကို ထည့်မပေးလိုက်ဘူး။ သူက ..."





"မင်းလည်း လိုက်မသွားဘူး မို့လား"

"ဟင် ... အဲဒါတွေ ဒက်ဒီ သိနေလား"

ဦးမျိုးနေက သဝန်ကို စိုက်ကြည့်ပြီး မျက်မှောင်ကုတ်၏။

"မင်းဆီကို မလာခင်ကတည်းက ဒက်ဒီ နားထဲမှာ အားလုံး ရောက်ပြီးပြီ၊ ဒီလိုကိစ္စမှာ ကိုယ့်အရေး ကိုယ့်ကိစ္စ ဘာဖြစ်ဖြစ် ထုံးစံ ဆိုတာကို ဖယ်ထားလို့မရဘူးကွ၊ ဖြစ်သင့်တဲ့အတိုင်း ဖြစ်ပေးရတယ်၊ မင်း သိပ်မှားတယ် သား၊ မိဘ မျက်နှာကိုပါ မထောက်တာ"

"မဟုတ်ပါဘူး ဒက်ဒီ၊ လရိပ်ဆောင်း ဆိုတဲ့ မိန်းကလေးကို ကျွန်တော် ခိုးလာခဲ့တာမှာ ကျွန်တော့်ဘက်က အားနည်းချက်ရှိခဲ့လို့ပါ၊ ဆောင်းကို ကျွန်တော် ဘယ်လိုနည်းနဲ့မှ ဆုံးရှုံးမခံနိုင်ဘူး၊ သူ့မိဘနဲ့ သူ့ကို တွေ့ပေးဖို့အတွက် ကျွန်တော့်ဘက်က မယုံရဲနိုင်တဲ့ အခြေအနေတွေ ရှိနေလို့"

ဦးနေမျိုး ခေါင်းခါပစ်လိုက်သဖြင့် သဝန်စကားက တစ်ပိုင်း တစ်စနှင့် ရပ်သွား၏။

"ဒါလည်း ကိုယ့်အရေးကိစ္စပဲ၊ တစ်ဖက်က မိဘဖြစ်သူကို မင်း စော်ကားတာကတော့ ထင်ရှားနေတာပဲ"

သဝန် မျက်နှာမကောင်း ဖြစ်သွားတာကို ကြည့်လိုက်ပြီး ဦးမျိုးနေက သက်ပြင်းချသည်။

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို ဒက်ဒီပြေလည်အောင် ကြိုးစားပေးမယ်၊ ဒေါ်နှင်းနှင်းမြတ် ဆိုတာတို့မသိပေမယ့် ဦးသိုက်ထွန်း ဆိုတဲ့ ဘရာဇင်ကိုတော့ ဒက်ဒီသိတယ်၊ သူလည်း ရန်ကုန်ကို ပြန်ရောက်နေပါပြီ ဒက်ဒီ သူနဲ့ ဆက်သွယ်လိုက်မယ်"

ဦးမျိုးနေ စကားကြောင့် သဝန် ဝမ်းသာသွား၏။ အပူးသဖြင့် ဆောင်းကို သူ လုံးဝပိုင်ဆိုင်ခွင့်ရတော့မည်မို့ ပျော်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ချက်ချင်း ဖုန်းကောက်ဆက်ဖို့ ဖြစ်၏။

"ဒက်ဒီ အခု အိမ်ပြန်ပြီး နားမယ်မို့လား။ ကျွန်တော် လိုက်ပို့မယ်၊ ဆောင်းနဲ့လည်း တွေ့ပေးချင်လို့"

ဦးမျိုးနေက ခေါင်းခါ၍ . . .

"မင်းမိန်းမက ဒက်ဒီ့ချွေးမ ဖြစ်နေပြီးသားပဲ၊ အရေးတကြီး တွေ့ဖို့ မလိုသေးပါဘူး။ ဒီကိစ္စကို ဒက်ဒီလိုက်ရှင်းမယ်၊ မင်္ဂလာကိစ္စ အမြန်ဆုံး စီစဉ်နိုင်မှဖြစ်မှာ"

ပြောနေရင်း ဦးမျိုးနေက ထရပ်လိုက်၏။

သူ့မှာ ဖုန်းကိုင်ထားပြီး မဆက်ဖြစ်သေးဘဲ . . .

"ဒက်ဒီ"

ဦးမျိုးနေက သူ့ကို ဘာလဲဟုမေးသည့် မျက်ဝန်းနှင့် ပြန်ကြည့်၏။

သဝန် ရယ်ကျဲကျဲ ရှက်အမ်းအမ်းနှင့် ဆံပင်ကိုပဲ တစ်ချက်နှစ်ချက် ထိုးသိပ်ပစ်ရင်း . . .

"ဒက်ဒီ ပြေးချီရတော့မှာ"

"ဟော"

ဦးမျိုးနေ မျက်ခုံးနှစ်ဖက် ပင့်တက်သွား၏။

ထွက်ခွာမည် ပြင်နေသော ခပ်စောင်းစောင်း လှည့်ပြီးသည့် ကိုယ်က သဝန့်ဘက်သို့ တည့်တည့်ပြန်ရောက်လာ၏။

"ဒက်ဒီကလည်း . . ."

သဝန်က မျက်လွှာချရယ်ရင်း ဖုန်းပဲပြန်ချတော့မလိုလို နေရာမှပဲ ထွက်ပြေးတော့မလိုလို ဖြစ်သွားသည်။

ဦးမျိုးနေ၏ တည်တည်နေတတ်သည့် မျက်နှာကြီးမှာ ငြိုပြုံး ကြည်နူးသော အပြုံးတစ်ချက် လက်သွားခဲ့ပြီး . . .

"ကောင်းတာပေါ့ကွာ . . . ဒါ မင်္ဂလာစကားပဲ"





ဟု ပြောကာ ခေါင်းညိတ်ပြသည်။

သဝန်က ကယောင်ကတန်း လက်များနှင့် နံပါတ်တစ်ခုကို ခေါ်လိုက်၏။

ဒက်ဒီ ပြန်ရောက်လာပြီ ဆိုတာ ဆောင်းသိလျှင် ဝမ်းသာသွားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၂၈ )

ချစ်စရာကောင်းသည့် ကလေးငယ်လေး။

ဆောင်းရင်ခွင်ထဲမှာ ဖြူနုအိစက်နေသော ခြေထောက်လေးနှစ်ချောင်း၊ လက်ကလေးနှစ်ဖက်က ချစ်စဖွယ် ဆော့ကစား လှုပ်ခါလျက် ဆောင်းကို ရယ်ပြနေ၏။

ဆောင်းက ငုံ့မိုးကြည့်ကာ မေးဆတ်ပြုံးပြတော့ နီးနီးခစ်ခစ် ရယ်ကာ သွားဖုံးလေးတွေပါ ပေါ်နေ၏။

ခြေထောက်လေးတွေ ယက်ကန် ယက်ကန် လှုပ်ဆော့ရင်း ထွေးပတ်ထားသည့် အနှီးစဖြူဖြူလေးက ကိုယ်မှကွာ၍ ပြေကျသွား၏။

အို... ယောကျာ်းလေးပါလား။

ဖြူနုဝင်းစက်နေသော မျက်နှာလေးက သဝန်လိုပဲ မဟာနှမ္မ ပြေပြေနှင့် လေးထောင့်ဆန်ချင်သည်။

မျက်ခုံးတန်းလေးတွေက ထူထဲ စိမ်းညို့နေ၏။

မျက်ဝန်းပြာလေးတွေ မှောင်လဲ့ကာ မျက်တောင်ကော့ကော့လေးတွေက မည်းနက်နေ၏။





သူမ၏မျက်တောင်တို့ကို တို့ထိ ကြည့်ထတ်ခဲ့သော၊ မကြာ မကြာလည်း နမ်းရှိုက်တတ်ကာ ...

"ဆောင်းရဲ့ မျက်တောင်လေးတွေက သိပ်လှတာပဲကွာ"

ဟု ပြောတတ်ခဲ့သည့် သဝန်သည် သားကိုမြင်လျှင် ဒီမျက်တောင်တွေက ဆောင်းနဲ့တူတာပါလို့ ပြောလိမ့်ဦးမည်။

သားဟု တိုးတိုးလေး ခေါ်ကြည့်မိရင်း ထွေးပွေ့နမ်းရှိုက်ချင်လာသည့် စိတ်ကြောင့် ကလေးငယ်လေးကို ချီပွေ့ဖို့ ကောက်ကိုင်လိုက်မိ၏။

"ကျွမ်း"

တစ်စုံတစ်ရာသော အသံကျယ်ကြီးကြောင့် ဆောင်း ကိုယ်ကလေး တွန့်ခနဲ ဖြစ်သွား၏။ ဆောင်းအိပ်ရာမှ လန့်နိုးသွားခဲ့သည်၊

"ဒေါက်... ဒေါက်"

တံခါးခေါက်သံ။

အပြင်မှ တံခါးခေါက်သံကြောင့် ဆောင်း အိပ်ရာထဲမှထထိုင်ကာ နံဘေးကို ပြန်ငုံ့ကြည့်မိ၏။

သူမ အိပ်မက် မက်နေခြင်းပါလား။

ကိုယ့်ဗိုက်ကို ပြန်၍ပွတ်သပ်လိုက်မိကာ အိပ်မက်ထဲက ကလေးလေးကို တမ်းတမ်းတတ ဖြစ်သွားမိခဲ့၏။

ချစ်စရာ ကောင်းလိုက်တာ။ ဗိုက်ထဲက ကလေး,လေးက အဲဒီကလေးလေးပဲ ဖြစ်မှာ။

ဆောင်းရင်ထဲမှာ ပီတိစိတ်တွေးကာ တမ်းတ လွမ်းဆွတ်ခြင်းများ ဖြစ်ပေါ်နေကာ တံခါးခေါက်သံကိုပါ မေ့သွား၏။

"ဆောင်း"

"ဟာင်...ရှင်"

ခေါ်သံကြားမှ တံခါးဆီသို့ အကြည့်ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မမ ...

ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွား၏။

"ဒေါ်မမနဲ့ ဆောင်း လုံးဝ စကားမပြောနဲ့နော်၊ ဒီစကားကိုတော့ နားထောင်ရမယ်၊ နေမကောင်းလို့သာ ထားခဲ့ရတာ၊ မောင်လုံးဝစိတ်မချဘူး"

ဆောင်းကို အတန်တန်မှာ၍ သဝန် ထွက်သွားခဲ့သည်။

ဒေါ်မမက ဘာဖြစ်လို့လဲ။

"ဒီကိုယ်ဝန်ကို သမီးမွေးရမှာ ကြောက်နေရင် စိတ်ပင်ပန်းမခံနဲ့၊ အန်တီ ကူညီမယ်၊ သမီးယောကျ်ား မသိမှ ဖြစ်မှာနော်"

"ယောကျ်ားတွေကတော့ ကလေးလိုချင်တိုင်း မိန်းမကို မွေးဖွားချင်အောင် မြှူဆွယ်ကြမှာပဲ၊ သူတို့ မွေးရမှာမှ မဟုတ်တာ၊ ဘယ်ကိုယ်ချင်းစာမလဲ"

ဒေါ်မမ ပြောသောစကားများနှင့် သဝန် ပြောခဲ့သည်တို့က ကိုက်ညီနေခဲ့၏။ ဒါပေမယ့် ဒေါ်မမ၏ စကားများပေါ်မှာ သဝန် ပြောသော အကြောင်းတို့ကသာ လွှမ်းမိုးနေခဲ့သည်။

သဝန် ပြောသမျှကို လက်ခံနေခဲ့ပေမယ့် ဒေါ်မမ၏ စကားများကို ဆောင်း နားမလည်တာတွေလည်း ရှိသည်။

ရင်ထဲမှာ လက်ခံဖို့ လက်မခံဖို့ ခုချိန်ထိ လှုပ်ရှားနေဆဲ ရှိ၏။ ဒီကိုယ်ဝန်ကိုမမွေးဖို့ ကူညီမယ်ဆိုတာ ဘာလဲ။

ဘယ်လိုကူညီမှာလဲ။

"ကလေးလေးကို မမွေးချင်ဘူး ဆိုပြီး မပြောင်ပါနဲ့ ဆောင်းရယ်၊ ကလေးက သိပ်ကို အပြစ်ကင်းစင်ပါတယ်၊ သနားဖို့ကောင်းပါတယ်ကွာ"

ကလေးကို သနားပါတယ်ဆိုသည့် သဝန့် စကားတစ်ခွန်းက ဆောင်း၏ နှလုံးသားပဟိုသို့ တည့်တည့်ထိသည်။





ထိုစကားတစ်ခွန်းနဲ့ပဲ ဆောင်းရင်ထဲက ကြောက်ရွံ့ခြင်းတွေ မလိုလားခြင်းတွေ သိသာစွာ ပျောက်ပါးသွားခဲ့၏။

ဒေါ်မမ ပြောသော ကလေးကို မွေးဖွားရသည့် ဒုက္ခများကတော့ သိထားပြီးသော အကြောင်းများပဲဖြစ်ကာ ဒါကို မလိုချင်လျှင်ရသည့်ဆိုသည့်စကားကို ဆောင်းနားမလည်ခဲ့။

"အမလေး... ခေါ်လိုက်ရတာ ဆောင်းရယ်၊ မနက်ပိုင်းကြီးမှ ဒီလောက်တောင် အိပ်နေရသလား"

တံခါး ဖွင့်ပေးလိုက်တော့ အပြင်မှာ ရပ်နေတာ ဒေါ်မမ တစ်ယောက်တည်း မဟုတ်ဘဲ ခက်ဖြာဝေလည်း ရှိသည်။

ပြီးတော့ ဆောင်း တစ်ခါမှမမြင်ဖူးသော အရပ်မြင့်မြင့် မျက်လုံးပြူးပြူးနှင့် ခပ်တောင့်တောင့် အမျိုးသမီးတစ်ယောက်လည်း ရှိနေသည်။

သူ့လက်ထဲမှာ အနက်ရောင် လက်ကိုင်အိတ်ကို ဆွဲထား၏။

"လာပါ... ဆရာမ"

ဒေါ်မမက နားမလည်စွာ ငေးကြည့်နေသည့် ဆောင်း ပခုံးလေးကို ဖက်လိုက်ပြီး ထိုအမျိုးသမီးကိုလည်း လှည့်ခေါ်သည်။

အထဲဝင်ကြပြီးတော့ ခက်ဖြာဝေက တံခါးကို ပြန်ပိတ်လိုက်၏။ ဆောင်း သူတို့ကို စေ့စေ့စပ်စပ်လိုက်ကြည့်နေကာ ရင်ထဲမှာ လေးလံသွားမိသည်။

"အန်တီ ဘာလုပ်မလို့လဲဟင်"

မွေ့ရာပေါ်မှာ လှဲလိုက်ပါ ဆိုတော့ ဆောင်းက မလှဲသေးဘဲ မေးသည်။

ဒေါ်မမ ပြုံးလိုက်၏။

ထိုအပြုံးသည် ရက်စက်သော ဘီလူး၏ အပြုံးမျိုး။

ဆောင်းကတော့ မှိုင်းသားစွာပဲ ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ကိုယ်ဝန်ကို ဆရာမက စမ်းသပ်ကြည့်မှာပေါ့၊ ပြီးရင် လိုအပ်သလို သူလုပ်ပေးလိမ့်မယ်"

"လိုအပ်သလို ဘာလုပ်မှာလဲဟင်၊ အဲဒါ ဆောင်းကို ပြောပြပါ"

ဒေါ်မမ မျက်နှာပျက်သွား၏။

အမျိုးသမီးထံ ဝေခွဲကြည့်ကာ မျက်ရိပ်တစ်ချက် ပြလိုက်ပြီးမှ ဆောင်းဘက်ကို ပြန်လှည့်သည်။

"သမီးက မွေးဖွားရမှာ ကြောက်တယ်မို့လား၊ ဆရာမက သမီးမွေးဖွားတဲ့အခါ လွယ်လွယ်ကူကူ ခံရသက်သာအောင် ပြုပြင်ပေးမှာပါ"

အမျိုးသမီးကလည်း မွေ့ရာ၏ တစ်ဖက်အစပ်မှာ ဝင်ထိုင်လိုက်၏။

"မကြောက်ပါနဲ့ ညီမရယ်၊ ဒါ... သဘာဝပဲဟာ၊ ညီမလေး ဘာမှ မခံစားလိုက်ရဘဲ မွေးဖွားလို့ရအောင် အစ်မက ကူညီမှာ"

ဝေဒနာမခံစားရဘဲ မွေးဖွားရမည်ဆိုတော့ ခေါင်းညိတ်လိုက်မိသည်။ ကလေးကို စေတနာမရှိလို့ မဟုတ်ဘဲ မွေးရမှာကို ကြောက်နေခဲ့သည့်စိတ်က ထိုစကားကြောင့် လက်ခံလိုက်မိ၏။

"လှဲ... ညီမ... လှဲ"

ဆောင်းက ခေါင်းလေးညိတ်၍ ပက်လက်ကလေး လှဲပေးလိုက်၏။

ဆရာမ ဆိုသည့် အမျိုးသမီးက ဆောင်းကို နားတျပ်နဲ့ အရင်စမ်းသပ်သည်။ ပြီးတော့ ဒေါ်မမကို ကြည့်၍ ပြုံးပြသည်။

ဒေါ်မမက ခေါင်းညိတ်၏။ ပြီးတော့ ခက်ဖြာဝေကို လှမ်းကြည့်သည်။ ခက်ဖြာဝေက ရပ်နေရာမှ လှည့်ထွက်သွားပြီး မြတင်းတံခါးအတွင်းဘက်က ခန်းဆီးစကို ဆွဲပိတ်လိုက်သည်။





သူတို့ ဘာလုပ်ကြမလို့လဲ။

မရိုးသားမှုတွေ ရှိနေတာကို စိတ်ထဲမှာ အလိုလို ခံစားမိလာသည်။

အမျိုးသမီးက ဆောင်းကို ခြေဆင်းထားခိုင်းကာ ဗိုက်ကိုနှိပ်လေသည်။

"အား"

တစ်နေရာကို ဖိထောက်လိုက်သည်နှင့် ဆောင်း နာကျင်သွားကာ နှိပ်နေသည့်လက်ကို မှတ်ချပစ်လိုက်မိသည်။

"နည်းနည်းတော့ အနာခံရတာပေါ့ ညီမလေးရယ်၊ ခု အနာခံမှ ညီမလေး မွေးဖွားတော့ သက်သာမှာ၊ ခဏ အောင့်ခံနော်"

ဆောင်း မျက်ရည်တွေ လည်အောင် နာသွားသဖြင့် ခေါင်းတွင်တွင်ခါသည်။

"မနှိပ်ပါနဲ့တော့... နာတယ်... ဆောင်း မခံနိုင်ဘူး"

အမျိုးသမီးက ဒေါ်မမကိုပဲ လှည့်ကြည့်သည်။

ဒေါ်မမက ခေါင်းညိတ်ပြ၍ ...

"ဒါဆိုလည်း ဆရာမ အဆင်ပြေသလိုပဲ လုပ်ပေးလိုက်ပါ၊ သူက ကလေးမွေးရမှာတောင် ကြောက်နေတဲ့ဟာ၊ မနာကျင်ပါစေနဲ့နော်၊ အဟွန်း... ဆရာလုပ်တာတော့ မဟုတ်ပါဘူး၊ သမီးလေး နာမှာစိုးလို့ပါ"

ဆောင်း နဖူးလေးကို တယုတယ သပ်တင်ပေးပြီး ဆရာမကို ပြောနေသည်။

ဆရာမသည် ပြုံးနေလျက် သူမ၏ လက်ကိုင်အိတ်ကို ဖွင့်သည်။

အထဲက သတ္တုဘူးရှည်တစ်ခုကို ထုတ်ယူကာ အသား ရောင် လက်အိတ်တစ်ဖက်ကို ညာဘက်လက်မှာ စွပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ငုံ့ကြည့်လိုက်တော့ ဘူးထဲမှာ ခေါ်။ တတ်ကြေး စသော ကိရိယာ အသေးစားလေးတွေ ရှိနေကာ တခြား ဘာမှန်း မသိတာတွေလည်း ရှိသည်။

ရင်ထဲမှာ တဒိန်းဒိန်း မြည်လာသည်။

တစ်ခုခုဆိုတာကို သိလိုက်၏။ ဒါပေမယ့် ဘာမှန်းမသိ။

ပြတင်းတံခါးနားမှာ ချထားသည့် ခန်းဆီးစကို 'ဟ' ကြည့်လိုက်၏။ လမ်းလျှောက်လိုက် ဖြစ်နေသော ခက်ဖြာဝေ၏ မတည်ငြိမ်မှုက ဆောင်းကို ပို၍ ထိတ်လန့်စေ၏။ တစ်စုံတစ်ရာ ကြိုးစားနေသည်မှန်း ခံစားမိလာသည်။

သို့သော် ဘယ်လိုပုံစံနှင့် ကြိုးစားနေမှန်းမသိ။

ထိုစဉ် ဖုန်းသံက ဆူညံစွာ ဝင်လာ၏။

ဒေါ်မမ မျက်နှာပျက်သွားသည်။

ဆောင်း... အားကိုးတကြီး ကောက်ကိုင်လိုက်မိ၏။

"ဆောင်း"

သဝန် အသံကြားလိုက်သည်နှင့် ထိုရင်ခွင်ထဲသို့ ပြေးဝင် ဖက်တွယ်ထားလိုက်ချင်စိတ်တို့ ဖြစ်လာကာ မျက်ရည်တွေ ဝိုင်းလာသည်။

"ဆောင်း အိပ်ရေးဝရဲ့လား။ ခုနကတည်းက ဆက်မရိုးဟား ဆောင်း အိပ်ပျော်နေလောက်တယ် ထင်လို့"

"သဝန်...ဆောင်း... ဆောင်း... ကြောက်တယ်"

"ဟဲ့...ဟဲ့..."

ဒေါ်မမက ဆောင်းလက်ထဲကဖုန်းကို အလန့်တကြား ပုတ်ချ ပစ်လိုက်သည်။ မွေ့ရာခြေရင်းထိ လွင့်ကျသွားသည့် ဖုန်းကို သူမ ကိုယ်တိုင် ကောက်ပိတ်ပစ်လိုက်သည်။

"ဆောင်း"





တစ်ဖက်က ပြောနေသည့်သဝန် ဖုန်းကို တင်းကျပ်စွာ ဆုပ်၍ ထရပ်လိုက်သည်။

"ဆောင်း"

ထပ်ခေါ်တော့ ဖုန်းပိတ်သွားပြီမှန်း သိလိုက်၏။

အိမ်မှာ တစ်ခုခုဖြစ်ပြီဆိုတာ သူသိလိုက်သည်နှင့် ဖုန်းချကာ ချက်ချင်းပြေးထွက်ခဲ့သည်။

အောက်ထပ်မှာ ကားပေါ်ပင် မရောက်သေးသည့် ဦးမျိုးနေက ပြေးဆင်းလိုက်လာသော သဝန်ကို နောက်လှည့် ကြည့်သည်။

"ဘယ်ကိုလဲ"

ဟု မေးဆတ်မေး၏။

သဝန် ကားရှိရာကို ပြေးခဲ့ရင်း...

"အိမ်မှာ ဒေါ်မမကြီး တစ်ခုခုလုပ်နေပြီ ဒက်ဒီ"

ဒါပဲ ဖြေခဲ့ပြီး ကားပေါ်တက်သည်။

ဦးမျိုးနေ မျက်မှောင်ကြီး ကုတ်လျက် ခဏရပ်ငေးနေပြီးမှ ကားထဲဝင်သည်။ ကုမ္ပဏီမှာ သူစီးသည့်ကား အမြဲရှိသည်။

အိမ်ကနေလာသည့် ကားက သတ်သတ်။

သူ ကားထဲဝင်၍ ဦးတည်လိုက်မိသည်က ညွှန်ရွှယ်ထားသည့် အတိုင်း မဟုတ်တော့ဘဲ အိမ်သို့ ဖြစ်လေသည်။

ဘ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၉ )

"ဘာလုပ်မလို့လဲ အန်တီ... ဟင့်အင်း"

ဆောင်း အိပ်ရာထဲမှ လှဲနေရာကနေ ကမန်းကတန်း ကျုံးထသည်။ ရှေ့ကွဲ လက်ရှည် ခါးစည်းဂါဝန်ကို ခါးမစည်းဘဲ ဝတ်ထားသောကြောင့် ခြေဖမိုးလေးပေါ်မှာပုံကာ ပွပွဖားဖားလေး ဖြစ်နေသည်။

ထိုဂါဝန်စကို ဒေါ်မမက မိမိရရ ဖမ်းဆုပ်ထားလိုက်ပြီး...

"ဘယ်လို ဖြစ်သွားတာလဲ သမီး။ သမီးမဲ ကူညီပါ၊ ကြောက်လို့ပါဆိုလို့ အန်တီက ဆရာမကို တကူးတက ပင့်လာတာ၊ နိုပ်တာကို မခံနိုင်ရင် ဆရာမ နည်းနည်းဖါးပါး ပြုပြင်ပေးတာကို ခံလိုက်ပေါ့ကွယ်၊ ပြုပြင်လိုက်တော့ ကလေးလည်း အနေအထိုင် ကောင်းသွားမယ်၊ ကလေးကောင်းမှ သမီး မွေးဖွားလို့ လွယ်မှာပေါ့"

"ဟင့်အင်း"

ဆောင်း မယုံကြည်တော့ပါ။

စိတ်မှာ ခံစားမိနေတာ ဘာမှန်း မသိသော်လည်း ဒေါ်မမ၏ စကားနှင့် လက်တွေ့က ကိုက်ညီမှုမရှိတာကို မြင်နေရသည်။



ထိုအချိုးသမီး လက်အိတ် စွပ်လိုက်တာကို ဆောင်း ကြောက်သည်။

ပြီးတော့ ခက်ဖြာဝေ မငြိမ်မသက် စောင့်ကြည့်နေပုံက သဘောပြန်လာမှာကို ကြောက်နေတာမျိုး။

တကယ် စေတနာထားပြီး ပြုပြင်ပေးနေတာဆို သဝန်ကို ကြောက်ဖို့လိုသလား။ ဆောင်း ခေါင်းတွင်တွင်ခါလျက် မွေ့ရာပေါ်က ဆင်းရပ်လိုက်သည်။

ဒေါ်မမ ဆုပ်ဆွဲထားသည့်ဂါဝန်စကို ကလေးရုန်းသလို ပြန်ဆွဲ၍ ရုန်း၏။ ဒေါ်မမက ဆောင်း၏ ဂါဝန်စကိုလွှတ်ကာ လက်မောင်းလေးကို ဆုပ်ကိုင်လိုက်သည်။

အခြေအနေက လွှတ်ပေးလိုက်၍ မဖြစ်တော့။

စောစောက တစ်ခွန်းစ နှစ်ခွန်းစ ပြောလိုက်သော ဆောင်း စကားကြောင့် ဟိုကောင်ပြန်မလာဘူးလို့ မပြောနိုင်။

"ပြန်လှဲသမီး... ပြန်လှဲလိုက်၊ ဆရာမက အကိုင်အတွယ် နူးညံ့ပါတယ်"

"အို...မလှဲဘူး။ ဆောင်း ဘာမှလည်းမလုပ်တော့ဘူး၊ ဖယ်ပါ... အန်တီ"

"ဖယ်လို့ရမလား... ညည်း လူကြီးတွေကို ဘာမှတ်နေသလဲ"

ခက်ဖြာဝေကလည်း လက်သီးနှစ်ဖက် ဆုပ်ကပ်ထားကာ အနားရောက်လာ၏။ ဆောင်းက တံခါးဝကိုခြေလှမ်းပြင်လျှင် ခက်ဖြာဝေက ပိတ်ရပ်ပစ်လိုက်၏။ ဒေါ်မမက ဆွဲထားလျက်နှင့်...

"ဆရာမ"

ဆရာမကို လှမ်းခေါ်သည်။ ဆရာမက သတ်ပြင်းရှည်ကြီးချကာ မွေ့ရာအစွန်းမှာ ထိုင်နေလျက်မှ မထ,ဘဲ ခေါင်းခါလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူကမှ သဘောမတူတာ၊ ကျွန်မ ဖွတ်မလုပ်ချင်ဘူး။ နာမည်တစ်လုံးနဲ့ တစ်သက်လုံး လုပ်စားလာတဲ့ ကျွန်မရဲ့ ဂုဏ်သိက္ခာကိုလည်း ထိပါးမခံနိုင်ဘူး"

"အို... ဒါကတော့"

"ဆောင်း... ဆောင်း... တံခါးဖွင့်စမ်း။ အထဲမှာ ဘယ်သူတွေလဲ"

"ဟင်"

သူတို့စကားမဆုံးခင် တံခါးကို ဒုန်းခနဲ ထုချလိုက်သံပေါ်လာကာ သဝန့်အသံက တင်းမာ တုန်ခါနေ၏။

"ဆောင်း"

"မောင်"

အားကိုးတကြီး ခေါ်လိုက်သံသည် သဝန် မဟုတ်ဘဲ မောင်ဖြစ်သွားခဲ့သည့် ကိုယ့်အသံကိုပင် ဆောင်း သတိမထားခဲ့မိ။

ဒေါ်မမ မျက်နှာ ညိုပုပ် သေးငယ်သွားလေသည်။

ခက်ဖြာဝေ မျက်လုံးတွေ ပြူးကျယ်ကာ ကိုယ်က တောင့်ခနဲ ဖြစ်သွား၏။

ဆရာမက လက်အိတ်ကို ကပျာကယာချွတ်၍ သတ္တုသေတ္တာလေးထဲ ပြန်ထည့်ပိတ်၏။ ထိုစဉ် တံခါးက ဒိုင်းခနဲ ဆောင့်ပွင့်သွား၏။

"ဆောင်း"

"မောင်"

သူ့ရင်ခွင်ထဲကို ကတုန်ကယင်လေး ပြေးဝင်ဖက်တွယ်လိုက်သည့် ဆောင်း ကိုယ်လုံးလေးမှာ ချွေးစေးတွေ စိုကပ်နေတာကို သိလိုက်သည်နှင့် ဒေါသက ရေခဲအမှတ်သို့ ရောက်သွားခဲ့၏။

"ဒေါ်မမ"





အန်တီမမလို့ ခေါ်ဖို့ထိ စိတ်ကို နှုးညံ့လို့မရတော့။

"ခင်ဗျားတို့ ဒီထဲမှာ ဘာဝင်လုပ်နေကြတာလဲ"

အားလုံးကိုဝေ့ကြည့်ပြီး မေးတော့ ဒေါ်မမက ပြုံးကျဲကျဲမျက်စိလှ
မျက်နှာကို ပင့်မော့ကာ ဆောင်းကို မေးငေါ့ပြ၏။

"သိချင် မင်းမိန်းမကို မေးကြည့်လေ၊ ငါတို့က သူ အကူအညီ
တောင်းလို့ လာရတာ"

"ဆောင်း"

သဝန့် ဆောင်း ကိုယ်လေးကို ရင်ခွင်ထဲကဆွဲခွာ၍ မျက်နှာလေ
ကို ငုံ့ကြည့်သည်။ ဆောင်းမျက်ဝန်းမှာ မျက်ရည်တွေ ပြည့်သိပ်လျှ
သူမေးတာကို ဘာမှမဖြေနိုင်ဘဲ မော့၍သာ ငေးကြည့်နေလေသည်

"ဟွန်း... ပြောလိုက်လေ ဆောင်းရဲ့၊ ကိုယ်ဝန်ရှိနေဘာ
မလိုချင်ပါဘူး။ ကူညီပါဦးဆိုလို့ မေမေ ကူညီနေတာ၊ တော်ကြ
ငါတို့ကို အမှုပတ်ဦးမှာ"

"ဘာ"

သဝန့် လေသံက မိုးကြိုးပစ်ချလိုက်သလို ဆောင့်ခါထွက်လာ

ဆောင်းကိုယ်လေး တုန်သွားကာ မျက်ရည်တွေ ပြည့်တ
လာခြင်းနှင့် ပေါက်ခနဲ လိမ့်ခနဲ ကြွေဆင်းလာခြင်းက ဆက်တိုက

"မဟုတ်ဘူး... ဆောင်း မဟုတ်ဘူး မောင်"

သဝန် နားလည်လိုက်သည်။

ရင်ထဲမှာ ရှိသည့် ဆောင်းကို မြတ်နိုးခဲ့သော စိတ်တို
ဘယ်လိုမှ အပြစ်မတင်ရက်အောင် ရှိခဲ့ပြီးသား။

ပြီးတော့ ဆောင်းဟာ လိမ်ညာ လှည့်စားတတ်သည့် မိန်းမ
မဟုတ်မှန်း သူယုံကြည်၏။

"မငိုနဲ့... ဆောင်း၊ ဒီကိစ္စ မောင် နားလည်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဆောင်းမျက်ရည်ကို သုတ်ပေး၍ ရင်ခွင်ထဲက ခွာကာ လိုက်သည်။

ထို့နောက် သူ မမြင်ဖူးခဲ့သော အမျိုးသမီးဆီ လှမ်းသွားကာ ပုံစံမမှန် သိမ်းထုပ်ပစ်လိုက်သည့် လက်ကိုင်အိတ်ကို ဆွဲယူလိုက်သည်။

"အို...မင်း...မင်းဘာလုပ်တာလဲ၊ ဖို့ပစ္စည်းကို မင်း ရှာစရာ မလိုဘူးနော်"

သူမက အိတ်ကို သေလုမျှပြော၍ လိုက်လှ၏။

"ဒါ... ကျွန်တော့်အိမ်ခန်း။ ကျွန်တော့်ပိုင်နက်၊ ခင်ဗျားတို့ အားလုံးကို ထောင်ပါချပစ်လို့ရတယ်၊ ငြိမ်ငြိမ်နေပါ"

"အို..."

အမျိုးသမီး တစ်ကိုယ်လုံး တုန်ယင်သွား၏။

သဝန်က အိတ်ထဲမှ သစ္စာဘူးကို ဆွဲထုတ်ဖွင့်လိုက်သည်။

"မမကို ခွင့်လွှတ်ပါ မောင်လေးရယ်၊ သူတို့တွေက ဒေါ်လို့ မမ လိုက်ခဲ့တာပါ၊ ဒီကိစ္စကိုလေ..."

"တော်ပြီ..."

"ငါတို့ဘက်ကလည်း ရှင်းတယ် သဝန်၊ အမြင်မတော်လို့ ကူညီနေရတာ၊ မျက်စိရှေ့မှာ တငိုငို တရယ်ရယ်နဲ့ ဒီကိုယ်ဝန်ကြောင့်ပဲ သတ်သေတော့မလိုလို ဖြစ်နေလို့ စေတနာနဲ့ ကူညီတာ"

"ဟုတ်တယ်...ကိုယ့်မိန်းမလည်း ကိုယ်မေးကြည့်ဦး အစ်ကိုနေ၊ သူ့ကိုယ်တိုင် အစ်ကိုနေမသိအောင် ပူဆာလွန်းလို့ ဝေတို့က ကူညီရတာ"

သူ ဆောင်းကို တစ်ချက်ကြည့်မိသည်။

ဆောင်းသည် ဘာမှလည်း အတိုက်အခံ ဖြေရှင်းတတ်ပုံမပေါ် ဘဲ ဒေါ်မမတို့ သားအမိ ပြောနေသည်များကို မကြားဖူးသောစကား များနှယ် နှုတ်ခမ်းလေး ပွင့်ဟလျက် ငေးစိုက် နားထောင်နေရှာသည်။





ဒီအမှန်တရားကို သူ တွက်မိထားပြီ ဖြစ်၏။ သို့သော် ဒေါ်မမတို့ သားအမိထံမှ ဝန်ခံစကားကိုတော့ ဘယ်တော့မှ ရမှာ မဟုတ်တာ သူ သိသည်။

ထို့ကြောင့် ပုံပန်းမကျချထားပုံရသည့် မွေ့ရာအစပ်က ဖုန်းလေး ကို ကောက်ယူလိုက်သည်။

နံပါတ်တစ်ခုကို နှိပ်နေရင်း ဒေါ်မမတို့ကို ငဲ့ကြည့်၍–

"ခင်ဗျားတို့ မှန်တာ မှားတာတွေ ရဲစခန်းမှာ သွားရှင်းကြပေါ့၊ ကျွန်တော်ကတော့ အားလုံးကို ထောင်ချမှာပဲ"

"ဘာ"

"အို... ဘုရား... ဘုရား"

ဆရာမက ရင်ဘတ်ဖိသည်။ ဒေါ်မမ တုန်ခနဲ ဖြစ်သွား၏။

"သဝန်... မင်း...မင်း အဲဒီလိုလုပ်ရင် မှားမယ်နော်၊ ဒီကိစ္စ မင်းမိန်းမ..."

"ခင်ဗျားကြီး တော်နော်"

သဝန်က ဒေါ်မမကို အော်ပစ်လိုက်သည်။

"သား... နေဦး"

ဦးမျိုးနေ ရုတ်တရက်ဝင်လာတာ မြင်လိုက်သည်နှင့် ဒေါ်မမ မျက်နှာကြီး ချက်ချင်းပြောင်းလဲသွားကာ...

"အစ်ကိုမျိုး အစ်ကိုမျိုးရယ်... ဒီမှာလည်းကြည့်ပါဦး၊ ကျွန်မ တို့က သားသမီးနဲ့မိဘလို တစ်သက်လုံး နေလာကြတာ၊ ထောင်ထဲ ပို့မလို့တဲ့၊ ဟောဒီ အစ်ကိုမျိုး ချွေးမကိုယ်တိုင် ကိုယ်ဝန်ကို မလိုချင် ပါဘူးဆိုလို့"

"နေဦး... နေဦး"

ဦးမျိုးနေက လက်ကာ၍ တားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား... မင်းလက်ထဲကဖုန်းကို ပြန်ပိတ်လိုက်ပါ၊ ဒက်ဒီ ပြောတာကို နားထောင်၊ ဒီကိစ္စဟာ မိသားစုထဲမှာ အလွန်အကျည်း တန်တဲ့ ဖြစ်ရပ်တစ်ခုပဲ၊ အားလုံးရဲ့သိက္ခာနဲ့ ဆိုင်တယ်၊ လွယ်လွယ် ဆုံးဖြတ်လို့ မရဘူး"

ပြောနေရင်း ခုမှမြင်ဖူးသည့် လရိပ်ဆောင်း ဆိုသော ချွေးမလောင်း မျက်နှာကိုလည်း ကြည့်သည်။

ဆောင်းကလည်း ဦးမျိုးနေကို ပြန်ကြည့်၏။

ဦးမျိုးနေက မျက်နှာပြန်လွှဲ၍ သဝန့်လက်ထဲက ဖုန်းကို သူကိုယ်တိုင်ပဲ ဖြေယူလိုက်သည်။

သဝန့်က လွှတ်ပေးလိုက်ပေမယ့် မကြည်လင်။

"ဒါ... လျှော့ပေးသင့်တဲ့ကိစ္စ မဟုတ်ဘူး ဒက်ဒီ၊ ဆောင်းရဲ့ စိတ်ကို ကျွန်တော်သိတယ်၊ သူ ကလေးမွေးဖွားရမှာကို ကြောက်နေ တာလည်း ပြောဖူးတာပဲ၊ ဒါပေမယ့် ဒါကို ဘာလုပ်ရမယ်၊ ဘာဖြစ် တယ်ဆိုတာထိ သူ မသိဘူး၊ ဆောင်း အဲဒီလောက် မယုတ်မာတတ်ဘူး၊ တစ်ဖက်သားရဲ့ နားမလည်မှုကို အသုံးချပြီး သူတို့ ယက်သက် လုပ်ကြတာ"

"ဟုတ်ပြီ... အဲဒါ ကာယကံရှင်နဲ့ သူတို့ကို သေချာမေးပြီး..."

"ဆောင်းကို ဘာမှ စစ်မေးဖို့မလိုဘူး ဒက်ဒီ၊ သူ ဘာမှလည်း လိပ်ပတ်လည်အောင် ဖြေတတ်မှာ မဟုတ်ဘူး"

သဝန့်က ပြောနေရင်း ဆောင်း အနားကို လျှောက်သွားကာ အေးစက်နေသည့် ဆောင်း လက်ဖဝါးလေးကို ဆွဲဆုပ်ထားလိုက်သည်။

မျက်လုံးများက ဆရာမဆီသို့ ရှူးရှူးရဲရဲ ကျရောက်လျက်...

"ခင်ဗျားနာမည် ဘယ်သူလဲ"

"မအေးသွယ်ပါ"





"ဘာအလုပ် လုပ်တာလဲ၊ ဒီမှာ ဘာလာလုပ်တာလဲ"

"အစ်မက အရင်တုန်းက သားဖွားဆရာမပါ၊ ခုလည်း..."

"ခုတော့ တရားမဝင် သန္ဓေဖျက်ချရေးတွေ လုပ်နေတယ် မဟုတ်လား"

"မဟုတ်ပါဘူးကွယ်... မမကို သူတို့က အကူအညီတောင်းလို့ လူနာကို လာကြည့်တာပါ၊ ဘာမှလည်း မလုပ်ရသေးပါဘူး၊ မမ တကယ် ဘာမှမသိခဲ့ပါဘူး၊ တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပေးပါ"

သဝန်က ဆောင်းကို လက်ဖဝါးချင်းထပ် ဆုပ်ထားလိုက်ပြီး မဲ့သည်။

"ဟိုသားအမိက ကျွန်တော့်မိန်းမ သဘောတူ လက်ခံတာလို့ ပြောနေတာ ခင်ဗျား ကြားတယ်နော်"

"ကြား... ကြားပါတယ်"

သဝန် မေးနေတာကို ဦးမျိုးနေက မတားဆီးဘဲ အသာလေး ငြိမ်နေလိုက်၏။

"သူတို့ပြောတာ ဟုတ်သလား၊ အမှန်အတိုင်း ခင်ဗျားပြောပါ"

ဆရာမ မအေးသွယ်က ဒေါ်မမတို့ သားအမိဆီ အကြည့်ဝေ့ပြီးတော့ ဆောင်းမျက်နှာလေးကို ပြန်ကြည့်သည်။

လူဆိုတာ မိမိကိုယ်ကိုသာ အချစ်ဆုံးဟု ဘုရားဟော ရှိခဲ့သည့် အတိုင်း...

"အမှန်အတိုင်းပဲ မမ ပြောပါမယ်၊ အစ.က ကိစ္စကို အစ်း တကယ်မသိပါဘူး၊ ဒီကိုရောက်တော့ မိန်းကလေးက အကိုင်မခံပါဘူး၊ နောက်တော့ ငြင်းပါတယ်၊ ဒါကြောင့် မမက ဒီကိစ္စကို ရှေ့မဆက် ပြောနေတုန်း မောင်လေး ရောက်လာတာပါ"

သဝန့်မျက်လုံးတွေ ဒေါ်မမဆီ ဒိုင်းခနဲ ရောက်သွားသည်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မမသည် မအေးသွယ်ထံသို့ စူးစူးဝါးဝါးကြည့်ပြီး အံကြိတ်၏။

"ကဲ... ခင်ဗျား ဘယ်လိုရှင်းမလဲ"

ဒေါ်မမက သဝန်အမေးကို မဖြေနိုင်သေးဘဲ ဆတ်ခနဲ မော့ကြည့်သည်။

"ခင်ဗျား ဒီအိမ်ပေါ်က အေးအေးဆေးဆေး ဆင်းသွားမလား။ ထောင်ထဲ အပို့ခံမလား။ အဲဒါ အခုဆုံးဖြတ်ပါ"

"သဝန်"

ဒေါ်မမ အသံက တုန်ယင်လာ၏။

မျက်ဝန်းများမှာ မျက်ရည်ပြည့်လေသည်။

မာနတွေ ဘယ်လောက်ပဲ တင်းထားသော်လည်း ထွက်ပေါက်မဲ့ပြီတို့။

"အာ့မဲ့ဖြစ်ဖြစ် သူက ဒီကလေးကို မမွေးချင်..."

"ခင်ဗျား ဆက်မပြောနဲ့နော်"

"မမ..."

ဦးမျိုးနေ ရှေ့တိုးလာသည်။

မျက်မှောင် ကုတ်ထားသော မျက်ခုံးတန်းတို့အောက်မှ မျက်ဝန်းအစုံသည် အလွန်တည်ငြိမ် အေးစက်လျက်...

"ညည်းစိတ်ကို လျှော့လိုက်ပါ... အများကြီး ထပ်ရဖို့ထက် လက်ထဲမှာ ဆုပ်မိထားတာလေးကိုပဲ မြဲမြဲဆုပ်မိနေအောင် ကြိုးစားပါ"

"အစ်ကိုမျိုးက ကျွန်မကို နှင်ချနေတာလား"

"မလိုပါဘူး... ညည်း ဘယ်လမ်းကို လျှောက်ရတော့မယ် ဆိုတာ ညည်းကိုယ်တိုင် ရွေးချယ်ခဲ့တာပဲ"

"ကျွန်မ..."

"ဒေါ်မမ..."





ငါ့ရင်သွေး ဆိုသည့် တွယ်တာစိတ်က ယုတ်မာလွန်းသ ဒေါ်မမ၏ မျက်နှာကော၊ အစ အသံကိုပါ မကြားချင်တော့အောင် သူ့မှာ အံကြိတ်ချေသည်။

"ခင်ဗျား ခုထွက်သွားမလား၊ ကျွန်တော် ဖုန်းဆက်ရမလား"

"ဟင်... မင်းပြောသလောက် လွယ်မလား၊ သဝန်၊ ငါမှ..."

ခက်ဖြာဝေက ဒေါ်မမကို ပြေးဖက်၍—

"လာပါ... မေမေရယ်၊ သမီးတို့ သွားရအောင်ပါ"

"မဟုတ်ဘူး၊ ငါ... ငါ... ဒီလောက်အထိဖြစ်သွားဖို့ မဟုတ်ဘူး၊ သူ့မိန်းမကျတော့ လုံးဝ အထိမခံဘူး၊ ငါတို့မှာပဲ အပြစ်ရှိသလား"

"ဟုတ်ပါတယ်... အဲဒါတွေအားလုံးပဲ ထားခဲ့လိုက်ပါတော့၊ သမီး ရှက်လို့ပါ မေမေရယ်၊ လာပါနော်"

ပွင့်လျက်ရှိနေသည့် တံခါးမှ ခက်ဖြာဝေက ဒေါ်မမကို ဆွဲ၍ သွားလေသည်။ ဆရာမ မအေးသွယ်သည် ထွက်သွားရတော့မလိုလို ရပ်နေရတော့မလိုလိုနှင့် ဦးမျိုးနေနှင့် သဝန်ကို တစ်လှည့်စီကြည့်သည်။

"မင်း သွားလို့ရပြီ"

ဦးမျိုးနေက ပြောလိုက်သည်နှင့် မအေးသွယ် မပြေးရုံတမယ် ထွက်ခွာသွားသည်။ သုံးယောက်တည်း ကျန်ခဲ့သောအခါ ဦးမျိုးနေက သဝန်နဲ့ ဆောင်း၏ ရှေ့ကို ထွက်လာ၏။ မျက်နှာပြင်မှာ အပြစ်တင်လိုဟန်မရှိဘဲ ကြောက်တတ်သော ကလေးကို ချော့မော့မေးသည့်လေသံဖြင့်—

"သမီးလေး... လရိပ်ဆောင်းလား"

"ဟုတ်ကဲ့"

ဦးမျိုးနေ ခေါင်းညိတ်လိုက်၏။ ပြီးမှ ထပ်၍...

"သမီးက ဘာဖြစ်လို့ ကလေးယူရမှာ ကြောက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မမေးပါနဲ့ဒက်ဒီ၊ သူ ပြောတတ်မှာမဟုတ်ဘူး၊ သူဖြစ်ချင်သူ့ဆန္ဒဟာ ဘာဖြစ်သွားနိုင်သလဲ ဆိုတာထိ သူ မတွေးတတ်ဘူး။ ပြောလို့ ဒက်ဒီ သူ့ကို အထင်မသေးပါနဲ့၊ ဆောင်းက ပညာတတ်၊ ကြည့်ခွင့်အတန်းရှိတဲ့ မိန်းကလေးပါ၊ မိဘက အချစ်လွန် အလိုလိုက်ခဲ့တဲ့ ဒဏ်နာများကြောင့် ပတ်ဝန်းကျင် လူမှုကိစ္စတွေနဲ့ သီးခြားဖြစ်ပြီး ထောင်ပိုင်စံ ထိပ်ထားလို့ အထီးကျန်ခဲ့တယ်၊ သူ 'အ' တာ မဟုတ်ဘူး… ရုန်းသွားတာ၊ နားမလည်တာ မဟုတ်ဘူး၊ ဖြူစင်တာပါ"

"အင်း… ဒက်ဒီ သဘောပေါက်ပါပြီ"

ဦးမျိုးနေ ခေါင်းညိတ်လိုက်စဉ်မှာပဲ အခန်းတံခါးဝမှ လူရိပ်တွေ ပေါက်လာကြလေသည်။

"သမီး…သမီးလေး… ဆောင်း"

"ဟင်"

လူရွယ် နှစ်ယောက်နှင့် အမျိုးသမီးကြီး တစ်ယောက်။

ဦးမျိုးနေက မသိပေမယ့် သဝန်နဲ့ ဆောင်းရာတော့ သိသည်။

"အန်တီ"

"သမီးလေး"

သဝန့် ရင်ခွင်ထဲက ဆောင်းသည် ဒေါ်နှင်းနှင်းမြတ် ရင်ခွင်ထဲသို့ ပြေးဝင်ဖက်တွယ်လိုက်ပြီး–

"အန်တီ… ဆောင်း… ဆောင်းလေ"

"အန်တီ… သိတယ်၊ သမီးလေးမှာ အပြစ်မရှိဘူးဆိုတာ အန်တီ သိတယ်"

ဒေါ်နှင်းနှင်းမြတ်က ဆောင်း၏ ကျောပြင်လေးကို ပွတ်သပ်ဖက်ထားလိုက်ပြီး စူးလက်သော မျက်ဝန်းများနှင့် သဝန့်ကိုကြည့်၍…

"မင်းက နေသဝန်လား"





"ဟုတ်ပါတယ်"

"မင်းကို ငါ့သမီးလေးကို သွေးဆောင် ဖြားယောင်းမှု၊ အလိုမတူ ခိုးယူပေါင်းသင်းမှုတွေနဲ့ တရားစွဲမယ်"

"နေကြပါဦး"

ဦးမျိုးနေက သားနဲ့ အမျိုးသမီးကြီး ကြားမှာ ဝင်ရပ်လိုက်၏၊

"ခိုးပြေးခဲ့ကြတာ မှန်ပေမယ့် မနေ့တစ်နေ့ကလည်း မဟုတ်ဘူး၊ သူတို့မှာ ချည်နှောင်စရာ သံယောဇဉ်ကြိုးကလေးလည်း ရှိနေပါပြီ၊ ပြီးတော့ သူတို့ချင်းသံယောဇဉ်…"

"အို… ဘာသံယောဇဉ်မှ မရှိခဲ့ဘူး၊ ကျွန်မ သမီးလေးက ချစ်ရေးချစ်ရာကို နားလည်တာမဟုတ်ဘူး၊ ရှင့်သားက ဖြားယောင်းတာ၊ ကျွန်မကိုလည်း ပြန်မအပ်ဘူး၊ ဝတ်ကျေ တန်းကျေ လူကြီးတွေနဲ့ လာတွေ့နေတာ သမီး မပါဘူး၊ ပြီးတော့ ဘယ်မှာ ဖွက်ထားမှန်း မသိဘူး"

"ကျွန်တော့်အိမ်က ဒီမှာပဲ၊ သူတို့ ဒီမှာပဲနေကြတာပါ"

"ဒါပေမယ့် ရှင့်ကန်ထရိုက်တိုက်တွေမှာပဲ သတင်းရတော့ ဟိုရှာ ဒီရှာနဲ့ ဒီလောက်ကြာသွားတာလေ၊ အခုတော့ ဟောဒီကလေးတွေနဲ့ ဆက်စပ်ပြောမိကြပြီး ဝိုင်းရှာပေးလို့ သိတာ"

ဟောဒီကလေးတွေဆိုမှ သဝန့် အကြည့်တွေ ထိုဆီရောက်၏။ သူ့ကိုယ်သူ တိုးဇော်ဟု မိတ်ဆက်ခဲ့သောကောင်။

တိုးဇော်က မချိုမချဉ် မျက်နှာကို နှစ်ယောက်တည်းသိစေသော အကြည့်ဖြင့် ပို့လွှတ်၍ မဲ့းတွန့်ပြ၏။

တကယ်တော့ တိုးဇော်၏ အဒေါ်တစ်ယောက်နှင့် ဒေါ်နှင်းနှင်းမြတ် ဆောင်းတို့ကိစ္စကို ရင်ဖွင့် ပြောဆိုနေကြတုန်း လည်ပြီဆောင်း ဆိုသော နာမည်ကြောင့် သူ စပ်စုလိုက်မိခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေသဝန် ဆိုသည့်ကောင်ကို သွားလာနေတာ မကြာခဏ မြင်နေခဲ့သဖြင့် သူတို့ကူညီရှာပေးတော့ ခုလို ချက်ချင်း တွေ့သွားခဲ့ခြင်း ဖြစ်သည်။

သဝန်နဲ့ တိုးဇော် အကြာကြီး စူးစိုက် ကြည့်နေခဲ့ကြသည်။

"သမီးလေး အန်တီနဲ့ ပြန်လိုက်ခဲ့နော်"

"ဆောင်း"

သဝန်က ရှေ့တိုးလာတော့ တိုးဇော်က လက်ဖြင့် ဖြတ်ကာ လိုက်သလို ကိုယ်နှင့်ပါ ပိတ်ထားလိုက်၏။

"ဟင်... မင်း... ဝင်မပါပါနဲ့ ဒါ ဆောင်းရဲ့ ဆုံးဖြတ်ခွင့်"

"ဖယ်စမ်း"

သဝန်က ပခုံးကို ဆောင့်တွန်းပစ်လိုက်သဖြင့် တိုးဇော် ယိုင်ထွက် သွား၏။

အရပ်မြင့်တာချင်းရော ကိုယ်လုံးထွားတာခြင်းကအစ သဝန်ကို တိုးဇော် မမီ။ ကိုယ်ကို မတ်မတ်ပြင်ရပ်လိုက်သည့်အချိန်တွင် သဝန်က တိုးဇော်၏ အကျီရင်ဘတ်စကို ဆောင့်ဆွဲလိုက်ပြီး...

"ငါ့မိန်းမကိစ္စ ငါနဲ့ မဆိုင်ဘူးလို့ မင်း ထပ်ပြောကြည့်စမ်း"

"ဟင်း"

တိုးဇော် မျက်နှာနီရဲလာကာ သဝန့် မျက်နှာကို လွှဲထိုးချလိုက်၏။

သဝန်က မျက်နှာတိမ်းရှောင်၍ တိုးဇော်၏မေးကို ပင့်ထိုးပစ်လိုက်၏။

ခွပ်ခနဲ မြည်လျက် တိုးဇော် မျက်နှာလန်သွားသဖြင့် နောက် တစ်ယောက်က ဝင်သည်။

"ဟော့...တော်ကြစမ်း၊ သား... တော်ပြီ၊ ကိုယ်က အိမ်ရှင်"

သဝန် လက်မြန်တာကို ကြည့်ကာ ဒေါ်နှင်းနှင်းမြတ် မျက်လုံး ပြူးသွား၏။





"မင်း... မင်း... ဒီလိုစိတ်မျိုးနဲ့ ငါ့သမီးလေးကိုယူပြီး အို... မဖြစ်ဘူး... လုံးဝမဖြစ်ဘူး ငါ့သမီးလေးကို ငါတို့က လေတိုက်မခံ အောင် မွေးလာခဲ့ကြတာ"

"နေပါဦး ဒေါ်နှင်းနှင်းမြတ်ရယ်၊ သူတို့လူငယ်ချင်းရဲ့ သဘောကို မေးကြည့်ပါဦး။ ဒီမိန်းကလေးရဲ့စိတ်ဟာ တကယ် ဖြူစင် နူးညံ့တာ မှန်ရင် သူ ညာမှာမဟုတ်ဘူးလို့ ကျုပ် ထင်တယ်၊ ကျုပ်ရဲ့သား သူ့အပေါ် ယုတ်ခဲ့သလား၊ ကြမ်းတမ်းခဲ့သလား... ယုတ်မာခဲ့သလား... မြတ်နိုးခဲ့တာလား... သူပြောတာကို နားထောင်ကြည့်ပါဦး"

"မလိုပါဘူး"

ဒေါ်နှင်းနှင်းမြတ်က စကားပြောဖို့ အားယူ ခေါင်းထောင်လာ သည့် ဆောင်း၊ မျက်နှာလေးကို သူမရင်ခွင်ထဲမှာ ဖိကပ် ဖက်ထားလိုက်ပြီ ခေါင်းပဲခါနေ၏။

"ဒါကတော့ ရှင့်သား ဘယ်လို ပြောဆို စည်းရုံးထားသလဲမှ မသိတာ၊ သူ့စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောရဲချင်မှ ပြောရဲမှာပေါ့၊ သူ့ကိုမေးခွင့် ကျွန်မ မပေးနိုင်ဘူး။ သူ ဖြေဖို့လည်းမလိုဘူး၊ ကျွန်မပဲ ဆုံးဖြတ်ပေးမယ်၊ ရှင့်သားကို တရားစွဲတာ ရင်ဆိုင်မလား၊ ကျွန်မ သမီးလေးကို အေးအေးဆေးဆေး ကွာရှင်းပေးမှာလား"

"ကျွန်တော်က ဘာဖြစ်လို့ ကွာပေးရမှာလဲ၊ ဆောင်းကို လုံးဝ ပြန်မထည့်နိုင်ဘူး"

သဝန်က ရှေ့တိုးလာသည်။

ဦးမျိုးနေက လက်ဖြန့်ကာ၍ တားထားကာ...

"နေဦး...သား... မင်း ခဏဆုတ်နေ"

ဟု ပြောရင်း တစ်ဆက်တည်း...



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားပါဦး... ဒေါ်နှင်းနှင်းမြတ်၊ မိန်းကလေးမှာ ကိုယ်ဝန် လည်း ရှိနေပါပြီ၊ မိန်းကလေးက နှစ်သက် ကြည်ဖြူ တယ်ဆိုရင် ကျုပ်ဘက်က လုပ်မပေးနိုင်ဘူးဆိုတာ ဘာမှမရှိစေရဘူး၊ စိတ်ကြိုက် ပြောပါ... ကလေးတွေကို ပေါင်းဖက်ခွင့် ပေးလိုက်စေချင်ပါတယ်"

"မပေးဘူး... လုံးဝ သဘောမတူဘူး၊ အဲဒါကြောင့် ကျွန်မ ဘက်က လုံးဝ အတောင်းမခံခဲ့တာ၊ ကျွန်မသမီးကို စိန်ရွှေရတနာနဲ့ ဆက်ယူမယ် ဆိုတာတောင် မပေးစားဘူး၊ ကိုယ်ဝန်ပဲပါပါ ကလေး နှစ်ယောက် သုံးယောက်ပဲပါပါ"

ဒေါ်နှင်းနှင်းမြတ်က အပြတ်အသတ် ငြင်းသည်။

သာခဲ့တုန်းကတော့ သမီးလေးကို တွေ့ချင်ဇောနှင့်သာဖြစ်ပြီး ခွဲဖို့ ခေါ်ဖို့ ယတိပြတ် ဆုံးဖြတ်ခဲ့တာမပါ။

နေသဝန် ဆိုတာကိုလည်း သေချာမြင်ဖူးခဲ့တာ မဟုတ်။

သမီးလေးကိုယ်တိုင် လက်ဆွဲ ပါသွားတာကိုလည်း မြင်ခဲ့ပြီးပြီမို့ ပြန်တွေ့ဖို့သာ အဓိကဖြစ်ခဲ့သည်။

ဒီရောက်တော့မှ ပန်းအောက် ဆံပင်ရှည်ဖားလျားနှင့် အရပ်ကြီး က မြင့်မြင့်၊ ပြောရဖျှင် လူမိုက်ပုံလေးလည်း ပေါက်လျက် ဖြူဖြူ ချောချော။ ဒီလိုစတိုင်လ်မျိုးကို ဘယ်လိုမှ မယုံကြည်နိုင်။

ဒီပုံ ဒီရုပ်မျိုးနဲ့ လူရှုပ်လူပွေမှတစ်ပါး တခြားမရှိနိုင်။

ပြီးတော့ ယဉ်လိုက်သည့်လက်က တိုးဇော်ကို တိုးပစ်လိုက်တာ ရိုပ်ခနဲ။ ဒေါသဖြစ်တိုင်း လက်ပါတတ်သည့် လူကို သမီးလေးနဲ့ ဘယ်လိုမှ စိတ်မချ။

"လာ... သမီး"

"မလိုက်နဲ့... ဆောင်း"

သဝန် ဖျတ်ခနဲ လှမ်းဆွဲသည်။ မမီလိုက်ပါ။



ဆောင်း သူ့ကို ပြန်လှည့်ကြည့်သည်။

ဘာမှ မပြောနိုင်မီ ဒေါ်နှင်းနှင်းမြတ် ဆွဲခေါ်သည့် နောက် ပါသွားခဲ့၏။

"ဆောင်း...မလိုက်နဲ့၊ မင်းကို မောင် မထည့်လိုက်နိုင်ဘူး"

"သား"

ဦးမျိုးနေက သဝန့် လက်ကိုသာမကဘဲ ရှေ့ကနေ သိုင်းဖက် ထားလိုက်ပြီး...

"စိတ်မလောနဲ့ သား... ဒက်ဒီ ကြိုးစားပေးမယ်၊ ခုကိစ္စက ဒက်ဒီတို့ဘက်မှာ ပြောခွင့်နည်းနေတယ်"

"မဟုတ်ဘူး... ဒက်ဒီ၊ ဆောင်းက စိတ်ပျော့တယ်၊ သူတို့ ပြန်ပါသွားရင် ဆောင်းကို ကျွန်တော် ဆုံးရှုံးရတော့မှာ"

"ဟား ဟား ဟား"

ရယ်သံသဲ့သဲ့ ထွက်လာသည်။

လှည့်ကြည့်လိုက်တော့ တိုးဇော်။

ဘေးကကောင်ကလည်း ပြောင်လှောင်သော အပြုံးသဲ့သဲ့နှင့်-

"အလှည့်ကျမှ မခွဲနဲ့ပေါ့ကွာ"

ပြော၍ တိုးဇော်က နှုတ်ခမ်းထောင့်က သွေးစကို လက်ခုံနဲ့ သုတ်ပစ်လိုက်၏။ သွေးကိုကြည့်ပြီးမှ သူ့ကိုကြည့်ပြီး မဲ့သည်။

"ဆောင်းလို မိန်းကလေးမှာ အချစ် မရှိသေးပါဘူး၊ မင်း လက်ထဲမှာ မင်း ထိန်းချုပ်ထားလို့ ငြိမ်သက်နေခဲ့တာပဲ ရှိမယ်၊ မင်း စိတ်ဆိုးမထားနိုင်တော့တဲ့ တစ်နေ့ ထွက်ပေါက် တွေ့တာနဲ့ ပျံထွက်မှာ ဟွန်း... မင်းသိသားနဲ့ ဖိုးယူထားတာကိုး၊ သူနိုးက လူပြန်ပေးတာ ရယ်စရာကြီး"

"မင်း"

www.burmeseclassic.com

www.burmeseclassic.com



သဝန်က တိုးဇော်ကို ဆောင့်ဆွဲ၍ လတ်သီး ရွှယ်လိုက်၏။

"မောင်"

"ဟင်… ဆောင်း"

ဆောင်း သူ့ဆီ ပြေးလာနေသည်။

"သမီးလေး"

ဒေါ်နှင်းနှင်းမြတ်က အပြေးတစ်ပိုင်း ကပ်လိုက်လာ၏။

"မောင်"

"ဆောင်း"

သဝန်က ဆောင်းကိုယ်လေးကို ဆီးမွေ့ထားလိုက်သည်။

"သမီး… လာ…လာပါ သမီးရယ်၊ သမီး သူ့ကို ချစ်တာ မဟုတ်ဘူး။ ထိတွေ့မှုမှာ သာယာနေတာပါ။ တစ်နေ့နေ့မှာ မချစ်ခဲ့ဘူး ဆိုတာ သိလာမှ သမီးလေး နောင်တ ရလိမ့်မယ်၊ လိမ္မာပါတယ် သမီးရယ်၊ ပြန်လိုက်ခဲ့နော်"

"ဟင့်အင်း… မလိုက်ဘူး။ မောင့်ကို ဆောင်း မခွဲနိုင်ဘူး။ အန်တီ ဖွတ်မခေါ်ပါနဲ့၊ ဆောင်း တောင်းပန်ပါတယ်"

ဆောင်း ပါးပြင်ထက်သို့ မျက်ရည်ကြောင်းလေး မြစ်ဆင်း လာသည်။

မျက်နှာ ညိုနေတာလေးကိုတောင် ခံနိုင်ရည်မရှိခဲ့သော သဝန် ရင်ထဲမှာ ဆောင်း ငိုနေတာကို မကြည့်ရက်။

ဖြစ်ချင်ရာဖြစ် ဆောင်းနဲ့ အရာရာကို လဲပစ်ဖို့ ဆုံးဖြတ်သည်။

ကျောနောက်သို့ ဆောင်းကို ပို့ပစ်လိုက်ပြီး ဒေါ်နှင်းနှင်းမြတ် ကို ရင်ဆိုင်၏။

ထိုစဉ်မှာပင် ကားသံ သဲ့သဲ့ကြားလိုက်ရပြီး မရှေးမနှောင်းမှာ ရောက်လာသူက ဒေါက်တာ ဦးသိုက်ထွန်း။





"အစ်ကို"

ဒေါ်နှင်းနှင်းမြတ်က မြူး၍ ခန့်ထည်နေသော ခင်ပွန်းဖြစ်သူကို နားမလည်သလို လှမ်းကြည့်၏။

ဦးသိုက်ထွန်းက ဦးမျိုးနေနှင့် အပြုံးချင်းဖလှယ်၍ နှုတ်ဆက်ရင်း-

"ကိုမျိုးကလည်းဗျာ… သားရေးသမီးရေး ဆွေးနွေးဖို့ဆိုပြီ ဖုန်းဆက်ပြောကြတာနဲ့ပဲ ပြီးမှာစဲ့လား။ ခင်ဗျားက ကိုယ်တိုင်တော့ မလာဘဲနဲ့"

ဦးမျိုးနေက ဟှာဟှာသလဲ လျှောက်သွားပြီး ဦးသိုက်ထွန်းကို လက်ဆွဲ နှုတ်ဆက်၏။

"မရှိသေ မင်လေးစားလို့တော့မဟုတ်ပါဘူး ကိုထွန်းရာ၊ ဖုန်းဆက် တုန်းက ကျွန်တော် လေဆိပ်မှာပဲ ရှိပါသေးတယ်၊ ခုချိန်ထိ လုံးဝ မနားရသေးဘူး။ အခြေအနေက လုံးဝ မထင်မှတ်တာတွေ ဖြစ်သွား တော့ တော်တော့်ကို ခေါင်းခဲသွားတာ"

"ဟား ဟား ဟား…မခဲနဲ့ မခဲနဲ့… တစ်ယောက်နဲ့ တစ်ယောက် နားလည်မှု မရကြသေးခင်မှာ ဒီလိုဖြေ၊ ကျွန်တော်လည်း ရန်ကုန် ပြန်ရောက်တာ ဘာကြာသေးလို့လဲ၊ ဓနသဝန် ဆိုတာ ခင်ဗျားသား မှန်းလည်း မသိပါဘူး။ ခု သိကြပြီပဲ"

"အစ်ကို"

"နေဦး… နှင်းရဲ့"

ဦးသိုက်ထွန်းက ဒေါ်နှင်းနှင်းမြတ်ထက် အသက်ကြီးပုံလည်း ရကာ နူးညံ့ အေးဆေးသော ဥပမိရုပ်လည်းရှိ၏။

ဒေါ်နှင်းနှင်းမြတ်သည်လည်း ဦးသိုက်ထွန်းကို ရိုသေလေးစားပုံ ရှိပြီး…

"ခုကိစ္စမှာ သမီးလေးက ဖြားယောင်းခံလိုက်ရတာ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး နှင်းရယ်၊ ဟိုမှာ သမီးကိုယ်တိုင် သူချစ်တဲ့သူကို လက်ညှိုးထိုးနေပြီ မဟုတ်လား။ ဒီကိစ္စမျိုးဆိုတာ သိပ်ကိုနူးညံ့တဲ့ ကာယကံရှင်တွေပဲ ဆုံးဖြတ်သင့်တာမျိုးဆို ပိုမှန်မယ်၊ ကဲပါကွယ်... သမီးလေးလည်း စိတ်ဆင်းရဲ နေရှာပါပြီ"

ဦးသိုက်ထွန်းက ဒေါ်နှင်းနှင်းမြတ်၏ မတင်မကျ မျက်နှာကို နှစ်သိမ့်သလို ပြုံးပြလိုက်ပြီး လက်မောင်းကို တစ်ချက်ပုတ်၏။

"ကလေးကို အခန်းထဲ ပို့လိုက်ပေါ့ ပြီး မုန့်ကျွေးလို့ မစား၊ ရေတိုက်လို့ မသောက်နဲ့ နောက်ဆုံး ကလေးက တိုက်ပေါ်က ခုန်ချ"

"အို... အစ်ကို"

ဒေါ်နှင်းနှင်းမြတ် လှုပ်လှုပ်ရှားရှားကြီး ဖြစ်သွားသည်။

"ဥပမာပြောတာပါ... တို့ရဲ့ အာဃာတ က သမီးလေး ပျော်ရွှင်ကျေနပ်ဖို့ပဲမို့လား။ တကယ်တမ်း သမီးဘဝ အဓိကဖြစ်လာတဲ့အချိန်မှာ သမီးလေး ဒီစိတ်နဲ့ လုံးပါး ပါးရတော့မယ်ဆိုရင် နှင်း ခံစားနိုင်မလား"

"တော်ပါတော့"

ပြောတာလေးတောင် မခံနိုင်သော ဒေါ်နှင်းနှင်းမြတ် မျက်ရည်တို့က ကြီးမားသော မေတ္တာ၏ထုထည်ကို ပြနေလေသည်။

"အာကြောင့် သဘော မတူတာဘဲဖြစ်ဖြစ် စိတ်ကို ဖြေလိုက်ပါကွာ၊ ကိုမျိုးတို့ သားအဖကို မင်း ယုံပါ၊ ကိုမျိုးနဲ့ အစ်ကိုက မယုံကြည်စွာ ဆက်ဆံရမယ့် လူတွေလည်း မဟုတ်ဘူး၊ ဒီတော့ ကိုမျိုးရဲ့သားကိုလည်း သမီးလေးနဲ့ နှင်းက ကြည်ဖြူလိုက်ပါကွယ်"

ဒေါ်နှင်းနှင်းမြတ်က ငိုနေသဲ။

ဦးသိုက်ထွန်းက ချော့မော့ ဖျောင်းဖျနေသည်။

"ကဲ... သားရေး သမီးရေး နောက်မှ ဆွေးနွေးကြတာပေါ့... ခွင့်ပြုဦးမျာ"



"ကောင်းပါပြီဗျာ... ကျွန်တော်တို့ဘက်က အားလုံး စိတ်တိုင်းကျ စီစဉ်ပေးပါမယ်လို့ ကတိပေးပါတယ်"

ဦးမျိုးနေက ကားနားထိ လိုက်ပို့သည်။

"ကျွန်မ သမီးလေးကို ဒီနေ့မဲ ကျွန်မဆီ ခေါ်ပေး သမီးလေးနဲ့ ကျွန်မ စကားပြောချင်သေးတယ်"

"စိတ်ချပါ ဒေါ်နှင်းနှင်းမြတ်၊ သားကိုယ်တိုင် လာ မယ်၊ ဒီနေ့မဲ လူကြီးစုံရာနဲ့ တစ်ခမ်းတနား ကြောင်းလ

ဆောင်း ဒေါ်နှင်းနှင်းမြတ် ငိုတာကိုမြင်နေရသည်

ရှိုက်ငိုမိ၏။

သမီး တောင်းပန်ပါတယ် ဟု စိတ်ထဲက အထပ်ထပ် မိသော်လည်း သူမသည် သဝန်ရင်ခွင်ထဲမှာ အနည်းငယ်မျှ ခဲ့ခြင်း မရှိခဲ့။

"အန်တီ...ဆောင်း... ဆောင်း... မောင်နဲ့ မတွေ့ရတော့ဘူးလားဟင်"

ကားထဲကို ဝင်လိုင်ရမည်ဆိုတော့ ရင်ထဲမှာ ဆို့ဆို့နင့်နင့်ကြီး ဖြစ်ကာ ဒီစကားကို မေးလိုက်မိသည်။

"မတွေ့ရဘူးသမီး... ဒီကောင်က လူယုတ်မာ၊ လုံးဝမပတ်သက်ရတော့ဘူး၊ အပြတ်ပဲ"

ဟု ဒေါ်နှင်းနှင်းမြတ်က ကြေညာလိုက်လေ

"ဟင့်အင်း"

ဒီကားထဲ ဝင်လိုက်သည်နှင့် မောင်နှင့် ဝေ တော့မည့်အဖြစ်ကို တွေးမိလိုက်ကာ ဆော လက်တို့ကို ရုန်းထွက်ခဲ့မိသည်။

ထိုအချိန်မှာ ဆောင်းရင်ထဲမှာ မေ

www.burmeseclassic.com



ရင်ထဲမှ တစ်စုံတစ်ရာသော ဝိုးစွန်အားတွေသည်...

သို့ "ဆောင်း"

ကား "မောင်"

သမီးငယ် တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ဖက်ထားလိုက်ပြီ။

နှစ်သိမ့်သံ၊ ယိုတ့်နှုန်းက အပြင်ရောက်သွားမှန်း မသိလိုက်သည့် တိုးဖော်က

"တ နောက်ခန်းမှတက်ကာ သူတို့ဆီ တစ်ချက်လှမ်းကြည့် ရေတိုက်လို့၊

"အို ဘွန်း၍ နှုတ်ခမ်းကိုပါ မဲ့ပစ်သည်။

ဒေါ်နှယ်သာ် သူ့မဲ့မှုကို ဆောင်းတို့ ဘာမှမသိပါ။

"အချစ်နှင့်အတူ ယှဉ်ယှဉ် နှစ်သိမ့်ခဲ့သော အနမ်းတို့ကို နှစ်သက် မျှဝေရှာရင်း သိတတ်ခဲ့သော ဆောင်းသည် သဝန် ရင်ခွင်ထဲမှာ ငြိမ်းချမ်းစွာ...။ ။

သျှင်မ

BURMESE CLASSIC

www.burmeseclassic.com